


မိုးကျေသူ
မေတ္တာနှင်း

ကြီးကြပ်စီစဉ်သူ — ကျော် ကျော် (ဘူမိ)

စာအုပ်စာတမ်းစာနယ်ဇင်းကြိုတင်ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၇၇၄)

မျက်နှာဖုံးကြိုတင်ပုံနှိပ်ခွင့်အမှတ် (၉၅၄)

ထုတ်ဝေသူ ဦးပါကြီး (မြ-၀၁၃၃)
ရုပ်ရှင်သစ်စာပေ၊ အမှတ် ၅၀၂၊
သိမ်ဖြူလမ်း၊ ကန်တော်ကလေး၊ ရန်ကုန်။

ပုံနှိပ်သူ ဦးပါကြီး (မြ-၀၁၉၅)
ဆန်းသစ်ပုံနှိပ်တိုက်၊
၅၀၂၊ သိမ်ဖြူလမ်း၊ ကန်တော်ကလေး၊
ရန်ကုန်မြို့။ ဖုန်းနံပါတ်—၇၇၃၀၈။

အဖုံးရိုက် ကာလာမောင်မောင်လှ

မျက်နှာဖုံးဘလောက် လွင်

မျက်နှာဖုံးပန်းချီ ငြိမ်းအောင်

ပထမအကြိမ်၊ အုပ်ရေ (၁၅၀၀) ၁၉၈၁-ခုနှစ်

တန်ဖိုး—၁၆/—ကျပ် မတ်လ

လွင်စာပေ
အမှတ် ၁၃၀၊ ၆-လမ်း
ဘင်ဒွေ

# စိုးကျော်သူ

ဘာသာပြန် သိုင်းဝတ္ထု အသစ်စက်စက်

# မေတ္တာ နှင့် ရန်ငြိုး

မူရင်းဝတ္ထု — ကုရိ့ချင်းရူ

မူရင်းစာရေးဆရာ — ရှောင်စု

ပြည်လုံးကျွတ် ဖြန့်ချီရေး

ဝဏ္ဏထွန်းစာပေ

အမှတ်၊၉၀၊ဘီ၊၅၈လမ်း၊ရန်ကုန်မြို့

စာတိုက်သေတ္တာအမှတ်၊၁၆၅၊

ဗဟိုစာတိုက်ကြီး၊ရန်ကုန်မြို့

ဖုန်း ၇၆၅၅၂

တရက်လျှင် (-/ ၅၀ပြား)
ရက်ပိုလျှင်ငွေ ါးခရက်တိုး အပြည့်ပေးရမည်။

လွင်စာပေ
အမှတ် ၁၁၀၊ ဗ-လမ်း
ငပလင်း

# နိဒါန်း

ဝမ်စီးထုံ ၊

သူကား သိုင်းသမား တယောက်ဖြစ်သည်။

သိုင်းလောကတွင် သူသည် အလွန် ကျော်ကြားသော သိုင်းသမားတယောက်ဟု မဆိုသာပါ—

သူ၏ အမည်သည် အချို့ သိချင်မှသိမည် ဖြစ်ပါသည်။

သို့သော်....

သိုင်းလောကမှ သမီးပျိုများသည်....

သူ့အား မသိသူ မရှိသလောက် ဖြစ်နေသည်။

သူသည် အသက်(၂၀)ကျော်မျှသာ ရှိသည်။

ရုပ်ချောသည်၊ ယဉ်ကျေးသိမ်မွေ့သည်။

သူ၏ရုပ်သွင်နှင့် ဟန်မူရာကိုကြည့်လျှင် မည်သူကမှ သိုင်းသမားတယောက်ဟု မထင်ပေ။

စာပေပညာရှင်တယောက်ဟု ထင်မှားကြမည်ဖြစ်ပါသည်။

ထို့ကြောင့်လည်း သိုင်းလောကတွင် အမည် ကျော်ကြားခြင်း မရှိပေမယ့်—

သိုင်းလောကမှ သိုင်းသမီးပျိုများတွင် သူ၏အမည်သတင်းမှာ ပျံ့လွင့်နေလေသည်။

*　　*　　*

ဝှာစင်းထိုင်၊

သူမကား သိုင်းလောကမှ ကျော်ကြားသော သိုင်းပညာရှင်တယောက်ဖြစ်သည်။

သူ၏ မိခင်သည် လျှံလျှံတောက် ကျော်ကြားသော သိုင်းပညာရှင်တယောက်ဖြစ်သည်။

'လိပ်ပြာသိုင်းသမား'ဟုလည်း အများကတတ်စားပြီး ခေါ်ကြသည်။

ဝှာစင်းထိုင်သည် မိမိ မိခင်ထံမှ သိုင်းပညာရပ်များ သင်ကြားခဲ့သည်ဖြစ်သော်လည်း မိခင်၏ ပညာရပ်(၁၀)ပုံ (၅)ပုံမျှသာ ရယူခဲ့သည်။

သူမ၏ညီမဖြစ်သူ 'ဝှာစင်စင်း'မှာမူ မိခင် 'ဝှားလေ့ (ခေါ်) လိပ်ပြာသိုင်းသမား'ထံမှ သိုင်းပညာရပ်များ(၁၀)ပုံ(၇)ပုံခန့် သင်ကြားတတ်မြောက်ခဲ့သည်။





ထို့ကြောင့်လည်း 'ဝှာစင်စင်း'၏ အစ်မဖြစ်သူ 'ဝှာစင်းထိုင်' ထက် စောစွာ မိခင်ထံမှထွက်ခွါပြီး သိုင်းလောကသို့ ခြေချခဲ့လေသည်။

'ဝှာစင်စင်း'သိုင်းလောကသို့ ခြေချပြီး (၃)နှစ်အကြာမှ—

ဝှာစင်းထိုင်သည် မိခင်ထံမှ ထွက်ခွါခွင့်ရပြီး သိုင်းလောကသို့ ချင်းနင်းဝင်ရောက်နိုင်ခဲ့လေသည်။

သို့သော်.... သူမသည် မိခင်ထံမှ ထွက်ခွါပြီး မကြာမီမှာပင်....

မမျှော်လင့်သောနေရာ မမျှော်လင့်သော အဖြစ် အပျက်တခု ကြုံတွေ့ခဲ့ရလေသည်။

*　　*　　*

## ကျန်းနန်

ကျန်းနန်မြို့၏ နွေဦးသည်၊

အခြားအခြားသော မြို့တော်ထက် အရောက် စောသည်။

နှင်းများသည် လုံးဝရပ်တန့်သွားပြီ ဖြစ်သည်။

ပန်းများသည် နေရာတကာ၌ ဖူးပွင့်နေသည်။

သစ်ပင်ပန်းပင်များသည် ကျန်းနန်မြို့ တခုလုံးအား စိမ်းလန်းစိုပြေစေလေသည်။

မြို့သူမြို့သားများသည်၊

လှပစွာ ဆင်ယင်ထုံးဖွဲ့ကာ သွားလာ နေကြသဖြင့်၊

အလွန် စည်ကားလှပေသည်။

ဝှာစင်းထိုင်သည် မြို့ထဲသို့ ဝင်ရောက်လာသည်နှင့် စိတ်ရွှင်လန်းကြည်နူးသွားလေသည်။





မိခင်နှင့် ခွဲခွါလာရခါစက လွမ်းနေသောစိတ်များလည်း ပြေပျောက်သွားလေသည်။

ကျန်းနန်မြို့၏ အရာရာများသည် ဝှာစင်းထိုင်အဖို့ အသစ်အဆန်းများဖြစ်နေ၏။

ထို့ကြောင့်လည်း သူမသည် မြင်းဖြူအား ခပ်နှေးနှေးဖြင့် မောင်းနှင်ကာ ဟိုဟိုဒီဒီကြည့်ယင်း မြို့ထဲသို့ဝင်ရောက်လာခြင်း ဖြစ်ပါသည်။

* * *

ဝှာစင်းထိုင်သည်၊

မြို့ထဲသို့ တပတ်မျှ ပတ်ပြီးသောအခါ ဗိုက်အလွန် ဆာလောင်လာလေသည်။

သူမသည် ယခုမှ တည်းခိုခန်းတခုခုသို့ တည်းခို ရမည်ကို သတိရလာလေသည်။

သူမသည် ယင်းသို့သတိရလာသည်နှင့် **လမ်းမ၏ ဝဲယာသို့** တချက်ဝေ့ကြည့်လိုက်ရာ—

လမ်းမ၏ ဝဲဘက်တွင်—

'ကျန်းနန် တည်းခိုခန်း'

ဟု ရွှေစာလုံးဖြင့် ရေးသားထားသော ဆိုင်းဘုတ် တခု တွေ့မြင်လိုက်ရလေသည်။

ဝှာစင်းထိုင်သည် မြင်းပေါ်မှဆင်းလိုက်ပြီး တည်းခိုခန်းသို့ လှမ်းဝင်လိုက်သည်။

သူမသည် ဆိုင်ထဲသို့လှမ်းဝင်လိုက်သည်နှင့် ဆိုင် ထဲ မှာ စားသောက်နေသော ပရိသတ်များသည်—

သူမထံသို့ အာရုံစူးစိုက် ရောက်ရှိလာကြလေသည်။

တချို့မှာမူ သူမအား တီးတိုး ဝေဖန် ပြောဆို ကြ ပြီး၊ အချို့မှာ ပြက်ရယ်ပြုကြလေသည်။

ထိုခေတ်ထိုအခါ၌—

မိန်းကလေးတယောက်သည် မည်သည့် အခါမှ အဖော်မပါပဲ ခရီးထွက်လေ့မရှိပါ။

ခရီးထွက်လျှင်လည်း (၄)ဘက်(၄)တန် အလုံပိတ် ထားသော ဝေါ်ဖြင့် စီးနင်းလိုက်ပါကြရပေသည်၊

အလွန်ဆင်းရဲသော မိန်းကလေးများ ပင် လျှင် ခေါင်းပေါ်၌ ပဝါဖြင့်အုပ်၍ သွားလာကြလေပါသည်။

ယခုမှာမူ ဝှာစင်းထိုင်သည် တ ကိုယ် တည်း မြင်း စီး၍ ယောကျ်ားများအများဆုံး တည်းခိုသော ဆိုင်ထဲသို့ လှမ်းဝင်လာသည်ကို တွေ့မြင်လိုက်ကြသောအခါ ထူးထူးဆန်းဆန်းဖြစ်ကြပြီး—

ယခုကဲ့သို့ လှောင်ပြောင်ဝေဖန် ပြောဆိုနေကြခြင်းဖြစ်ပါသည်။

ဝှာစင်းထိုင်သည် သာမန်မိန်းကလေးတယောက်မဟုတ်ပါ၊ သိုင်းပညာရှင်တယောက်ဖြစ်သည်။

သူမသည် မည်သူကိုမှ မမှုသည့် မှန်သော်လည်း အများ၏မျက်လုံးများသည် သူမထံသို့ စုရုံးရောက်ရှိလာသဖြင့်—

သူမသည် ရှက်သွေးဖြန်းကာ ခေါင်းငုံ့သွားလေသည်။

'မိန်းကလေး ထမင်းစားမှာလား၊ တည်းခိုမှာ လား ခင်ဗျာ'





ဆိုင်လုလင်သည် ချဉ်းကပ်လာပြီး ယဉ်ကျေးစွာ မေးလိုက်လေသည်။

'ထမင်းလဲစားမယ်၊ အခန်းသီးသန့်တခန်းလဲ လိုချင်တယ်'

ဝှာစင်းထိုင်က တိုးတိုးဖြင့် ပြောလိုက်သည်။

ဆိုင်လုလင်သည် ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့ ကြွပါ အခန်းကောင်းကောင်း ရပါတယ်၊ ထမင်းဟင်းလဲအကောင်းဆုံးရနိုင်ပါတယ်'

ဝှာစင်းထိုင်သည် ငွေတုံးတတုံးထုတ်၍ပေးလိုက်ပြီး—

'ဟောဒီမှာ အခန်းခနှင့် ထမင်းဟင်းဖိုး၊ နောက် ပြီး ကျွန်မမြင်းကိုလဲ ကျွေးလိုက်ပါရှင်'

'ကောင်းပါပြီ'

ဆိုင်လုလင်သည် ငွေတုံးကလေးကိုလက်ခံလိုက်ပြီးနောက်—

ဝှာစင်းထိုင်အား အခန်းရှိရာသို့ ခေါ်ဆောင် သွားလေသည်။

ဆိုင်ထဲမှာ စားသောက်နေကြသောလူများသည်—

ဝှာစင်းထိုင်အားကြည့်၍ လှောင်ပြောင်ဟစ်အော်ကြလေသည်။

ဝှာစင်းထိုင်သည် သည်းမခံနိုင်တော့ပါ။

သူမသည် ချာကနဲလှည့်လိုက်ပြီး လှောင်ပြောင်ပြော ဆိုနေကြသောသူများထံသို့ တချက်ဝေ့ကြည့်လိုက်သည်။

'ရှင်တို့ တော်တော်ရိုင်းတဲ့လူတွေပါလား'

သူမသည် အသံခပ်ဆတ်ဆတ်ဖြင့်ပြောလိုက်ရာ—

လျှောင်ပြောင်ပြောဆိုနေကြသော လူ အချို့ တို့ သည်၊ အရှိန်သတ်သွားကြလေသည်။

ပြူတင်းပေါက်အနီးတွင် ထိုင်နေသော လုလင်တယောက်မှာမူ—

ဝှာစင်းထိုင်၏ ရဲရင့်ပုံကိုကြည့်၍၊ သဘော ကျ စွာ ဖြင့် အသာအယာ ခေါင်းညိတ်မိလေသည်။

ထို့စဉ်—

လူတယောက်သည် ထိုင်ရာမှ မတ်တတ်ရပ်လိုက်သည်။

သူသည် လျှောင်ပြောင်သောမျက်နှာထားဖြင့်—

ဝှာစင်းထိုင်အား—

'ဒီမှာမိန်းကလေး၊ ဒီလိုနေရာမျိုးမှာ မိန်းကလေး တယောက်တည်းလာဖို့မသင့်ဘူးဆိုတာ မင်းမသိဖူးလား'

ဝှာစင်းထိုင်က မဲ့ပြုံးပြုံးလိုက်သည်။

'ဒီနေရာမျိုး မိန်းကလေးမလာသင့်ဘူးလို့ ဘယ် သူ က ပြောလဲ'

'ကျုပ်ကပြောတာ'

ဝှာစင်းထိုင်သည် ပခုံးတချက်တွန့်လိုက်သည်။

'အခု ကျွန်မလာနေပြီလေ၊ ရှင်ဘာလုပ်မလဲ'

'ထိုလူသည် တဟားဟားရယ်မောလိုက်သည်။

မင်းက ငါ့အကြောင်းမသိသေးပဲကိုး'

'ရှင်က ဘယ်သူတဲ့လဲ'

'ကျန်းနန် နယ်တဝိုက်တ မိုးကြိုးလက်ညှိုးရဲ့ တပည့် 'ရွှေကျား'ဆိုတာ ကျုပ်ပေါ့'





ဝှာစင်းထိုင်ခပ်မဲ့မဲ့ပြုံးလိုက်သည်။

'ဝမ်းနည်းပါတယ်၊ ရှင်က ရွှေကျား ပဲဖြစ်ဖြစ် ရွှေခွေး ပဲဖြစ်ဖြစ် ကျွန်မ မကြားဖူးပါဘူး'

ရွှေကျားဆိုသူသည်၊ ဒေါသ ချောင်းချောင်း ထွက်သွားလေသည်။

ကျန်းနန် နယ်တဝိုက်တွင်—

မိုးကြိုးလက်ညှိုး ဟု ဆိုလျှင် မည်သူမဆို ရှောင်ရှားကြရသည်။

ကြောက်ရွံ့ကြရသည်။

မည်သူကမျှ မိုးကြိုးလက်ညှိုးနှင့် ရန်မဖွဲ့လိုကြပါ။

အကြောင်းမှာ—

မိုးကြိုးလက်ညှိုးအမည်ခံ 'လီပိန်း'သည် သူ၏ 'မိုးကြိုး လက်ညှိုး'သိုင်းဖြင့်—

ကျော်ကြားသော သိုင်းသမားများစွာကို ဒုက္ခပေးခဲ့ဘူးသူဖြစ်ပါသည်။

မည်သူမဆို သူ၏ မိုးကြိုးလက်ညှိုးနှင့်ထိမှန်မိလျှင်—

ထိုလူသည် မည်သို့မျှ ကုမရပဲ သုံးလအတွင်းမှာ တဖြည်းဖြည်း သေဆုံးသွားကြသည်သာဖြစ်ပါသည်။

ထို့ကြောင့်လည်း ကျန်းနန်နယ်တဝိုက်တွင် မိုးကြိုးလက်ညှိုး ဟု အမည်ကြားလိုက်သည်နှင့် ဖိန့်ဖိန့်တုန်ကြောက်ရွံ့ကြလေသည်။

ရွှေကျားသည် သူ၏ဆရာ၊ မိုးကြိုးလက်ညှိုး၏ အမည်ကို အသုံးပြုကာ—

ကျန်းနန်မြို့တခုလုံးတွင် လူစွာလုပ်ခဲ့လေသည်။

ထို့ကြောင့် ယနေ့ထိ—

ရွှေကျားအား အားခံဝံ့သူတယောက်မှ မရှိပါ။

* * *

ယခု—

ဤနုနယ်သော မိန်းကလေးက ရွှေကျားကို ရဲရဲဝံ့ဝံ့ တုန့်ပြန်ပြောဆိုလိုက်သော့ကြောင့်—

ရွှေကျားသည် မခံမရပ်နိုင်ပဲ မျက်နှာတခုလုံးသည် နီရဲ၍လာလေသည်၊

သူသည် ဝှာစင်းထိုင်ထံသို့ တဟုန်ထိုး ပြေးလွှားသွားပြီးလျှင်—

သူ၏ ကြီးမားသောလက်သီးဖြင့် ဝှာစင်းထိုင်အားတိုက်ခိုက်လိုက်လေသည်။

ဝှာစင်းထိုင်သည် ရွှေကျား၏တိုက်ခိုက်မှုဟန်မူယာကို တွေ့မြင်လိုက်ရသည်နှင့်—

စိတ်ထဲ၌ ကြိတ်၍ ရယ်ချင်လာသည်။

အကြောင်းမှာ—

ရွှေကျား၏ သိုင်းပညာမှာ အလွန်နုနယ်သေးသည်ကို သူမအကဲခတ်မိသောကြောင့်ဖြစ်ပါသည်။

သူမသည် အသာအယာပြုံးလိုက်ပြီး—

သူမ၏ ခန္ဓာကိုယ်သည် ရှောင်တိမ်းလိုက်ရာ—

ရွှေကျား၏နောက်ဘက်သို့ ရောက်သွားလေသည်။

တဆက်တည်းမှာပင်—





သူမ၏ ခြေထောက်ဖြင့် ရွှေကျား၏ တင်ပါးကို တအားကန်ထည့်လိုက်သည်။

'အား....'

ရွှေကျားသည် ယင်းသို့ တချက်အော်လိုက်ပြီးနောက်—

သူ၏ ခန္ဓာကိုယ်သည် အဝေးသို့ လွင့်ထွက်သွားလေသည်။

'ဟာ....'

သူတို့နှစ်ယောက်၏ အခြေအနေကို စိတ်ဝင်စားစွာ ကြည့်နေကြသော ပရိသတ်များသည်—

ဝှာစင်းထိုင်၏ အပြုအမူကို တွေ့မြင်လိုက်ရသော အခါ—

အံ့သြသွားကြလေသည်။

ဝှာစင်းထိုင်သည် မြေပေါ်မှလူးလိမ့်ထနေသော ရွှေကျားအား လှည့်ပင်မကြည့်တော့ပဲ—

ဆိုင်လုလင်အား ခေါ်ဆောင်၍ အခန်းရှိရာသို့ သွားကြလေတော့သည်။

* * *

ဆိုင်လုလင်သည် အလွန်သပ်ယပ်သောအခန်းတခုအား ဖွင့်ပေးလိုက်သည်။

သူသည် ဝှာစင်းထိုင်၏မျက်နှာကို မော့ကြည့်လိုက်ပြီး—

'မိန်းကလေးက ဘယ်လောက်ကြာကြာနေမှာလဲ ခင်ဗျာ'

'မပြောတတ်သေးဘူးရှင်၊ သုံးလေးရက် ကြာချင်လဲကြာမယ်၊ ဒါမှမဟုတ် နက်ဖြန် ခရီးဆက်ဖြင့်ယင် ဖြစ်မယ်'

'ဘာဖြစ်လို့လဲ'

ဆိုင်လုံလင်၏မျက်နှာတွင် စိုးရိမ်ပူပန်နေသော ဟန်မူယာ ပေါ်လွင်နေ၏။

'မိန်းကလေးကို ကျုပ်သတိပေးရအုံးမယ်'

'ဘာများလဲရှင်....'

'မိန်းကလေးက အကြောင်းမသိပဲ၊ ရွှေကျားနဲ့သွားပြီး ရန်ဖြစ်မိတာမှားတာပဲ'

'ဒါကတော့ရှင်၊ ရှင့်အမြင်ပဲမဟုတ်လား၊ သူက ကျွန်မကို စော်ကားနေတာ ကျွန်မက ငြိမ်ခံနေရမှာလား'

'ဟုတ်တော့ ဟုတ်တာပေါ့၊ ဒါပေမယ့် ရွှေကျားရဲ့နောက်မှာ သူ့ဆရာ မိုးကြိုးလက်ညှိုးဆိုတာ တော်တော်ကြောက်ဖို့ကောင်းတယ်'

ဝှာစင်းထိုင်သည် ဘဝင်မကျပါ။

'ဘာလဲရှင့်၊ သူ့ဆရာက၊ သူလုပ်သမျှကို ဒီလိုပဲ လွှတ်ထားသလား'

ဆိုင်လုလင်က သက်ပြင်းတချက်ချလိုက်သည်။

'ဟုတ်တယ် မိန်းကလေး သူ့ဆရာက သူ့ကိုသိပ်ပြီး အလိုလိုက်တာ၊ သူဟုတ်တာပဲလုပ်လုပ်၊ မဟုတ်တာပဲလုပ်လုပ် သူ့ဆရာကတော့ သူ့ဘက်ကပဲရပ်တည်ပေးနေတာပဲ'

ဝှာစင်းထိုင်က မဲ့ပြုံးပြုံးလိုက်သည်။

'အို....ဒီလိုဆရာမျိုးကို ကျွန်မမမှုပါဘူးရှင်'

'မထင်နဲ့ မိန်းကလေး အကောင်းဆုံးကတော့ မိန်းကလေးက၊ ကနေ့ညတညပဲတည်းပြီး၊ နံနက်စောစော ဒီမြို့ကအမြန်ဆုံးထွက်သွားယင်ကောင်းမယ်ထင်တယ်'





ဝှာစင်းထိုင်သည် ဒေါသအနည်းငယ်ထွက်လာသည်။

သူမသည် ခေါင်းခါယမ်းလိုက်သည်။

'ကျွန်မ မသွားနိုင်သေးပါဘူး၊ သူ့ဆရာလာချင်သပ ဆိုယင် လာစမ်းပါစေ၊ ကျွန်မရင်ဆိုင်ပါ့မယ်....'

ဆိုင်လုလင်သည် ဤမျှခေါင်းမာသော မိန်းကလေးအား ကြည့်ပြီး ပါးစပ်ပိတ်ထားလိုက်လေတော့သည်။

* * *

နံနက်—

ကျန်းနန်မြို့၏ နံနက်ခင်းသည် အလွန် ကြည်နူး ဖွယ် ရာ ကောင်းလှပေသည်။

နေရောင်ခြည်သည် နွေးနွေးထွေးထွေးရှိလှသည်။

လေပြေကလေးသည် ပန်းရနံ့များသယ် ဆောင် လာခြင်းကြောင့် ရင်ထဲ၌ ရွှင်လန်းချမ်းမြေ့ဖွယ်ရာ ကောင်း လှ ပေသည်။

ဝှာစင်းထိုင်သည် အိပ်ရေးဝဝအိပ်လိုက်ပြီဖြစ်၍—

ပြူတင်းတံခါးဖွင့်ကာ—

လေထဲမှ ပန်းရနံ့များကို တဝကြီးရှူရှိုက်လိုက်လေသည်။

ထို့နောက်—

အဝတ်အစားများလဲကာ၊ ထမင်းစားချန်၊ ထမင်းစားခန်းသို့ လျှောက်သွားလေတော့သည်။

* * *

ထမင်းစားခန်း တခုလုံးတွင်—
လူများပြည့်နေ၏။
နံနက်စာစားသောက်နေကြသောလူများဖြင့် စည် ကားနေ၏။
ဝှာစင်းထိုင်သည် ပေါ့ပါးသော ခြေလှမ်းများဖြင့်—
ထမင်းစားခန်းထဲသို့ လှမ်းဝင်လိုက်သည်နှင့်—
စားသောက်နေကြသော လူများသည် သူ့အား တချက်မော့ကြည့်လိုက်ပြီးနောက်—
သူတို့သည် သူတို့၏ နံနက်စာများကို မြိန်ရည် ယှက် ရည်စားသောက်နေကြလေသည်။
ဝှာစင်းထိုင်သည် စိတ်၌ ကြိတ်၍ ပြုံးနေမိသည်။
မနေ့က—
ရွှေကျားအား ပညာပေးလိုက်သည့်အတွက်—
ယခုစားသောက်နေသူများသည် မည်သူတဦးတယောက်မှ မလှောင်ပြောင်ဝံ့ကြတော့ပါချေ။
ဝှာစင်းထိုင်သည် မျက်လုံးတချက်ဝေ့ကြည့်လိုက်သည်။
သူမသည် နေရာလွတ်ရှိ မရှိ လိုက်လံရှာဖွေနေ ခြင်း ဖြစ်သည်။
ရုတ်တရက်—
သူမ၏ မျက်လုံးသည် ပြူတင်းပေါက်အနီးတွင် ထိုင် နေသော လုလင်တယောက်နှင့် အကြည့်ချင်းဆုံမိပေသည်။
လုလင်သည် သူမအား ပြုံးပြ၍ ခေါင်းညိတ်နှုတ်ဆက်လိုက်သည်။





ယဉ်ကျေးမှုအရ—
ဝှာစင်းထိုင်ကလည်း မသိမသာပြုံးပြလိုက်သည်။
သူမသည် ထိုင်ရန် စားပွဲလိုက်ရှာနေပြန်သည်။
သို့သော်—
ထိုလုလင်က သူ့အနီးတွင်ရှိ လွတ်နေသော ထိုင် ခုံ အားညွှန်ပြပြီး—
'ဒီကိုကြွပါခင်ဗျာ၊ ဒီမှာနေရာရှိပါတယ်'
ဟု ဖိတ်ခေါ်လိုက်လေသည်။
ထမင်းစားခန်းတခုလုံးမှာလည်း ပြည့်နှက်နေသည့်အတွက် ထို့ပြင် လုလင်၏မျက်နှာသည် တည်ကြည် ရိုးသားသော အသွင်ရှိနေသည်ကို အကဲခတ်မိသဖြင့်—
ဝှာစင်းထိုင်သည် လုလင်ညွှန်ပြသော ထိုင်ခုံသို့သွားရောက်၍ ထိုင်လိုက်သည်။
ထမင်းဟင်းမှာကြားပြီးနောက်—
လုလင်သည် သူ့ကိုယ်သူ မိတ်ဆက်လိုက်လေသည်။
'ကျွန်တော့်နာမည်က ဝမ်စီးထုံပါ၊ ညီမနာမည်က....'
ဝှာစင်းထိုင်သည် ထိုအမည်ကိုကြားလိုက်သည်နှင့်—
သူ၏မျက်လုံးအစုံသည် ဝိုင်းစက်သွားလေသည်။
သူမသည် ထိုလုလင်အား ခြေဆုံး ခေါင်းဆုံး အကဲခတ်ကြည့်ပြီး—
'ကျွန်မ နားကြားမလွဲဘူးလို့ ထင်ပါတယ်ရှင်၊ ရှင့်နာမည် ဝမ်စီးထုံ လို့ကြားလိုက်မိပါတယ်'
'ဟုတ်ပါတယ်ခင်ဗျာ....ကျွန်တော့်နာမည်က ဝမ်စီးထုံပါ'

'နေပါအုံးရှင်....ကျန်းနန်မြို့မှာ ဝမ်စီးထုံ ဘယ်နှစ်ယောက် ရှိပါသလဲ'

လုလင်က ပြုံးလိုက်သည်။

'တယောက်တည်း ရှိပါတယ် ခင်ဗျာ'

ဝှာစင်းထိုင်က သက်ပြင်းတချက်ချလိုက်သည်။

'ကျွန်မတော့ အံ့သြ သွားပြီ....'

'ဘာဖြစ်လို့လဲ....ခင်ဗျာ'

'သိုင်းသမား ဝမ်စီးထုံက ဒီလောက်နာမည်ကြီးပြီး၊ ဒီလောက် အသက်ငယ်ငယ်ရှိမယ်လို့ ကျွန်မ မထင်မိလို့ပါ'

ဝမ်စီးထုံက ပြုံးလိုက်သည်။

'ကဲ....ထားပါတော့လေ၊ ညီမနာမည်ကတော့ မပြောရ သေးဘူး'

ဝှာစင်းထိုင်က ရယ်မောလိုက်သည်။

'ဟုတ်သားပဲ....ကျွန်မနာမည်က ဝှာစင်းထိုင်ပါ'

'တွေ့ရတာ ဝမ်းသာပါတယ် ခင်ဗျာ'

'ကျွန်မလဲ ဝမ်းသာပါတယ်ရှင်'

ထိုစဉ်—

ဆိုင်လုလင်သည် ထမင်းဟင်းများ လာရောက် ချပေးနေ သဖြင့်၊

သူတို့သည် စကားခေတ္တအဆက်ပြတ်သွားပြီး၊

ထမင်းဟင်းများ တိတ်ဆိတ်စွာ စားသောက် နေကြလေ သည်။

* * *





(၁၀)ရက်၊

(၁၀)ရက်ခန့်ဟူသော အချိန်သည် ကြာမြင့်သောအချိန် ကာလ ဟု မဆိုချင်ပေ။

သို့သော်—

တိုတောင်းသော အချိန်ဟုလည်း မဆိုသာပါ။

(၁၀)ရက်ဟူသောအချိန်တွင် အဖြစ်အပျက်များစွာပေါ် ပေါက်လာနိုင်သည် မဟုတ်ပါလား။

ယခု ထိုတိုတောင်းသောအချိန်တွင် ဝမ်စီးထုံနှင့်ဝှာစင်းထိုင် တို့သည် မိတ်ဆွေဘဝမှနေ၍ ချစ်သူဘဝသို့တက်လှမ်းနိုင်ခဲ့သည် မဟုတ်ပါလော။

ထို့ကြောင့်—

ထို(၁၀)ရက်အတွင်း သူတို့ နှစ်ယောက်သည် တတွဲတွဲဖြင့် ကျန်းနန်မြို့နေရာအနှံ့ သွားလာ လည်ပတ်ခဲ့ကြသည်။

ကျန်းနန်မြို့၏ ကျော်ကြားသော ရှုခင်းသာများကိုလည်း ရောက်ရှိခဲ့ကြသည်။

ကျော်ကြားသော စားသောက်ဆိုင်များဟွင်လည်း—

သူတို့နှစ်ယောက်ကို မကြာခဏတွေ့မြင်ကြရလေသည်။

ထိုအချိန်ကာလတွင်—

သူတို့၏ ဘဝတသက်တာတွင် အပျော်ဆုံးသော အချိန် ကာလများပင်ဖြစ်ကြပါသည်။

သို့သော်—

အလွန်ကြီးမားသော အန္တရာယ်တခု သူတို့ထံသို့ ချဉ်းကပ်လာနေသည်ကို သူတို့သတိမပြုမိကြပါချေ။

*　　*　　*

တနေ့—

ကျန်းနန်၏ မြို့ပြင်တောင်ဘက် ရှခင်းသာသို့၊

ဝမ်စီးထုံတို့ ရောက်ရှိသွားသောအခါ၊

သူတို့အား လူတယောက်က ထိုင်၍စောင့်နေသည်ကို မမျှော်လင့်ပဲ တွေ့လိုက်ရသည်။

ထိုလူသည် အသက်(၅၀)ခန့်ရှိသည်ဟု ထင်ရသည်။

စူးရှသောမျက်လုံး၊ ချွန်ထက်သောနှာခေါင်း၊ ချိုင့်ဝင်နေသောနားထင်တို့ကို တွေ့မြင်လိုက်ရသည်နှင့်—

ဤလူသည် သိုင်းပညာရပ်တွင်၊ အတွင်းအား အလွန်အဆင့်မြင့်သော သိုင်းပညာရှင်တယောက် ဖြစ်သည်ကို ဝမ်စီးထုံက အကဲခတ်လိုက်မိလေသည်။

ဝှာစင်းထိုင်ကလည်း ထိုသူအားသတိပြုမိသည်။

သူမသည် ဝမ်စီးထုံအား မေ့ကြည့်လိုက်ပြီး၊

အသံတိုးတိုးဖြင့်—

'သူ့ကိုသိသလား အစ်ကို'

ဝမ်စီးထုံက ခေါင်းခါယမ်းလိုက်သည်။

'ညီမကော သိလို့လား'

ဝှာစင်းထိုင်က ခေါင်းခါယမ်းလိုက်သည်။

သူတို့သည် ထိုလူနှင့် သိကျွမ်းခြင်း မရှိသဖြင့်၊

မည်သို့မျှသတိပြုခြင်းမရှိပဲ ဆက်၍လျှောက်သွားလေသည်။





သူတို့သည် ထိုသူ့ရှေ့မှ ဖြတ်လျှောက်သွားသောအခါ—

'မိန်းကလေး....ခဏ'

ဝှာစင်းထိုင်သည် ခြေလှမ်းတုန့်ကနဲ ရပ်တန့်သွားသည်။

သူမသည် ထိုသူအား လှည့်ကြည့်လိုက်သည်။

ထိုသူသည် ထိုင်ရာမှ မတ်တတ်ရပ်လိုက်သည်။

'မိန်းကလေးနာမည်က ဘယ်သူတဲ့တုန်း'

ဝှာစင်းထိုင်သည် ထိုလူအား အကဲခတ်ကြည့်ယင်း—

'ဝှာစင်းထိုင်ပါ ဘာလုပ်မလို့လဲ'

ထိုလူသည် ခေါင်းညိတ်ပြလိုက်သည်။

'မိန်းကလေးက သိုင်းပညာ အတော်ကို ကျွမ်းတယ်ဆို'

ဝှာစင်းထိုင်က မျက်မှောင်ကုပ်သွားသည်။

'ရှင်က ဘယ်သူလဲ ဘာဖြစ်လို့ ဒါတွေမေးနေရတာလဲ'

ထိုလူကပြုံးလိုက်သည်။

'ဒီလိုပါ ကျုပ်တပည့်တယောက်ကို မိန်းကလေးက ပညာပေးလိုက်လို့ ကျုပ်က မိန်းကလေးရဲ့ သိုင်းပညာကို လာ ပြီးတော့ ဗဟုသုတ ယူချင်လို့ပါ'

ဝှာစင်းထိုင်သည် အံ့အားသင့်သွားသည်။

'ရှင့်တပည့်ဟုတ်လား၊ ရှင့်တပည့်ကဘယ်သူလဲ'

'ရှေကျား'

ထိုအမည် ကြားလိုက်သည်နှင့်

ဝှာစင်းထိုင်နှင့် ဝမ်စီးထုံတို့သည် ပြိုင်တူအံ့အားသင့်သွားလေသည်။

ဝမ်စီးထုံသည် မျက်မှောင်ကုပ်လိုက်ပြီး—

'ခင်ဗျားက မိုးကြိုးလက်ညှိုးဟုတ်လား'

ထိုလူသည် တဟားဟား ရယ်မောလိုက်သည်။

'ဟား....ဟား....ဟား....မင်းတို့ ဘယ်ဆိုးလို့တုန်း၊ ကျုပ်နာမည်ကိုတော့သိသကိုး'

ဝမ်စီးထုံသည် လက်နှစ်ဘက်ဆုပ်၍ အလေးပြုလိုက်သည်။

'ဦးဟာ အတော်ကျော်ကြားတဲ့ သိုင်းသမား တယောက်ဆိုတာ ကျွန်တော်တို့ ကြားဘူးတာကြာပါပြီ၊ အခုလိုတွေ့ရတာ အများကြီးဝမ်းသာပါတယ်၊ လေးလဲလေးစားပါတယ်'

'ဟဲ....ဟဲ....ဟဲ... မင်းကမဆိုးဘူး'

မိုးကြိုးလက်ညှိုးသည် ပြောယင်း ဝှာစင်းထုံဘက်သို့ လှည့်လိုက်သည်။

'ဒါပေမယ့် ဒီမိန်းကလေးက ကျုပ်ကို အထင်သေးတာ ကျုပ်မခံနိုင်ဘူး'

ဝှာစင်းထိုင်သည် သူ့အားစေ့စေ့ကြည့်လိုက်ပြီး—

'ကျွန်မ ဘယ်တုန်းက ရှင့်ကို အထင်သေးခဲ့လို့လဲရှင်'

'ကျုပ်ကိုအထင်သေးလို့၊ ကျုပ်တပည့်ကို လူပုံအလယ်မှာ အရှက်ခွဲလိုက်တာမဟုတ်ဘူးလား'

'ဒါကတော့ရှင်....၊ ရှင့်တပည့်က လူပုံအလယ်မှာကျွန်မကို လိုက်နှောက်ယှက်နေတာကိုး'

မိုးကြိုးလက်ညှိုးသည် လက်ကာပြလိုက်သည်။

'ကဲ၊ ဒါတွေထားလိုက်ပါအုံး၊ အခုအခြေအနေဟာ မင်းနဲ့ငါ သိုင်းပညာယှဉ်ပြိုင်ဖို့ပဲ မင်းကငါ့ကိုနိုင်ယင် ငါဒီ ကျွန်းနန်မြို့ကို ဘယ်တော့မှပြန်မလာတော့ဘူးလို့ ငါကတိပေးတယ်'





ဝမ်စီးထုံသည် ကြားဝင်ဖြန်ဖြေပေးရန် ပါးစပ် ဟလိုက်ရာ—

ဝှာစင်းထိုင်က စကားဦးသွားလေသည်။

သူမသည် မဲ့ပြုံးပြုံးလိုက်ပြီး—

'ရှင်က သိုင်းပညာအားကိုးပြီး တပည့်တွေ ဘာလုပ်လုပ် ကျောထောက်နောက်ခံပေးနေတာကို ကျွန်မကြားခဲ့ပါတယ်ရှင်။ ရှင့်လိုသိုင်းသမားတယောက်ကို ကျွန်မက သိုင်းသမားလို့ပြောဖို့တောင် ရှက်မိပါတယ်ရှင်'

မိုးကြိုးလက်ညှိုးသည် ဝှာစင်းထိုင်၏ စကားကြောင့်—

သူ၏မျက်လုံးအစုံသည် ဒေါသရောင်သန်းလာလေသည်။

'မင်းက အသက်ငယ်ငယ်လေးနဲ့များ ကျုပ်ကိုမလေးမစားနဲ့၊ ဘဲ...သေပေတော့'

မိုးကြိုး လက်ညှိုးသည် ယင်းသို့ပြောပြီးသည်နှင့်—

ဝှာစင်းထိုင်အား တိုက်ခိုက်လေသည်။

ဝှာစင်းထိုင်သည် ထိုသူ၏တိုက်ကွက်အား မြင်တွေ့လိုက်ရသည်နှင့် ထိတ်လန့်တုန်လှုပ်သွားလေသည်။

သူမသည် ကပျာကရာ ရှောင်တိမ်းလိုက်သည်။

သို့သော်-

သူတို့သည် အလွန်နီးကပ်နေ၍တကြောင်း-

ဝှာစင်းထိုင်သည် မိုးကြိုးလက်ညှိုးက ယခုကဲ့သို့သိုင်းလောက၏စည်းကမ်းကို ထိန်းသိမ်းခြင်းမရှိပဲ-

ဝါရင့်သိုင်းသမားက ဝါနုသော သိုင်းသမားကို စတင်တိုက်ခိုက်လိမ့်မည်ဟု မမျှော်လင့်မိသောကြောင့်-

သူမရှောင်တိမ်းရန် အနည်းငယ်နောက်ကျသွားလေသည်။ မိုးကြိုးလက်သီး၏ လက်ဝါးတခုသည် သူမ၏ပုခုံးသို့ တည့်တည့်မတ်မတ်ရိုက်မိခြင်းခံလိုက်ရသောကြောင့်-

'ရှန်း....'

သူမ၏ ခန္ဓာကိုယ်သည် အဝေးသို့ လွင့်သွားလေသည်။

ဝမ်စီးထုံသည် ဝှာစင်းထိုင်အား ကပျာကယာ သွားရောက်၍ ဖေးမလိုက်သည်။

ဝှာစင်းထိုင်သည် ကံကောင်းထောက်မ၍ အကြီးအကျယ် ဒဏ်ရာရခြင်းမရှိပါ။

ဝမ်းစီးထုံသည် သူမအား ဖေးမလိုက်သောအခါ—

မိုးကြိုးလက်သီးသည် ထပ်မံတိုက်ခိုက်ရန် ချဉ်းကပ်လာလေသည်။

ဝမ်စီးထုံသည် အနည်းငယ် ဒေါသထွက်သွားလေသည်။

သူသည် ဒေါသကို ချုပ်တည်းပြီး၊

'ဒီမှာဦး....သူက ဦးရဲ့တပည့်ကို တချက် ကန်မိခဲ့တာပါ၊ အခု ဦးကလည်း သူ့ကို တချက်ရိုက်မိသွားပါပြီ၊ အဲဒီတော့ တဘက်နဲ့တဘက် ရန်ညှိုးမထားပဲ ကြေအေးကြပါလို့ ကျွန်တော် တောင်းပန်ပါတယ်ဗျာ'

'ဟား....ဟား....ဟား....'

မိုးကြိုးလက်သီးက တဟားဟားရယ်မောလိုက်သော်—

'ဒီမှာသူငယ် မင်းက ဘယ်သူလဲ ကျုပ်ကိုလာပြီး တရားချမနေစမ်းပါနဲ့၊ ဒီမိန်းကလေးကို ကျုပ်သတ်ပစ်ရမှ စိတ်ကျေနပ်မယ်ကွ'





ဝမ်စီးထုံသည် ထိန်းချုပ်ထားသောဒေါသများပေါက်ကွဲသွားလေသည်။

'ဒီမှာဦး—ဦးစကားပြောတာ မလွန်လွန်းဘူးလား'

မိုးကြိုးလက်သီးက သူ့အား စေ့စေ့ကြည့်လိုက်သည်။

'နေပါအုံး မင်းက ဘယ်သူလဲ'

'ဝမ်စီးထုံ'

အဘိုးအို၏ မျက်ခုံးမွေးအစုံသည် အပေါ်သို့ပင့်တက်သွားသည်။

'မင်းက ဝမ်စီးထုံကိုး ဒါကြောင့် ငါ့ကိုလာပြီး ဩဝါဒပေးနေတာကိုး'

'ကျွန်တော် ဩဝါဒပေးနေတာမဟုတ်ပါဘူး၊အမှန်စကားပြောနေတာပါ'

'ဒီမှာ ဝမ်စီးထုံ ဒီမိန်းကလေးဟာ မင်းကိုအားကိုးလို့ ကျုပ်တပည့်ကို စော်ကားရဲတာပေါ့၊ ကဲ....မင်းနဲ့ငါနဲ့လဲ တပွဲတလမ်း ယှဉ်ပြိုင်မှဖြစ်မယ်'

ဝမ်စီးထုံသည် မည်သို့မျှ စိတ်ကို မထိန်းနိုင်တော့ပါ၊

သူသည် ဒေါသထွက်လွန်း၍ ရယ်မောလိုက်သည်။

'ဒီလောက်ပြောမရမှတော့ ဦးသဘောပါပဲ'

မိုးကြိုးလက်သီးက ကျေနပ်စွာရယ်မောလိုက်လိုက်သည်။

'အေး....ယောကျ်ားဆိုတာ ဒီလိုမှပေါ့'

သူသည် ပြောပြီးသည်နှင့် တိုက်ခိုက်ရန်ဟန်ပြင်လိုက်သည်။

အခြေအနေသည် မည်သို့မျှထိန်း၍ မရတော့ပါ။

ဝမ်စီးထုံကလည်း တိုက်ခိုက်ရန် အနေအထား အသင့်ပြင်ထားလိုက်ပေသည်။
သူတို့သည် တိုက်ခိုက်ရန်အသင့်ဖြစ်နေကြလေပြီ။

* * *

နေရောင်ခြည်သည် ပျောက်ကွယ်သွားလေပြီ။
တိမ်တတိုက်သည် နေလုံးကြီးအား ဖုံးကွယ် ထားသောကြောင့် ဖြစ်ပါသည်။
နေရောင် ပျောက်ကွယ်သွားသည်နှင့်—
လေသည် ပြင်းပြင်းထန်ထန် တိုက်ခတ် လာလေသည်။
သစ်ကိုင်းသစ်ရွက်များသည် လေ၏ တိုက်ခတ်မှုကြောင့် ယိမ်းနွဲ့နေ၏။
လွင်ပြင်ပေါ်၌ မျက်နှာချင်းဆိုင်ရပ်နေသော မိုးကြိုးလက်ညှိုးနှင့် ဝမ်စီးထုံတို့မှာလည်း-
လေ၏တိုက်ခတ်မှုကြောင့် သူတို့၏ အင်္ကျီစများသည် ဖြန့်လွင့်နေ၏။
ဝှာစင်းထိုင်မှာမူ ဝမ်စီးထုံ၏အနီးတွင် ရပ်လျက် အကဲခတ်ကြည့်နေ၏။
'ယား....'
သူတို့နှစ်ယောက်သည် ပြိုင်တူအော်လိုက်ခြင်း ဖြစ်ပါသည်။
ယင်း အော်သံနှင့်အတူ၊ ဝမ်စီးထုံနှင့် မိုးကြိုးလက်ညှိုးတို့သည် လျင်မြန်စွာတိုက်ခိုက်လိုက်ကြသည်။
သူတို့သည် လျှပ်တပြက်တိုက်ခိုက်လိုက်ပြီးနောက်—





ချက်ခြင်းပင်—
လူချင်းကွဲသွားလေတော့သည်။
ထို့နောက်—
သူတို့သည် မိမိတို့၏ သိုင်းဟန်ဖြင့် မလှုပ်မယှက် ရပ်လျက်နေ၏။
တယောက်နှင့်တယောက် မျက်တောင်မခတ်ပဲ စိုက်ကြည့်နေကြသည်။
သူတို့သည် တခဏကြာမျှ တိုက်ခိုက်လိုက်သောအခါ—
တယောက်၏ သိုင်းပညာကို တယောက်က အကဲခတ်မိကြပြီဖြစ်သည်။
ဝမ်စီးထုံ၏ရင်ထဲ၌ မိုးကြိုးလက်ညှိုး၏ သိုင်းပညာမှာအလွန်အဆင့်မြင့်သည်ဟု သိထားလိုက်သည်။
မိုးကြိုးလက်ညှိုးမှာ—
အသက် နုနုငယ်ငယ်ရှိနေသေးသော ဝမ်စီးထုံသည် ဤမျှသိုင်းပညာအဆင့်မြင့်သည်ကို အံ့သြနေ၏။
ထို့ကြောင့်—
သူသည် သူ၏အထက်မြက်ဆုံးသော မိုးကြိုးလက်ညှိုးသိုင်းကို အသုံးပြုရန်ဆုံးဖြတ်လိုက်လေသည်။
သူ၏ မျက်လုံးအစုံသည် မျက်တောင်မခတ်ပဲ ဝမ်စီးထုံအားစူးစူးဝါးဝါးကြည့်နေသည်။
သူ၏ ညာဘက်လက်သည် အပေါ်သို့ထောင်ထားသည်။
ဝဲဘက်လက်သည် နောက်သို့အနည်းငယ် ကွေးထားသည်။
ရုတ်တရက်

သူ၏နောက်သို့ ကွေးထားသော ဝဲဘက်လက်သည် လက်ငါး ချောင်းစွန်ကုပ်ပုံစံဖြင့်—

ဝမ်စီးထုံ၏ဝမ်းဗိုက်သို့ ကုပ်လိုက်သည်။

ဝမ်စီးထုံသည် ခါးကိုအနည်းငယ် ဘေးသို့ ယိမ်းလိုက်ပြီး– ရှောင်တိမ်းလိုက်သည်။

တဆက်ထဲမှာ—

သူ၏ ဘယ်ဘက်လက်ကို မိုးကြိုးလက်ညှိုး၏ လက်ဝဲဘက် လက်၏ လက်ကောက်ဝတ်ကို ဖမ်းဆုပ်ရန်၊ အောက်သို့ ရိုက် ချလိုက်လေအည်။

အမှန်မှာ—

မိုးကြိုးလက်ညှိုး၏ ဝဲဘက်လက်တိုက်ကွက်မှာ ဟန် ပြ သာ ဖြစ်သည်။

သူ၏ ထောင်ထားသော ညာဘက်လက်သည် လက်ချောင်း သုံးချောင်းပူး၍ ဝမ်စီးထုံ၏လည်မျိုထံသို့ ထိုး ချ လိုက် လေ သည်။

ဝမ်စီးထုံသည် ထိုအခြင်းအရာကို မြင်တွေ့လိုက်သည်နှင့်— ထိတ်လန့်သွားလေသည်။

သူသည် ကပျာကယာနောက်လို့ ပက်လက်လှန်၍ ရှောင် တိမ်းလိုက်၏။

သို့သော်—

သူနောက်ကျသွားချေပြီ။

မိုးကြိုလက်ညှိုး၏ လက်ညှိုးသုံးချောင်းသည် ဝမ်းဗိုက်သို့ ထိမှန်သွားလေတော့သည်။





'အွန့်....'

ဝမ်စီးထုံသည် ယင်းသို့တချက်အော်လိုက်ပြီး—

'ဝုန်း....'

သူသည် မြေပေါ်သို့ လဲကျသွားလေတော့သည်။

*  *  *

အမှန်မှာ—

ဝမ်စီးထုံသည် ရှောင်တိမ်းလိုက်သဖြင့် အ သက် ဘေး မှ သီသီကလေးလွတ်သွားခြင်းဖြစ်သည်။

ယခုမှာမူ—

ဒဏ်ရာပြင်းထန်စွာ ရသွားခြင်းဖြစ်ပါသည်။

'ဟား....ဟား....ဟား....'

မိုးကြိုးလက်ညှိုးသည် ကျေနပ်စွာရယ်မောလိုက်သည်။

'ဘယ့်နှယ်လဲ ဝမ်စီးထုံ မင်းသေဖို့သာပြင်ပေတော့'

သူသည်ပြောယင်း—

သူ၏လက်ညှိုးသုံးချောင်းကို ဝမ်စီးထုံ၏ရင်ဝသို့ ထိုး ချ လိုက်လေသည်။

'အမလေး....'

ဝှာစင်းထိုင်သည် ထိုအချင်းအရာကိုမြင်တွေ့လိုက်ရသည်နှင့် ထိတ်လန့်တုန်လှုပ်စွာ ငယ်သံပါအောင် တချက်အော်လိုက်ပြီး သတိမေ့ကာ မြေပေါ်သို့ လဲကျသွားလေတော့သည်။

*  *  *

မိုးကြိုးလက်ညှိုးသည် ဝမ်စီးထုံအား အသေသတ်ရန် သူ၏ မိုးကြိုးလက်ညှိုးဖြင့်ထပ်မံ၍ ဝမ်စီးထုံ၏ရင်ဝသို့ စိုက် ချ လိုက်သောအခါ—

ဝမ်စီးထုံသည် သူ၏အသက်ကယ်သည့် သိုင်းကွက်တခုဖြစ်သော—

'ဟင်္သာခြေသိုင်း'ကို အသုံးပြုလိုက်လေသည်။

သူ၏ခြေထောက်နှစ်ချောင်းသည် တိုက်ခိုက်သော မိုးကြိုးလက်ညှိုး၏ဝမ်းဗိုက်သို့ တချက်ကွေး၍ တအားကန်ထည့်လိုက်သည်။

'အား...'

မိုးကြိုးလက်ညှိုးလည်း မရှောင်လင့်ပဲ တိုက်ခိုက်ခြင်းခံလိုက်ရသဖြင့်၊ ယင်းသို့တချက်အော်လိုက်ပြီး—

သူ၏လက်နှစ်ဘက်သည် ဝမ်းဗိုက်ကိုပိုက်၍ နောက် သို့ ခြေသုံးလေးလှမ်းဆုတ်သွားလေသည်။

သွေးများသည် သူ၏ပါးစပ်ထဲမှ စီးဆင်းကျလာလေသည်။

ဝမ်စီးထုံသည် မြေပေါ်မှ လူးလိမ့်၍ထလိုက်သည်။

မိုးကြိုးလက်ညှိုးသည် အံကိုတင်းတင်းကြိတ်လိုက်ပြီး ရှုံ့မှုန်းသောအကြည့်ဖြင့်—

'ဝမ်စီးထုံအား စူးစူးဝါးဝါးကြည့်လိုက်ပြီး—

'ဝမ်စီးထုံ မင်းက ငါ့မိုးကြိုးလက်ညှိုးထိမှန်သွားတဲ့အတွက် အလွန်ဆုံး သုံးလအတွင်းပဲအသက်ရှင်မယ်၊ သုံးလကျော်တာနဲ့ မင်းသေလိမ့်မယ်လို့သာ မှတ်ထားပေတော့'

သူ၏ စကားဆုံးသွားသည်နှင့်—





သူ၏ ခန္ဓာကိုယ်သည် မြေပေါ်သို့ မှောက်လျက် လဲကျကာ သေဆုံးသွားလေတော့သည်။

* * *

အတန်ကြာမှ—

ဝမ်စီးထုံသည် လူးလိမ့်၍ထလာသည်။

သူသည် ခြေလှမ်းယိမ်းယိုင်စွာဖြင့်—

ဝှာစင်းထိုင်အနီးသို့လျှောက်သွားသည်။

သူ၏မျက်လုံးအစုံသည် ဝှာစင်းထိုင်၏ မျက်နှာအား ဝမ်းနည်းကြေကွဲစွာဖြင့် ကြည့်နေ၏။

သူ၏နားထဲတွင် မိုးကြိုးလက်ညှိုး၏ သေကာနီး ပြောသွားသော စကားလုံးများကိုသာ ပဲ့တင်ထပ်နေ၏။

'ဝမ်စီးထုံ သုံးလကျော်တာနဲ့ မင်းသေလိမ့်မယ်....'

'သုံးလကျော်တာနဲ့ မင်းသေလိမ့်မယ်....'

'သုံးလကျော်တာနဲ့ မင်းသေလိမ့်မယ်....'

မျက်ရည်ဥကလေးများသည် သူ၏မျက်ဝန်းမှ ဝှာစင်းထိုင်၏ မျက်နှာပေါ်သို့ တစက်ပြီးတစက် ကျသွားလေသည်။

'ညီမရယ်... အစ်ကိုတော့သေရတော့မယ်၊ အစ်ကို ညီမနဲ့ အတူတူမနေရတော့ဘူး.... ညီမသတိရလာတဲ့အခါမှာ အစ်ကိုရဲ့ အကြောင်းသိယင် ညီမ စိတ်ဆင်းရဲရလိမ့်မယ်.... ဒါကြောင့် အစ်ကိုအဝေးကို သွားတော့မယ်.... အစ်ကို့ကို မေ့လိုက်ပါတော့ကွယ်....'

သူ၏ရင်ထဲမှ ထွက်ပေါ်လာသော စကားလုံးများ ဖြစ်ပါသည်။

သူသည် ထိုင်ရာမှ ထလိုက်သည်။

ထို့နောက် လေးလံသောခြေလှမ်းဖြင့် ဆက်၍ လျှောက်သွားလေသည်။

မကြာပါချေ။

သူသည် မြစ်ဆိပ်တခုသို့ ရောက်ရှိလာလေသည်။

လှေသမားတယောက်အား ငွေတုံးကလေးအားလုံး ပေးခဲ့ပြီး သူ၏လှေအား ဝယ်ယူခဲ့လေသည်။

ထို့နောက်

လှေပေါ်သို့တက်ကာ မြစ်ဆိပ်မှခွာလိုက်သည်။

မြစ်လယ်သို့ ရောက်ရှိသွားသောအခါ—

သူသည် လှေပေါ်တွင် ပက်လက်လှန်၍ လှဲချလိုက်သည်။

လှေကလေးသည် ရေစီးချောင်းအတိုင်း မျော၍ မျော၍ သွားလေတော့သည်။

* * *

ဝါစင်းထိုင်သည် သတိရလာသောအခါ ကပျာ ကယာ ထထိုင်လိုက်သည်။

သူမသည် ဘေးဘီသို့ကြည့်လိုက်သောအခါ၊

အသက်ကင်းမဲ့နေသော မိုးကြိုးလက်ညှိုးမှ အပ ဝမ်စီးထုံအား အရိပ်အယောင်မျှပင် မတွေ့ရတော့ပါ။





သူမသည် စိုရွှဲနေသောဒပါးပြင်ကို လက်ဖြင့် ပွတ်လိုက်လေသည်။

'ဟင်....အစ်ကို ဘယ်ရောက်သွားပါလိမ့်'

သူမသည် ထိုင်ရာမှထလိုက်ပြီး ရှေ့ဘက်ဆီသို့ ဦးတည်၍ ပြေးလွှားသွားယင်း—

'အစ်ကိုရေ....အစ်ကိုရေ...'

ဟု အော်ခေါ်ယင်း ပြေးလွှားသွားလေတော့သည်။

* * *

## လက်တဘက်

နေဝန်းကြီးသည်၊
မြေပြင်ပေါ်မှ ကွယ်ပျောက်သွားတော့မည် ဖြစ်ပါသည်။
ညနေဆည်းဆာသည်၊
ပုဇွန်ဆီရောင် တောက်ပနေ၏။
ရေလှိုင်းများရိုက်ခတ်သံနှင့် အိပ်တန်းပြန်ကြသည့်ဇင်ရော်ငှက်များသည် အသံက ကြည်နူးဖွယ်ရာထွက်ပေါ်နေ၏။
ဤနေရာသည်၊
ဆယ့်နှစ်ခုမြောက်တောင်မင်း၏ တောင်ခြေရင်းပိုင်းဒေသဖြစ်သည်။
အရှေ့ဘက်တွင် သာယာလှပသော 'ထုန်ထင်'ကန်ကတည်ရှိနေပြီး၊





အနောက်ဘက်တွင်—
မြင့်မားလှသော တောင်တန်းကြီးများက မိုင်ပေါင်းများစွာအထိ ရှည်လျားတည်ရှိကြသည်။
ရေကန်အစပ် သဲသောင်ပြင်ပေါ်တွင်—
ရောင်စုံခရုကလေးများ ရှိနေ၏။
ထို့ပြင်၊
အဖြူရောင်ဝတ်ဆင်ထားသော အဘိုးအို တယောက်လည်းရှိနေပါသည်။
စူးရှတောက်ပသော မျက်လုံးအစုံက ရေပြင်သို့ငေး၍ကြည့်နေ၏။
သူ၏မျက်နှာမှာ သွေးမရှိသကဲ့သို့ ဖြူဖွေး နေသော်လည်းခါးရှည်သဏ္ဌာန် မျက်ခုံးမွေး၊ အဖြူရောင်ဘိနပ်နှင့် ခြေစည်းရှည်လျားလှသည့် အင်္ကျီနှင့် တည်ကြည်လေးနက်ဟန်ရှိသောမျက်နှာအမူအယာတို့သည်—
အဘိုးအို၏ ရဲရင့်တည်ကြည်ခြင်းကို ဖော်ပြနေသယောင်ရှိ၏။ အဘိုးအိုသည် ဆေးတံကို တချက်ဖွာရှိုက်လိုက်ပြီးနောက်၊
'သမီး....'
'ဟုတ်ကဲ့....ပြောပါဘိုးဘိုး'
'အခြေအနေ ဘယ်လိုလဲကွယ့်'
'သူတော်တော် သက်သာလာပါပြီ'
အဘိုးအိုက ပြုံးလိုက်သည်။

'သူက ဘာရောဂါမှဖြစ်တာမဟုတ်ပါဘူး၊ သူရေနစ်တုန်းက ဗိုက်ထဲဝင်သွားတဲ့ ရေတွေ ပြန်ထွက်သွားယင် သက်သာလာမှာပေါ့'

'ဟုတ်ပါတယ်....ဘိုးဘိုး'

'သူ့ကို မနက်ဖြန် ပြန်ပို့လိုက်ပါ'

'ရှင်....'

မိန်းမပျိုအံ့အားသင့်သွားသည်။

အဘိုးအိုက မိန်းမပျိုအား တချက်ကြည့်လိုက်ပြီး—

'ဒီမှာ ရှောင်ဖူ သူ့ကို ဆေးတခွက်တိုက်ထားလိုက် မနက်ဖြန် မိုးလင်းတာနဲ့ ပြန်ပို့လိုက်တော့'

ချင်ရှောင်ဖူက မကျေမနပ်ဖြစ်သွားသည်။

သူမသည် နှုတ်ခမ်းတချက်ကိုက်လိုက်ပြီး—

'ဘိုးဘိုး သူ့ကို မနက်ဖြန်ပြန်ပို့လို့မဖြစ်သေးဘူး၊ သူ က သက်သာလာပေမယ့် အအေးမိတဲ့အရှိန်နဲ့ အ ပြင်း ဖျားမှာ သေချာတယ်၊ အခုဆိုယင် သူ့ကိုယ်တွေ ပူနေပြီထင်တယ်'

အဘိုးအိုက မဲ့ပြုံးပြုံးလိုက်သည်။

ချင်ရှောင်ဖူက စကားဆက်လိုက်သည်။

'လူ့ အသက်တချောင်းကယ်မိတော့ ဆုံးခန်း တိုင် အောင် ကယ်ပါ ဘိုးဘိုးရယ်နော်'

အဘိုးအိုက ရယ်မောလိုက်သည်။

'ဟား...ဟား ဟား....'

မိန်းကလေးက နားမလည်နိုင်ပဲ ကြောင်အမ်း အမ်း ဖြစ်သွားသည်။

ဝဏ္ဏထွန်းစာပေ



ရှတ်တရက်—

အဘိုးအိုသည် ရယ်မောနေရာမှ ရပ်တန့်လိုက်ပြီး—

အေးစက်သော လေသံဖြင့်—

'ငါ့မြေး ဘယ်နှစ်ရက်ဆိုတာသိရဲ့လား....'

ချင်ရှောင်ဖူက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့ ဆယ့်ခုနှစ်ရက်ပါ'

အဘိုးအိုသည် ဆေးတံမှ ဆေးပြာများကို ခြေဖနောင့်နှင့်ရိုက်၍ ခါချလိုက်သည်။

ဆေးတံကို ယာဘက်လက်ဖြင့် ကိုင်ထားခြင်းဖြစ်သည်။

သူသည် ရေကန်ဘက်သို့လှည့်လိုက်ပြီး—

'နောက်နှစ်ရက်ဆိုယင် အဘိုးရဲ့ ဝဲဘက်လက်တဘက်ဖြတ်ခဲ့ရတာ ဆယ်နှစ်ပြည့်တဲ့ နေ့ပဲ'

* * *

အဘိုးအို၏ ဝဲဘက်လက်သည်—

ပုခုံးမှနေ၍ တိတိရိရိပြတ်နေသည်။

ချင်ရှောင်ဖူသည် တုန်လှုပ်သွားပြီး နောက်သို့ခြေတလှမ်းဆုတ်သွားသည်။

သူမသည် ယခုမှ စဉ်းစားမိလိုက်လေသည်။

သူမ၏ဘိုးဘိုးအား လက်တဘက်ဖြတ်သွားခဲ့သူ နှင့် သူမ၏ဘိုးဘိုးတို့ နောက်ထပ်တကြိမ် ယှဉ်ပြိုင်ကြရန် ချိန်း ဆို ထားသော ဆယ်နှစ်မြောက်နေ့ ရောက်လာတော့မည် မဟုတ်ပါလော—

* * *

ဝဏ္ဏထွန်းစာပေ

နေရောင်ပျောက်ကွယ်သွားပြီ ဖြစ်ပါသည်။

အမှောင်ထုက တစစနက်ရှိုင်းလာ၏။

အဘိုး၏ မျက်နှာသည် ခံပြင်းခြင်းဒေါသထွက်ခြင်းတို့ဖြ နိရဲနေ၏။

သူသည် အသံတုန်ယင်စွာဖြင့်—

'ကျုပ်က အဲဒီနေ့ကို ဘယ်တော့မှ မေ့မှာ မဟုတ်ပါဘူ

ချင်ရွှောင်ဖူက ခေါင်းငုံ့ထားသည်။

အတန်ကြာမှ—

သူမက မဝံ့မရဲဖြင့်—

'ဘိုးဘိုး....'

ဟု ခေါ်လိုက်သည်။

'ဘာလဲ ငါ့မြေး'

'ကျွန်မတို့ နှစ်ရက်အချိန်ရသေးတယ်နော်'

'အေးလေ အဲ့ဒါဘာဖြစ်သလဲ'

သူမသည် သက်ပြင်းတချက်ချလိုက်ပြီး—

'ကျွန်မတို့ ထွက်ပြေးကြယင် မကောင်းဘူးလား'

'ဘာ....'

အဘိုးအိုက ကျယ်လောင်စွာ အော်ဟစ်လိုက်သည်။

သူသည် ဒေါသထွက်လွန်း၍ အသားများတုန်ယင်လာပြီ

'ရွှောင်ဖူ နင့်ပါးစပ်ပိတ်ထားလိုက်စမ်း'

ချင်ရွှောင်ဖူက ထိတ်လန့်သွားသည်။





သူမသည် ကြောက်လွန်း၍ မျက်ရည်များပင်ကျလာလေသည်။

သူမသည် အဘိုးအို၏လက်အားဆွဲကိုင်လိုက်ပြီး—

'ဘိုးဘိုးရယ် သမီးမှားပါတယ် သမီးကိုစိတ်မဆိုးပါနဲ့'

ချင်ရွှောင်ဖူ၏ အသံသည် အဘိုးအို၏ ရင်တွင်းသို့ တိုးဝင်သွားလေသည်။

သူမအား ငယ်စဉ်ကပင် အလိုလိုက် အကြိုက်ပေး မွေးမြူလာခဲ့ရသည်။

သူမယခုကဲ့သို့ အရွယ်ရောက်သိတတ်လာသော အချိန်အခါမျိုးတွင် သူမအပေါ် မကြိမ်းမောင်းချင်တော့—

သူမ၏စကားသည် အမှန်ဖြစ်ကြောင်း အဘိုးအိုကနားလည်ထားသည်။

သို့သော်၊

ရန်သူကို ရင်မဆိုင်ပဲ ထွက်ပြေးတိမ်းရှောင်ရမည်ကိုမူ သူလုံးဝလက်မခံပါ။

ယခု ရင်ဆိုင်ရမည့်ရန်သူမှာ တော်ရုံတန်ရုံမဟုတ်ပါ။

သူ၏ ဓားတချက်နှင့် အဘိုးအို၏ လက်တဘက် ပြတ်ခဲ့ရသည် မဟုတ်ပါလော။

ထို့ကြောင့်

ချင်ရွှောင်ဖူက ရင်မဆိုင်စေလိုသည်ကို အဘိုးအိုကနားလည်ထားသည်။

အဘိုးအိုရဲ့မျက်ဝန်းအစုံသည် အရောင်တဖိတ်ဖိတ်တောက် ပလာသည်။

'ဘိုးဘိုးတို့ မျိုးရိုးရဲ့ ဂုဏ်သိက္ခာကို ဘိုးဘိုးက အသက်နဲ့ လဲပြီးစောင့်ထိန်းရမှာပေါ့ ဘာဖြစ်လို့ထွက်ပြေးရမှာလဲ'

ချင်ရွှေဥဖူသည် ခေါင်းငုံ့ထားသည်။

သူမ၏ မျက်ဝန်းမှ မျက်ရည်များသည် စီးဆင်းကျလာလေသည်။

အဘိုးအိုက သူမ၏ပခုံးအား တချက်ပုတ်လိုက်ပြီး—

'ကဲ....မှောင်နေပြီ၊ တို့ ပြန်ကြရအောင်'

အဘိုးအို၏အသံသည် ပျော့ပြောင်းလှပေသည်။

သူသည် စကားဆုံးသွားသည်နှင့် ချာကနဲလှည့်ကာ ကန် ရေစပ်မှ တဘက်စီသို့လျှောက်သွားလေတော့သည်။

ချင်ရွှေဥဖူသည် ခေါင်းငိုက်စိုက်ချကာ အဘိုးအို၏နောက် မှလိုက်သွားလေတော့သည်။

*         *         *

လဝန်းထွက်ပေါ်လာပြီ ဖြစ်ပါသည်။

ကောင်းကင်တခုလုံးတွင် တိမ်များကင်းရှင်းနေ၏။

လရောက်အောက်တွင်—

ရေကန်နှင့်မလှမ်းမကမ်းမှ အိမ်ကလေးတလုံးအားတွေ့မြင် နိုင်လေသည်။





အဘိုးအိုက တံခါးကို တွန်းဖွင့်လိုက်ပြီး၊

အိမ်ကလေးအတွင်းသို့ လှမ်းဝင်သွားလေသည်။

သူသည် နောက်သို့ပင်မလှည့်ပဲ....

'သူ့ကို ဘယ်အခန်းပြောင်းထားလိုက်သလဲ....'

ချင်ရွှေဥဖူက ဝဲဘက်ရှိအခန်းတခန်းသို့ ညွှန်ပြလိုက်သည်။

'ဧည့်ခန်းဆောင်ဘေးက အခန်းပဲ....'

အဘိုးအိုကချင်ရွှေဥဖူပြောပြသည့်အခန်းဘက်သို့လျှောက် သွားကာ၊

'ကုတင်အခင်းတခုနဲ့ ဆေးအရက်ယူခဲ့'

ဟု ပြောပြီးသည်နှင့် အခန်းတွင်းသို့ ခြေလှမ်းကျဲကျဲဖြင့် ဝင်ရောက်သွားပေသည်။

*         *         *

သေးငယ်သော အခန်းတခုဖြစ်သည်။

အခန်းသည် သေးငယ်သော်လည်း သန့်ရှင်းသပ်ယပ်လှပေ သည်။

အခန်းထဲတွင်

ကုတင်တလုံးနှင့် ကုလားထိုင်တလုံးသာ ရှိသည်။

ကုတင်ပေါ်တွင် လူတယောက်လဲလျောင်းနေသည်။

အဘိုးအိုက ကုလားထိုင်ပေါ်တွင် ထိုင်ချလိုက်သည်။

အတန်ကြာမှ—

ကုတင်ပေါ်မှ လူက မျက်လုံးပွင့်လာသည်။

သူသည် ညည်းညူယင်း မျက်လုံးဖွင့်ကြည့်လိုက်ရာ အဘိုးအိုအား တွေ့မြင်လိုက်ရသည်နှင့်—

ကုတင်ပေါ်မှ လူးလိမ့်၍ ထလိုက်လေသည်။

'အို....နေပါ....လှဲနေပါ'

အဘိုးအိုက ဟန့်တားလိုက်သည်။

ထိုလူက အထစ်ထစ် အငေါ့ငေါ့ဖြင့်—

'ဘဘ....က....ဘယ်....သူလဲ....'

'ကျုပ်က ဒီအိမ်ပိုင်ရှင်ပေါ့....'

'ဒါဖြင့်.... ကျွန်တော့်ကို .. ကယ်တာ....'

အဘိုးအိုက ခေါင်းညိတ်ပြလိုက်သည်။

ထိုလူသည် လက်နှစ်ဘက်ဆုပ်လိုက်ပြီး ဦးညွတ်လိုက်သည်။

'ကျေးဇူးအများကြီးတင်ပါတယ် ခင်ဗျာ....'

အဘိုးအိုက လက်ကာပြလိုက်သည်။

'ရပါတယ်....ကျုပ်ကလဲ မျက်စိရှေ့အောက်မှာ ရေထဲက မျောလာတာ တွေ့ရလို့ မနေနိုင်လို့ ကယ်တင်ထားတာပါ.... ဒါပေမယ့် ...'

အဘိုးအိုက သူ့အား တချက်ကြည့်လိုက်ပြီး စကားဆက်လိုက်သည်။

'မင်းဟာ အခုဆိုယင် နဲနဲသက်သာလာပြီ၊ ဒီတော့ မနက်ဖြန်ကျယင် မင်းဒီကနေထွက်သွားရလိမ့်မယ်....'

ထိုသူက အံ့သြသွားသည်။

သူသည် အဘိုးအိုအား ထပ်မံဦးညွတ်လိုက်ပြီး....





'ကျွန်တော် အဖျားကျသွားအောင် နောက်ထပ် တရက်လောက်နေခွင့်ပြုပါခင်ဗျား....'

ဟု အနူးအညွတ်တောင်းပန်လိုက်သည်။

သူ၏မျက်နှာသည် နီရဲနေပြီး ခန္ဓာကိုယ် တခုလုံးမှာ တဆတ်ဆတ်တုန်ခါနေ၏။

အဘိုးအိုက မျက်မှောင်ကုပ်သွားသည်။

'အင်း....သူတော်တော် အပြင်းဖျားနေပါလား'

ဟု စိတ်ထဲ၌ တွေးနေမိလေသည်။

အဘိုးအိုက ခေါင်းခါပြီး ငြင်းပယ်မည်အပြုတွင် အခန်းတွင်းသို့ ချင်ရှောင်ဖူကဝင်လာလေသည်။

* * *

'ဘိုးဘိုးရဲ့ ဆေးအရက်နဲ့ အိပ်ယာခင်းအသစ်'

သူမသည် ဖြူဖွေးသော အိပ်ယာခင်းတစုံနှင့်—

နီရဲသော အရက်တအိုးကို အဘိုးအိုအားကမ်းပေးလိုက်ပြီး အခန်းထဲမှ ပြန်လှည့်ထွက်ရန် ဟန်ပြင်လိုက်သည်။

'ခဏနေအုံး....'

အဘိုးအိုက ဟန့်တားလိုက်သည်။

သူသည် ကုတင်ပေါ်မှလူအား တချက်ကြည့်လိုက်ပြီး—

'ကဲ သူက ကျုပ်ရဲ့မြေးပေါ့ ချင်ရှောင်ဖူလို့ခေါ်တယ်'

ဟု မိတ်ဆက်ပေးလိုက်လေသည်။

ချင်ရှောင်ဖူကလည်းပြုံး၍ ခေါင်းညိတ်ပြလိုက်သည်။

ထိုလူက လက်နှစ်ဘက်ဆုပ်လိုက်ပြီး—

‘ကျွန်တော့်နာမည် ဝမ်စီးထုံလို့ခေါ်ပါတယ်’

‘ဟုတ်ကဲ့၊ အခုလိုသိရတာ ဝမ်းသာပါတယ်ရှင်’

အဘိုးအိုက တဆက်တည်း—

‘မင်းရဲ့အသက်ကို ကယ်တင်ခဲ့တာသူပေါ့၊ သူက ရေကန်ထဲမှာ မင်းကိုတွေ့လာတာ’

ဝမ်စီးထုံက ခေါင်းညိတ်လိုက်ပြီး—

‘ကျွန်တော့်အသက်ကို ကယ်ခဲ့တဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်၊ ဒီကျေးဇူးကိုတချိန်ချိန်မှာ ပြန်ဆပ်ပါရစေ’

ချင်ရှောင်ဖူကပြုံးလိုက်သည်။

‘ကိစ္စမရှိပါဘူးရှင်....’

သူမသည် ပြောပြီးသည်နှင့် အဘိုးအိုဘက်သို့ လှည့်လိုက်သည်။

‘ဘိုးဘိုး သမီးစားစရာသွားလုပ်လိုက်အုံးမယ်’

စကားသံဆုံးသည်နှင့်—

ချင်ရှောင်ဖူသည် သူမ၏ကျစ်ဆံမြီးအား လှုပ်ယမ်းယင်း အခန်းထဲမှ ထွက်သွားလေတော့သည်။

*　　　*　　　*

ချင်ရှောင်ဖူက—

အခန်းတွင်းမှ ထွက်သွားပြီးဖြစ်ပါသည်။

သို့သော်—





အဘိုးအိုသည် ဝမ်စီးထုံအား နောက်တရက်စောင့်ပြုလိုက်ရလေသည်။

သူသည် ဝမ်းစီးထုံအား တချက်ကြည့်လိုက်ပြီး—

‘ဟောဒီ ဆေးအရက်ကို သောက်လိုက်ပါ’

သူသည် ပြောယင်း အရက်တခွက်ကမ်းပေးလိုက်သည်။

ဝမ်းစီးထုံက ခေါင်းညိတ်လိုက်ပြီး လှမ်းယူကာ သောက်ချလိုက်သည်။

ရုတ်တရက်—

သူ၏ ခန္ဓာကိုယ်တခုလုံးသည် ပူနွေးလာသည်ဟု ထင်မှတ်လိုက်ရသည်။

သူသည် သက်ပြင်းတချက်ချလိုက်ပြီး၊ စကားဆက်လိုက်သည်။

‘ကျွန်တော် အခု ဘယ်ရောက်နေပါသလဲခင်ဗျာ’

‘ကျုပ်အိမ်ရောက်နေတာပေါ့’

ဝမ်စီးထုံက စိတ်တိုသွားသည်။

‘ကျွန်တော်ဆိုလိုတာက....’

အဘိုးအိုက လက်ကာပြလိုက်ပြီး—

‘မင်းဟာ လှေနဲ့အလာမှာ မိုးသက်မုန်တိုင်းမိပြီး ဒီ ကို ရောက်လာတယ်မဟုတ်လား....’

‘ဟုတ်ပါတယ်’

‘အေး၊ မင်းဟာ မြစ်နဲ့ ဆက်သွယ်နေတဲ့ ချောင်းထဲကတဆင့် ဒီထုန်ထင် ရေကန်ထဲကို ရောက်လာတာပဲ’

ဝမ်စီးထုံက တွေဝေသွားသည်။

ထုန်ထင်ရေကန်ကို သူကြားဖူးသယောင်ရှိသည်။

သူသည် တဆက်တည်း—

သူထွက်လာခဲ့သည့်အကြောင်းများကို သတိရမိ လိုက်လေသည်။

သူသည် လှေဖြင့် ရေစီးအတိုင်း မျောလိုက်လာသည်။

သူ့လှေ၏နောက်မှ လှပစွာ မွမ်းမံ ထားသော အလှ လှေယာဉ်ကလိုက်ပါလာသည်။

မကြာမီ—

မိုးသက်မုန်တိုင်းနှင့် ကြုံတွေ့လိုက်ရလေသည်။

သူ၏လှေငယ်မှာ တိမ်းမှောက်သွားပြီး သူသည် ရေထဲသို့ လွင့်စင်ကျသွားသည်။

ထိုအချိန်တွင်–

နောက်မှ လိုက်ပါလာသော အလှလှေယာဉ်မှ မိန်းကလေး တယောက်က ခုန်ဆင်းလာပြီး သူ့အားဆည်ယူရန် ကြိုးစားလိုက်သည်။

သူမအား ဝမ်စီးထုံက ကောင်းစွာ မှတ်မိထားသည်။

သူမသည် 'ဝမ့်စန်း'တောင်၌နေထိုင်သည်ဟုသူယူဆသည်။

မကြာသေးမီကပင်၊

သူမအား ပိုစင်းကျောင်း၌ တွေ့ခဲ့မိသေး၏။

သူမ၏အမည်မှာ ဝှာစင်းထိုင်ဖြစ်သည်။

ယခု၊

ဝှာစင်းထိုင် မည်သည့်နေရာသို့ ရောက်ရှိသွားသနည်း။

သူမသည်လည်း ရေနစ်၍သေဆုံးပြီလော၊





သူမသည် သူ့နောက်သို့ တကောက်ကောက်လိုက်နေခြင်း ဖြစ်သည်။

ဤသို့ဆိုလျှင်၊

သူမ သေဆုံးသွားပါက သူ့တွင် တာဝန်ရှိနေမည်မဟုတ်ပါလော၊

ဝမ်စီးထုံသည် သက်ပြင်းတချက်ချလိုက်သည်။

ထိုအချိန်တွင်၊

ချင်ရှောင်ဖူက အခန်းတွင်းသို့ ဝင်ရောက်လာလေသည်။

*　　*　　*

သူမ၏လက်ထဲတွင်၊

စားသောက်ဖွယ်ရာများထည့်ထားသော ဗန်းတချပ် ပါလာလေသည်။

စားစရာများကို မြင်တွေ့လိုက်ရာမှ

ဝမ်ဝီးထုံသည် အလွန်ဆာလောင်မွတ်သိပ်နေကြောင်းသတိရလာလေသည်။

အချိန်အနည်းငယ်အတွင်း၊

သူသည် ဆန်ပြုတ်နှစ်ခွက် အမဲသားပြုတ် ၀ ပန်းကန်နှင့် အရက်တအိုးကို ကုန်အောင်စားပစ်လိုက်လေသည်။

သို့သော်....

သူသည် အဖျားမကျသေးပါ ကိုယ်အပူရှိန် ရှိနေပါသေးသည်။

ထို့ကြောင့် သူသည် စားသောက်ပြီး မကြာမီ အဖျားတက်လာလေတော့သည်။

အဘိုးအိုက မျက်နှာကွက်ကနဲပျက်သွားသည်။

'သူ့ကိုအစာကျွေးဖို့ မသင့်သေးဘူး'

မိန်းကလေးကနှုတ်ခမ်းစူလိုက်ပြီး

'သူကလောဘကြီးတာကိုး နဲနဲပါးပါးစားယင် ဘယ်ဖြစ်ပါ့မလဲ'

အဘိုးအို၏မျက်လုံးအစုံသည် ပြူးကျယ်သွားသည်။

'ဟဲ့....ညည်းသည်ကို ဒီလိုပဲ ပြောရသလား'

'အို....ဘိုးဘိုးကလဲ သူကအရမ်းစားပြီး ပြန်အဖျား တက်လာတော့ ပင်ပင်ပန်းပန်းလုပ်ရတဲ့ သမီးကအဆူခံရ တာပေါ့'

သူမသည် ကလေးငယ် တယောက်ပမာ ရန်တွေ့ပြောဆိုနေ၏။

ထို့ကြောင့် ...

အဖျားတက်နေသည့်ကြားမှ ဝမ်စီးထုံက ပြုံးလိုက်သည်။

'ဟုတ်ပါတယ် အစ်ကိုက လောဘကြီးလို့ပါ'

အဘိုး၏မျက်ခုံးမွေးအစုံသည် မြင့်တက်သွားသည်။

'ဟေ....မင်းက လောဘကြီးတယ်ဟုတ်လား'

သူသည်ပြောပြီးသည်နှင့် အားရပါးရ ရယ်မောလိုက် လေသည်၊

ချင်ရှောင်ဖူကလဲ မနေနိုင်တော့ပါ၊ တခစ်ခစ် ရယ်မောလိုက်လေသည်။

သူတို့သုံးယောက်၏ ရယ်မောသံများသည် အခန်း အပြင်ဘက်သို့ ပျံ့လွင့်သွားလေသည်။

* * *





အေးစိမ့်သောလေများသည်

ပြူတင်းပေါက်မှတဆင့် အခန်းတွင်းသို့ ဝင်ရောက်လာသည်။

ဝမ်စီးထုံသည် ရယ်မောရာမှ ရပ်တန့်သွားသည်။

သူသည်ဆက်၍ မရယ်မောနိုင်တော့ပါချေ။

အကြောင်းမှာ

သူသည်အဖျားတက်လာပြီး အလွန်ချမ်းလာကာ တကိုယ်လုံးတုန်တုန်ယင်ယင် ဖြစ်လာသောကြောင့်ဖြစ်ပါသည်။

အဘိုးအိုက ကပျာကယာ အနားသို့ တိုးကပ် သွားပြီး ဝမ်စီးထုံ၏ သွေးကြောနေရာများသို့ သူ၏ လက်ညှိုးဖြင့် ထိုးနှက်ပေးလိုက်သည်။

ဝမ်စီးထုံသည်

ခန္ဓာကိုယ်အတွင်း၌ အနွေးဓာတ် ပျံ့နှံ့လာသည်ဟု ထင်မှတ်လိုက်ရလေသည်။

အဘိုးအိုက ဆက်လက်၍ သူ၏တကိုယ်လုံးရှိ အရေးကြီးသောသွေးကြောများကို နှိပ်နယ်၍ သူ့အား ကုသပေးနေ၏။

ရုတ်တရက်

ဝမ်စီးထုံ၏ ခန္ဓာကိုယ်အတွင်းမှ တန်ပြန်အားတခုကအဘိုးအိုအပေါ်သို့ ကျရောက်လေသည်။

အဘိုးအိုက တအံ့တဩဖြစ်သွားသည်။

ဝမ်စီးထုံသည် သိုင်းသမားတယောက်ဖြစ်ရမည်ဟု သူအစကတည်းက ယုံကြည်လေတော့သည်။

အကြောင်းမှာ

သူ့အား ရေထဲမှ ဆယ်ယူစဉ်က သူနှင့်အတူ ပေါင်းနှမ်းနေသော်လည်း ထက်မြက်လှသည့် ဓားတလက်ပါ ပါလာလေသည်။

သူသည်ဓားသမားတယောက် ဖြစ်ရမည် မဟုတ်ပါလား

အဘိုးအိုက အနည်းငယ်စိုက်၍နှိပ်နယ်လိုက်သည်။

တုန့်ပြန်အားလည်းသိသိသာသာ ဖြစ်ပေါ်လာလေသည်။

အဘိုးအိုက မပေါ့ဆရဲတော့ပါ

သူသည်အတွင်းအားကို လက်နှစ်ဘက်တွင်စုစည်းလိုက်ပြီး ဝမ်စီးထုံ၏ကိုယ်ခန္ဓာအတွင်းသို့ တွန်းပို့လိုက်လေသည်။

ဝမ်စီးထုံသည်သူ့အား အဘိုးအိုက သွေးကြောများ နှိပ်ကာအတွင်းအားဖြင့် ကုသပေးနေသည်ဟုသိလိုက်သည်။

ရုတ်တရက်

သူ၏ခန္ဓာကိုယ်အတွင်းအလွန်ပူလောင်လာပြီး

ချွေးသီးချွေးပေါက်များက တကိုယ်လုံး စိမ့်ထွက်လာလေလည်း။

သူသည်စူးရှစွာ တချက်အော်ဟစ်လိုက်ပြီး သတိလစ်လဲကျသွားလေတော့သည်။

*  *  *

လက်တဘက်ပြတ်နေသောအဘိုးအိုသည်
ဝမ်စီးထုံအနီး၌ ထိုင်နေ၏။
သူ၏မျက်နှာမှာ လေးနက်တည်ကြည်နေသည်။





အမှတ် ၁၃၀၊ ၆-လမ်း [illegible]
တောင်ငူ

တခဏအကြာတွင်

ဝမ်စီးထုံကသတိရလာလေသည်။

အဘိုးအိုကပြုံးလိုက်သည်။

'အင်း....မင်း သက်သာရဲ့လား'

'ဟုတ်ကဲ့....'

'မင်းရဲ့အတွင်းအားက အတော်ကောင်းမွန်တာပဲ'

ဝမ်စီးထုံခေါင်းငုံ့ထားလိုက်သည်။

အဘိုးအိုကစကားဆက်လိုက်သည်။

'နောက်ထပ်တခါနှစ်ခါလောက် မင်းရဲ့သွေးကြောတွေကို နှိပ်ပေးလိုက်ယင် မင်းဟာ လူအကောင်းပကတိ ဖြစ်သွားမှာပဲ'

ဝမ်စီးထုံ၏ ရင်ထဲ၌ လေးလံသွားသည်။

သူသည် ဖော်မပြနိုင်သော ခံစားချက်တခုကို ခံစားလိုက်ရလေသည်။

'ကျွန်တော်'

အဘိုးအိုက ကြားဖြတ်လိုက်သည်။

'မလိုပါဘူးကွာ မင်းကိုကုသပေးလို့ ကျုပ်ရဲ့ အတွင်းအားဟာ လျော့မသွားနိုင်ပါဘူး'

ဝမ်စီးထုံက အလွန်ကျေးဇူးတင်သွားသည်။

သို့သော်

သူပြောလိုသည့်အကြောင်းကိုအဘိုးအိုကသဘောမပေါက်သည်ကို စိတ်မကောင်းဖြစ်မိသည်။

သူသည်သူ၏လျှို့ဝှက်ချက်အား ဖွင့်ပြောရန် ဟန်ပြင်လိုက်သည်။

အဘိုးအိုက လက်ကာပြလိုက်သည်။

'နေအုံး'

သူသည် ဘေးမှတချိန်လုံးရပ်ကြည့်နေသော ချင်ရှောင်ဖူး ဘက်သို့ လှည့်ကြည့်လိုက်ပြီး

'ကဲ....သမီး ဒီတခါတော့ ဘိုးဘိုးနဲ့သမီးတို့နှစ်ယောက် စလုံး သွေးကြောတွေကို ဖိနှိပ်ပေးကြမယ် သမီးကဘိုးဘိုးပြောတဲ့ သွေးကြောတွေကို နှိပ်ပေးရမယ်'

ချင်ရှောင်ဖူကခေါင်းညိတ်လိုက်သည်။

ဝမ်စီးထုံမှ မည်သို့မှ မပြောတော့ပါ။

ထိုစဉ်မှာပင်

အဘိုးအိုသည်

ဝမ်စီးထုံအား စတင်ကုသပေးရန် နေရာယူလိုက်သည်။

ချင်ရှောင်ဖူကလည်း အသင့်ပြင်ထားလိုက်သည်။

အဘိုးအိုသည်ဝမ်စီးထုံး၏ ဝဲဘက်ပခုံးအား ကိုင်လိုက်ပြီး

'လင်ထိုင်'

ဟု....အော်ဟစ် ပြောလိုက်သည်။

ချင်ရှောင်ဖူကလျင်မြန်စွာ'လင်ထိုင်'သွေးကြော နေရာသို့ လက်ညှိုးဖြင့်ဖိနှိပ်ပေးလိုက်သည်။

ဝမ်စီးထုံသည် တကိုယ်လုံး အေးမြလာသည်ဟု ထင်မှတ်မိသည်။





'ကျိုဝေ့'

အဘိုးအိုကထပ်မံအော်လိုက်သည်။

ချင်ရှောင်ဖူ၏လှုပ်ရှားမှုကမြန်ဆန်လှသည်။

အသံနှင့်မရှေးမနှောင်းပင် 'ကျိုဝေ့'သွေးကြောအား နှိပ်ပြီးဖြစ်သည်။

ဝမ်စီးထုံသည် အေးရာမှ ပူနွေးလာသည်ဟု ခံစားရပြန်သည်။

'ကျင်းချူရှဲ'

အသံကထပ်မံထွက်ပေါ်လာပြန်သည်။

ကျိုဝေ့သွေးကြောနှင့် ကျင်းချူရှဲသွေးကြောသည် အရှေ့နှင့်အနောက်ဖြစ်သည်။

ချင်ရှောင်ဖူက ခွန်အားစိုက်၍ နှိပ်ပေးလိုက်သည်နှင့်....

'အား....'

ဝမ်စီးထုံက တကိုယ်လုံး ထုံကျင်သွားပြီး နာကျင်မှု ဝေဒနာက မခံမရပ်နိုင်အောင်ဖြစ်လာပြီး အော်ဟစ်လိုက်သည်။

အဘိုးအိုသည်အလွန်ထိတ်လန့်သွားသည်။

သူသည် တခုခုမှားယွင်းနေပြီဖြစ်ကြောင်း သိလိုက်သည်။

ထို့ကြောင့်

အတွင်းအားကိုလျင်မြန်စွာရုပ်သိမ်းလိုက်သည်။

'ဘယ်လိုဖြစ်သွားတာလဲ'

ဝမ်စီးထုံကချွေးများပြန်လာသည်။

'ကျွန်တော်'

အဘိုးအိုကနားလည်လိုက်သည်။

သူသည်ချင်ရှောင်ဖူဘက်သို့လက်တချက် ဝှေ့ယမ်းလိုက်ပြီ

'သမီးအပြင်ခဏထွက်နေစမ်း'

ချင်ရှောင်ဖူကလည်း ခေါင်းတချက်ညိတ်လိုက်ပြီး

'ဟုတ်ကဲ့ဘိုးဘိုး'

ဝမ်စီးထုံက ကပျာကယာဟန့်တားလိုက်သည်။

'ရပါတယ် အဘ ကိစ္စမရှိပါဘူးသူ့ကို မသွားပါစေနဲ့'

သို့သော်

ချင်ရှောင်ဖူသည် အခန်းပြင်သို့ ရောက်ရှိသွားပြီ ဖြစ်ပ
သည်။

ချင်ရှောင်ဖူသည် အခန်းပြင်သို့ ရောက်ရှိသွားပြီ ဖြစ်ပ
သည်။

ဝမ်စီးထုံသည် အဘိုးအိုအားတချက်စိုက်ကြည့်လိုက်ပြီး

'ကျွန်တော့်မှာထူးဆန်းတဲ့ ဒဏ်ရာတချက် ရထားပါတယ်၊
ဒီဒဏ်ရာဟာ သွေးကြောတွေလှုပ်ရှားမှုနဲ့ပတ်သက်နေလို့သွေး
ကြောများလှုပ်ရှားတာနဲ့ ကျွန်တော်ဟာ ပြင်းထန်တဲ့ဝေဒနာ
ကိုခံစားရပါတယ်'

အဘိုးအိုက အံ့သြသွားသည်။

သူသည်စိတ်ဝင်စားလာလေသည်။

'ကျုပ်မင်းရဲ့ဒဏ်ရာကိုကြည့်ခွင့်မရနိုင်ဘူးလား'

ဝမ်စီးထုံကအားနာသွားသည်။

'အို....ကြည့်ရပါတယ်၊ ဒါပေမယ့် ဘဘတို့ကို ဒုက္ခပေ
သလိုဖြစ်နေမှာစိုးလို့ပါ'





သူသည် ပြောယင်း အင်္ကျီကြယ်သီးများဖြုတ်ချလိုက်သည်။

သေသေချာချာ စိုက်ကြည့်လိုက်ပါက—

ဝမ်စီးထုံ၏ ဝမ်းဗိုက်တွင် ကြေးပြားတပြားခန့် အနီရောင်
အကွက်တခုကို တွေ့မြင်ရမည်ဖြစ်သည်။

အဘိုးအိုက ထိတ်လန့်သွားသည်။

'ဟင် မိုးကြိုလက်ညှိုး...'

သူသည် ယင်းသို့အော်ဟစ်လိုက်ပြီး၊ နောက်သို့ခြေတလှမ်း
ခုန်ဆုတ်လိုက်လေသည်။

* * *

အခန်းတခုလုံးသည်—

တိတ်ဆိတ်ခြင်းမက တိတ်ဆိတ်နေ၏။

မိုးသက်လေပြင်းမကျမီ တိတ်ဆိတ်နေခြင်းကဲ့သို့ တူလှပေ
သည်။

အဘိုးအိုက ဝမ်စီးထုံအား စိုက်ကြည့်နေ၏။

သူ၏ခေါင်းထဲတွင် အတွေးများကအပြေးအလွှားလှုပ်ရှား
နေကြသည်။

တရုပ်ပြည်၏ တောင်ဘက်မှ မြောက်ဘက်အထိ—

နာမည်ကြီး သိုင်းအဖွဲ့အစည်း များစွာရှိကြသည်။

ချင်းချိန်၊ ဝေါမေ၊ ကောင်းယံ၊ ဝှားယံ၊ ရှောင်လင်၊
ဝူတန် စသည်ဖြင့် ရှိကြသည်။

သို့သော်—

ထိုအဖွဲ့အစည်းများ၏ပညာမှာ တဖွဲ့နှင့်တဖွဲ့မတူသော်လည်း အတွင်းအား ကြီးမားသည်ထက် ကြီးမားလာအောင် လေ့ ကျင့်ကြသည်သာဖြစ်သည်။

အကြောင်းမှာ—

အတွင်းအား ကြီးမားမှသာလျှင် သိုင်းပညာ လေ့ကျင့်ရာ တွင် ခက်ခဲနက်နဲသော သိုင်းပညာရပ်များကို လေ့ကျင့်နိုင်ပြီး အသုံးပြုနိုင်မည်ဖြစ်သည်။

ယခု—

ဝမ်စီးထုံ၏ အတွင်းအားသည် ထိပ်တန်းအဆင့်သို့ ရောက် နေပြီဖြစ်ကြောင်း အဘိုးအိုက သိထားလိုက်သည်။

သို့သော်—

သူရရှိထားသော ဒဏ်ရာမှာ အလွန်ပင် မုန်းတီးမှသာအသုံး ပြုတတ်သည့် 'မိုးကြိုးလက်သီး' ဒဏ်ရာဖြစ်သည်။

မိုးကြိုးလက်သီးကြောင့် ခန္ဓာကိုယ်အတွင်းမှ သွေးကြော များကို သေစေနိုင်လေသည်။

အဘိုးအိုသည် လက်နှစ်ဘက်ကိုအသင့်အနေအထားဖြင့်

'မင်းဘယ်သူလဲ မှန်မှန်ပြောစမ်း၊ မင်းဟာ သိုင်းပညာလ တတ်တယ်၊ မင်းနဲ့အတူ ဓားတချောင်းလဲပါလာတယ်၊ မင် ဘာလုပ်ဖို့ ဒီကိုရောက်လာတာလဲ'

သူ၏အသံမှာ အလွန်ပင် ခက်ထန်နေ၏။

ဝမ်စီးထုံက ခေါင်းငုံ့သွားသည်။





သူ့အား အဘိုးအိုက အထင်လွဲသွားမှန်း သူသိလိုက်လေ သည်။

'ဘဘကျွန်တော့်ကို တလွဲမထင်ပါနဲ့ ကျွန်တော့်အကြောင်း ပြောရမှာ ရှင်နာလို့ပါ'

အဘိုးအိုက မျက်မှောင်ကုပ်လိုက်ပြီး—

'ပြောမှာသာ ပြောစမ်းပါကွာ'

'ကျွန်တော်က....'

ဝမ်စီးထုံက သူ၏ဖြစ်ပျက်ခဲ့ရသည့် အကြောင်း များကို အဘိုးအိုအား ပြောပြလိုက်လေတော့သည်။

* * *

## ဘဝတူ

ညသည် တိတ်ဆိတ်နေ၏။

ဆေးတံမှ မီးခိုးများသည်—

အခန်း၏မျက်နှာကျက်ဆီသို့ လွင့်ပျံနေ၏။

အဘိုး၏မျက်နှာသည် တည်ကြည်လေးနက်နေ၏။

ဝမ်စီးထုံက အခန်းဟွင်း၌ တိတ်ဆိတ်နေခြင်းကို ဖြိုခွဲလိုက်သည်။

'ဒီကိစ္စတွေဟာ အားလုံးအမှန်တွေပါပဲ ခင်ဗျာ'

အဘိုးအိုက သက်ပြင်းတချက်ချလိုက်သည်။

'အင်း.... လောကပေါ်မှာ ဒီလိုကိစ္စမျိုးတွေ ရှိနေသေးတာပဲ'

'ဟုတ်ပါတယ်ခင်ဗျာ ကျွန်တော့်ဘဝမှာ သေဖို့ကလွဲလို့ ဘာမှမရှိတော့ပါဘူး'





အဘိုးအိုက ခေါင်းခါယမ်းလိုက်ပြီး—

'မင်းက မျှော်လင့်ချက် ကင်းမဲ့လှချည်လား'

'ခင်ဗျာ'

ဝမ်စီးထုံက အံ့အားသင့်သွားသည်။

အဘိုးအိုက စကားဆက်လိုက်သည်။

'ဟုတ်တယ် မင်းဟာ သိုင်းပညာမှာ အထွဋ် အထိပ် ကို ရောက်နေတဲ့ ပုဂ္ဂိုလ်နဲ့တွေ့လိုက်ယင်တော့ ပျောက်ကင်းသွားမှာပါပဲ၊ ဒါပေမယ့် ကျုပ်ကကြိုးစားပြီး ကုပေးမယ် ဆိုယင်တော့....'

အဘိုးအိုသည် စကားတပိုင်းတစနှင့် ရပ်တန့်သွားသည်။

ဝမ်စီးထုံက စိတ်ဝင်စားသွားသည်။

အဘိုးအိုကစကားဆက်လိုက်သည်။

'မင်းအပေါ် သံယောဇဉ်ကြီးမားလှတဲ့သနား စရာကောင်းတဲ့ ဝှာအမျိုးနွယ် ညီအစ်မ နှစ်ယောက်ဟာမင်းကို တွေ့မြင်နိုင်ရမှာပေါ့'

'ဗျာ .. ကျွန်တော့်ကို ဘဘက ကုသပေးမယ် ဟုတ်လား'

အဘိုးအိုက ခေါင်းခါယမ်းလိုက်သည်။

'မကုပေးနိုင်ပါဘူး'

ဝမ်စီးထုံသည်မျက်နှာကွက်ကနဲ ပျက်သွားသည်။

သူသည်ပါးစပ်ပိတ်ထားလိုက်လေသည်။

အဘိုးအိုသည် စိတ်မကောင်းဟန်ဖြင့်

'ကျုပ်ကမင်းကို ကုသပေးချင်ပါတယ် ဒါပေမယ့် ကျုပ်ကအချိန်မရလို့ပါ'

ဝမ်စီးထုံကစကားမပြောပါ။

'ကျုပ်မှာနောက်ထပ် နှစ်ရက်ပဲ အချိန်ရှိပါတယ်၊ အဲဒီ နှစ်ရက်နောက်ပိုင်းမှာ ဘာတွေဖြစ်လာမယ်ဆိုတာ ဘယ်သူမှမသိနိုင်ပါဘူး'

ဝမ်စီးထုံက နားမလည်နိုင်ပါ။

'နောက်နှစ်ရက်ကျယင် ဘာဖြစ်မှာမို့လဲ'

အဘိုးအိုက ခေါင်းခါယမ်းလိုက်သည်။

'မင်းနဲ့မဆိုင်ပါဘူးကွာ ကဲ .. ကဲ....အေးအေး ဆေးဆေး လှဲနေလိုက်အုံး'

အဘိုးအိုသည်ယင်းသို့ပြောပြီးသည်နှင့်အခန်းတွင်းမှ ထွက်ခွာသွားလေတော့သည်။

* * *

ဝမ်စီးထုံသည်

လုံးဝအိပ်၍မရပါ

သူသည်ကုတင်ပေါ်၌ လူးလိမ့်နေ၏။

ထူးဆန်းသော မြေးအဘိုးနှစ်ယောက် အကြောင်းကို စဉ်းစားနေမိသည်။

မိန်းကလေး၏အသက်သည် ဆယ့်ရှစ်နှစ်ခန့်သာ ရှိမည်ဟု ခန့်မှန်းရသည်။

သို့သော်

သူမ၏အတွင်းအားသည်အလွန်ထက်မြက်နေ၏။





ဤသို့ဆိုလျှင်

အဘိုးအိုဆိုလျှင်ကား သိုင်းပညာအထွတ်အထိပ်သို့ ရောက်နေပြီဟု သူခန့်မှန်းရသည်။

သူတို့နှစ်ယောက်သည် လူသူမနီးသော ဤနေရာတွင်လာရောက်နေထိုင်ကြသည်မှာ အကြောင်းရှိရမည်။

သူတို့သည်ကျရောက်လာမည့် အန္တရာယ်ကို ပုန်းကွယ်နေခြင်းလော

ဤသို့ဆိုလျှင်

သူတို့အပေါ်ကျရောက်လာမည့် အန္တရာယ်သည် အလွန်ပင်ကြီးမားနေသည်ဟု ခန့်မှန်းရသည်။

ဝမ်စီးထုံသည် အလွန်စိတ်ခေတ်ကျသွားသည်။

သူသည်ဤရောဂါဝေဒနာ ပျောက်ကင်းစေရန် နေရာအနှံ့လှည့်လည်၍ ကုသပေးနိုင်မည့်သူအား ရှာခဲ့သည်။

အချိန်ကုန်လူပန်းဖြစ်ခဲ့ရသည်။

သို့သော်....

ယခုသူ့အားကုသပေးနိုင်မည့်သူအား တွေ့ရပြီ ဖြစ်သော်လည်း ထိုသူသည်အလွန်ကြီးမားသောအန္တရာယ်နှင့်ရင်ဆိုင်နေရသည်ဟု သူတွက်ဆမိလိုက်သောအခါ

သူသည်ကုသခိုင်းရန် လုံးဝစိတ်မကူးတော့ပါချေ။

ထိုမြေးအဘိုး နှစ်ယောက်သည်လောလောဆယ်တွင်သူ၏အသက်သခင် ကျေးဇူးရှင်များဖြစ်သည်။

ထို့ကြောင့်

ထိုမြေးအဘိုး၏ အခက်အခဲအား သူ့အသက်နှင့်လဲ၍ ပါဝင်ကူညီရန် ဆုံးဖြတ်လိုက်လေသည်။

ထိုစဉ်မှာပင်

အခန်းတွင်းသို့ ချင်ရှောင်ဖူကလှမ်းဝင်လာသည်။

'ရှင်ကအိပ်လို့မရဘူးနဲ့တူတယ်'

ဝမ်စီးထုံက ကပျာကယာလူးလဲထလိုက်ပြီး

'ဟုတ်ပါတယ်ခင်ဗျာ ကျွန်တော်က အိပ်မပျော်လို့ပါ'

'ရှင်တော်တော် သက်သာသွားပြီလားဆိုတာ ကျွန်မ လာကြည့်တာ'

'ဟုတ်ကဲ့ သက်သာသွားပါပြီ'

'ဒါထက်စောစောက ရှင်ဘာဖြစ်သွားတာလဲ'

ဝမ်စီးထုံက ခေါင်းခါယမ်းလိုက်သည်။

'ဘာမှမဖြစ်ပါဘူးခင်ဗျာ နာကျင်သွားလို့ပါ'

'ကျွန်မကို မညာပါနဲ့ရှင် ကျွန်မအပြင်ကနေ အားလုံးကြားပြီးပါပြီ'

ဝမ်စီးထုံက မျက်နှာကွက်ကနဲပျက်သွားသည်။

ချင်ရှောင်ဖူသည်သက်ပြင်းတချက်ချလိုက်ပြီး

'တကယ်တော့ရှင်နဲ့ ကျွန်မတို့တတွေဟာ ဘဝတူတွေပါပဲရှင်'

'ဗျာ'

ဝမ်စီးထုံက အံ့အားသင့်သွားသည်။

ချင်ရှောင်ဖူက ရှင်းပြလိုက်သည်။





'ဟုတ်ပါတယ် ကျွန်မရဲ့ ဘိုးဘိုးဟာလဲ နောက်နှစ်ရက်ဆိုယင် သေမလား ရှင်မလားတောင် မသိပါဘူး'

ဝမ်စီးထုံကဦးညွှတ်လိုက်ပြီး

'ကျွန်တော့်ကို ပြောပြနိုင်မယ်ဆိုယင်ပြောပြဖို့ ကျွန်တော်တောင်းပန်ပါတယ်ခင်ဗျာ'

ချင်ရှောင်ဖူက အနည်းငယ် စဉ်းစားလိုက်သည်။

ပြီးမှ....

'ဒီလိုပါကျွန်မရဲ့ဘိုးဘိုးဟာ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က လူတယောက်နဲ့ သိုင်းပညာယှဉ်ပြိုင်ခဲ့ဖူးပါတယ်၊ ဒါပေမယ့် အဲဒီလူက သိုင်းပညာထက်မြက်လွန်းတော့ ကျွန်မရဲ့ ဘိုးဘိုးဟာရှုံးနိမ့်သွားခဲ့ပါတယ်၊ သူ့ရဲ့ခါးချက်နဲ့လက်တဘက် ဆုံးရှုံးခဲ့ရပါတယ်၊ ဘိုးဘိုးရှုံးနိမ့်သွားခဲ့ပေမယ့် ဇွဲမလျော့ပါဘူး၊ သူဟာ နောက်ထပ်ဆယ်နှစ်မှာပြန်ပြီး ယှဉ်ပြိုင်ဖို့ ချိန်းဆိုခဲ့ပါတယ်၊ အဲဒီဆယ်နှစ်အချိန်ဟာနောက်ထပ် နှစ်ရက်ဆိုယင်ပြည့်ပါပြီရှင်'

ဝမ်စီးထုံကထိတ်လန့်သွားသည်။

ချင်ရှောင်ဖူက ဝမ်းနည်း၍လာလေသည်။

သူမသည် ပြူတင်းပေါက်ရှိရာသို့ လျှောက်သွားပြီးလျှင် ကာရန်ထားသော ယင်းလိပ်အား ပင့်တင်လိုက်သည်။

သူမသည်ကန်ရေပြင်ဘက်သို့ လှမ်းကြည့်လိုက်သည်။

ကန်ရေပြင်အနီးတွင်ကလေးငယ်တယောက်ပမာပြေးလွှားလှုပ်ရှားနေသော အဘိုးအိုအား တွေ့မြင်လိုက်ရလေသည်။

* * *

လရောင်သည်ထိန်ထိန်သာနေ၏။

လရောင်ကြောင့် ဝန်းကျင်တခုလုံးအား ပီပီပြင်ပြင် တွေ့မြင်ရလေသည်။

အဘိုးအိုသည်

ကန်ရေစပ်မှရောင်စုံခရုများကို ကောက်ယူနေ၏။

သူ၏လှုပ်ရှားဟန်မှာ အလွန်ပင်လျင်မြန်လှပေသည်။

ဝမ်စီးထုံသည် အဘိုးအို၏လှုပ်ရှားပုံကိုကြည့်ပြီးလျှင် ခရုကောက်နေသည်ဟု ထင်ရသော်လည်း သိုင်းပညာ လေ့ကျင့်နေသည်ကို သိလိုက်ရလေသည်။

ချင်ရှောင်ဖူကအသံကို အတတ်နိုင်ဆုံး ထိန်းလိုက်ပြီး

'ဘိုးဘိုးဟာ အလွန်တရာမျှတတဲ့ လူတယောက်ပါတကယ်တော့ သူဟာ တရားတဲ့ဘက်ကနေပြီးရန်သူကိုရင် ဆိုင်မှာပါ'

ဝမ်စီးထုံက ခေါင်းညိတ်လိုက်သည်။

'ကျုပ်ယုံပါတယ်ဗျာ၊ ခင်ဗျားရဲ့ အဘိုးဟာ ထိပ်တန်းသိုင်းပညာရှင်တယောက်ဆိုတာလဲကျုပ်လက်ခံပါတယ်၊ ဒါပေမယ့် ကျုပ်က သိုင်းပညာ သိပ်မထူးချွန်တော့ ဘဘကိုကူညီဖို့မဖြစ်နိုင်လို့ ဝမ်းနည်းပါတယ်'

ချင်ရှောင်ဖူက ခေါင်းခါယမ်းလိုက်သည်။

'မလိုပါဘူးရှင် တကယ်တော့ ရှင်က ကူညီနိုင်ပါတယ်ဆိုယင်တောင်မှ သူက လက်ခံမှာမဟုတ်ပါဘူး'

ဝမ်စီးထုံက အံကိုတင်းတင်း ကြိတ်လိုက်ပြီး

'ဘဘရဲ့ ရန်သူအမည်ကို ကျွန်တော်သိခွင့် ရမလားဗျ၊'





'သူ့နာမည်က'စွေမူ'လို့ ခေါ်ပါတယ်'

စွေမူ(ဝါ)ရေမိခင်ဟူသော အမည်ကိုကြားလိုက် ရသောအခါ ဝမ်စီးထုံက မျက်မှောင်ကုပ်သွားသည်။

'သူက....'

သူ့စကားက တပိုင်းတစနှင့် ရပ်တန့်သွားသည်။

'ဟုတ်ပါတယ် သူဟာအမျိုးသမီးတယောက်ပါ'

ဝမ်စီးထုံကစိတ်ဝင်စားလာသည်။

'ဟင် ဒီလိုဆိုယင် သူတို့က ဘယ်လိုရန်စ ရှိခဲ့ကြတာလဲ'

ချင်ရှောင်ဖူက ခေါင်းခါယမ်းလိုက်သည်။

'ဘာရန်စမှရှိတာ မဟုတ်ပါဘူး၊ ကျွန်မဘိုးဘိုးရဲ့ဆရာက အဲဒီစွေမူဆိုတဲ့ အမျိုးသမီးကို ဖမ်းဆီးခိုင်းလို့ပါ'

'ခင်ဗျားဘိုးဘိုးရဲ့ဆရာ ဟုတ်လား၊ သူကဘယ်သူလဲ'

ချင်ရှောင်ဖူက တွေဝေသွားသည်။

သူမသည်ရှုတ်တရက် ဆုံးဖြတ်ချက်တခုချလိုက်ပြီး

'ကဲပါရှင် ရှင်ကသာ ဘယ်သူ့ကိုမှ ပြန်မပြောပါဘူးလို့ကတိပေးမယ်ဆိုယင် ကျွန်မက အဖြစ်အပျက်အားလုံးကို ပြောပြပါ့မယ်ရှင်'

ဝမ်စီးထုံက ဝမ်းသာသွားသည်။

'ဟုတ်ကဲ့ကျုပ်ကတိပေးပါတယ်'

* * *

အခန်းသည်တိတ်ဆိတ်နေ၏။

ဝမ်စီးထုံသည်

ချင်ရှောင်ဖူ၏နှုတ်မှ ထွက်ပေါ်လာမည့် စကားသံအား စောင့်မျှော်နေ၏။

ချင်ရှောင်ဖူက အနည်းငယ် စဉ်းစားလိုက်ပြီးမှ

'ကျွန်မရဲ့ ဘိုးဘိုးနာမည်က 'ချင်းပင်'လို့ ခေါ်ပါတယ်၊ သူဟာ ငယ်စဉ်က ရောဂါအလွန်ထူပါတယ်၊ ဒါပေမယ့် သူဟာ သိုင်းပညာဘက်မှာတော့ ထူးချွန်ခဲ့တယ်၊ ဒီအပြင်သူကစစ်တုရင်ကစားတာကိုလဲနှစ်သက်ပါတယ်'

သူမသည် ဝမ်စီးထုံအား တချက်ကြည့်လိုက်ပြီး စကား ဆက်လိုက်သည်။

'သူဟာ နေရာအတည်တကျ နေထိုင်ခဲ့တယ်လို့ မရှိပါဘူး၊ တရုပ်ပြည်တခွင်မှာ လှည့်လည်သွားလာနေထိုင်ခဲ့ပါတယ်၊ တနေ့မှာ သူဟာ 'ဝူထိုင်းစန်း' ဒေသကို ရောက်လာတဲ့ အချိန်မှာတော့ သူ့ဘဝဟာ ပြောင်းလဲသွားခဲ့တာပါပဲ'

*　　*　　*

ဝူထိုင်းစန်း—

ဤဒေသသို့ ချင်းပင်းရောက်ရှိလာသောအခါ

သူနှင့် ဝါသနာတူသော လူတယောက် နှင့် သိကျွမ်းခဲ့ရလေသည်။

ထိုလူမှာ ချင်းပင်ထက် အသက်ဆယ်နှစ်ခန့်ကြီးသည်။





ထိုလူသည် စစ်တုရင်ကို အလွန်ကျွမ်းကျင်သည့်အပြင် စာပေကျမ်းဂန်ဆိုင်ရာ၌လည်း အထူးပင် ထူးချွန်လှပေသည်။

အနယ်နယ်အရပ်ရပ်သို့ လှည့်လည်လာခဲ့သော ချင်းပင်မှာ ဤကဲ့သို့ ဘက်စုံချွန်သော လူမျိုးကို သူမတွေ့ခဲ့ဘူးပါ။

သို့သော်

ထိုလူ၏ သိုင်းပညာရပ်မှာ မည်မျှ အစွမ်းထက်သည်ကိုမူ သူတကြိမ်တခါမှ မသိမြင်ခဲ့ဘူးပါချေ။

*　　*　　*

တနေ့—

ချင်းပင်သည် ဝမ်းဗိုက်တခုလုံး ကိုက်ခဲပြီး ကိုယ်ပူနေ သဖြင့် ကုတင်ပေါ်၌ လဲလျောင်းနေရလေသည်။

ထိုအချိန်တွင်—

ထိုလူက ရောက်ရှိလာလေသည်၊

'မိတ်ဆွေကြီး ကျုပ်က စစ်တုရင်ထိုးရအောင်လာတာ အခုတော့ လူနာကုရတော့မယ်နဲ့တူတယ်'

ချင်းပင်ကပြုံးလိုက်သည်။

'ခင်ဗျားကုနိုင်ယင်တော့ကောင်းတာပေါ့ဗျာ၊ ကျုပ် ဒီရောဂါကို ခံစားနေရတာကြာပြီဗျ'

ထိုလူက အနည်းငယ်စမ်းသပ်လိုက်ပြီး—

'ကောင်းပြီ၊ မနက်ဖြန်ကျယင် ကျုပ်တပည့် တယောက် လွှတ်လိုက်မယ်၊ ခင်ဗျားက သူနဲ့လိုက်ခဲ့ပေါ့'

'ဘယ်ကို လိုက်ရမှာလဲ'

'ကျုပ်ရဲ့အိမ်ကိုပေါ့ဗျ'
'ကောင်းပါပြီဗျာ'
ထိုလူက သူ့အားနှုတ်ဆက်လိုက်ပြီး ပြန်သွားလေသည်။
ချင်းပင်မှာမူ ဟွေဝေဝေးမောရ၍ ကျန်ရစ်ခဲ့လေသည်။

* * *

မိတ်ဆွေကြီး—
အခုလာတဲ့သူငယ်နဲ့လိုက်ခဲ့ပါ။
ကျင်းရီ။

ချင်းပင်က စာကိုဖတ်လိုက်ပြီးသည်နှင့်—
အဝတ်အစား ကပျာကယာလဲကာ၊ စာလာ ပေး သော သူငယ်နှင့် လိုက်သွားလေတော့သည်။
သူသည် ထိုလူနှင့် သိကျွမ်းခဲ့ရသော အချိန်ကာလအတွင်း ထိုလူ၏အမည်နာမကိုပင် တကြိမ်မှ မေးခဲ့ဘူးခြင်းမရှိပါ။
ယခုမှ သူ၏အမည်ကို သိလိုက်ရလေသည်။
'ဟင်....ကျင်းရီဆိုပါလား၊ ဒါဖြင့် ကေန္တ သူဟာ....'
ချင်းပင်သည် နှုတ်မှ တတွတ်တွတ်ရေရွတ်ယင်း သူငယ်၏ ခေါ်ဆောင်ရာသို့ လိုက်ပါနေ၏။
မကြာပါချေ။
နီရဲသော ခေါင်မိုးများရှိသည့် အိမ်ဘလုံးရှေ့သို့ ရောက်ရှိလာလေသည်။
'အထဲကို ကြွပါခင်ဗျာ'
အခန်းထဲသို့ လှမ်းဝင်လိုက်မိသည်နှင့်—





ချင်းပင်သည် ထိုလူအား တွေ့လိုက်ရလေသည်။
ထိုလူက ခေါင်းဦးကိုပြုလိုက်သည်။
'ခင်ဗျားတောင် ရောက်လာပြီကိုး...'
ချင်းပင်က ပြုံးလိုက်ပြီး
'လက်ရှစ်ချောင်း သိုင်းသမား ကျင်းရီက လာခေါ်တော့လည်း ရောက်လာရတာပေါ့'
ကျင်းရီက မျက်မှောင်ကုပ်သွားသည်။
ပြီးမှသူသည် အားရပါးရရယ်မောလိုက်လေသည်။

* * *

သိုင်းလောကပေါ်တွင်—
လက်ရှစ်ချောင်းသိုင်းသမားကျင်းရီသည်—
အလွန်ထူးဆန်း လျှို့ဝှက်သော လူတယောက်အဖြစ် အသိအမှတ်ပြုထားကြသည်။
သူ့တွင် အလွန်ထက်မြက်သော ဓားပါးကလေးတလက်ရှိသည်။
အလွန်ပါးလွှာသဖြင့် သူ၏ခါးတွင်ပတ်ထားနိုင်လေသည်။
သူ့အားတိတိကျကျတွေ့ဖူးမြင်ဖူးသူနည်းပါးလှသည်။
သူတတ်မြောက်ထားခဲ့သော သိုင်းပညာရပ်များနှင့် ဆေးဝါးပညာရပ်ဆိုင်ရာများပါရှိသော ကျမ်းငယ်စာတအုပ်လည်း သူ့တွင်ရှိလေသည်။
ထိုဓားပါးကလေးနှင့် ကျမ်းစာအုပ်ငယ်တို့ကြောင့်

လက်ရှစ်ချောင်းသိုင်းသမားသည်ပို၍ ဇာတ်မြုပ်နေရ လေ
သည်။

အကြောင်းမှာ

သူ့အားလက်ရှစ်ချောင်းသိုင်းသမား ကျင်းရီအဖြစ် သိ
သည်နှင့်

သူ့ဆီမှဓားပါးကလေးနှင့် ကျမ်းစာအုပ်အား လိုချင်ကြ
သော လောဘသားများနှင့် သူရင်ဆိုင်ရလေသည်။

သို့သော်....

လက်ရှစ်ချောင်းသိုင်းသမား အမည်ကသာ လောကပေါ်
တွင်ဆက်လက် ကျန်ရှိမြဲဖြစ်လေသည်။

* * *

ချင်းပင်သည်ကုတင်ပေါ်၌လဲလျောင်းနေ၏။

သူ့အနီးတွင် ကျင်းရီကထိုင်၍ သွေးကြောများ နှိပ်နယ်
ပေးနေသည်။

'ကျုပ်ကခင်ဗျားလိုလူမျိုးနဲ့မိတ်ဆွေဖြစ်ရတာ ဂုဏ်ယူပါ
တယ်ဗျာ'

ချင်းပင်က လှိုက်လှိုက်လှဲလှဲပြောဆိုလိုက်သည်။

ကျင်းရီကပြုံးလိုက်သည်။

'ကဲပါ ဒါတွေထားလိုက်ပါတော့ ခင်ဗျား ကျုပ်အိမ်မှာ
တနှစ်တိတိနေပါမယ်လို့ ကတိပေးယင် ကျုပ်ခင်ဗျားရောဂါ
ကိုကုသပေးမယ်'

ချင်းပင်ကခေါင်းညိတ်လိုက်သည်။





'ခင်ဗျားကနေစေလိုတော့လဲ ကျုပ်က နေရမှာပေါ့'

ထိုနေ့မှစ၍

သူသည်ကျင်းရီ၏အိမ်၌

စားလိုက်အိပ်လိုက် လမ်းလျှောက်လိုက်နှင့် အချိန်ကုန်ခဲ့
လေသည်။

ချင်းပင်သည် ဆာလောင်မွတ်သိပ်လာသည်ဟု စိတ်ထဲ၌ခံ
စားလာသောအခါ

သူ့ထံသို့အစားအစာများ ရောက်ရှိလာတတ်သည်။

ကျင်းရီကသူ၏ စိတ်ကိုကြိုသိသည့်အလား အခြားတပည့်
တယောက်အား ပို့ခိုင်းမြဲဖြစ်သည်။

* * *

တစ်လဟူသောအချိန်သည်

တရွေ့ရွေ့ကုန်ဆုံးသွားပြီဖြစ်ပါသည်။

ချင်းပင်သည်အသားအရေကောင်းမွန်လာပြီး ခန္ဓာကိုယ်
မှာလည်း

အထူးပင်သန်စွမ်းလာသည်။

သူ၏ ဝမ်းဗိုက်မှခံစားနေရသော ကိုက်ခဲသည့် ဝေဒနာ
သည်

ပျောက်ခြင်းမလှ ပျောက်သွားပြီဖြစ်သည်။

သို့သော်....

ချင်းပင်ကမကျေနပ်နိုင်ပါ

ထို့ကြောင့်

သူသည်ကျင်းရှိအားမေးလိုက်လေသည်။

'ဒီမှာမိတ်ဆွေကြီး'

'ပြောပါ'

'ခင်ဗျားကကျုပ်ရောဂါကို ကုသပေးတယ်ဟုတ်လား'

'ဟုတ်တယ်လေ'

'ခင်ဗျားကျုပ်ကိုတခါမှကုတာလဲ မတွေ့ရပါလား ကျုပ် ရောက်စကခင်ဗျား ကျုပ်ရဲ့သွေးကြောတွေကို တခါပဲ စမ်းသပ်ကြည့်ခဲ့တယ်မဟုတ်လား'

ကျင်းရှိကခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်လေ'

'ဒါဖြင့်ခင်ဗျားကကျုပ်ကို ဘယ်မှာကုပေးလို့လဲ'

ကျင်းရှိက ပြုံးလိုက်သည်။

'ကျုပ်ခင်ဗျားကို ဆေးကုပေးတဲ့အချိန်ဟာညသန်းခေါင်ကျော် ခင်ဗျားအိပ်လို့ကောင်းတဲ့အချိန်မှာပေါ့'

ချင်းပင်ကသူ၏စေတနာကို နားလည်လိုက်သည်။

သူသည်လက်နှစ်ဘက်ဆုပ် ဦးညွှတ်လိုက်ပြီး

'ခင်ဗျားရဲ့ကျေးဇူးကို ကျုပ်ဘယ်လိုဆပ်ရမလဲ မသိတော့ပါဘူး'

ကျင်းရှိကပြုံးလိုက်သည်။

'ဒါကလွယ်ပါတယ် မင်းကျုပ်ဆီမှာ သိုင်းပညာရပ်များနဲ့ ဆေးဝါးအတတ်ပညာများ သင်ယူယင် ကျုပ် ကျေးဇူး ဆပ်တာနဲ့အတူတူပဲပေါ့'





ချင်းပင်ကအလွန်ဝမ်းသာသွားသည်။

'ကောင်းပါပြီဗျာ ဒီနေ့ကစပြီးကျုပ်ကိုတပည့်တယောက်လို့အသိအမှတ်ပြုပါတော့'

* * *

တနှစ်ဟူ၍ ကတိပေးထားမိသော ချင်းပင်သည် ဆယ်နှစ်တိတိသိုင်းပညာရပ်များကိုသင်ယူခဲ့လေသည်။

သူသည်ကျင်းရှိ၏ နီးပါးမျှတတ်မြောက်ခဲ့လေသည်။

ချင်းပင်သည်တနေရာတည်း၌

အတည်အကျနေလေ့နေထနည်းပါးခဲ့သည်။

သူသည်ယခုကဲ့သို့ ဆယ်နှစ်ဆယ်မိုးပညာ သင်ယူပြီးသောအခါ

သူသည်အိမ်သို့ ပြန်လည်လွမ်းဆွတ်လာလေသည်။

သူ၏အိမ်တွင်သူ့ဇနီး သူ့သမီးနှင့်သားမက်၊ ထိုပြင်ချစ်စဖွယ်မြေးငယ်တယောက် ကျန်ရှိနေသေးသည်မဟုတ်ပါလော။

ထို့ကြောင့်....

သူသည်ကျင်းရှိထံတွင် ခွင့်ပန်လိုက်လေသည်။

'အစ်ကိုကြီး'

'ပြောပါ'

'ကျွန်တော်အိမ်ကိုခဏပြန်ပါရစေ'

ကျင်းရှိက ပြုံးလိုက်သည်။

'မင်းကဒီနေရာက ထွက်သွားယင် တော်တော်နဲ့ပြန်ရောက်လာမှာမဟုတ်ဘူး'

ချင်းပင်ကရယ်မောလိုက်သည်။

'ကျွန်တော်ပြန်လာမှာပါ'

ကျင်းရီက လက်ကာပြလိုက်သည်။

'မင်းဟာ တနေရာမှာ စွဲစွဲမြဲမြဲမနေနိုင်တဲ့ မင်းရဲ့အကျင့်ကို ငါသိပါတယ် ဒါကြောင့်မင်းကို သွားခွင့်ပြုမှာပါ ဒါပေမယ့်'

သူ၏စကားမှာတပိုင်းတစနှင့် ရပ်တန့်သွားသည်။

သူ၏မျက်နှာမှာ တည်ကြည်လေးနက်လာပြီး

'မင်းကိုငါ အကူအညီတခုတောင်းချင်ပါတယ်'

ချင်းပင်ကဝမ်းသာအယ်လဲ ဖြစ်သွားသည်။

'ဟုတ်ကဲ့ပြောပါကျွန်တော်ကူညီပါရစေ'

'အေး....မင်းကူညီရမှာက တခြားမဟုတ်ပါဘူး၊ ငါ့ရဲ့ဓားပါးကလေးနဲ့ သိုင်းစာအုပ်ကျမ်းကို ခိုးယူသွားတဲ့သူကို လိုက်ရှာပါ'

'ဗျာ'

ချင်းပင်းကအံ့အားသင့်သွားသည်။

'အစ်ကိုကြီးဆီမှာ ဘယ်သူက ယူသွားနိုင်မှာလဲ'

ကျင်းရီကမဲ့ပြုံးပြုံးလိုက်ပြီး

'ကျုပ်ဆီက ဘယ်သူမှ မယူသွားနိုင်ပါဘူးကွယ် ဒါပေမယ့်'

သူသည်ပြောယင်း ခံပြင်းလွန်း၍ အသားများပင်တုန်ယင်လာလေတော့သည်။

* * *





ကူထင်းချန်

ကူထင်းချန်သည်လက်ရှစ်ချောင်း သိုင်းသမားနှင့် ငယ်စဉ်ကပင် သိကျွမ်းခဲ့ကြသော သူငယ်ချင်းများဖြစ်သည်။

အသက်အရွယ်များကြီးပြင်းလာကြသော်လည်းအခင်အမင်မပျက်ကြပေ။

သို့သော်....

ကူထင်းချန်က ကျင်းရီထံမှ ကျမ်းစာအုပ်ငယ်နှင့် ဓားပါးကလေးအကြောင်းသိလိုက်ရသောအခါ

သူသည်ကျင်းရီအပေါ်အကောက်ကြံတော့သည်။

သူ၏အကြံအစည်အား သူ၏သမီးဖြစ်သူ စွေမူအားပြောပြတိုင်ပင်လိုက်သည်။

ထင်ပေါ်ကျော်ကြားမှုကို တပ်မက်သော စွေမူကလည်းသဘောတူလိုက်လေသည်။

ဤသို့ဖြင့်

ကူထင်းချန်က စွေမူ၏ယာဘက်ခြေထောက်အား ရိုက်ချိုးလိုက်လေသည်။

ထိုကဲ့သို့ရိုက်ချိုးပြီး သူ့မိတ်ဆွေကျင်းရီထံ ဆေးကုသပေးပါရန်အပ်နှံလေသည်။

သို့သော်....

ကျင်းရီက လက်မခံပါ။

'ဒီမှာကျင်းရီ မင်းနဲ့ငါဟာ ငယ်စဉ်ကတည်းက ခင်မင်လာခဲ့ကြတာပါ၊ အခုငါ့ရဲ့သမီး ဒဏ်ရာကို မင်းကုသပေးသင့်ပါတယ်'

ကူထင်းချန်က အနူးအညွတ်တောင်းပန်လိုက်သည်။

'ကုပေးတာတော့ဟုတ်ပါတယ် ဒါပေမယ့် သူ့ဒဏ်ရာက အနည်းဆုံး သုံးရက်လောက်အနားက မခွာပဲ ကုသပေးမှ ပျောက်ကင်းနိုင်မယ်'

'မင်းကကုသမပေးနိုင်ဘူးလား'

'ကျုပ်က ကုသပေးချင်ပါတယ် ဒါပေမယ့် ကျုပ်က သူ့အနားမှာ သုံးရက်လုံးလုံးအချိန်ဖြုန်းနေရမှာဆိုတော့ ကျုပ်အလုပ်အကိုင်တွေပျက်ကုန်မယ်'

ကူထင်းချန်က စိတ်ဆိုးသွားသည်။

'မင်းနဲ့ငါ ငယ်စဉ်က ခင်မင်လာကြတာ ဒီကနေ့ကစပြီး ပျက်စီးသွားပြီလို့ မှတ်ထားလိုက်ပေတော့'

ကျင်းရီကစိတ်မကောင်းဖြစ်သွားသည်။

သူသည်အနည်းငယ်စဉ်းစားလိုက်ပြီး

'ကောင်းပြီလေ ကျုပ်က ခင်ဗျားသမီးရဲ့ဒဏ်ရာကို အရင်ကြည့်ပါရစေအုံး'

ကူထင်းချန်ကဝမ်းသာသွားသည်။

'ကျေးဇူးကြီးလှပါတယ်ဗျာ'

* * *

ကံကြမ္မာ၏အဆုံးအဖြတ်သည်

အလိုအလျောက် ကျရောက်လာသည်သာဖြစ်ပါသည်။

ရုတ်တရက်





ကံဆိုးမိုးမှောင်ကျလာမည်ကို ကျင်းရီက မရိပ်စားမိလိုက်ပေ။

ကူထင်းချန်၏ သမီးအား အိမ်တိုင်ယာရောက် လိုက် လံမကုသနိုင်သည့်အတွက်—

သူနေထိုင်သည့်

ဤထုံထင်ရေကန်အနီးရှိ လှိုဏ်ဂူသို့ ခေါ်ဆောင် လာရန်မှာကြားလိုက်သည်။

မကြာမီပင်

ကူထင်းချန်၏သမီးဖြစ်သူ စွေမူက ရောက်ရှိလာသည်။

ကူထင်းချန်မှာမူ စွေမူအားပို့ဆောင်ပြီးသည်နှင့် ကျင်းရီအားနှုတ်ဆက်ပြီး ပြန်သွားလေသည်။

* * *

သုံးရက်

ကူထင်းချန်ပြန်သွားပြီး သုံးရက်အကြာတွင်

ကျင်းရီ၏ ဘဝတခုလုံး ပြောင်းလဲသွားလေသည်။

နံနက်စောစော

အိပ်ရာမှ နိုးလာသောအခါ

စွေမူအား မတွေ့ရတော့ပါချေ။

စွေမူနှင့်အတူ သူ၏ကျမ်းစာအုပ်ငယ်နှင့် ဓားပါးကလေးတို့ပါ ပျောက်ဆုံးနေသည်ကိုပါ သိလိုက်ရလေသည်။

'ဟင်....စွေမူ....စွေမူ....'

သူ၏ အော်ခေါ်သံက လှိုဏ်ဂူတခုလုံးသို့ ပဲ့တင်ထပ်သွားသည်။

သို့သော်

သူမအား လုံးဝမတွေ့ရပါတော့ချေ။

* * *

ကူထင်းချန်၏

နဖူးပေါ်မှ ချွေးများသည် စီးဆင်းကျလာသည်။

'ကျုပ်ဘာမှမသိပါဘူး'

သူသည်ကျင်းရီအား ထိတ်ထိတ်ပျာပျာနှင့် တောင်း ပန်လိုက်သည်။

စွေမူသည် ကျမ်းစာအုပ်နှင့် ခေါးပါး ကလေးအား ယူပြီးနောက်—

ကူထင်းချန်၏လက်သို့မအပ်ပဲ တကိုယ်ကောင်းစိတ်နှင့်ယူ၍ ပြေးလေသည်။

'ခင်ဗျားရဲ့အကြံတွေကို ကျုပ်သိပြီးခဲ့ပါပြီ'

'ကောင်းပြီလေ၊ ဒါပေမယ့် ကျုပ်က မင်းရဲ့ပစ္စည်းတွေ တခုမှမရဘူးဆိုတာတော့ယုံပါ'

'ဘာပဲဖြစ်ဖြစ် ခင်ဗျားဟာ တာဝန်ရှိသူပဲ'

'ဒီအတွက် ကျုပ်က ဘာလုပ်ပေးရမလဲ'

'ခင်ဗျားရဲ့အသက်ကိုရယင်တော်ပါပြီ'





ကူထင်းချန်က ထိတ်သန့်သွားသည်။

'ခင်ဗျာ....ခင်ဗျာ'

သူသည် သူ၏အကြံအစည်အတွက် အသက်ဆုံးရှုံးသွားခဲ့ရလေသည်။

* * *

ကျင်းရီသည်

အံကို တင်းတင်းကြိတ်ထား၏။

ချင်းပင်က ခေါင်းငုံ့ထားလိုက်သည်။

အတန်ကြာမှ—

ချင်းပင်က စကားစလိုက်သည်။

'အစ်ကိုက သူ့ကိုလိုက်မရှာဘူးလား'

'လိုက်ရှာတာပေါ့ကွာ ကျုပ်က 'မျောင်'လူမျိုးတွေနေတဲ့ ဒေသဘောင် ရောက်ခဲ့ပါတယ်'

ချင်းပင်က သက်ပြင်းချလိုက်သည်။

'မျောင်'လူမျိုးတို့သည် တရုတ်ပြည်၏ ချောင်အကျဆုံး နယ်စပ်ဒေသတွင် နေထိုင်ကြသော လူမျိုးများဖြစ်သည်။

'ကျုပ်က သူ့ကို ဆယ်နှစ်လုံးလုံး ရှာခဲ့ပါတယ်၊ သူဟာ ကျမ်းစာအုပ်ထဲက ကျုပ်မလေ့ကျင့်ရသေးတဲ့ ပညာတွေသာ လေ့ကျင့်တတ်မြောက်သွားယင်တော့ သူက ပုန်းကွယ်နေမှာ မဟုတ်တော့ဘူး'

ချင်းပင်က ကြားဖြတ်လိုက်သည်။

'ဒါ့ထက် အစ်ကို့ဆီမှာ ဒီပစ္စည်းတွေရှိသေးတယ် လို့ပဲ လူတွေက ထင်နေကြတာပေါ့နော်'

'ဟုတ်တယ် ကျုပ်ကသာ မရှိတော့ပါဘူးလို့ ကြေ ငြာ လိုက်ယင် ကျုပ်အပေါ် ရန်သူနည်းသွားမှာဖြစ်ပေမယ့် ကျုပ်ရဲ့ သိက္ခာဟာ ကျဆင်းသွားမှာပဲ'

ချင်းပင်က ခေါင်းညိတ်လိုက်သည်။

ကျင်းရီက စကားဆက်လိုက်သည်။

'မင်းကို အကူအညီတောင်းရမှာ ဒီကိစ္စပဲ မင်းက အိမ်ပြန် ရောက်သွားတဲ့အချိန်ကစပြီး သူ့ကိုလိုက်ရှာရမယ်၊ နောက်ပြီး သူ့ကိုတွေ့ယင် ဒီပစ္စည်းပြန်တောင်းပါ'

ချင်းပင်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့'

'ဒီပစ္စည်းသာပြန်ရခဲ့ယင် မင်းယူပေတော့ မင်း ကို ငါ ပေးတယ်'

ကျင်းရီသည်စကားဆုံးသွားသည်နှင့်

အိတ်ထဲမှပန်းချီကားချပ်တခု နှိုက်ယူလိုက်သည်။

'ဟောဒီမှာကြည့် ဒါဟာ စွေမူရဲ့ ပုံတူပန်းချီကားချပ်ပဲ'

ချင်းပင်ကမဲ့ပြုံးပြုံးလိုက်သည်။

'အစ်ကိုရယ်သူ့ရဲ့ပုံက တခါမြင်ဖူးယင် တသက်လုံး မှတ်မိ နေမယ့်ပုံပါပဲ'

ဟုတ်ပါ၏။

စွေမူသည်အလွန်ပင် အရုပ်ဆိုးအကျည်းတန်သော အမျိုး သမီးတဦးဖြစ်သောကြောင့်ဖြစ်လေသည်။





ကျင်းရီကပြုံးလိုက်သည်။

'အေး....သူ့ကို မင်းလိုက်ရှာပေးမယ်ဆို တော်ပါပြီကွာ မင်းလဲသွားနိုင်ပါပြီ'

သူသည်စကားဆုံးသွားသည်နှင့် အခန်းထဲမှ ချာကနဲလှည့် ကာထွက်သွားလေတော့သည်။

*　　*　　*

စိမ်းလန်းသောတောအုပ်ကလေးတခုဖြစ်ပါသည်။

ခြောက်သွေ့နေသော အိမ်ခြေနှစ်ဆယ်ခန့်ရှိ ရွာကလေး ကတည်ရှိနေသည်။

ထိုရွာကလေးသို့

ချင်းပင်ရောက်ရှိလာသောအခါ

လူသူတစုံတယောက်မှမတွေ့ရပါချေ။

ချင်းပင်သည်ထိတ်လန့်သွားသည်။

သူသည်ကပျာကယာပင် သူ၏အိမ်ဘက်သို့ပြေးလွှား သွား သည်။

အိမ်ကလေးသည်တံခါးများ ပြိုကျနေ၏။

ထိုစဉ်မှာပင်

လှုပ်ရှားမှုတခုအား အိမ်ကလေးတွင်း၌ တွေ့မြင် လိုက်ရ လေသည်။

'ဘယ်သူလဲ'

သူသည်နှုတ်ဖျားမှ အော်ဟစ်လိုက်ယင်း

အခန်းထဲသို့တဟုန်ထိုး ပြေးဝင်သွားသည်။

အခန်းထဲသို့ ရောက်ရှိသွားသောအခါ
ချင်းပင်၏ခြေလှမ်းအစုံသည် ရပ်တန့်သွားလေသည်။
'ရှောင်ဖူ'
သူသည်မြေးကလေးရှောင်ဖူတယောက်တည်း အထီးကျန်ဖြစ်နေသည်ကို တွေ့လိုက်ရလေသည်။
'သမီး မေမေကော....ဘွားဘွားကော ... ဖေဖေကော'
ရှောင်ဖူကနားမလည်နိုင်ပဲ ငေးကြည့်နေ၏။
ပြီးမှ
သူမသည်ချင်းပင်၏ လက်ကိုဆွဲကာ ခေါ်ဆောင်သွားလေသည်။
သူတို့သည်တဖြည်းဖြည်းနှင့် ရွာအပြင် တောအုပ် ထဲသို့ရောက်ရှိလာကြသည်။
တောအုပ်ကလေးထဲတွင်.
တဲအိမ်ကလေးတလုံးအား တွေ့မြင်လိုက်ရလေသည်။
တဲအိမ်ကလေးအတွင်းသို့ ချင်းပင်ရောက်ရှိ သွားသောအခါ
သူနှင့်အိမ်နီးနားချင်းနေထိုင်သူတဦးအား တွေ့မြင်လိုက်ရလေသည်။
ထိုလူသည်ကြမ်းပြင်ပေါ်တွင် လဲလျောင်းနေသည်။
သူသည်ချင်းပင်အား တွေ့လိုက်သည်နှင့် ဝမ်းသာသွားသည်၊
'ချင်းပင်'
သူ၏အသံမှာ တိမ်ဝင် နေသည်။





သို့ဖြင့်....
သူသည်ကျင်းရိအား လိုက်မရှာတော့ပဲ
ထုံထင်ရေကန်အနီး၌ အိမ်ငယ်တလုံးဆောက်ကာ နေထိုင်ယင်းစွေမူ၏သတင်းကို စုံစမ်းလေတော့သည်။
ကံကြမ္မာသည်ဆန်းကြယ်လှပေသည်။
အကြောင်းမှာ
ကျင်းရိတယောက် မည်သို့မျှရှာ၍ မတွေ့ခဲ့သောစွေမူအား ချင်းပင်က တွေ့ရှိလိုက်လေသည်။
စွေမူသည်သူမအားကျင်းရိကလိုက်လံရှာဖွေမည်ကိုသိသောကြောင့်
သူမသည်ကျင်းရိအား အဝေးသို့ ထွက်မသွားပဲ
ကျင်းရိနှင့် တောင်တလုံးခြားသာ တည်ရှိသော နေရာ၌နေထိုင်ခဲ့လေသည်။
ဤသို့ဖြင့်
ချင်းပင်သည်စွေမူထံသို့စာတစောင် ပေးပို့ ချိန်းဆိုလိုက်လေသည်။
ကျမ်းစာအုပ်နှင့် ဓားပါးကလေးအား ပြန်လည်ပေးအပ်ရန်တောင်းဆိုလိုက်ခြင်းဖြစ်သည်။
သို့သော်....
စွေမူက ချင်းပင်အား မမှုပါချေ။
အကြောင်းမှာ
စွေမူသည်ကျမ်းစာအုပ်ငယ်မှ သိုင်းပညာရပ်များကို လေ့ကျင့်တတ်မြောက်ခဲ့ပြီး ဖြစ်လေသည်။

သို့ဖြင့်
စွေမူသည်ချင်းပင်ထံသို့ ရောက်ရှိလာလေသည်။

*　　*　　*

လေးလ ဆယ့်ကိုးရက်
ဤနေ့သည် ချင်းပင်၏ဘဝတလျှောက်လုံး မမေ့နိုင်တော့သည့်နေ့ဖြစ်ပါသည်။
ဤနေ့တွင်
သူသည်စွေမူ၏ လက်ချက်ဖြင့်လက်တဘက် ဆုံးရှုံးသွားရလေသည်။
စွေမူကသူ့အားအသက်ချမ်းသာပေးလိုက်ပြီး
'ရှင်ကမကျေနပ်သေးယင် သိုင်းပညာထပ်လေ့ကျင့် လိုက်အုံးပေါ့'
ချင်းပင်ကအံကို တင်းတင်းကြိတ်လိုက်သည်။
'ကောင်းပြီလေ ခင်ဗျား ကျုပ်ကို နောက်ထပ် ဆယ်နှစ်စောင့်ပါ ဆယ်နှစ်ပြည့်တဲ့နေ့ကျယင် ကျုပ်တို့ဒီနေရာမှာပဲထပ်ပြီးယှဉ်ပြိုင်ကြတာပေါ့'
စွေမူကပြုံးလိုက်သည်။
'ကောင်းပြီလေ ရှင်သာ ကြိုးစားထားပေတော့'
သူမသည်ပြောပြီးသည်နှင့် ချာကနဲလှည့်ကာ ထွက်သွားလေတော့သည်။

*　　*　　*





'အင်း ခင်ဗျားအဘိုးတော်တော်ကိုချီးကျူးစရာကောင်းပါတယ်'
'ဟုတ်ပါတယ်သူက သူ့ဆရာရဲ့စကားကို မြေဝယ်မကျနားထောင်ပါတယ်'
ဝမ်စီးထုံးကအနည်းငယ်စဥ်းစားလိုက်ပြီး
'ဒါထက် ခင်ဗျားရဲ့ဘိုးဘိုးက အခုအချိန်ခါမှာ ယှဉ်ပြိုင်မယ်ဆိုယင်ကော'
'ရှင်က ဘာကိုဆိုလိုတာလဲ'
'ဒီလိုပါ အခုအချိန်မှာ ခင်ဗျားအဘိုးရဲ့ သိုင်းပညာဟာ ...'
ချင်ရှောင်ဖူက ကြားဖြတ်လိုက်သည်။
'ဟုတ်ပါတယ်၊ သူက ဆယ်နှစ်ဆယ်မိုး ဒီမှာပဲ နေခဲ့ပြီး သိုင်းပညာရပ်များကို လေ့ကျင့်ခဲ့လို့ အခုအချိန်မှာ စွေမူကို ရင်ဆိုင်နိုင်ပါတယ်၊ ဒါပေမယ့်...'
'ဒါပေမယ့် ဘာဖြစ်သလဲ'
'စွေမူကလဲ သိုင်းပညာရပ်မှာ သိပ်ပြီး တိုးတက်နေမှာအမှန်ပဲ'

*　　*　　*

မိုးစင်စင်လင်းသွားပြီဖြစ်ပါသည်။
ဝမ်စီးထုံသည် အိပ်ရာမှ မနိုးသေးပါ။
သူသည် ညက အိပ်ရေးပျက်ခဲ့သောကြောင့်—
နံနက်နေထွက်လာသည့်တိုင်အောင် မနိုးသေးခြင်း ဖြစ်ပါသည်။

ရုတ်တရက်
တံခါးခေါက်သံတချက်ကြားလိုက်ရသည်။
'ဒေါက်....ဒေါက်....'
ဝမ်စီးထံ့ အိပ်ရာမှလန့်နိုးလာသည်။
'ဝင်ခဲ့ပါ'
အခန်းတွင်းသို့ ချင်ရှောင်ဖူက ဝင်ရောက်လာသည်။
'အစ်ကိုကို ဘိုးဘိုးက ခေါ်နေပါတယ်'
ဝမ်စီးထံ့က ခေါင်းညိတ်လိုက်ပြီး
'ကောင်းပါပြီ ကျုပ်အခုပဲ လာခဲ့ပါ့မယ်'

ချင်ရှောင်ဖူက တချက်ပြုံးပြလိုက်ပြီး၊ အခန်းတွင်းမှထွက်သွားလေသည်။

ဝမ်စီးထံ့က ကပျာကယာမျက်နှာသစ်ဆေးကြောလိုက်ပြီး အခန်းအပြင်ဘက်သို့ လှမ်းထွက်လိုက်သည်။

အပြင်ဘက်အခန်းတွင် အဘိုးအိုနှင့် ချင်ရှောင်ဖူက သူ့အား စောင့်ဆိုင်းနေကြသည်။

'ကဲ...ထိုင်ပါ'

အဘိုးအိုက ကုလားထိုင် တလုံးအား ညွှန်ပြပြီး ပြောလိုက်သည်။

ဝမ်စီးထံ့က ဝင်ရောက်ထိုင်ချလိုက်ယင်း—
'ဟုတ်ကဲ့'
'မင်းကိုပြောစရာရှိလို့ အိပ်ရာက နှိုးရတာ ဘယ် လို မအောက်မေ့ပါနဲ့ကွယ်'





'ဟုတ်ကဲ့ခင်ဗျာ ရပါတယ် ပြောပါ'
'ဒီလိုပါကွယ် မင်းက ဒီအိမ်ကနေ နံနက်စာ စားပြီးတာနဲ့ ထွက်သွားဖို့ပါပဲ'
'ဗျာ....'
ဝမ်စီးထံ့က ခေါင်းခါယမ်းလိုက်သည်။ ပြီးမှ—
'မနက်ဖြန်မှာ ကျွန်တော်လဲရှိနေချင်ပါသေးတယ်'
အဘိုးအိုက လက်ကာပြလိုက်သည်။
'မင်းနေလို့ မဖြစ်ပါဘူး၊ ကျုပ်ကခွင့်မပြုဘူး'
အဘိုးအိုက ခက်ထန်စွာပြောလိုက်ယင်း—
'မင်းနံနက်စာစားပြီးတာနဲ့ ထွက်သွားပေတော့'

သူသည် စကားဆုံးသွားသည်နှင့် ချာကနဲလှည့်ကာအခန်းတွင်းမှ ထွက်သွားလေတော့သည်။

* * *

မှန်းတည့်တော့မည်ဖြစ်ပါသည်။
ဝမ်စီးထံ့က ခေါင်းငုံ့ထား၏။
'အစ်ကို'
'ဗျာ'
'သွားကြပါစို့'
'ခင်ဗျားကပါ လိုက်မှာလား'
'မဟုတ်ပါဘူးရှင် ကျွန်မက အစ်ကိုကို ဟောဒီတောင်တန်းတွေလွန်အောင် လိုက်ပို့ပေးမှာပါ'
ဝမ်စီးထံ့က အဝေးသို့လှမ်းကြည့်လိုက်သည်။

သာယာလှပသော ရှုခင်းများသည် တမျှော်တခေါ် မြင်တွေ့နေရလေသည်။

သို့သော် ဝမ်းစီးထုံ ကြည်နူးမနေနိုင်ပါ။

'ကျွန်တော်က ညီမတို့ကယ်ဆယ်ခဲ့လို့ အသက်ရှင်နေတာပါ၊ အခုလို ညီမတို့ အန္တရာယ်နဲ့ ကြုံတွေ့ခဲ့ရတဲ့အခါမှာထွက်သွားရမယ်ဆိုတော့....'

ချင်ရှောင်ဖူက ဝမ်းသာသွားသည်။

'အစ်ကိုက ကျွန်မတို့ကို တကယ်ကူညီချင်လို့လား'

'ဟုတ်ပါတယ်'

'ဒါဆိုယင် ကျွန်မပြောပြမယ်၊ အစ်ကို သေသေချာချာနားထောင်'

'ပြောပါ'

'အစ်ကိုက မနက်ဖြန်ညနေအထိ တနေရာမှာ သွားပုန်းနေပါ၊ မိုးချုပ်ကာစ အချိန်လောက်မှာ ဒီကန်ရေပြင်ဘက်ကို ပြန်လာခဲ့ပေါ့'

'ဟုတ်ကဲ့ အစ်ကိုကလာပြီး ဘာလုပ်ရမလဲ'

'အမှန်ပြောရယင်တော့ ဘာမှလုပ်စရာမလိုပါဘူး၊ ဒါပေမယ့် အရေးအကြောင်းရှိယင် ကူညီနိုင်မယ်မဟုတ်လား'

'ကောင်းပြီလေ အစ်ကို ဆက်ဆက်လာခဲ့ပါမယ်'

'အော်....ဒါထက် အစ်ကို့အတွက် စားစရာ မုန့်ခြောက်တွေ တခါတည်းယူလာတယ်'

သူမသည် ဝမ်းစီးထုံ ယခုလောလောဆယ်တွင် မသွားစေလိုသေးပါ။





အကြောင်းမှာ—

အကယ်၍သာ သူမ၏ ဘိုဘိုးက ရှုံးနိမ့်ခဲ့ပါမူ....

သူမနှင့် ဝမ်စီးထုံ နှစ်ယောက်ပေါင်း၍ စွမ်းအား တိုက်ခိုက်နိုင်မည်မဟုတ်ပါလော။

* * *

ဝန်းကျင်တခုလုံးအား

အမှောင်ထုက လွှမ်းမိုးသွားပြီဖြစ်ပါသည်။

ဝမ်စီးထုံသည်ပုန်းအောင်းနေရာမှ

အိမ်ကလေးရှိရာသို့ တိတ်တဆိတ်ပြန်လာခဲ့လေသည်။

ရုတ်တရက်

သူသည်ကန်ရေပြင်အစပ် သဲနုသောင်ပြင်ပေါ်တွင်လှုပ်ရှားနေသော အဘိုးအိုအား

မသဲမကွဲလင်းနေသောလရောင်အောက်တွင်တွေ့မြင် လိုက်ရလေသည်။

ချင်းပင် ပင်ဖြစ်ပါသည်။

ဝမ်စီးထုံက

သဲသဲကွဲကွဲမြင်ရစေရန်အနီးသို့ တိတ်တဆိတ် တိုးကပ်သွားသည်။

အဘိုးအိုကသူရောက်ရှိနေသည်ကို သတိမပြုမိပါ။

သူသည်သဲသောင်ပြင်ပေါ်တွင် ပြေးလွှား ခုန်ပေါက်နေသည်။

သေသေချာချာကြည့်လိုက်တော့မှ

အဘိုးအိုရဲ့ ခုန်ပေါက်ဟန်မှာ ထူးဆန်းနေသည်ဟု ဝမ်စီး ထုံက သိလိုက်ရသည်။

သူသည်ခုန်ပေါက်ယင်းဖြင့် သဲသောင်ပြင်ပေါ်သို့ လက်ထဲမှတစုံတခုကို ထိုးသွင်းနေ၏။

ရုတ်တရက်

တိမ်တိုက်များကြားမှ လွတ်ကင်းသွားသော လရောင်ကြောင့်

အဘိုးအိုထိုးသွင်းလိုက်သည့် အရာဝတ္ထုများသည်ပါးလွှာ၍ထက်မြက်သော ဓားမြှောင်ကလေး ဖြစ်နေသည်ကို

ဝမ်စီးထုံက အံ့သြစွာတွေ့မြင်လိုက်ရထေသည်။

'ဟင်—သူက ဘာသဘောပါလိမ့်'

သူသည်အဘိုးအို၏လုပ်ရပ်များကို ဝေခွဲ၍မရပါ။

အတန်ကြာမှ

သူသည်အနည်းငယ်သဘောပေါက်လာသလို ဖြစ်လာလေသည်။

'အော်...သူက ရန်သူကို ထောင်ချောက် ဆင်နေတာကိုး ရန်သူခြေချနိုင်မယ့်နေရာတွေ ဓားမြှောင်ကလေးတွေ လာပြီး စိုက်ထားတာကိုး'

အဘိုးအိုသည် သူ့လုပ်ငန်းပြီးစီးသွားဟန်ဖြင့်

ခေါင်းတညိတ်ညိတ်လုပ်လိုက်ပြီး ရေကန်ဘက်သို့ ကြည့်လိုက်သည်။





'အင်း....စွေမူရေ ဒီတခါမင်း ငါ့ရဲ့ ထောင်ချောက်ထဲ ရောက်ရမှာပေါ့ကွာ'

သူသည်ကျေနပ်စွာ ရေရွတ်လိုက်ပြီးနောက်

အသံကျယ်လောင်စွာဖြင့် တချက် ရယ်မောလိုက်ပြီးထိုနေရာမှ ထွက်ခွာသွားသည်။

ဝမ်စီးထုံကလည်းသူပုန်းအောင်းနေရာသို့ ပြန်လည် ထွက်ခွာသွားလေတော့သည်။

* * *

လေးလ ဆယ့်ကိုးရက်

ယနေ့သည်

လေးလ ဆယ့်ကိုးရက်နေ့ဖြစ်ပါသည်။

ရာသီဥတုမှာ သာတောင့်သာယာရှိလှပေသည်။

ထိုကဲ့သို့အခြေအနေမျိုးသည်

မိုးသက်မုန်တိုင်း မကျမီ ဆိတ်ငြိမ်နေခြင်းမျိုးနှင့် တူလှပေသည်။

အချိန်သည် တရွေ့ရွေ့ကုန်ဆုံးသွားသည်။

မကြာမီ

မိုးချုပ်တော့မည်ဖြစ်ပါသည်။

* * *

## ရင်ဆိုင်ခြင်း

ကောင်းကင်တခုလုံးသည်
တိမ်တိုက်တိမ်လိပ်များဖြင့်ပြည့်နှက်၍နေလေသည်။
အေးမြသောလေများက
တဟူးဟူးနှင့် တိုက်ခတ်နေ၏။
တိမ်များအကြားမှ မသဲကွဲသောလရောင်က ပေါ်ထွက်လိုက် ပျောက်ကွယ်လိုက်ဖြစ်နေ၏။
မည်းမှောင်နေသောကန်ရေပြင်ကို မှုန်ဝါးဝါး တွေ့မြင်နေရသည်။
သို့သော်
ဖြူဖွေးသောသဲသောင်မှာမူ သူက သဲသဲကွဲကွဲမြင်တွေ့နေရလေသည်။





ဝမ်းစီးထုံသည်
ဤနေရာသို့ နေမဝင်မီကပင်ရောက်ရှိပုန်းအောင်း နေခြင်းဖြစ်ပါသည်။
သူနှင့်အတူ ချင်ရှောင်ဖူလည်းပါလာသည်။
ချင်ရှောင်ဖူမှာအဘိုးအိုက နှင်ထုတ်လိုက်ခြင်းဖြစ်သည်။
သူတို့သည်စောင့်ကြည့်နေယင်းနှင့် အချိန်သည် တစထက်တစကုန်ဆုံးလာသည်။
ညသည်တစထက်တစ နက်ရှိုင်းလာသည်ဟု ခံစားလိုက်ရသည်။
တိမ်တိုက်တခုသည်
လမင်းအားဖုံးကွယ်သွားလေသည်။
ဝန်းကျင်တခုလုံးသည် မှောင်အတိကျသွား၏။
သို့သော်
မကြာမီအချိန်အတွင်း
လမင်းကပြန်လည်ပေါ်ထွက်လာသည်။
ထိုတဒင်္ဂအချိန်အတွင်း
ပေါ်ထွက်လာသော လရောင်ဖြင့် သဲသောင်ပြင်ပေါ်မှ လူတယောက်အား တွေ့မြင်လိုက်ရလေသည်။
သူသည်အဖြူရောင်ဝတ်စုံကို သေသပ်စွာ ဝတ်ဆင်ထားပြီး သဲသောင်ပြင်ပေါ်တွင် တင်ပျဉ်ခွေ၍ ထိုင်နေ၏။
သူ၏လက်တဘက်မှာ ပြတ်နေသည်ကို တွေ့လိုက်ရသည်။
ချင်းပင် ဖြစ်ပါသည်။
'ဘိုးဘိုးရောက်လာပြီ'

ချင်ရှောင်ဖူက အသံကို တိုးတိုးဖြင့် ပြောလိုက်သည်။

ဝမ်စီးထုံကခေါင်းညိတ်လိုက်ပြီး

'ဘိုးဘိုးတယောက်တည်း မဟုတ်ဘူး စွေမူပါ ရောက်လာပြီ'

သူ၏ စကားမဆုံးမီ

ကန်ရေလူးလွန့်လာပြီး ဝဲဂယက်များထကာ လှေငယ်ဘစင်းထွက်ပေါ်လာလေသည်။

လှေကလေးသည် ကမ်းစပ်သို့ တဖြည်းဖြည်း နီးကပ်လာ၏။

ဝမ်စီးထုံသည် လှေပေါ်မှလူအား တွေ့မြင်လိုက်ရသောအခါ

ကကိုယ်လုံးကြက်သီးထသွားမိလေသည်။

လှေပေါ်မှလူသည် မျက်နှာမှာအလွန်ပင် အကျည်းတန်ပြီး ကြောက်လန့်စရာ ကောင်းနေ၏။

ဝမ်စီးထုံက စိုက်ကြည့်နေစဉ်အတွင်းမှာပင်

လှေကလေးသည်ကမ်းစပ်သို့ ဆိုက်ကပ်လိုက် လေသည်။

လှေပေါ်မှလူသည် သဲသောင်ပြင်ပေါ်သို့ တလှမ်းချင်းတက်ရောက်လာလေတော့သည်။

ထိုအချိန်အထိ

ချင်းပင်သည် တုတ်တုတ်မျှ မလှုပ်သေးပေ။

သူသည်သဲသောင်ပြင်အလယ်၌ ထိုင်မြဲထိုင်နေ၏။

သို့သော်





သူ၏မျက်လုံးအစုံကမူ ရန်သူအား မလွှတ်တမ်းစိုက်ကြည့်နေ၏။

'ခင်ဗျားရောက်လာပြီကိုး'

'ရှင်ကတော်တော်ကြိုးစားလို့ အောင်မြင်ရဲ့လား'

သူမ၏အသံက လှောင်သံပါနေ၏။

'ဒီမှာစွေမူ မင်းဒီကနေ့လာခဲ့မိတာ မှားပြီလို့ ထင် မှတ်လိုက်ပေတော့'

သူမက တဟားဟားရယ်မောလိုက်သည်။

ရှေ့သို့လှမ်း၍ ခြေတလှမ်းတိုးလိုက်သည်။

သူမနှင့်ချင်းပင်တို့အကြား ကိုက်နှစ်ဆယ်ခန့်အကွာအဝေးရှိနေသည်။

ချင်းပင်ကသူ၏ ထောင်ချောက်အတွင်းသို့ လှမ်းဝင်လာစေရန် မျှားခေါ်နေခြင်းဖြစ်သည်ဟု ဝမ်စီးထုံက နားလည်သွားသည်။

'ရှင်က ဘာအကြံနဲ့ထိုင်နေတာလဲ ဒီတခါရှင့်ခြေထောက်တွေကို ဖြတ်ပေးစေချင်လို့နဲ့တူတယ်ဟုတ်လား'

'ဒီမှာစွေမူ စကားမများနဲ့ ငါက မင်းကိုထပြီး ရင်ဆိုင်စရာမလိုလို့ ထိုင်နေတာကွ နားလည်လား'

စွေမူက ဒေါသချောင်းချောင်းထွက်လာသည်။

'ကဲ…ရှင်ဘယ်လောက်ခံနိုင်ရည်ရှိတယ်ဆိုတာ သိရအောင်ခံနိုင်ယင်ခံပေတော့'

သူမသည် ခြေထောက်တချက်ဆောင့်လိုက်ပြီး

ချင်းပင်းထံမျှားတစင်းပမာ ပြေးလွှားဝင်ရောက်လာလေသည်။

ချင်းပင်ကနောက်သို့ ဝါးတရိုက်ခန့်ခုန်ဆုတ် သွားသည်။

သူသည် အလွန်ဝမ်းသာသွားသည်၊

ယခုဆိုလျှင်

သူမသည်သူ၏ ထောင်ချောက်အလယ်တွင် ရောက်နေပြီ မဟုတ်ပါလော။

ရုတ်တရက်

တိမ်တိုက်တခုက လမင်းအား ဖုံးလွှမ်းသွားပြန်သည်။

ဝန်းကျင်တခုလုံးသည် မှောင်အတိကျသွား၏။

ထိုတဒင်္ဂအချိန်တွင်

ချင်းပင်ကသူမထံသို့ ခါးမြှောင် သုံးလက်ဖြင့် ပစ်လွှတ်လိုက်လေသည်။

စွေမှုသည် နောက်သို့ ခြေတလှမ်းဆုတ်လိုက်ပြီး လက်တချက်ဝှေ့ယမ်းလိုက်လေသည်။

ခါးမြှောင်ကလေးများ မြေပေါ်သို့ လွင့်စင်၍ ကျသွားလေသည်။

သို့သော်

သူမနောက်သို့ ဆုတ်လိုက်သည့် ခြေတချောင်းမှာမူ

ချင်းပင်မြှုပ်ထားသည့် ခါးမြှောင်ပေါ်သို့ နင်းမိလိုက်လေသည်။





'အား'

သူမသည်စူးရှစွာတချက်အော်ဟစ်လိုက်ပြီး

နောက်သို့ခုန်လိုက်သည်။

ထိုစဉ်မှာပင်

နောက်ထပ်ခါးမြှောင် သုံးချောင်းက သူမထံသို့ ပစ်လွှင့်လာသဖြင့်

သူမသည်ခန္ဓာကိုယ်အား အရှိန်လျှော့ချလိုက်ပြီး ပစ်လွှင့်လာသော ခါးမြှောင်ကလေးများအား ရှောင်တိမ်း လိုက်သည်။

သူမသည်ခြေချရမည့်နေရာသို့မျက်စိရောက်နေသဖြင့်

ခါးမြှောင်တလက်သည်သူမ၏ပခုံးသို့ စိုက်ဝင်သွားသည်။

သူမသည် အံကိုတင်းတင်းကြိတ်လိုက်ပြီး—

'ရှင်က သော်တော်ဉာဏ်များပါလား၊ ကျုပ်ကို ထောင်ချောက်ဆင်ထားတယ်ပေါ့ ဟုတ်လား'

ချင်းပင်က သူမတွင် ဒဏ်ရာရသွားကြောင်းသိရှိလိုက်သည်။

သို့သော်၊ သူသည် စကားပြန်မပြောရဲပါ။

သူ၏အသံကြားသွားပါက သူ့အဖို့ သက်သာမည် မဟုတ်ကြောင်း သူသိထားသည်။

အမှောင်ထုထဲတွင် သူသည် တနေရာမှ တနေရာ ပြောင်း၍ စွေမှုထံ ခါးမြှောင်ကလေးများအား ပစ်လွှင့်နေ၏။

စွေမှုသည် သူယခင်က ထိုင်ခဲ့သောနေရာမှ လှုပ် ရဲ မည် မဟုတ်သည်ကို သူသိထားသည်။

သူသည် နောက်ထပ်တကြိမ်အလင်းရောင် ပေါ်ထွက်မလာပါစေနှင့်ဟု ဆုတောင်းနေ၏။

သို့သော်—

လဝန်းသည် တိမ်တိုက်များအကြားမှ ထိုးထွက် လာလေသည်။

ရုတ်တရက် ပေါ်ပေါက်လာသော လရောင်ဖြင့်—

စွေမူက ချင်းပင်အား မြင်တွေ့သွားလေသည်။

သူမသည် တောရဲတိရစ္ဆာန်တကောင်ပမာ အသံပြုလိုက်ပြီး-

ချင်းပင်အားခုန်အုပ်လိုက်သည်။

ချင်းပင်က ခါးမြောင်ကလေးများအား ထပ်မံ ပစ် လွှင့်လိုက်ပြန်သည်။

ခါးမြောင်ကလေးတချောင်းသည် သူမဘေးမှ ချော်ထွက်သွားသည်။

သူမသည် ခါးမြောင်ကလေးများအား ရှောင်တိမ်းခြင်း မပြုတော့ပါချေ။

သူမထံသို့ တည့်တည့်မတ်မတ် ဝင်ရောက်လာသော ကျန်ခါးမြောင်နှစ်ချောင်းအား ဖမ်းယူလိုက်သည်။

သို့သော်—

သံသောင်ပြင်ပေါ်မှာ ထောင်ထားသော ခါး မြောင်ကလေးများ သူမ၏ခြေထောက်အားထိုးဆွမိပြီး၊ ဟန် ချက်ပျက်ကာ—

ခါးမြောင်တချောင်းကို ဖမ်းမိခဲ့သော်လည်း—





ကျန်ခါးမြောင်တချောင်းက သူမ၏ဝမ်းဗိုက်သို့ စိုက် ဝင်သွားသည်။

'အား'

သူမသည် နာကျင်စွာ အော်ဟစ်လိုက်ပြန်သည်။

ချင်းပင်က ထိတ်လန့်သွားသည်။

သူမသည် သူဆောင်ထားသော ခါး မြောင် က လေးခုနှစ်ဆယ့်နှစ်ချောင်းအား အနာခံကာ ကျော် ဖြတ် လာပြီးဖြစ်လေသည်။

* * *

လမင်းသည် ထိန်ထိန်သာနေ၏။

တိမ်တိုက်တိမ်လိပ်များ ပျောက်ကွယ်သွားပြီးဖြစ်ပါသည်။

သာယာသော လေပြေလေညှင်းကလေးက တ သုန် သုန် တိုက်ခတ်နေ၏။

ချင်းပင်၏နဖူးပေါ်မှ ချွေးများသည် စီးဆင်းကျနေ၏။

စွေမူက သူ့ထံသို့ တလှမ်းချင်း လှမ်းလာနေသည်။

သို့သော်—

သူမ၏ခြေလှမ်းများသည် ယိုင်နဲ့နေသည်။

သူမသည် ဒဏ်ရာပြင်းထန်စွာ ရထားပြီးဖြစ်လေသည်။

သူမ၏ ခြေထောက်များတွင် သွေးများ ချင်းချင်းနီရဲနေပြီး ဝဲဘက်ပခုံးနှင့် ဝမ်းဗိုက်တွင် ခါးမြောင်ငယ် တမေက်စီ စိုက်ဝင်နေ၏။

'ရှင်က ယောကျ်ားတယောက်ဖြစ်ပြီး ရတ်မာလှချည့်လား'

'ခင်ဗျားကလဲ ရတ်မာခဲ့တာပါပဲလေ'

'ဒါက ရှင်နဲ့ဘာဆိုင်သလဲ'

'ဆိုင်တာပေါ့ဗျ၊ ဒီပစ္စည်းပိုင်ရှင်ဟာ ကျုပ်ဆရာ၊ ကျုပ်က ဒီပစ္စည်းကို ပြန်ယူပေးရမှာပေါ့၊ နောက်ပြီး ဒီကိစ္စနဲ့ မင်းက ကျုပ်ရဲ့လက်တဘက်လဲ ဖြတ်ပစ်ခဲ့သေးတယ်မဟုတ်လား'

'ဒါဟာ ကျွန်မအမှားပဲ တကယ်တော့ ရှင့်ကို အဲဒီက တည်းက အသေ သတ်သင့်တာ'

ချင်းပင်က တဟားဟားရယ်မောလိုက်သည်။

'ဟုတ်တယ် အဲဒီအမှားအတွက် ခင်ဗျားဒီကနေ့ နောင်တ ရစေရမယ်'

သူသည်ပြောယင်း ရှိသမျှအားကို လက်ဝါးတွင် စုစည်း လိုက်ပြီး—

စွေမူအား သေသေကြေကြေ တိုက်ခိုက်လိုက်လေသည်။

စွေမူက ရှောင်တိမ်းလိုက်ပြီး ခါးမှာ ပတ်ထားသော ဓား အား ဆွဲထုတ်လိုက်သည်။

ဝမ်စီးထုံသည် ထိုဓားကို မြင်တွေ့လိုက်ရသော အခါ—

သူ၏မျက်လုံးများသည် အရောင်တဖိတ်ဖိတ်တောက်ပလာ သည်။

'အင်းကောင်းလိုက်တဲ့ဓားပါလား'

ချင်ရှောင်ဖူက ချင်းပင်အတွက် စိတ်ပူနေ၏။





'အစ်ကို တကယ်တမ်းသာ သိုင်းပညာယှဉ်ပြိုင်ကြမယ် ဆို ယင်တော့ ဘိုးဘိုးဟာ ကျိန်းသေရှုံးသွားမှာပဲ'

'ဘာဖြစ်လို့လဲ'

'ဘိုးဘိုးရဲ့ သိုင်းပညာဟာ ထိပ်တန်းမှာ ရောက်နေပါပြီ၊ ဒါပေမယ့် စွေမူရဲ့ခြေဖျားကိုတောင် မမှီသေးပါဘူးရှင်'

ဝမ်စီးထုံက မျက်မှောင်ကုပ်လိုက်ပြီး

'ဒီအဘွားကြီးက အခုဆိုယင် ဒဏ်ရာတွေရနေပြီ၊ အစ်ကို ကသာ သူ့ကို အလစ်တိုက်ခိုက်နိုင်မယ်ဆိုယင်...'

သူသည် စကားကို တပိုင်းတစနှင့်ရပ်ဘန့်လိုက်ပြီး တိုက်ပွဲ ရှိရာသို့ နီးသည်ထက်နီးအောင် ချဉ်းကပ်သွားလေသည်။

စွေမူသည် ချင်းပင်နှင့်တိုက်ခိုက်နေရာမှ

နောက်မှ ရန်သူ ချဉ်းကပ်လာသည်ဟု သိရှိလိုက်လေသည်။

သူမသည် ချဉ်းပင်အား ခြေထောက်နှင့် တချက် ကန် လိုက်ပြီး—

ရုတ်တရက်

နောက်သို့လှည့်ကာ ဓားဖြင့်ထိုးသွင်းလိုက်လေသည်။

ဝမ်စီးထုံက ထိတ်လန့်သွားသည်။

သူသည် ကပျာကယာ ဘေးသို့ရှောင်တိမ်းလိုက်ပြီး လက် ထဲမှဓားဖြင့် သုံးချက်တိတိ ခုတ်ချလိုက်သည်။

အမှန်မှာ

ဝမ်စီးထုံသည် သိုင်းပညာ ထူးချွန်သည် ဆိုသော် လည်း စွေမူအားမမှီပါ။

သို့သော်

သူသည် ချင်းပင် တိုက်ခိုက်နိုင်ရန် ရှေ့မှ အသေခံ၍ တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။

ချင်းပင်ကလည်း ရရှိသည့်အခွင့်အရေးကိုလက်လွှတ်မခံပါ။

သူသည် ဝမ်စီးထုံအား ဝင်ရောက်ကူညီသည်ကို မ နှိုင်ခြိုက်သော်လည်း သူသည် မတတ်နိုင်တော့ပါ။

အကာအကွယ် ကင်းမဲ့နေသော စွေမူ၏နောက်ကျောအား လက်ဝါးတချက် ရိုက်ထုတ်လိုက်သည်။

စွေမူက ရုတ်တရက် ထိတ်လန့်သွားသည်။

သူမသည် ရှေ့မှဓားဖြင့် ခုတ်ချလာသည်ကို ရှောင်တိမ်းလိုက်ပြီး၊ နောက်သို့ ချာကနဲလှည့်ကာ

ဝဲဘက်လက်ဖြင့် ချင်းပင်အားရိုက်ထုတ်လိုက်သည်။

သို့သော်—

သူမ၏ ယာဘက်လက်ပေါ်သို့ ဝမ်စီးထုံ၏ ဓားချက်က ကျရောက်သွားသည်။

ထိုတဒင်္ဂအချိန်အတွင်းမှာပင်

ချင်းပင်၏ လက်ဝါးက သူမအား ရိုက်မိသွားလေသည်၊

ထို့နည်းတူ—

သူမ၏လက်ဝါးတချက်သည် ချင်းပင်၏ ဝဲဘက်ပခုံးပေါ်သို့ ထိမှန်သွားလေသည်။

'ဝုန်း'

'အား'





စူးရှစွာအော်ဟစ်လိုက်သော အသံများနှင့်အတူ—

စွေမူသည် လက်ထဲမှဓားလွှတ်ကျသွားပြီး နောက်သို့ခြေတလှမ်းဆုတ်သွားသည်။

ပါးစပ်မှလည်း သွေးများ အံထုတ်လိုက်သည်။

ချင်းပင်ကလည်း မြေပေါ်သို့လဲကျသွားသည်။

ဝမ်စီးထုံမှာ အလွှတ်မပေးပါ။

သူသည် ဓားအချက်ပေါင်းမြောက်များစွာကို စွေမူထံသို့ ထိုးသွင်းနေ၏။

စွေမူမှာ မဟန်နိုင်တော့ပါ။

သူမသည် ဒဏ်ရာပြင်းထန်စွာရရှိထားသဖြင့် နောက် သို့ တလှမ်းပြီးတလှမ်းဆုတ်နေရလေသည်။

'မင်း ဘယ်သူလဲ'

'ကျုပ်နာမည် ဝမ်စီးထုံ'

'မင်းနဲ့ငါ တွေ့ကြအုံးမှာပေါ့'

သူမသည် ယင်းသို့ပြောလိုက်ပြီးလျှင်—

နောက်သို့ ကျွမ်းပစ်လိုက်ပြီး ထုံထင်ရေကန် အတွင်း သို့ ထိုးဆင်းသွားလေသည်။

တည်ငြိမ်နေသောရေပြင်သည် လှိုင်းဂယက်များ ထသွားသည်။

ကြည်လည်နေသောရေသည် သူမ၏သွေးများဖြင့် နီရဲ၍ သွားလေသည်။

သူမသည် ရေကန်ဘက်ဆီသို ငါးတကောင်ပမာ လျင်မြန်စွာ ကူးသွားလေတော့သည်။

ဝမ်စီးထုံသည် လိုက်၍ မမှီတော့မှန်းသိလိုက်သဖြင့်—

သူမ လွှတ်ကျခဲ့သော ခေါးအား ကောက် ယူ လိုက် ပြီး ချင်းပင်ထံသို့ ပြန်လည် လျှောက်လာလေသည်။

*   *   *

ကောင်းကင်တခုလုံးသည်

နီညိုသောအရောင်သန်းသာလေသည်။

အဝေးဆီမှ ကြက်တွန်သံများက အဆက်မပြတ်ထွက်ပေါ်လာသည်။

မကြာမီ မိုးလင်းတော့မည်ဖြစ်ပါသည်။

ချင်းပင်သည် ဒဏ်ရာများနှင့် လဲနေ၏။

သူ့အား ချင်ရှောင်ဖူက ယုယစွာ ပွေ့ ဖက်ထားလေသည်။

'အစ်ကို ဘိုးဘိုးကို အိမ်ထဲသယ်သွားကြရအောင်'

သူမက လှမ်း၍ အကူအညီတောင်းလိုက်သည်။

ဝမ်စီးထုံသည် ယခုမှသတိရလာပြီး—

'ဟုတ်တယ် မြန်မြန်သယ်မှ....'

သူတို့သည် ချင်းပင်အားဖေးမကာအိမ်ကလေးဆီသို့ သယ်ဆောင်သွားကြလေသည်။

ချင်းပင်သည် စွေမူ၏လက်ဝါးဒဏ်ကြောင့် ဝဲဘက် ပခုံးတွင် သွေးများ ချင်းချင်းနီနေပြီး အကြီမျှားစုတ်ပြတ်နေ၏။





သူ၏ ဒဏ်ရာများကို—

ချင်ရှောင်ဖူက ရေနွေးနှင့် ဆေးကြောပေးပြီး ဆေးများထည့်ပေးလိုက်သောအခါ-

မကြာမီ အချိန်အတွင်း

ချင်းပင်သည် ပြန်လည်၍ သတိရလာလေသည်။

သူသည် ဝမ်စီးထုံအား မြင်တွေ့လိုက်သည်နှင့် မျက်မှောင်ကုပ်သွားသည်။

ဝမ်စီးထုံက ပြုံးပြလိုက်သည်။

'ဘိုးဘိုး သက်သာလာပြီလား'

'ဟေ....'

သူသည် တချက်ရေရွတ်လိုက်ပြီး—

'စောစောက ငါ့ကို ဝင်ပြီးကူညီခဲ့တာ....မင်းဟုတ်လား'

ချင်ရှောင်ဖူက ကြားဖြတ်လိုက်သည်။

'ဟုတ်ပါတယ်....ဘိုးဘိုး....အစ်ကိုက....'

အဘိုးအိုက လက်ကာပြလိုက်ပြီး၊

'နေစမ်းပါအုံး.... မင်းကို ကျုပ်က ဝင်ပြီး ကူညီပါလို့ အကူအညီ တောင်းခဲ့သလား'

'မတောင်းခဲ့ပါဘူး'

'ကျုပ်က အကူအညီ မတောင်းခံပဲ မင်းက ဘာဖြစ်လို့ ဝင်ပြီး ကူညီရတာလဲ ကျုပ်လုပ်ရမယ့်အလုပ်မှာ တခြားလူ ဝင်ရှုပ်တာကို ကျုပ်က ခွင့်မလွှတ်တတ်ဘူး'

'ဒီလိုပါ ဘိုးဘိုး....ဘိုးဘိုးတို့မြေးအဘိုးဟာ ကျွန်တော့်ရဲ့ အသက်သခင်ပါ။ ကျွန်တော့်ရဲ့ အသက်သခင် ကျေးဇူးရှင် ဒုက္ခရောက်နေတဲ့အချိန်မှာ ကျွန်တော်က အသက်ကို ပဓာန မထားပဲ ကူညီမှသာ ကျွန်တော်ဟာ ယောကျ်ားကောင်း တယောက် ဖြစ်နိုင်မှာပေါ့'

အဘိုးအို၏ စိတ်ထဲ၌ အနည်းငယ် သဘောကျသွားသည်။

သို့သော်

သူသည် လေသံကို တင်းမာလိုက်ပြီး၊

'ကဲ...မင်း ဒီက သွားနိုင်ပါပြီ၊ နောက်တခါ ပြန်မလာပါနဲ့တော့၊ အခုဆိုယင် စွေမူက ဒဏ်ရာ ရသွားပေမယ့် အသက် မသေနိုင်သေဘူး၊ သူ့ဒဏ်ရာတွေ ပျောက်ကင်းသွားယင် သူက ပြန်ပြီး ရန်ရှာအုံးမှာပဲ ဒီတခါဆိုယင်တော့ မင်းအသက်ကိုပါ ရန်ရှာမှာပဲ'

ဝမ်စီးထုံက ပြုံးလိုက်သည်။

'ကိစ္စမရှိပါဘူး ကျွန်တော်မကြောက်တတ်ပါဘူး၊ ကျွန်တော့်ဓားချက်ကြောင့် သူ့ဓားတောင် လွတ်ကျခဲ့သေးတာပဲ ဒီတခါ ပြန်လာယင်တော့ သူ့အသက် ဆုံးရှုံးသွားမှာပေါ့'

အဘိုးအိုက မျက်မှောင်ကုပ်သွားသည်။

'အဲဒီဓား ဘယ်မှာလဲ'

'ဒီမှာပါ'

ဝမ်စီးထုံက ဓားအား ကမ်းပေးလိုက်သည်။





ချင်းပင်သည် ဓားအား သေချာစွာ ကြည့်နေ၏။

ဓားရှည်သည် အလွန်ပါးလွှာပြီး ထက်မြက်လှပေသည်။

သူသည် ဓားကိုကွေးလိုက်ပြီး ခါးမှာပတ်လိုက်သည်။

အတန်ကြာမှ၊

ဓားရိုးပေါ်မှ ပုလဲတလုံးအား ဖိနှိပ်လိုက်သည်။

ဓားရှည်သည် 'ဝှီး'ကနဲ အောင်မြည်ကာ လက်ထဲတွင် တိုက်ခိုက်ရန် အနေအထားသို့ ရောက်ရှိလာလေသည်။

ဝမ်စီးထုံက အံ့သြသွားသည်။

ချင်းပင်က ခေါင်းညိတ်လိုက်ပြီး—

'ဒီဓားဟာ ကျုပ်ဆရာရဲ့ ဓားအစစ်ပဲ ဒီဓားချက်ကြောင့် ကျုပ် လက်တဘက်ဆုံးခဲ့ရတာ'

သူသည် ဝမ်စီးထုံဘက်သို့ လှည့်လိုက်ပြီး—

'ဝမ်စီးထုံ'

'ဟုတ်ကဲ့ အမိန့်ရှိပါ'

'ဒီဓားကို မင်းက သူ့လက်ထဲက လွတ်ကျ သွားအောင် တိုက်ခိုက်နိုင်တယ်ပေါ့ ဟုတ်လား'

'ဒီလိုလဲ မဟုတ်ပါဘူး၊ သူက အကျပ်အတည်းနဲ့ တွေ့နေတုန်းမှာ ကျွန်တော်က ဓားနဲ့ ခုတ်ချလိုက်လို့ သူ့ရဲ့လက်မှာ ဒဏ်ရာရပြီး ဓားလွတ်ကျခဲ့တာပါ'

အဘိုးအိုက ခေါင်းညိတ်လိုက်သည်။

'ကောင်းပြီလေ....ဘာပဲဖြစ်ဖြစ် ဒီဓားဟာ မင်းကရရှိလာတာဖြစ်လို့ မင်းပိုင်ပါတယ်'

သူသည် ပြောယင်း ဓားအား ဝမ်စီးထုံ ထံသို့ ကမ်းပေးလိုက်သည်။

ဝမ်စီးထုံက ခေါင်းခါယမ်းလိုက်သည်။

'ကျွန်တော် မယူပါရစေနဲ့ခင်ဗျာ ဒီဓားဟာ ဘိုးဘိုးရဲ့ ဆရာပစ္စည်းဖြစ်တာမို့ ဘိုးဘိုးပိုင်ပါတယ်'

အဘိုးအိုက ခေါင်းခါယမ်းလိုက်သည်။

'ဒီမှာ ဝမ်စီးထုံ မင်းရလာတဲ့ဓားကို မင်းပဲပိုင်ရမှာပေါ့'

သူသည် ချင်ရှောင်ဖူဘက်သို့ လှည့်လိုက်ပြီး—

'သမီး....ဒီဓားကို သူ့ခါးမှာ ချိတ်ပေးလိုက်စမ်း'

ဝမ်စီးထုံက တကိုယ်လုံး တုန်ခါသွားသည်။

'ကျွန်တော် တောင်းပန်ပါတယ်ခင်ဗျာ....ကျွန်တော် မယူပါရစေနဲ့'

သူ၏မျက်နှာသည် အလွန်ပင် အားတုန့်အားနာဟန်ပေါ်လွင်နေပေသည်။

ချင်ရှောင်ဖူက ပြုံးလိုက်သည်။

'ရှင်က ကျွန်မဘိုးဘိုးရဲ့စကားကို နားမထောင်လို့မ ဖြစ်ဘူးရှင့်'

ဝမ်စီးထုံက နောက်သို့ ခြေတလှမ်းဆုတ်လိုက်ပြီး—

'ညီမ....'

သူ၏စကားမဆုံးမီမှာပင်

ချင်ရှောင်ဖူက သူ့အနားသို့ရောက်ရှိလာပြီး—

သူ၏ခါး၌ ဓားအားချိတ်ဆွဲပေးလိုက်လေသည်။

ဝဏ္ဏထွန်းစာပေ



'ကျွန်မဘိုးဘိုးက သူပြောတဲ့အတိုင်းလုပ်မှ ကြိုက်တာရှင့်'

အဘိုးအိုက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ် ကျုပ်က မင်းဒီဓားကိုပြန်ပေးပေမယ့်အသက်ငယ်တဲ့လူရဲ့ပစ္စည်းကို ကျုပ်လက်မခံဘူး၊ ကျုပ်မြေးကိုပေးလို့ဖြစ်ပေမယ့်သူကမင်းမလိုချင်လို့ပေးတာဘယ်လက်ခံပါ့မလဲ'

အဘိုးအိုသည် ဝမ်စီးထုံ၏အတွင်းစိတ်အား ထိုး ဖေါက်မြင်ရသည့်အလား ပြောပြလိုက်သည်။

မှန်ပါသည်။

ဝမ်စီးထုံသည် ဓားကိုမလိုချင်၍ အဘိုးအို ထံတွင် ခွင့်တောင်းပြီး ချင်ရှောင်ဖူအား ပေးရန်စဉ်းစားနေသည်မဟုတ်ပါလော။

ဝမ်စီးထုံက ပြုံးလိုက်သည်။

ချင်ရှောင်ဖူကလည်း တခစ်ခစ်ရယ်မောလိုက်ပြီး

'ဟုတ်တယ်...ဟုတ်တယ် အစ်ကိုကမလိုချင်မှတော့ ညီမကဘာဖြစ်လို့ယူရမှာလဲ'

ဝမ်စီးထုံမှာ မနေနိုင်တော့ပါ၊ တဟားဟား ရယ် မောလိုက်ရလေတော့သည်။

အဘိုးအိုသည် ဝမ်စီးထုံအား စူးရှစွာတချက်ကြည့်လိုက်ပြီး

'မင်းမသွားသေးဘူးလား'

'ကျွန်တော်သွားပါတော့မယ်'

'အေး....မင်း သွားကိုသွားရမယ်'

ဝမ်စီးထုံက အဘိုးအိုအားဂါရဝပြုလိုက်ပြီး နောက် သို့ ချာကနဲလှည့်လိုက်သည်။

ဝဏ္ဏထွန်းစာပေ

ထိုစဉ်မှာပင်

အဘိုးအို၏ စကားသံများက သူ၏နားထဲသို့ ဝင်ရောက်လာလေသည်။

'မင်းက ယောကျ်ားကောင်းတယောက်လို့ ငါ ယူဆပါတယ်၊ ဒါကြောင့် မင်းရဲ့ရောဂါကို ငါကကုသပေးပြီးမှသာ မင်းဟာ ဒီနေရာကနေပြီး သွားရမှာပေါ့'

အဘိုးအို၏ စကားသံဆုံးသွားသည်နှင့်—

ဝမ်စီးထိုသည် ချာကနဲပြန်လှည့်လိုက်သည်။

သူသည် မယုံကြည်နိုင်သောမျက်လုံးအစုံဖြင့်အဘိုးအိုအား ကြည့်လိုက်ပြီး

'တကယ်ပြောတာလား ဘိုးဘိုး'

'တကယ်ပြောတာပေါ့'

သူသည် ဝမ်းသာလွန်း၍ မျက်ရည်များပင် စီးဆင်း ကျလာလေသည်။

'ကဲ ကဲ မင်းကအခန်းထဲသွားပြီးအနားယူလိုက်အုံး ဘိုးဘိုးလဲ တရေးတမောလောက်အိပ်လိုက်အုံးမယ်ကွဲ့'

'ဟုတ်ကဲ့ ကောင်းပါပြီ ဘိုးဘိုး'

မကြာမီ....

အိမ်ငယ်ကလေးသည်

မီးရောင်များကွယ်ပျောက်သွားပြီး

တိတ်ဆိတ်ငြိမ်သက် အိပ်မောကျသွားသည်။

အရှေ့ဘက်ဆီမှ ရောင်နီများ ပျို့တက်လာပြီဖြစ်ပါသည်။

* * *





## ၄ ခန်းထိုင်

မြစ်ရေသည်

တသွင်သွင်စီးဆင်းနေ၏။

ရေကျချိန်ဖြစ်ပါသည်။

မြစ်သည် မကြီးမားလှသော်လည်း သေးငယ်ခြင်းမရှိပါ။

ဓင်းမြစ်၏ မြစ်လက်ငယ်တခုသည်

ချောင်းငယ်တခုအဖြစ် ထိုထင်ရေကန်သို့ ဆက်စပ်လျက်ရှိသည်။

ထိုချောင်းကလေးအတွင်း၌

သမ္ဗန်တစင်းက ခေါက်တုံ့ခေါက်ပြန် လူးလာလှော်ခတ်နေ၏။

သမ္ဗန်ဦးတွင်

ဖြူဖွေးသော အဝတ်များဝတ်ဆင်ထားသည့် မိန်းမပျို တယောက်က ရပ်လျက်ရှိသည်။

သူမ၏မျက်နှာသည် စိုးရိမ်ပူပန်ခြင်းတို့နှင့်ပြည့်နှက်နေ၏။

'မြန်မြန်လှော်စမ်းပါရှင်'

'ကျုပ်ကလူဗျ၊ သိပ်မလှော်နိုင်ဘူး၊ ဒါအမြန်ဆုံးပဲ'

'ဘာပြောတယ်...'

သူမ၏ လေသံသည် အလွန်အမင်းခက်ထန်နေ၏။

သမ္ဗန်သမားက တုန်လှုပ်သွားသည်၊

သူသည် အသံကိုချိုသာစွာဖြင့်

'ကျွန်တော်က တနေ့လုံးလှော်ခတ်နေရတာ ပင်ပန်းနေပါပြီ၊ အစ်မလေးက ဘယ်ကိုသွားမယ်အတိအကျမှမပြောတာ'

သူ၏စကားမဆုံးမီမှာပင်

မိန်းမပျိုက ကြားဖြတ်လိုက်သည်။

'ကျွန်မက လူတယောက်ကို ရှာနေတာ'....

'ဗျာ....'

အော့ထုကျူက အံ့သြသွားသည်။

သူ သမ္ဗန်ခတ်လာသည့် သက်တမ်းတွင် ဤသို့ ထူးဆန်းသည့် အဖြစ်အပျက်မျိုး မကြုံဖူးပါ။





လွန်ခဲ့သည့် နှစ်ရက်ကစပြီး—

သူ့ထံသို့ အမျိုးသမီးတယောက်ရောက်ရှိလာသည်။

သူမသည် သမ္ဗန်ကို စင်းလုံးငှားခဲ့သည်။

သူမပေးသော သမ္ဗန်ခမှာ မက်မောစရာဖြစ်နေ၍ အော့ထုကျူက လက်ခံခဲ့သည်။

သူမသည် ရေကျချိန်ရောက်တိုင်း သမ္ဗန်ကို မြစ်အထက်—အောက်—စုန်ဆန်လှော်ခတ်စေပြီး တစုံတယောက်အားရှာဖွေခဲ့သည်။

မြစ်ထဲတွင် နှစ်ရက်မျှ အချိန်ကုန်ပြီးမှ—

ယနေ့

ချောင်းထဲသို့ ရောက်ရှိလာခြင်း ဖြစ်ပါသည်။

သူမက စကားဆက်လိုက်သည်။

'အဲဒီလူက လွန်ခဲ့တဲ့လေးရက်လောက်က မုန်တိုင်းမိလို့လှေမှောက်ပြီး မြစ်ထဲ ကျသွားတယ်'

အော့ထုကျူက ပြုံးလိုက်သည်။

'ဟာ....အစ်မလေးကလဲ လေးရက်လောက် ရှိနေမှတော့ ရေနစ်သေလောက်ရောပေါ့'

ဟင်....'

သူမ၏ မျက်လုံးအစုံသည် မီးဝင်းဝင်းတောက်ပသွားသည်။

အော့ထုကျူက ကပျာကယာ လက်ကာပြလိုက်ပြီး—

'ဒါပေမယ့်....သူ့ကို တွေ့ချင်တော့ တွေ့မှာပါပဲ'

မိန်းမပျိုက သက်ပြင်းချလိုက်ပြီး

'အင်း....ရေနစ်တယ်ဆိုယင်လဲ ပေါ်လာသင့်တာပေါ့'

'ဟုတ်ပါတယ် ခင်ဗျာ'

'ကဲပါလေ....ကျွန်မကို ကမ်းသာကပ်ပေးပါတော့'

'ဗျာ....'

အော့ထုကျူက ထိတ်လန့်သွားသည်။

'ဒီမှာ အစ်မလေး...ဒီနေရာဟာ တောတောင်ထူထပ်တယ် လူသူအရောက်အပေါက်နည်းတယ်၊ နောက်ပြီး လူဆိုးတွေလဲ ရှိနိုင်တယ်ဗျ'

သူမက ခေါင်းခါယမ်းလိုက်သည်။

'ကျွန်မက ရှင့်ကို ကမ်းကပ်ခိုင်းတာပဲ'

အော့ထုကျူသည် နားမလည်နိုင်အောင်ဖြစ်သွားသည်။

သူသည် ဤမျှချောမောလှပပြီး ငယ်ရွယ်သောမိန်းကလေး တယောက်က

လူသူမနီးသည့် ဤတောတောင်ထဲသို့ဘာသွားလုပ်မည်ကို-

သူစဉ်းစား၍မရပါချေ။

သို့သော်

သူသည် သမ္ဗန်ကိုကမ်းသို့ကပ်လိုက်လေသည်။

သမ္ဗန်ကလေးသည် ကမ်းသို့ကပ်လိုက်သည်နှင့် အဖြူရောင် ဝတ်ဆင်ထားသောမိန်းကလေးသည် သူ့အား ငွေတုံး တတုံး ပစ်ပေးလိုက်သည်။





'ရော့....ရှင့်သမ္ဗန်ခ'

'ဟုတ်ကဲ့ ကျေးဇူး....'

သူ၏စကားမဆုံးမီမှာပင်

မိန်းကလေးသည် ကင်းပေါ်သို့ ခုန်တက်သွားပြီ ဖြစ်ပါသည်။

မကြာမီ သူမ၏ခန္ဓာကိုယ်သည် ပျောက်ကွယ် သွားလေသည်။

အော့ထုကျူသည် ပါးစပ်ဟောင်းလောင်းဖြစ်သွားသည်။

သူသည် အချိန်မဆိုင်းတော့ပဲ—

သမ္ဗန်အားမြစ်ရှိရာသို့ တဟုန်ထိုး လှော်ခတ် သွား လေတော့သည်။

* * *

ဝန်းကျင်တခုလုံးသည်

ကျေးငှက်ကလေးများ၏ အော်မြည်သံမှအပ

လူသံသူသံများမကြားရပဲ တိတ်ဆိတ်နေ၏။

လူတရပ်ခန့်မြင့်မားသော မြက်ပင်ရှည်များက ဝန်းကျင် တခုလုံးအား ဖုံးလွှမ်းထားသည်။

သူမသည် ဝန်းကျင်သို့တချက်ဝေ့ကြည့်လိုက်ပြီး

ကမ်းစပ်အတိုင်း ချောင်းရိုးတလျှောက် လျှောက် သွား ပြန်လေသည်။

သူမ၏အကြံမှာ

ရေထဲတွင်ရှာမတွေ့သော ဝမ်စီးထုံအားကမ်းစပ်တလျှောက် လိုက်ရှာရန်ဖြစ်ပါသည်။

သို့သော်

ကမ်းပေါ်သို့ တက်လာသောအခါ သူမ၏မျက်ဝန်းအစုံ သည်

ထိတ်လန့် ကြောက်ရွံ့သော အရိပ်အရောင်များ ပေါ် လွင်လာလေတော့သည်။

ဤနေရာသည် လူသူ တဦးတယောက်မျှမရှိပါ။

ရွံ့အိုင်များထူထပ်သော သစ်ပင်များနှင့် မြက်ပင်ရှည်ကြီး များကိုသာ တွေ့မြင်နေရ၏။

သမ္မန်သည် မြင်ကွင်းမှ ပျောက်ကွယ်သွားပြီဖြစ်ပါသည်၊

ထို့ကြောင့်

သူမသည် နောက်ဆုတ်၍မရတော့ပါ။

ဤတောအုပ်ထဲမှ ဆိုးဖောက်သွားရန်သာ ရှိပါ တော့ သည်။

သူမသည်စိတ်တင်းလိုက်ပြီး တောအုပ်ကလေး အတွင်းသို့ တိုးဝင်သွားလေသည်။

သူမ၏လှုပ်ရှားမှုကြောင့်ငှက်လေးငါးကောင်က ထပျံသွား သည်။

သူမခြေလှမ်းသုံးလှမ်းမျှ လှမ်းလိုက်မိသောအချိန်တွင်





နံဘေးမှ လှုပ်ရှားမှုတခုကို တွေ့လိုက်ရလေသည်။

သူမသည်ကိုယ်ကို တပတ် လှည့်လိုက်ပြီး လက်နက်ပုန်းက လေးများ ပစ်လွှင့်လိုက်သည်။

ငှေ့အပ်ကလေးများသည် ပစ်မှတ်သို့ တိတိကျကျ ထိမှန် သွားလေသည်။

စူးရှပြီးသေးငယ်သော အသံတခုက ထွက်ပေါ်လာသည်။

ဝှာစင်းထိုင်သည် အသံလာရာသို့ မြှားတစင်းပမာ ပြေး ဝင်သွားလေသည်။

သူမသည်မြင်တွေ့လိုက်ရသော မြင်ကွင်းကြောင့် သက် ပြင်းချလိုက်မိသည်။

ဆွတ်ဆွတ်ဖြူဖွေးသော ယုန်တကောင်သည် မြေပြင်ပေါ် တွင်လဲကျသေဆုံးနေသည်ကို တွေ့လိုက်ရလေသည်။

'အော် လက်စသတ်တော့ ယုန်ကလေးကိုး'

သူမသည် ယုန်သေလေးအား ကောက်ယူလိုက်ပြီး ခြေ လှမ်းခပ်သုတ်သုတ်ဖြင့် ကျောက်တုံးကျောက်ခဲများ ပေါများ ရာတောင်ခြေဘက်သို့ ဦးတည်လျှောက်သွားလေတော့သည်။

* * *

အရှေ့ဘက်တွင်

ချင်စန်းတောင်တန်းကြီးများအား တမျှော်တခေါ် တွေ့ လိုက်ရ၏။

အနောက်ဘက်တွင်မူ

ထိုထင်ရေကန်နှင့်ဆက်လျက်ရှိသော ချောင်းကလေးမှာ ဝှာစင်းထိုင်၏နောက် ဝါးဆယ်ပြန်ခန့်အကွာတွင် ကျန်ရစ်ခဲ့ပြီးဖြစ်ပါသည်။

သူမသည်ယခုထက်တိုင်ယုန်သေကလေးအား ကိုင်ဆောင်ထားသေး၏။

သူမ၏မဆင်မခြင်မှုကြောင့် အပြစ်မဲ့သည့် ယုန်ကလေးတကောင်သေဆုံးသွားရသည်ဟု သူမက မိမိကိုယ်ကို အပြစ်တင်နေ၏။

'အင်း....မင်းလဲ သေသွားမှတော့ မထူးပါဘူး၊ သွားပေတော့'

သူမသည်တယောက်တည်း ရေရွတ်လိုက်ယင်း

ယုန်သေကလေးအား လွှစ်ပစ်ရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်မှာပင်

အေးစက်သောအသံတခုက ထွက်ပေါ်လာလေသည်။

'ယုန်သေကို လွှင့်ပစ် လိုက်တာထက် မီးကင်စား လိုက်တာကပိုကောင်းတယ်မဟုတ်လား'

ထိုအသံသည် ဝှာစင်းထိုင်၏အနောက်ဘက် ကျောက်တုံးကြီးတတုံး နံဘေးမှ ထွက်ပေါ်လာခြင်းဖြစ်ပါသည်။

ဝှာစင်းထိုင်က ထိတ်လန့်သွားပြီး နောက်သို့ချာကနဲလှည့်လိုက်ပြီးဓါးမှဓားကို ဆွဲထုတ်လိုက်သည်။





သို့သော်....

သူမသည်ရုတ်တရက်မြင်တွေ့လိုက်ရသော မြင်ကွင်းကြောင့် လက်ထဲမှဓားကိုပင် လွှတ်ချမိမတတ် ဖြစ်သွားလေသည်။

ကျောက်တုံးကြီး၏ နံဘေး၌ အဘွားအိုတယောက် လဲလျောင်းနေ၏။

သူမ၏ခြေထောက်နှင့် ကိုယ်ခန္ဓာပေါ်မှာ သွေးများဖြင့် ပေကျံနေ၏။

ဝမ်းဗိုက်နှင့်ပခုံးတို့မှသွေးအနည်းငယ်စီးဆင်းကျနေတုန်းပင်။

အဘွားအိုက ဝှာစင်းထိုင်အား ပြုံးပြလိုက်သည်။

သူမသည် ပြုံးလိုက်မှပင် ပေါ်ထွက်လာသည့် သွားများကြောင့် ပို၍ရုပ်ဆိုးလာသည်ဟု ထင်မှတ်လိုက်ရသည်။

ဝှာစင်းထိုင်က နောက်သို့ခြေတလှမ်း ဆုတ်သွားသည်။

'ဟဲဟဲဟဲ ကျုပ်က လူကို ကိုက်မစားတတ်ပါဘူးကွဲ့ ကျုပ်ကယုန်သားသာစားချင်တာပါ'

'ရှင့်ကို ကျွန်မက ယုန်ကလေး ပေးရမယ်ဟုတ်လား'

'ဟုတ်ပါတယ် တခြားမှာသွား မီးကင်ပြီး လာပေးယင် ပိုကောင်းမှာပေါ့'

ဝှာစင်းထိုင်က နှာခေါင်းရှုံ့လိုက်သည်။

'ရှင်က ယုန်ကိုလဲ လိုချင်သေးတယ် ကျွန်မကိုလဲ မီးကင်ခိုင်းသေးတယ်'

သူမသည် မကျေနပ်သည့်လေသံဖြင့် ဆိုလိုက်သည်။

အဘွားအိုက အသံချိုသာစွာဖြင့်

'မဟုတ်ပါဘူး မိန်းကလေးရယ် အဘွားက ဒဏ်ရာတွေ အများကြီးရထားလို့ မလုပ်နိုင်လို့ပါ၊ နောက်ပြီး ဒီနားမှာ မီးကင်ယင် အဘွားရဲ့ အနာတွေကပိုပြီးဆိုးလာနိုင်တယ်မဟုတ်လား'

သူမသည်ဝှာစင်းထိုင်၏ ရုပ်ရည်ကိုတချက်အကဲခတ် လိုက်ပြီး....

'ဘွားဘွားသိပ်ဒုက္ခ ရောက်နေတာကို မိန်းကလေးကကူညီမယ်ဆိုယင် ဘွားဘွားက အလွန်ပဲကျေးဇူးတင်မှာပါကွယ်'

ဝှာစင်းထိုင်က တွေဝေသွားသည်။

သူမသည်သနား ကြင်နာတတ်သော သူတယောက် ဖြစ်သည်။

လူအယောတ်ဒုက္ခအခက်အခဲ တွေ့နေသည်ကို ကူညီရမည့်ဝတ္တရားရှိသည်ဟုယူဆပြီး

'ကောင်းပြီလေ ရှင် ဒီကသာ စောင့်နေပါ ကျွန်မယုန်ကလေးကို မီးကင်ပြီးတာနဲ့ပြန်လာပါ့မယ်'

သူမသည်ပြောပြီးသည်နှင့် အဘွားအိုနှင့် ဆန့်ကျင်ဘက်သို့ထွက်ခွာသွားလေသည်။

သူမပြန်လာမည်ကို အဘွားအိုကအတတ်သိသည်။

ဤမိန်းကလေးသည် သနားကြင်နာတတ်သော နှလုံးသားရှိသည်ဟု အဘွားအိုက ခန့်မှန်း၍ ရသည် မဟုတ်ပါလော။

* * *





မကြာပါချေ

ဝှာစင်းထိုင်က ပြန်လည်ရောက်ရှိလာသည်။

သူမ၏လက်ထဲတွင်နီရဲနေသော ယုန်ကင်တကောင် ပါလာလေသည်။

အဘွားအိုသည် သွားရည်တမြားမြား ကျလာသည်။

သူမ၏လက်ကိုဆန့်တန်းလိုက်ပြီး

'ဘွားဘွားကအရမ်းဆာလောင်နေပြီကွဲ့.'

ဝှာစင်းထိုင်က ယုန်ကင့်အား အဘွားအိုထံသို့ လှမ်းပေးလိုက်သည်။

အဘွားအိုသည်တခဏအတွင်းမှာပင် ပါးလုတ်ပါးလောင်းဖြင့် ယုန်ကင်တကောင်လုံးအား စားပစ်လိုက်လေသည်။

ဝှာစင်းထိုင်က ဝမ်းသာသွား၏။

သူမသည် ဒုက္ခရောက်နေသူ တယောက်အား ကူညီနိုင်ခဲ့သည်မဟုတ်ပါလော။

အဘွားအိုကသူမအား တချက် ကြည့်လိုက်ပြီး စကားစလိုက်သည်။

'ဘွားဘွား ဆာလောင်နေတာကြာပါပြီ၊ ခြေထောက်တွေမှာလည်း ဒဏ်ရာရထားတော့ ဘယ်မှမသွားနိုင်တော့ပါဘူး ဒဏ်ရာက သွေးထွက်နေတော့ ဆေးကုသဖို့လိုလိမ့်မယ် မိန်းကလေးဟာ အဘွားရဲ့ အသက်သခင်ပါ၊ မိန်းကလေးနဲ့သာမတွေ့ယင် ဘွားဘွားသေရမှာပါပဲဒီတော့'

သူမသည်စကားကို တပိုင်းတစနှင့်ရပ်တန့်ထားလိုက်သည်။

ဝှာစင်းထိုင်က မနေနိုင်ပါ။

'ဒီတော့ဘာဖြစ်သလဲ'

'လူတယောက် အသက်ဟာ ကယ်ကောင်း ပါတယ်ကွယ် ဒါကြောင့် တလက်စတည်း ဘွားဘွားကိုအိပ်စရာနေရာတခု ကိုပို့ပေးခဲ့ပါအုံး'

ဝှာစင်းထိုင်က စိတ်ခေတ် ကျသွားသည်။

'ဒီမှာဘွားဘွား ကျွန်မက လူတယောက်ကို လိုက်ရှာနေတာသူက သေတယ်ရှင်တယ် မသိရသေးဘူး ဒါကြောင့်'

သူမ၏စကားမဆုံးမီမှာပင်

အဘွားအိုက ကြားဖြတ်လိုက်သည်။

'မိန်းကလေးရယ် မင်းကသာကျုပ်ကို ပစ်ထားခဲ့မယ်ဆိုယင် ကျုပ်သေရမှာပါ ကျုပ်ခြေထောက်တွေက အခုအချိန်မှာလုံးဝ မထောက်နိုင်ပါဘူး'

ဝှာစင်းထိုင်က တွေဝေသွားသည်။

'ကဲ—ဒါဆို ဒီလိုလုပ်'

'ဆိုပါအုံး'

'ကျွန်မက ဘွားဘွားကို ချီပိုးပြီး ခြောက်သွေ့တဲ့ တနေရာရောက်အောင် ပို့ပေးခဲ့မယ်'

အဘွားအို၏မျက်လုံးအစုံသည် ဝင်းလက်သွားသည်။

'ကျေးဇူးကြီးလှပါတယ်ကွယ်'





ဝှာစင်းထိုင်က ပြောပြောဆိုဆိုနှင့် အဘွားအိုအား ပွေ့ချီလိုက်သည်။

အဘွားအို၏ခန္ဓာကိုယ်မှ ဆိုးရွားသောအနံ့ အသက်များကသူမ၏နှာခေါင်းသို့ တိုးဝင်သွားသည်။

'ဟင်း'

သူမသည်အလွန်ပင် အခံရခက်သွားသည်။

သို့သော်

သူမသည်လူတယောက်၏ အသက်ကိုကယ်ဆယ်မိပြီးမဟုတ်ပါလော။

ထို့ကြောင့်

ဆက်လက်၍ ကူညီရဦးမည်သာဖြစ်ပါသည်။

*　　*　　*

တောအုပ်ကလေးအတွင်းမှ

ထွက်လာလောအခါ

အပြင်ဘက်၌ သစ်ရွက်ပုပ်သစ်ရွက်ဆွေးများဖြင့် ပြည့်နှက်နေသော—

ရွှံ့ပျော့မြေသို့ ရောက်ရှိလာလေသည်၊

ဤနေရာတွင်

အဘွားအိုအားထားပစ်ခဲ့ရန် မဖြစ်နိုင်သေးပါ။

ထို့ကြောင့်....

ဝှာစင်းထိုင်သည် ဆက်လက်၍ ချီပိုးသွားရလေသည်။

အဘွားအိုရဲ၏ခန္ဓာကိုယ်မှ ထွက်ပေါ်လာသောအနံ့အသက်ဆိုးများကြောင်—

သူမသည်ခေါင်းများ မူးနောက်လာပြီး ခြေလှမ်းများ ယိမ်းယိုင်လာသည်။

သို့သော်....

အဘွားအိုကသူ့အား အပြစ်တင်လိုက်လေသည်။

'တဲ့ ဘယ်လိုဖြစ်နေတာလဲနင်လှဲကျသွားယင်ငါပါကျသွားမယ်ဆိုတာသတိမထားမိဘူးလား'

ဝှာစင်းထိုင်က ဒေါသချောင်းချောင်း ထွက်သွားသည်။

'ရှင်ကဘာသဘောလည်း ရှင့်ခန္ဓာကိုယ်အလေးကြီးကို ကျွန်မက ဘယ်အထိ ချီပိုးထားရမှာလဲ နည်းနည်း ပါးပါးတော့ ကိုယ်ချင်းစာဖို့ကောင်းပါတယ်'

'ငါ့အိပ်စရာနေရာရောက်ယင် မင်းသွားနိုင်ပါပြီ'

'ရှင်က ပြောလေ ကဲလေပါလား .. ကျွန်မက ရှင့်ကိုပစ်ချပြီး ဒီနေရာက ထွက်သွားရမလား'

အဘွားအိုသည် ဝှာစင်းထိုင်အား တင်းကျပ်စွာ ဖက်ထားလိုက်ပြီး—

'ငါ့ကိုတော့ ပစ်ချမထားခဲ့ပါနဲ့ မိန်းကလေးက ကျုပ်ရဲ့အသက်ကို ကယ်မယ်ဆိုပြီး ဘာကြောင့် ဒေါသကြီးရတာလဲ'

ဝှာစင်းထိုင်က စကားမပြောတော့ပါ။





သူမသည် ယခုမှ အဘွားအို၏ သဘောကို အကဲခတ်မိလိုက်လေသည်။

ဤအဘွားအိုသည် ကောက်ကျစ်စဉ်းလဲပြီး သိုင်းပညာအလွန်အဆင့်မြင့်သူဖြစ်ရမည်ဟု သူမ နားလည် လိုက်သည်။

အဘွားအို၏ တင်းကျပ်စွာ ဖက်ထားပုံမှာ သိုင်းပညာရပ်အရ ရန်သူကိုချုပ်ထားပုံနှင့် တူလှပေသည်။

ထို့ကြောင့်၊

သူမက အဘွားအိုအား ချိုသာသောလေသံဖြင့်၊

'ဒီမှာ ဘွားဘွား'

'ဘာလဲ'

'ကျွန်မကာ သိပ်မောနေပါပြီ၊ အခု ကျွန်မလာခဲ့တဲ့ ခရီးကလဲ တော်တော်ဝေးခဲ့ပါပြီ၊ ကျွန်မ ခဏလောက်နားမှဖြစ်မယ်ထင်တယ်'

'ဘာဖြစ်လို့လဲ'

'ဒီလို နားလိုက်မှ အဘွားကို ဆက်ပြီး ချီပိုး နိုင်မှာပေါ့ ကျွန်မက မနိုင်ပဲ လဲကျသွားယင် အဘွားလဲ သက်သာမှာမဟုတ်ဘူး'

အဘွားအိုက စဉ်းစားလိုက်ပြီး၊

'ကောင်းပြီလေ....ဒါပေမယ့် နင်က ငါ့ကို လိမ်တာတော့ မဟုတ်ပါဘူးနော်....'

'မဟုတ်ရပါဘူးရှင် ကျွန်မက တကယ်ပြောနေတာပါ'

သူမသည် ယင်းသို့ပြောလိုက်ပြီး၊

ခြောက်သွေ့သော ကွက်လပ်တခု၌ အဘွားအိုအားချထား လိုက်သည်။

အဘွားအိုက သူမ၏ ဖက်တွယ်ထားသော လက်များကို လွှတ်လိုက်သည်။

ထို တဒင်္ဂအချိန်တွင်၊

ဝှာစင်းထိုင်က နောက်သို့ ခုန်ဆုတ်လိုက်သည်။

အဘွားအိုက ထိတ်လန့်သွားသည်။

ဝှာစင်းထိုင်က တဟားဟားရယ်မောလိုက်သည်။

'ကဲ....ဘယ့်နှယ်လဲ ရှင်ဘာတတ်နိုင်သေးလဲ'

အဘွားအိုက ခေါင်းခါယမ်းလိုက်ပြီး၊

'မိန်းကလေး မင်းမှားပြီကွဲ့'

'ဘာဖြစ်လို့ မှားရမှာလဲ'

'အဘွားကို ကူညီခဲ့တာတွေဟာ ပြီးဆုံးကာနီးမှ မင်းက အဘွားကိုပစ်သွားတော့မှာပဲ'

'ရှင်က ဘာကိုဆိုလိုတာလဲ'

အဘွားအိုက အဝေးမှမြင်နေရသော တောင်ခြေရင်းသို့ လက်ညှိုးညွှန်လိုက်ပြီး၊

'အဲဒီ တောင်ခြေရင်းနားက ထင်းရှူးတောထဲမှာ အဘွား၏ အိမ်ရှိတယ်ကွဲ့၊ အိမ်ကို ရောက်ကာနီးမှ မင်းက အဘွားကို ပစ်သွားယင်....'





သူမသည် စကားကို တပိုင်းတစနှင့်ရပ်တန့်လိုက်သည်။

ဝှာစင်းထိုင်က သူမ ညွှန်ပြသည့် ဘက်သို့ တချက်ကြည့် လိုက်ပြီး

'အင်း....ဝေးတော့ဝေးသေးတယ် ဒါပေမယ့် ရောက်ကာ နီးမှပစ်သွားယင် တလမ်းလုံး ဂါဒုက္ခခံလာတာတွေ အလကား ဖြစ်သွားမှာပါပဲလေ'

သူမသည် ဤသို့ စဥ်းစားမိလိုက်သည်နှင့်

'ကောင်းပြီလေ ဒါဆိုယင် သွားကြတာပေါ့၊ ဒါပေမယ့် ရှင်က လမ်းမှာ ကျွန်မမမောယင် နားခွင့်ပေးရမယ် ဒါမှမဟုတ် ယင်တော့....'

သူမ၏ စကားမဆုံးမီမှာပင်

အဘွားအိုက ကြားဖြတ်လိုက်သည်။

'အို....ရပါတယ် မိန်းကလေးရဲ့သဘောပါပဲ အခုလိုအဘွား ကို ဆုံးခန်းတိုင်အောင်ကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်'

'မလိုပါဘူးရှင်....ရှင်ကသာ ကျွန်မရဲ့စေတနာကို နားလည် ယင် တော်ပါပြီ'

သူမသည် စကားသံဆုံးသွားသည်နှင့် အဘွားအိုအားချီပိုး လိုက်ပြီး၊ ထိုနေရာမှ ထွက်ခွာသွားလေတော့သည်။

* * *

လမ်းခရီးတလျှောက်၌၊

သုံးလေးကြိမ်မျှ အနားယူလိုက်ပြီးမှ

ထင်းရှူးတောရှိရာသို့ ရောက်ရှိလာလေသည်။

သို့သော်

အဘွားအိုပြောသော အိမ်ကိုမူ မတွေ့ရပါချေ။

ဝှာစင်းထိုင် စိတ်တိုသွားသည်။

'အိမ်က ဘယ်မှာလဲရှင့် ဘာအိမ်မှလဲ မတွေ့ရပါလား'

အဘွားအိုက ပြုံးလိုက်သည်။

'ကျုပ်အိမ်ရောက်တော့မှာပါ၊ အဲဒီရှေ့ကတွေ့ရတဲ့ ထင်းရှူးပင်တောထဲဝင်သွားလိုက်ပါ'

ဝှာစင်းထိုင်က သည်းညည်းခံ၍ ရှေ့ဆက် လျှောက် သွားသည်။

ခြေလှမ်းဆယ့်လေးငါးလှမ်းမျှလျှောက်မိသောအခါ

ထင်းရှူးပင်များအလယ်မှ

တသွင်သွင် စီးဆင်းနေသော စမ်းချောင်း ကလေး အား တွေ့မြင်လိုက်ရလေသည်။

စမ်းချောင်းကလေးအတွင်းမှ ရေများသည် အောက်ခြေသို့ပင်မြင်ရအောင်ကြည်လင်နေ၏။

ဝန်းကျင်တခုလုံးမှာလည်း–

အလွန်ပင်လှပ၍ ကြည်နူးဖွယ်ကောင်းလေသည်။

ဝှာစင်းထိုင်ကရုတ်တရက်အလှအပတွင်မိန်းမောသွားသည်။

သူမသည် ဤကဲ့သို့ သာယာလှပသော ရှုခင်းမျိုး မတွေ့မြင်ခဲ့ဘူးပါ။





သူမသည် အဘွားအိုအား သတိရလာလေသည်။

ထိုအဘွားအိုသည် ရုပ်ဆိုးအကျည်းတန်သလောက် သူမ နေထိုင်ရာပတ်ဝန်းကျင်သည် အလွန်ပင် သာယာလှပသည်ဟု သူမက တွေးမိသည်။

တဆက်တည်းမှာပင်

ထင်းရှူးပင်များ ပေါက်ရောက်နေပုံကို သတိပြုမိလိုက်လေသည်။

'ဟင်'

သူမ၏နှုတ်မှ အာမေဋိတ်သံတချက်ထွက်ပေါ်လာသည်။

ထိုထင်းရှူးပင်များမှာ ဝက်ပါတခု ခင်းကျင်းထားသည်နှင့် တူလှပေသည်။

သူမသည် အဘွားအိုအား ချထားလိုက်ပြီး ပြေးသွားရန်ကြိုးစား၏။

သို့သော်

အဘွားအိုသည် အေးစက်သော လေသံဖြင့်

'ဒီမှာ ကလေးမ မင်းဟာ ဒီဝက်ပါထဲဝင်ခဲ့မိပြီ၊ ဒီတော့ ပြန်ထွက်ဖို့မလွယ်တော့ဘူး၊ ငါ့ကို ငါ့ရဲ့အိပ်ရာပေါ် အထိတင်ပေးလိုက်ပြီးမှ ငါက ဝက်ပါထွက်နည်းကို သင်ကြားပေးလိုက်မယ်'

ဝှာစင်းထိုင်က မတတ်နိုင်တော့ပါ။

သူမသည် အံကိုတင်းတင်းကြိတ်လိုက်ပြီး

'ရှင်က တော်တော်ရုတ်မာပါလား၊ ကောင်းပြီလေ ရှင့်လက်ထဲရောက်နေမှတော့ ရှင်ပြောသလိုလုပ်ရတော့မှာပေါ့'

အဘွားအိုက သဘောကျစွာ ပြုံးလိုက်ပြီး

'ကဲ ဒီလိုဆိုယင် တတိယမြောက် ထင်းရှူးပင် ရောက်ယင် ချိုးကွေ့လိုက်'

ဝှာစင်းထိုင်က သူမပြောသည့်အတိုင်း ချိုး ကွေ့ လိုက်သည်။

မြေလမ်းကလေးတခုအား တွေ့လိုက်ရလေသည်။

ထိုလမ်းကလေးအတိုင်းအတန်ကြာအောင် လျှောက်သွားမိသောအခါ

ကျောက်တုံးကျောက်ခဲများ စုပုံနေသည့် နေရာသို့ရောက်ရှိလာလေသည်။

ကျောက်တုံးကြီးများသည် အလွန်ပင်ကြီးမား ပြီး တခုနှင့်တခု ထိစပ်ကာ ကျောက်တုံးပုံကြီးအဖြစ် တည်ရှိ နေသည်။

'အိမ်ရောက်ပြီဟေ့'

အဘွားအိုက ဝမ်းသာအားရ အော်ဟစ်လိုက်သည်။

ဝှာစင်းထိုင်က အံ့အားသင့်သွားသည်။

အဘွားအိုက ပြုံးလိုက်ပြီး

'ကဲ အဲဒီကျောက်တုံးဘေးက ကျောက်တုံးငယ် အသေးကလေးတခုကို မလိုက်စမ်း'

ဝှာစင်းထိုင်က သူမပြောသည့်အတိုင်း မလိုက်သည်။





သို့သော်

ကျောက်တုံးကလေးက မထင်မှတ်နိုင်အောင် လေး၍ နေသည်။

အနည်းငယ်အားစိုက်၍ မလိုက်မှ

'ဝိုန်း'

ကျယ်လောင်သောမြည်ဟီးသံတချက်နှင့်အတူ

ကျောက်တုံးကြီးများ အကြားမှ

လှိုဏ်ဂူပေါက်တခုပေါ် ထွက်လာလေသည်။

'ကဲ....ဝင်ပေတော့'

ဝှာစင်းထိုင်က ခေါင်းညိတ်လိုက်ပြီး လိုဏ်ဂူပေါက်အတွင်းသို့ လှမ်းဝင်သွားလေသည်။

* * *

လိုဏ်ဂူထဲသို့ရောက်သွားသောအခါ

ဝှာစင်းထိုင်၏မျက်လုံးအစုံသည် ပြူးကျယ်သွားလေသည်။

လိုဏ်ဂူထဲတွင်

ကျောက်ခက်ကျောက်ပန်းဆွဲများဖြင့် အလွန်ပင် လှပခန့်ညားနေ၏။

ကျောက်ဖြင့်ထွင်းထုထားသောစားပွဲခုံ၊ ကုလားထိုင်များကိုလည်း ခင်းကျင်းထားပြီး ပိုးဖဲများနှင့် အလှဆင်ထား၏။

အခန်း၏မျက်နှာကြက်မှာ မှန်သားကဲ့သို့ ကြည်လင်သောကျောက်တပ်ဆင်ထားပြီး

ထိုကျောက်ပြားမှတဆင့် အပြင်ဘက်မှ အလင်းရောင်ကို ရရှိလေသည်။

ဝှာစင်းထိုင်က အလွန်ပင် အံ့သြသွားသည်။

ဤမျှအရုပ်ဆိုးအကျည်းတန်လှသောအဘွားအိုသည် ဤမျှ လှပသော ဝန်းကျင်၊ လှပသော အခန်း လှပသော အသုံးအဆောင်တို့ဖြင့် နေထိုင်မည်ကိုသူမကမယုံကြည်နိုင်ပါ။

သူမသည်အဘွားအိုအား ကျောက်ကုတင်ပေါ်တွင်ချထားလိုက်သည်။

အဘွားအိုသည်အလွန်မောဟိုက်နေ၏။

သူမသည် ဝှာစင်းထိုင်အား အတွင်းဘက်ခန်းသို့ ညွှန်ပြလိုက်ပြီး—

'အဲဒီအထဲမှာ အစားအစာ ဆေးဝါးနဲ့ သောက်ရေရှိတယ်ကွဲ့'

ဝှာစင်းထိုင်က ဝမ်းသာသွားသည်။

သူမလည်း ဆာလောင်မွတ်သိပ်နေပြီ မဟုတ်ပါလော။

အစားအစာများနှင့် ဆေးဝါးများကိုအဘွားအိုထံ လှမ်းပေးလိုက်သည်။

အဘွားအိုက ပြုံးလိုက်ပြီး

'မင်းကငါ့ရဲ့အသက်သခင် ကျေးဇူးရှင်ဆိုတော့ မင်းရဲ့နာမည်ငါသိထားသင့်တယ် မဟုတ်လား'

'ဝှာစင်းထိုင်'





'အော် မင်းက ဝှာအမျိုးအနွယ်ကကိုး ဘွားဘွားရဲ့ နာမည်ကတော့ စွေမူလို့ ခေါ်တယ်ကွဲ့'

ဤနာမည်ကို ဝှာစင်းထိုင် တခါမှမကြားဖူးပါ။

သို့သော် ဤအဘွားအိုသည် ဇာတ်မြှုပ်နေသော သိုင်းပညာရှင်တယောက်ဟုကား သူမတွက်မိ၏။

ထိုစဉ်မှာပင်

အတွေးတခုက ဝှာစင်းထိုင်၏ ဦးခေါင်းထဲသို့ ဝင်ရောက်လာသည်။

သူမသည်တစုံတခုကို သတိရလာသဖြင့်

'ကျွန်မကရှင့်ကို အိမ်တိုင်ယာယောက်ပို့ပြီးပြီပဲ ကျွန်မမှာ အရေးကြီးတဲ့ကိစ္စရှိလို့ သွားခွင့်ပြုပါအုံး'

အဘွားအိုကပြုံး၍သာနေသည်။

ဝှာစင်းထိုင်က စိတ်မရှည်တော့ပါ။

သူမသည်လိုဏ်ဂူဝမှ လျှင်မြန်စွာအပြင်သို့ ခုန်ထွက်သွားလေတော့သည်။

သူမအပြင်ဘက်သို့ ရောက်သွားသည်နှင့်

လိုဏ်ဂူတံခါးသည် ပြန်လည်၍ပိတ်သွားပြီးဖြစ်ပါသည်။

* * *

ဝန်းကျင်တခုလုံးသည် တိတ်ဆိတ်နေ၏။

တခါတခါမှသာ ကျေးငှက် တိရစ္ဆာန်များ၏ အော်ဟစ်သံကိုကြားရသည်။

ဝှာစင်းထိုင်သည်
လိုဏ်ဂူတံခါးအားတချက်ကြည့်လိုက်ပြီး
'နေခဲ့ပေတော့'
သူမသည်သဘောကျစွာ ရယ်မောလိုက်ပြီး
လိုဏ်ဂူရှေ့မှ ထွက်ခွာသွားလေသည်။
သို့သော်
စမ်းချောင်းကလေးသို့ ရောက်ရှိလာသောအခါ

သူမ၏ ရယ်မောခြင်းသည် ရပ်တန့် သွားလေတော့သည်။

စမ်းချောင်းကလေး၏ တဘက်မှ ထင်းရှူးပင်များက အစီအရီပေါက်နေကြသည်။

သူမသည် ဤထင်းရှူးဝက်ပေါ်အား မေ့လျော့ခဲ့ခြင်းဖြစ်ပါသည်။

သူမသည် အလွန်ပင် စိတ်ခေတ်ကျသွားသည်။

အံကို တင်းတင်းကြိတ်လိုက်ပြီး

ထင်းရှူးဝက်ပေါ်သို့ ပြေးဝင်သွားလေသည်။

ထင်းရှူးပင်များအား ကွေ့ပတ်၍ လျှောက်သွားနေ၏။

သူမသည် ခြေလှမ်းပေါင်း တစ်ရာ့နှစ်ဆယ်ခန့် လှမ်းပြီးသော အခါ—

မူလက စမ်းချောင်းကလေးနေရာသို့ပင် ပြန်လည်ရောက်ရှိလာသည်ကို တွေ့လိုက်ရသည်။

ဝှာစင်းထိုင်က ဒေါသချောင်းချောင်း ထွက်သွားသည်။

---





သူမသည် အဘွားအို စွေမှူထံပြန်သွားပြီး၊ ဝက်ပေါ်၏ထွက်လမ်းကို မေးရန် ဆုံးဖြတ်လိုက်လေသည်။

* * *

ဝှာစင်းထိုင်သည်
ဒုတိယအကြိမ်မြောက် လိုဏ်ဂူအတွင်းသို့ ပြန်လည်ရောက်ရှိလာပြီ ဖြစ်ပါသည်။
သို့သော်—
အဘွားအိုက လုံးဝ အိပ်မောကျနေ၏။
သူမသည် စိတ်မရှည်နိုင်တော့ပဲ စွေမှူအား လှုပ်နှိုး လိုက်လေသည်။
'အဘွား....အဘွား....ထစမ်းပါ'
အဘွားအိုက မလှုပ်ပါ။
'အဘွားကြီး ထစမ်းပါအုံး'
အဘွားအိုက တဘက်သို့ ညည်းညူယင်းလှည့်သွား၏။
ဝှာစင်းထိုင်က ဒေါသထွက်လာပြီး
အဘွားအိုအား လက်ဝါးဖြင့် ရိုက်ချရန် လက်ကို မြှောက်လိုက်စဉ်မှာပင်—
အဘွားအို၏ ခေါင်းအုံးအောက်မှ
အရောင်မျိုးစုံ လှပစွာခြယ်ထားသော ယွန်းသေတ္တာဗူး အပိုင်းအစကို မြင်တွေ့လိုက်ရလေသည်။
သူမသည် အလွန်ပင်စိတ်ဝင်စားသွားသည်။

---

ရိုက်ချရန် မြှောက်ထားသောလက်ကို အောက်သို့ချလိုက်ပြီး၊ အဘွားအို၏ ခေါင်းအုံးအောက်မှ ယွန်းသေတ္တာကလေးအား ဆွဲထုတ်ယူလိုက်သည်။

အလွန်ပင်လှပခန့်ညားသည့် သေတ္တာငယ်ကလေး ဖြစ်ပါသည်။

သေတ္တာကလေး၏ အဖုံးအား ဖွင့်လိုက်သောအခါ—

ဟောင်းနွမ်းနေသည့် စာအုပ်တအုပ်အား တွေ့လိုက်ရလေသည်။

သူမသည် ထိုစာအုပ်အား ဖတ်ကြည့်မည်အပြုတွင်

အဘွားအိုသည် ရုတ်တရက်လှုပ်ရှားလိုက်ပြီး

ဝှာစင်းထိုင်၏လက်တွင်းမှ သေတ္တာကလေးအား လုယူလိုက်သည်။

ဝှာစင်းထိုင် အံ့ဩသွားသည်။

'ဟင်....ရှင်က မအိပ်သေးဘူးပေါ့'

'ဟုတ်တယ်'

'ဒါဖြင့် ကျွန်မခေါ်နေတာကို ဘာဖြစ်လို့ မထူးတာလဲ'

အဘွားအိုက ပါးစပ်ပိတ်ထားလိုက်၏။

'ကျွန်မက ရှင့်ရဲ့အသက်ကို ကယ်ခဲ့တယ်မဟုတ်လား'

အဘွားအိုက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်'

'ဒီလိုဆိုယင် ရှင်က ကျွန်မကို ထင်းရှူးဝက်ပါကနေ ထွက်သွားဖို့ လမ်းညွှန်ပေးပါ'





အဘွားအိုက ခေါင်းခါယမ်းလိုက်သည်။

'မဖြစ်ပါဘူး'

'ဘာဖြစ်လို့လဲ'

'အဘွားမှာ ကူညီမယ့်လူတယောက် လိုနေပါတယ်၊ အခုအချိန်မှာ မင်းကသာထွက်သွားယင် အဘွားကသေ သွားနိုင်တယ်'

ဝှာစင်းထိုင်းသည် ဒေါသထွက်လွန်း၍ တကိုယ်လုံး တုန်ယင်လာသည်။

'ကျွန်မမှာ အရေးကြီးတဲ့ကိစ္စရှိသေးတယ်လို့ ရှင့်ကို ပြောခဲ့တယ် မဟုတ်လား'

'ဟုတ်ပါတယ်'

'ဒါကြောင့် ကျွန်မကိုသွားခွင့်ပြုပါ'

အဘွားအို၏မျက်လုံးတွင် နွေးထွေးသော အရိပ်အရောင်များပေါ်လွင်လာသည်။

သူမ၏တသက်တာတွင် မကောင်းမှု ကိစ္စများကိုသာ ပြုလုပ်ခဲ့သည်။

အများ့တကာအပေါ် ရက်စက်ယုတ်မာခဲ့သည်။

သူမ၏ နှလုံးသားသည် အင်မတန် မာကျောသည်ဟု သူမထင်ထားခဲ့မိသည်။

သို့သော်

ယခု သူ့ရှေ့မှ မိန်းကလေးကိုမူ

သူသည် သံယောဇဉ် တွယ်လာမိပြီဖြစ်ပါသည်။

သူမသည် ဝှာစင်းထိုင်အား တချက်ကြည့်လိုက်ပြီး

'ဒီမှာ ဝှာစင်းထိုင်'

'ပြောပါ'

'အဘွား အနူးအညွှတ်တောင်းပန်ပါတယ်၊ မိန်းကလေး ကသာ အဘွားနဲ့ ၃ ရက်လောက်နေနိုင်မယ်ဆိုယင် အဘွား အတော်ကလေး သက်သာလာမှာပါ၊ အဘွားက သက်သာ လာခဲ့ယင် မိန်းကလေးကိုလဲ ကျေးဇူးဆပ်ပါ့မယ်'

ဝှာစင်းထိုင်က ဆိတ်ဆိတ်နေလိုက်၏။

အဘွားအိုက စကားဆက်လိုက်သည်။

'အဘွားဟာ ရန်သူရဲ့ ထောင်ချောက်မိခဲ့လို့ အခု ဆို ယင် ခြေထောက်မထောက်နိုင်ပါဘူး၊ နောက်ပြီး၊လူငယ်တယောက် ရဲ့လက်ချက်နဲ့ အဘွားရဲ့ခါးလဲ ကျန်ရစ်ခဲ့ရတာ အဘွားမကျေ ပါဘူး၊ သူတို့ကိုပြန်ပြီး ဆုံးမမယ်ဆိုတာ ကတိပေးပါတယ်'

ဝှာစင်းထိုင်က မဲ့ပြုံးပြုံးလိုက်ပြီး

'ရှင်က လူငယ်တယောက်နဲ့ ရန်ငြိုးရှိနေတာလား'

'မဟုတ်ပါဘူး ဒီသူငယ်က ဘွားဘွားရဲ့ ရန် သူ ဘက် က နေပြီး တိုက်ခိုက်တာပဲ'

'ရှင်က သူတို့ကိုမနိုင်ပဲနဲ့ ဘယ်လိုဆုံးမနိုင်မှာလဲ'

အဘွားအို နာကျည်းစွာ အော်ဟစ်ရယ်မောလိုက်သည်။

'သူတို့ကို ဘွားဘွားက အမှုန့်ချေပစ်နိုင်ပါတယ်ကွ ဒါပေ မယ့် ဘွားဘွားက ရန်သူကိုအထင်သေးမိလို့ ထောင်ချောက်





ဆင်ခံရတာပါ၊ နောက်ပြီး မထင်မှတ်ထားတဲ့ လူ ငယ် တ ယောက်ကလဲ ပါလာသေးတော့ ဘွားဘွားရဲ့မှား ယွင်း မှု ကြောင့် သေလောက်တဲ့ ဒဏ်ရာတွေရလာတာပေါ့'

ဝှာစင်းထိုင်က ခေါင်းငုံ့ထားလိုက်သည်။

အဘွားအိုသည် ဝှာစင်းထိုင် တွေဝေ သွားသည်ကို တွေ့ လိုက်ရသောအခါ အားတက်သွားသည်။

'တကယ်ပါ မိန်းကလေးရယ်၊ အဘွားခြေထောက် သက် သာလာပြီး လမ်းလျှောက်နိုင်ပြီဆိုယင် တော်ပါပြီ'

ဝှာစင်းထိုင်က သက်ပြင်းတချက်ချလိုက်ပြီး

'မဖြစ်သေးပါဘူး အဘွားရယ် ကျွန်မက လူတယောက် ကို လိုက်ရှာဖို့အရေးကြီးနေလို့ပါ'

'ဘယ်သူလဲ'

'ကျွန်မရဲ့ မိတ်ဆွေပါ'

'ယောကျ်ားလား၊ မိန်းမလား'

ဝှာစင်းထိုင်၏မျက်နှာသည် ရှက်သွေးကြောင့် နီ ရဲ သွား သည်။

သူမသည် အသံကို တိုးညင်းစွာဖြင့်

'ယောကျ်ားတယောက်ပါ'

အဘွားအိုက ရုတ်တရက် နားလည်လိုက်သည်။

မိန်းကလေး၏ အတွင်းသဘောကိုလည်း တမိုင်းတစ သိ မြင်လိုက်သည်။

'သူက ဘယ်သွားနေလို့လဲ'

'ဘယ်မှသွားတာမဟုတ်ပါဘူး အဘွားရယ်၊ သူက မြစ်ထဲမှာ မုန်တိုင်းမိပြီး ပျောက်ဆုံးသွားတာပါ၊ သေလား ရှင်သလားမသိရသေးပါဘူး'

'တော်တော် ကြာသွားပြီလား'

'သုံးလေးရက်လောက် ရှိသွားပါပြီ'

'သူက ရေနစ်မသေပဲ ကုန်းပေါ် တနေရာရာကို ရောက်သွားယင်ကော....'

'ဒါက ကျွန်မရဲ့ နောက်ဆုံးမျှော်လင့်ချက်ပါပဲ၊ သူ ဒီလို အသက်ရှင်ပါစေလို့ ကျွန်မ ဆုတောင်းရမှာပဲ'

'သူကသာ အသက်ရှင်လျက်နဲ့ရှိနေယင် သူ့ကို မိန်းကလေး တွေ့ရမှာပေါ့ကွယ်'

'ရှင်....အဘွားက ဘာကို ဆိုလိုတာလဲ'

'ဒီနယ်တဝိုက်မှာ အဘွား မရောက်ဖူးတဲ့နေရာ မရှိဘူး၊ ဒီတော့ အဘွားကသာ နေကောင်းပြီး လမ်းလျှောက်နိုင်ယင်တော့ မင်းရဲ့မိတ်ဆွေကို ပြန်တွေ့အောင် ရှာပေးနိုင်တာပေါ့ကွယ်'

'ရှင်က အမှန်အတိုင်းပြောနေတာလား'

'တကယ်ပေါ့ကွယ်....မင်းက ငါ့ရဲ့အသက်သခင်ပဲ၊ ငါက ဘာဖြစ်လို့ ညာပြောရမှာလဲ'

ဝှာစင်းထိုင်က ဝမ်းသာသွားသည်။





'ရှင်ကသာ နေကောင်းသွားလို့ သူ့ကို တွေ့အောင် ရှာပေးမယ်လို့ ကတိပေးယင် ကျွန်မက ရှင်နေကောင်းလာတဲ့အထိ ပြုစုပေးပါ့မယ်'

အဘွားအိုက ခေါင်းညိတ်လိုက်သည်။

'ကောင်းပါပြီ ငါကတိပေးပါတယ်'

'ကဲ... ဒီလိုဆိုယင် ရှင်အိပ်ပျော်အောင်အိပ်ပေတော့၊ ရှင် အိပ်ယာက နိုးလာတဲ့အချိန်မှာ ကျွန်မက ရှင့်ကိုပြုစုဖို့အဆင်သင့် ဖြစ်နေရမယ်ဆိုတာ ရှင်မှတ်ထားလိုက်ပေတော့'

သူမသည် ပြောပြီးသည်နှင့် ချာကနဲလှည့်ကာ—

ကျောက်လှိုဏ်ဂူ၏အတွင်းဘက် အိပ်ခန်းမှ ထွက်သွားလေတော့သည်။

*　　*　　*

နေဝန်းကြီးသည်

အရှေ့ဘက်မှ ထွက်ပေါ်လာသည်။

လောကကြီးတခုလုံးအား အလင်းရောင်ပေးလျက် ရှိပြီး၊ သူ၏ တာဝန်ဝတ္တရားများကို ထမ်းဆောင်နေ၏။

သို့သော်—

နေမင်းကြီးသည် တနေ့တာအချိန် ကုန်ဆုံး သွားသည်နှင့် တပြိုင်နက်—

သူ၏ အလင်းရောင်များကို ရုပ်သိမ်းကာ

အနောက်ဘက်သို့ ငုပ်လျှိုးပျောက်ကွယ်သွားလေသည်။

ညအချိန်ကာလသို့ ရောက်ရှိလာသည်။

တညတာ ကုန်ဆုံးသွားသည်နှင့်

နေဝန်းကြီးသည် အရှေ့ဘက်မှတဖန် ပြန်လည်၍ ထွက်ပေါ်လာဦးမည် မဟုတ်ပါလော။

* * *

ဤသို့ဖြင့်

အချိန်ကာလသည် တရွေ့ရွေ့ ကုန်ဆုံးသွားလေသည်။

ဝှာစင်းထိုင်သည် ကျောက်လှိုဏ်ဂူအတွင်း၌ နေထိုင်ခဲ့သည်မှာ....

လေးရက်ရှိပြီ ဖြစ်သည်။

လေးရက်....

လေးရက်ဟူသော အချိန်ကာလအတွင်း

စွေမူ၏ဒဏ်ရာများသည် သက်သာ၍ လာလေသည်။

စွေမူက ဒဏ်ရာရှိနေသည့်ကာလတွင်—

ဝှာစင်းထိုင်သည် မအိပ်မနေ ပြုစုပေးခဲ့လေသည်။

သူမသည် စားသောက်ဖွယ်ရာများကို အထူး ကောင်းမွန်စွာ ချက်ပြုတ်ကျွေးမွေးခြင်း၊

စွေမူ၏ဒဏ်ရာများကို ဆေးကြောသုတ်သင်၍ ဆေးလိမ်းပေးခြင်း၊

ဆေးဘက်ဝင်သည့် သစ်မြစ်များကိုတူးဖော်၍ စွေမူအား တိုက်ကျွေးခြင်း၊





စသည် စသည်တို့ကို သူ၏ မိခင်တဦးပမာ ပြုစုံ ပေးခဲ့လေသည်။

ပထမဟွင် စွေမူသည် ဆေးဖက်ဝင်သည့် သစ်မြစ်များတူးဖော်ရန် ဝှာစင်းထိုင်အားခိုင်းစေရသောအခါ....

ထင်းရှူးပင် ဝက်ပေါ၏ထွက်လမ်းကို မပြောချင်ပေမင့် အရဲစွန့်ကာ ပြောပြလိုက်ရ၏။

အမှန်မှာ သူမသည် ဝှာစင်းထိုင်အား ပြန်လာတော့မည် မဟုတ်ဟု ထင်နေမိသည်။

သို့သော်

ဝှာစင်းထိုင်က ဆေးမြစ်များနှင့်အတူ ပြန်လည် ရောက်ရှိလာလေသည်။

သူမသည် ဆေးပညာ လုံးဝမတတ်ပါ။

စွေမူကလည်း မတတ်ပါချေ။

သို့သော်

လက်ရှစ်ချောင်းသိုင်းသမား ကျင်းရှီ၏ သိုင်းစာအုပ်ကျမ်းငယ်မှ ဆေးဝါးကုသနည်းများ မှတ်ယူ၍ သူ၏ ဒဏ်ရာများကို ကုသခဲ့ခြင်းဖြစ်ပါသည်။

ဝှာစင်းထိုင်သည် ထင်းရှူးတောဝက်ပေါ၏ ထွက်လမ်းကို သိလိုက်ရသော်လည်း....

သူမသည် ထွက်မသွားပါ။

အကြောင်းမှာ—

သူမသည် စွေမူအပေါ် သံယောဇဉ် တွယ်နေမိပြီ ဖြစ်ပါသည်။

ထို့နည်းတူ

စွေမူကလည်း သူမအပေါ်တွင် သမီးငယ် တယောက်ပမာ သံယောဇဉ်တွယ်တာမိပြီဖြစ်ပါသည်။

* * *

သာယာသော နံနက်ခင်းဖြစ်ပါသည်။

ကျေးငှက်များက ဘာသာဘာဝ အော်ဟစ် မြူးတူးကြသည်။

နံနက်ခင်းဝယ် နေရောင်ခြည်များလည်း နွေးနွေး ထွေးထွေးရှိလှပေသည်။

စွေမူသည်

ယနေ့နံနက် အိပ်ရာမှ နိုးလာသောအခါ

ယခင်နေ့များထက်ပို၍ သာသာယာယာရှိလှသည်ဟု စိတ်ထဲ၌ ထင်မှတ်မိသည်။

သူမသည် ဝန်းကျင်အား ပြူတင်းပေါက်မှ အကဲခတ်ကြည့်လိုက်ပြီး—

'အင်း... ဒီလိုသာယာတဲ့ နံနက်ခင်းမှာ အိပ်ရာထဲ အိပ်နေရတာ နှမြောဖို့ကောင်းတယ်'

ဝှာစင်းထိုင် နားလည်လိုက်သည်။

'ရှင်က အပြင်ဘက်ထွက်ပြီး လျှောက်ကြည့်ချင်လို့လား'





စွေမူက ပြုံးလိုက်သည်။

ဤမိန်းကလေးသည် သူ့အပေါ် နားလည်နိုင်သည်ဟု သူသိထားလိုက်သည်။

'အပြင်ဘက်ကို ထွက်ပြီး နေပူစာလှုံရယင်ကောင်းမယ်'

'ရှင့်ဒဏ်ရာတွေက သက်သာသွားတာတော့ဟုတ်ပါပြီ ဒါပေမယ့် ရှင်လမ်းလျှောက်နိုင်ပါ့မလား'

'အို....ကျုပ်က ဝါးနှစ်ချောင်းသာရယင် တနေကုန်အောင် လျှောက်နိုင်ပါတယ်'

'ဝါးနှစ်ချောင်း ဟုတ်လား'

'ဟုတ်တယ်... ညည်းကသာ ဝါးလုံး နှစ်ချောင်း လောက်ခုတ်ယူခဲ့ပါ'

'ကောင်းပြီလေ.... ဒါပေမယ့် ရှင်ဝေးဝေးကို လျှောက်မသွားရဘူးနော်'

'ဘာဖြစ်လို့လဲ'

'ရှင်က အဝေးကြီး လျှောက်သွားပြီးမှ ဒီကိုပြန်လျှောက်မလာနိုင်ယင် ကျွန်မက ချီပိုးလာရမှာမဟုတ်လား'

အဘွားအိုစွေမူက သဘောကျစွာ ရယ်မောလိုက်သည်။

'ကောင်းပါပြီကွယ် ဝါးလုံးသာယူခဲ့ပါတော့...'

* * *

အဘွားအို စွေမူသည်

ဝါးလုံးနှစ်ချောင်းအား ချိုင်းထောက်သဖွယ်ပြုကာလမ်းလျှောက်နေပါ၏။

ဝှာစင်းထိုင်က ဘေးမှဖေးမကာ လိုက်ပါလာသည်။

သူတို့သည် ထန်းရှူးတော ဝက်ပါကိုပင် ကျော်လွန်ခဲ့ပြီ ဖြစ်ပါသည်။

တဖြည်းဖြည်းနှင့် ဆက်၍လျှောက်လာရာ—

'ဘွားဘွား'

'ဘာလဲ'

'ကျွန်မတို့ အခုလာခဲ့တာ အနည်းဆုံး နှစ်မိုင်လောက်ရှိပြီ ပြန်ကြယင် ကောင်းမယ်ထင်တယ်'

'ကောင်းပြီလေ ပြန်ကြတာပေါ့'

အဘွားအိုသည် ချိုင်းထောက်ကိုအားပြုလိုက်ပြီး—

လာလမ်းသို့ပြန်လှည့်မည်အပြုတွင်

အဝေးမှစကားပြောသံများကိုကြားလိုက်ရလေသည်။

သူမသည် ကပျာကယာ ချိုင်းထောက်များကို ချုံငယ် တခုအတွင်းသို့ဝှက်လိုက်သည်။

ဝှာစင်းထိုင်က အံ့အားသင့်သွားသည်။

တိုစဉ်မှာပင်

အဝေးမှလျှောက်လာသော လူနှစ်ယောက်အားတွေ့လိုက် ရလေသည်။

ထိုလူနှစ်ယောက်သည် သူတို့ဘက်သို့ ဦးတည်လာနေ၏။

စွေမူက မျက်နှာကွက်ကနဲပျက်သွားသည်။

ဝတ္ထုထွန်းစာပေ



သူမသည် ရှောင်တိမ်းရန် နေဝင်ကျသွားပြီကို သိလိုက်ရသည်။

ထိုလူနှစ်ယောက်သည် တောခေါင်ခေါင်ထဲ၌ သူ တို့ နှစ်ယောက်အားတွေ့လိုက်ရသောအခါ

ခြေလှမ်းများ ရပ်တန့်သွားကြသည်။

'အစ်ကိုရေ ... ကျုပ်တို့က မျက်စိကန်းပြီးရှာမတွေ့နိုင်ခဲ့တာ အခုမှမျှော်လင့်ပဲ တွေ့ရတော့တယ်'

သူတို့သည် အဖြူရောင်အင်္ကျီရှည်များဝတ်ဆင် ထား ကြသည်။

တယောက်က အရပ်အလွန်ပုပြီး သုံးပေခန့်သာ ရှိမည်ဟု ထင်ရသည်။

ကျန်တယောက်မှာမူ အရပ်အလွန်မြင့်ပေသည်။

သူတို့နှစ်ယောက်အတွဲမှာ ရယ်စရာကောင်းသည်ဟု ဝှာစင်းထိုင်က ထင်မှတ်လိုက်သည်။

သို့သော်

စွေမူက မပြုံးနိုင်ပါ။

'ဘယ်သူတွေများမှတ်တယ်.... 'စီချွမ်'နယ်က မရဏ ညီနောင်ကိုး....'

အဘွားအို၏ စကားကြောင့်

ဝှာစင်းထိုင်သည် အလွန်ပင် ထိတ်လန့်သွားလေသည်။

သူမသည် မရဏညီနောင်၏အကြောင်းကို ကြားဖူးခဲ့သည်။

ဝတ္ထုထွန်း စာပေ

၎င်းတို့သည် ရက်စက်ယုတ်မာသည့် နေရာတွင် နာမည် ကျော်ကြားလှသည်။

သူတို့၏ သိုင်းပညာမှာ အလွန်ပင် ထက်မြက်လှသဖြင့်

သူတို့လက်ချက်နှင့် သေဆုံးသွားရသော သိုင်းသမားများ မှာ မနည်းလှပေ။

အရပ်ပုပြီး ဝဝတုတ်တုတ်ရှိသော လူမှာ လျူကျန်း ဖြစ် သည်။

သူသည် မည်သည့်လက်နက်မှ ကိုင်ဆောင်မထားပါ။

သို့သော်

သူ၏ ပွယောင်းသော အင်္ကျီအတွင်း၌ လက်နက်ပုန်းများ မှာ....

အနည်းဆုံး ဆယ့်ငါးမျိုးခန့် ရှိနေ၏။

သူသည် မည်သည့်လက်နက်မှကိုင်ဆောင်ထားခြင်းမရှိသည့် အတွက်....

အထင်သေးမိသည့် သိုင်းသမားများသည်

သူ၏ ကန့်ဖြင့် ဖော်စပ်ထားသော ပေါက်ကွဲ တတ်သည့် လက်နက်ပုန်းကြောင့် အသက်ဆုံးရှုံးသွားကြရသည်ကများ၏။

အရပ်ရှည်သောလူမှာ လျူကျန်းနှင့် ဆန့်ကျင်ဘက် ဖြစ် သည်။

သူ့နာမည်မှာ ဖေ့ ယဲ့ချင်း ဖြစ်ပြီး၊

သူ ကိုင်ဆောင်သောလက်နက်က သူ့အရပ်ကဲ့သို့ပင် ရှည် လျားလေသည်။





အရိုးနှစ်ချောင်းပုံပါသော အလံတခုကို သူ၏ ရှည်လျား သော လှံတံထိပ်တွင် တပ်ဆင်ထားပြီး—

ထိုအလံ၏ အပေါ်ဘက် လှံထိပ်ဖျားအနီးတွင် ‘ပ’အက္ခရာ သဏ္ဌာန် ခါးကွေးနှစ်လက် တပ်ဆင်ထားသည်။

အသုံးမပြုသည့်အခါ အလံကို လိပ်ထားပြီး လှံတံကို သူ၏ ကျောပေါ်တွင် ပိုးထားလေသည်။

ဝှာစင်းထိုင်က အုံ့ညြနေစဉ်အတွင်းမှာပင်

ထိုလူနှစ်ယောက်သည် စွေမူအား ဝိုင်းရံ ထားလိုက်သည်။

‘ခင်ဗျားက ဒီကနေ့ ကံဆိုးပြီလို့ မှတ်လိုက်ပါ’

‘ဟုတ်တယ်.... ခင်ဗျားက ကျုပ်ကို အနိုင်ယူသွားတာ.... အခုတော့ ကျုပ်အလှည့်ပဲ....’

သူတို့သည် တယောက်တပေါက်ပြောဆိုယင်း

စွေမူ၏အနီးသို့ တိုးသည်ထက် တိုးကပ် လာကြသည်။

ဝှာစင်းထိုင် ထိတ်လန့်လာ၏။

သူမသည် စွေမူအတွက် စိုးရိမ်လာလေသည်။

ထို့ကြောင့်

သူမသည် စွေမူ၏ ရှေ့တွင် ဝင်ရောက် အကာအကွယ် ပေး လိုက်သည်။

‘ရပ်လိုက်’

ထိုလူနှစ်ယောက်သည် ယခုမှ ဝှာစင်းထိုင်ကို သတိပြုမိ သွားကြသည်။

'မိန်းကလေးက ဘယ်သူပါလဲ....အေးအေးဆေးဆေးဘေး ဖယ်နေယင် ကောင်းမယ်ထင်ပါတယ်'

အဘွားအို စွေမူက အသံကျယ်လောင်စွာဖြင့် ရယ်မော လိုက်သည်။

'ဟား....ဟား....ဟား'

ထိုလူနှစ်ယောက်သည် ကြောင်အံ့အံ့ဖြင့်

'ခင်ဗျားက ဘာရယ်တာလဲဗျ'

'ရှင်တို့ကို သဘောကျလို့ပေါ့'

အရပ်ပုသော လူသည် ရုတ်တရက် အနီးရှိသစ်ပင်တပင်၏ သစ်ကိုင်းပေါ်သို့ ခုန်တက်လိုက်သည်။

သူသည် စကားပြောသောအခါ အရပ် အလွန် ပုသဖြင့် တပါးသူအား မော့်၍ပြောရသည်။

ထိုသို့ မော့်ပြောရခြင်းကို သူက မနှစ်သက်ပါ။

သူ့ကိုသာ တခြားသူက မော့်ကြည့်၍ စကား ပြောနိုင်ရန် သူက စကားပြောသည့်အခါတိုင်း၊

သစ်ပင်ပေါ် (သို့မဟုတ်) နေရာ အမြင့်တခုခုပေါ်မှ ပြော လေ့ပြောထရှိလေသည်။

သူ၏ လှုပ်ရှ ားမှုသည် လျင်မြန်ပြီး၊

ခန္ဓာကိုယ် အချိန်အဆ တိကျမှန်ကန်လေသည်။

သူ၏ ကိုယ်ဖော့ပညာသည် ထိပ်တန်းအဆင့်သို့ ရောက်ရှိ နေပြီဖြစ်ကြောင်း ဝှာစင်းထိုင်က သိလိုက်သည်။





သူသည် သစ်ကိုင်းပေါ်၌ ငြိမ်သက်စွာရပ်လျက်၊

'ဆိုပါအုံးဗျ... ခင်ဗျားက ဘာတွေ သဘောကျသလဲ ဆိုတာ...'

စွေမူသည် ရယ်မောရာမှ ရပ်တန့်လိုက်ပြီး၊

'မရဏညီနောင်က ဆယ်နှစ်လောက်က ရှုံးတဲ့ကိစ္စကို ရှင်း ချင်ယင် ကျုပ်တယောက်တည်းရှိနေတုန်း ဘာဖြစ်လို့ မလာ ကြတာလဲ'

ဖေ့ယွဲ့ချင်းက ဒေါသထွက်စွာဖြင့်-

'ခင်ဗျားက ပုန်းနေတာကိုးဗျ၊ ခင်ဗျားကို ကျုပ်တို့က ဘယ်မှာရှာလို့တွေ့မှာလဲ'

'ကျွန်မက ပုန်းမနေပါဘူးရှင်....ရှင်တို့ကသာ မျက်စိ ကန်းပြီး မမြင်တာပါ'

လျူကျန်းသည် သူတို့အား မျက်စိကန်းများဟု ပြော လိုက်သဖြင့် နှုတ်ခမ်းမဲ့လိုက်ပြီး—

'ကျုပ်တို့ မကန်းလို့ အခုရောက်လာပြီမဟုတ်လား'

'ဒါပေါ့ရှင်....ရှင်တို့က တယောက်ချင်း ကျွန်မနဲ့ ယှဉ်ပြိုင် ခဲ့တာ မနိုင်ခဲ့လို့ ဒီတခါနှစ်ယောက်ပေါင်းပြီး အနိုင်ယူမယ်လို့ တွက်ထားကြယင် မှားမယ်ရှင့်'

'အို....ဘာပဲဖြစ်ဖြစ် ဒီကနေ့တော့ ခင်ဗျားသေရမှာပဲ'

အရပ်ရှည်ရှည်နှင့်လူက

လက်ကာပြလိုက်ပြီး

'ဒီမှာညီလေးလျှကျန်း သူဘာတွေ ဆက်ညာမယ် ဆိုတာ နားထောင်စမ်းပါကွာ'

ဝှာစင်းထိုင်က မျက်မှောင်ကုပ်သွားသည်။

အရပ်ရှည်သော လူ၏မျက်နှာမှာ ငယ်ရွယ်သည်ဟု ထင်ရသည်။

အရပ်ပုသောလူ၏ မျက်နှာသည် အိုမင်းရင့်ရော်ဟန်ရှိပြီး အသက် ၅၀-ခန့်ရှိပြီဟု ထင်ရသည်။

သို့သော်

အရပ်ရှည်နှင့်လူက ထိုသူအား 'ညီလေး'ဟု ခေါ်လိုက်သောအခါ

သူမက အံ့သြသွားလေသည်။

တဆက်တည်းမှာပင်

သူမသည် စွေမူအား ဂရုစိုက်ကြည့်မိသည်။

စွေမူနှင့် ရက်အတန်ကြာ အတူတကွ နေထိုင်ခဲ့သဖြင့်

သူမသည် စွေမူ၏ သဘောကို တချို့ တဝက် နားလည်ထားလေသည်။

စွေမူသည် စကားများ တတ်သောအဘွားအို တယောက် မဟုတ်ပါ။

သို့သော်

ယခု သူမသည် စကားများစွာ ပြောနေ၏။





သူမ၏ သိုင်းပညာသည် ဤလူနှစ်ယောက်အားလွယ်လွယ်နှင့်ပင် အနိုင်ရနိုင်သည်။

သို့သော်

သူမသည် ဒဏ်ရာများ မပျောက်ကင်းသေး သည်က တကြောင်း

အဘိုးအို ချင်းပင်၏ လက်ဝါးဒဏ်ကြောင့်လည်းကောင်း

အတွင်းအားများ ဆုတ်ယုတ်ကာ သာမန်လူတယောက်ကဲ့သို့ပင်ဖြစ်နေ၏။

သူမသည် နောက်ထပ်တလခန့် ဆေးဝါးကုသပြီးလျှင်

ထိုလူနှစ်ယောက်အား အလွယ်တကူ အနိုင်ယူနိုင်မည်ဖြစ်ပါသည်။

သူမသည် ယင်းသို့တွေးတောနေစဉ်မှာပင်

အဘွားအိုက လှောင်ပြုံးပြုံးလိုက်ပြီး

'ဒီမှာ ဖေ့ယွဲ့ချင်း ကျုပ်က လိမ်မပြောတူးကွ မင်းတို့ကသာ အရမ်းကာရောကျုပ်ကိုတိုက်ခိုက်လိုက်မယ်ဆိုယင် မင်းတို့အသက်ဆုံးရှုံးသွားမှာပဲ'

ဖေ့ယွဲ့ချင်းက မျက်မှောင်ကုပ်သွားသည်။

'ဘာဖြစ်လို့လဲဗျ'

- 'ဒါကြောင့်မို့ ပြောတာပေါ့ မင်းတို့က လွန်ခဲ့တဲ့ဆယ်နှစ်လောက်မှာ ကျန်နေရစ်ခဲ့ပြီကွ နားလည်လား၊ အခုငါ့ရဲ့ရှေ့မှာရပ်နေတာ ဘယ်သူလဲ မင်းတို့သိရဲ့လား'

ဖေ့ယဲ့ချင်းနှင့် လျူကျန်းတို့က ခေါင်းခါယမ်းလိုက်သည်။ အဘွားအိုက အေးစက်သောလေသံဖြင့်

'မင်းတို့ မြဲမြဲမှတ်ထား၊ သူ့နာမည်က 'လျံကုနန်'ကွ'

'ဗျာ.... လျံကုနန် ဟုတ်လား'

'ဟုတ်တယ် 'စီးဟူကန်'ရဲ့ သခင်မလေး လျံကုနန်ပဲ'

ထိုစကားကြားလိုက်ရသောအခါ

ဖေ့ယဲ့ချင်းတို့ နောက်သို့ ခြေသုံးလေးလှမ်းမျှ ဆုတ်လိုက်သည်။

လျူကျန်းကမူ အောက်သို့ခုန်ဆင်းလိုက်သည်။

သူတို့သည် မယုံကြည် နိုင်စွာဖြင့် ဝုံစင်းထိုင်အား ကြည့်လိုက်သည်။

'ခင်ဗျား တကယ်ပြောတာလား'

'မယုံဘူးဆိုယင်တော့ သူ့ကို မေးကြည့်ပေါ့'

သူမသည် ဝုံစင်းထိုင်ဘက်သို့လှည့်လိုက်ပြီးမျက်စိတဘက် မှိတ်ပြကာပြောလိုက်သည်။

ဝုံစင်းထိုင်က ပထမတွင် ကြောင်အံ့အံ့ဖြစ်နေသော်လည်း နောက်ပိုင်းတွင် သဘောပေါက်လာလေသည်။

သူမသည် အေးစက်စွာ တချက်ရယ်မောလိုက်သည်။

ဝင်းလက်တောက်ပသော မျက်လုံးအစုံဖြင့် ထိုလူ နှစ်ဦးအား စိုက်ကြည့်လိုက်သည်။





မယုံကြည်နိုင်အောင်ပင် ထိုလူနှစ်ဦးသည် ဖောချွေးများ ပြန်လာသည်အထိ ကြောက်ရွံ့နေကြသည်။

သူတို့နှစ်ယောက်သည် ဝုံစင်းထိုင်အား တ ချက် ကြည့် လိုက်ပြီး

'လျံကုနန်'

ဟု ပြိုင်တူ ရေရွတ်မိလိုက်ကြလေသည်။

*　　　*　　　*

လျံကုနန်သည် ဝုံစင်းထိုင်မဟုတ်ပါ။

တို့အတူ

ဝုံစင်းထိုင်သည်လည်း လျံကုနန်မဟုတ်ပါ။

သူတို့နှစ်ယောက် ကြောက်လန့် သွား စေရန် အဘွားအို စွေမူက

ခြောက်လှန့်လိမ်ညာလိုက်ခြင်းဖြစ်ပါသည်။

ထိုသူနှစ်ယောက် အလွန်အမင်း ကြောက် ရွံ့နေ သော လျံကုနန်သည် မည်သူနည်း။

*　　　*　　　*

လျံကုနန်သည် လျံကုနန်သာဖြစ်ပါသည်။

သူမသည်၊ စီးဟူ ရေကန်ဟွင်နေထိုင်ပြီး ကြာပန်း၏ ရနံ့ အမွှေးအကြိုင်ကို အလွန်နှစ်သက်သည်။

သူမသည်အစိမ်းရောင် ဂါဝန်ရှည်ကို အမြဲတမ်း ဝတ်ဆင် လျှက်ရှိပြီး—

သူမ၏ကိုယ်ခန္ဓာအား သန့်ရှင်းလှပစေရန် အမြဲတစေပင် ပြုပြင်နေတတ်သည်။

လျှံကုနန်သည် ရုပ်ရည် ချောမောသလောက် စိတ်ထား ခက်ထန်လေသည်။

သူမ၏သိုင်းပညာကို မည်သူမျှမယှဉ်ပြိုင်နိုင်အောင်ပင် ထူး ချွန်လွန်းသည့်အတွက်—

သူမကမာန်မာန တက်လျက်ရှိလေသည်။

သူမ၏ကြာစေ့သဏ္ဍာန် လက်နက်ပုန်းအား ရှောင်တိမ်း နိုင်သည့်သူလောကတွင် မရှိသေးချေ။

လျှံကုနန်သည်ငယ်ရွယ်ပြီး စိတ်ခက်ထန်မှုကြောင့် သူမနှင့် ရင်ဆိုင်တိုးမိကြသည့် သိုင်းသမားများသည်အသက် ချမ်းသာ ရာရသည်ဟူ၍ မရှိကြပါချေ။

* * *

လျူကျန်းနှင့်

ဖေ့ယွဲ့ချမ်းတို့သည် ထိတ်ထိတ်ကြဲ သိုင်းသမားများ ဖြစ် ကြသည်။

သို့သော်...

သူတို့သည်လျှံကုနန်ကို ကြောက်ရွံ့ကြလေသည်။

သူတို့သည် လျှံကုနန်အား လူကိုယ်တိုင် မမြင်ဖူး ခဲ့သော် လည်း—





သူမ၏သတင်းကိုမူ နားလျှံအောင် ကြားခဲ့ရသည်။

ချောမောလှပပြီး အစိမ်းရောင်ဂါဝန်ရှည် ဝတ်ဆင်သည့် လျှံကုနန်ကို သူတို့လုံးဝ ရင်မဆိုင်လိုပါ။

သို့သော်...

ယခု သူတို့၏ရှေ့၌ ချောမောလှပပြီး အစိမ်းရောင်ဂါဝန် ရှည် ဝတ်ဆင်ထားသူက ရောက်ရှိနေပြီ မဟုတ်ပါလော။

ဝှာစင်းထိုင်သည် အဘွားအို၏ဥာဏ်ကို ချီးကျူးမိလိုက် သည်။

'ရှင်တို့က ဘယ်ကလဲ'

သူမ၏အသံသည် အေးစက်နေ၏။

လျူကျန်းက လက်နှစ်ဘက်ဆုပ်လိုက်ပြီး

'ကျွန်တော်ကလျူကျန်းပါ၊ သူကတော့ ဖေ့ယွဲ့ချင်းပါ ကျွန်တော်တို့က ညီအစ်ကိုအဖြစ် အသိအမှတ်ပြုသစ္စာဆိုထား တဲ့'စီချွမ်း'နယ်က မရဏညီနောင်ပါ'

ဖေ့ယွဲ့ချင်းက ဦးညွှတ်လိုက်ပြီး

'ကျွန်တော်တို့က လျှံကုနန်ကို လေးစားပါတယ်၊ လျှံကု နန်နဲ့ဆုံတွေ့ရလို့ ဝမ်းသာပါတယ် စောစောက ကျွန်တော့်တို့ ပြောသွားတဲ့စကားတွေထဲမှာ အမှားပါယင် ခွင့်လွှတ်ဖို့ ကျွန် တော် တောင်းပန်ပါတယ်'

ဝှာစင်းထိုင်က ပြုံးလိုက်သည်။

'ရှင်တို့က ဘာကိစ္စဒီကိုရောက်လာတာလဲ'

သူတို့သည်ယခုမှ အဘွားအို စွေမူအားသတိရလာပြီးဒေါ
သထွက်လာကြလေသည်။

လျူကျန်းသည် အဘွားအို စွေမူအား စက်ဆုပ်စွာတချက်
ကြည့်လိုက်ပြီး

'ကျွန်တော်တို့ကသူနဲ့ ကိစ္စလေး နည်းနည်းပါးပါးရှိလို့ပါ'

'ဘာကိစ္စများလဲ'

ဖေ့ယဲ့ချင်းက ကြားဖြတ်လိုက်သည်။

'ဒီလိုပါလွန်ခဲ့တဲ့ ဆယ်နှစ်လောက်က သူနဲ့ကျွန်တော်တို့ညီ
နောင်နဲ့ ပညာချင်းယှဉ်ပြိုင်ပါတယ်၊ အဲဒါတယောက်ချင်းမှာ
ကျွန်တော်တို့ညီနောင်က အရေးနိမ့်ခဲ့လို့ အခု ကျွန်တော်တို့
ညီနောင်နှစ်ယောက်ပေါင်းပြီး သူနဲ့ယှဉ်ပြိုင်ဖို့လာတာပါ'

ဝှာစင်းထိုင်က မဲ့ပြုံးပြုံးလိုက်ပြီး

'နှစ်ယောက်တယောက်ယှဉ်ပြိုင်ကြမယ်ဟုတ်လား ရှင်တို့က
သူဒီမှာရှိမှန်း ဘယ်လိုလုပ်သိသလဲ'

ဖေ့ယဲ့ချင်း၏မျက်နှာသည် ကွက်ကနဲ ပျက်သွားသည်။

'သူ့ကိုဒီမှာရှိမှန်း ကျွန်တော်တို့မသိပါဘူး ထုံဆင်ရေကန်
ကိုသွားမလို့လာယင်း လမ်းမှာ အခုလိုတွေ့တာပါ'

'သူက ကျွန်မမိတ်ဆွေဆိုတာ ရှင်တို့က မသိဘူးလား'

ဖေ့ယဲ့ချင်းကနောက်သို့ ထပ်မံဆုတ်သွားသည်။

'ကျွန်တော်တို့က လျှံကုနန်ရှိနေမှန်းမသိလို့ပါ၊ ကျွန်တော်
တို့မှားပါတယ် ဒါပေမယ့်'





သူသည်အလွန်ခံပြင်းသော လေသံဖြင့်

'လျှံကုနန်သာမရှိယင် သူမလွယ်ပါဘူး ဒီကိစ္စမှာလျှံကုနန်
သာမပါဝင်ခဲ့ယင်'

တချိန်လုံးနံဘေးမှ နှုတ်ဆိတ်နေခဲ့သော

အဘွားအိုစွေမူက ခက်ထန်သော လေသံဖြင့်

'ကဲပါ လျှံကုနန်ရယ်သူတို့ကို ယှဉ်ပြိုင်ခွင့် ပြုလိုက်စမ်းပါ
ဒါမှသူတို့ ဘယ်လောက်ညံ့သေးတယ်ဆိုတာ သိသွားကြမယ်'

လျူကျန်းကလျင်မြန်စွာ ကြားဖြတ်လိုက်သည်။

'ဟုတ်ပါတယ် လျှံကုနန် ဒီကိစ္စမှာ လျှံကုနန်ကဝင်မပါဖို့
ကျွန်တော်တို့ညီနောင်က တောင်းပန်ပါတယ် ကျွန်တော်တို့
ဟာလျှံကုနန်ကို အစဉ်အမြဲလေးစားနေသူတွေပါ'

ဖေ့ယဲ့ချင်းက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်လျှံကုနန် ခင်ဗျားကသာ ခွင့်ပြုမယ် ဆိုယင်
ကျုပ်တို့ညီနောင်က ခင်ဗျားရဲ့ကျေးဇူးကို မေ့မှာ မဟုတ်ပါ
ဘူး'

ဝှာစင်းထိုင်က ခေါင်းခါယမ်းလိုက်သည်။

'မဖြစ်နိုင်ဘူး ဒီကိစ္စကို ကျွန်မခွင့်မပြုနိုင်ဘူး'

လျူကျန်း၏မျက်နှာသည် နီရဲသွားသည်။

သူသည် ဝှာစင်းထိုင်အား မကျေနပ်သည့် အကြည့် ဖြင့်
ကြည့်လိုက်ပြီး

'ဘာဖြစ်လို့လဲဗျ'

'ဘာဖြစ်ရမလဲရှင့် ရှင်တို့က ကျွန်မမိတ်ဆွေကို တိုက်ခိုက်ဖို့ ကျွန်မက ခွင့်ပြုရမှာလား၊ တကယ်ဆိုယင် ရှင်တို့နှစ်ယောက်က တိုက်ခိုက်ချင်တယ်ဆိုယင် ညီမျှအောင် ကျွန်မတို့ နှစ်ယောက် ရှင်တို့နှစ်ယောက်ဆိုယင် ပိုကောင်းတာပေါ့'

ဝှာစင်းထိုင်သည် လျူကျန်းတို့က ကြောက် နေမှန်း သိ၍ ဟန်ဆောင် ခြိမ်းခြောက်နေခြင်းဖြစ်ပါသည်။

အကယ်၍

သူတို့က ရိပ်မိသွားပါက သူမတို့နှစ်ယောက်စလုံး သေဆုံးသွားနိုင်သည်မဟုတ်ပါလော။

လျူကျန်းက မျက်နှာကွက်ကနဲပျက်သွားသည်။

သူသည် ကပျာကယာ ခေါင်းခါပြလိုက်ပြီး

'မလုပ်ပါနဲ့ဗျာ ကျွန်တော်တို့က လျံကုနန်ကို ယှဉ်ပြိုင်ပြီး မတိုက်ဝံ့ပါဘူး'

'ရှင်တို့ ဘာကိစ္စမှ မရှိတော့ဘူးပေါ့ဟုတ်လား'

'ဟုတ်ပါတယ် လျံကုနန်ရှိနေတဲ့အတွက် ကျွန် တော် တို့ အတွက် ဒီနေရာမှာ ဘာကိစ္စမှမရှိတော့ပါဘူး'

'ဘာကိစ္စမှမရှိယင် ရှင်တို့ ဘာလုပ်နေသလဲ'

လျူကျန်းက သဘောပေါက်သွားသည်။

သူသည် လက်နှစ်ဘက်ဆုတ်၍ အလေးပြုလိုက်ပြီး

'လျံကုနန်က ကျွန်တော်တို့ရဲ့ အသက်ကို ချမ်း သာ ပေး လိုက်တဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်ခင်ဗျာ'





သူသည် စကားဆုံးသွားသည်နှင့် နောက်သို့ တပတ်ကျွမ်း ပစ်ကာ ပြေးလွှားသွားလေသည်။

ဖေ့ယဲ့ချင်းကလဲ ဝှာစင်းထိုင်အား ဦးညွှတ်လိုက်ပြီး

'အခုလိုခွင့်လွှတ်တာကို ကျေးဇူးတင်ပါတယ်ဗျာ၊ ဒါပေမယ့်....'

'ခင်ဗျားနဲ့ကျုပ်တို့ တနေ့ တွေ့ကြသေးတာပေါ့'

သူ၏စကားသံမဆုံးမီမှာပင်

သူ၏ခန္ဓာကိုယ်သည် ငှက်တကောင်ပမာ ပေါ့ပါးစွာဖြင့် တောအုပ်အတွင်းသို့ ပြေးဝင် ပျောက်ကွယ် သွားလေတော့ သည်။ ၎င်းတို့၏ ပေါ့ပါးလှသော ကိုယ်ဖော့ပညာကိုကြည့်ယင်း ဝှာစင်းထိုင်သည့် ပါးစပ်အဟောင်းသားဖြင့် ကျန် ရစ်ခဲ့လေသည်။

* * *

ဝန်းကျင်တခုလုံးသည်

ပြန်လည် တိတ်ဆိတ်သွားသည်။

'စိချွမ်' မှ မရဏညီနောင်သည် ပျောက်ကွယ် သွားပြီးဖြစ်ပါသည်။

ဝှာစင်းထိုင်သည် ယခုမှပင်သက်ပြင်းချနိုင်လေတော့သည်။ စွေမူက အားရပါးရရယ်မောလိုက်သည်။

ဝှာစင်းထိုင်က ဒေါသထွက်သွားသည်။

'ရှင်က သေရေးရှင်ရေးအချိန်မှာတောင် ရယ် နိုင် သေး တယ်နော်'

သူမ၏ လေသံတွင် မကျေနပ်သံများ ပါနေသည်ကို အဘွားအိုစွေမူက ရိပ်မိလိုက်သည်။

သူမသည် ရယ်မောရာမှ ရပ်တန့်လိုက်ပြီး

'မဟုတ်ပါဘူးကွယ်၊ ကျုပ်ကညည်းရဲ့အပြောအဆိုကလေးတွေ သဘောကျလွန်းလို့ပါ'

ယခုမှပင်

ဝါစင်းထိုင်က ကျေနပ်သွားလေတော့သည်။

'ကဲ ကျွန်မတို့အိမ်ကို မြန်မြန်ပြန်ကြယင်ကောင်းမယ်ထင်တယ်၊ ဒီနေရာက စိတ်မချရဘူး တော်ကြာ သူတို့ပြန်လာယင် မလွယ်ဘူး'

အဘွားအိုစွေမူက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ် တို့အိမ်ကို အမြန်ဆုံးပြန်ကြစို့'

သူမသည် ယင်းသို့ပြောပြီးသည်နှင့်

ချုံအတွင်းဝှက်ထားသော ချိုင်းထောက်အား လှမ်းယူလိုက်ပြီး လျင်မြန်စွာ ခုန်ပေါက်ပြေးလွှား သွားလေတော့သည်။ ဝါစင်းထိုင်ကလည်း နောက်မှ ထပ်ကြပ်မကွာ လိုက်ပါသွားလေတော့သည်။

* * *

မကြာမီ

သူတို့သည် ကျောက်ဂူရှိရာသို့ ပြန်လည်ရောက်ရှိလာပြီး ဖြစ်ပါသည်။

သို့သော်





အဘွားအို၏မျက်နှာသည် တခုခုကို စိုးရိမ်ပူပန်သည့်ဟန် ဖြစ်ပေါ်နေလေသည်။

'ဘွားဘွား'

'ဘာလဲ'

'ဘွားဘွားက ဘာတွေ စဉ်းစားနေတာလဲ'

အဘွားအိုစွေမူသည် အတန်ကြာအောင် တွေဝေနေပြီးမှ

'သူတို့ညီနောင် လွယ်လွယ်နဲ့လက်လျှော့မယ့် လူစားတွေ မဟုတ်ဘူးကွဲ့'

ဝါစင်းထိုင်က နားမလည်နိုင်ပဲဖြစ်သွားသည်။

'သူတို့ထွက်ပြေးသွားပြီမဟုတ်လား'

'အခုတော့ထွက်ပြေးသွားတာ မှန်ပေမယ့် သူတို့က ဝေးဝေးကို ပြေးသွားကြမှာမဟုတ်ဘူးကွဲ့'

'ဘာဖြစ်လို့လဲ'

'သူတို့ကိုယ်တိုင်က လူလိမ်လူညာတွေဆိုတော့ သူတို့ကို အလိမ်ညာခံရမှာ အိပ်ကြောက်ကြတယ်ကွဲ့၊ အဲဒီတော့ သူတို့ ကညည်းဟာ လျံကုနန်အစစ်ဟုတ် မဟုတ်ဆိုတာလာပြီး စုံစမ်းကြအုံးမှာပဲ'

ဝါစင်းထိုင်က အံ့သြသွားသည်။

'သူတို့က လျံကုနန်ကိုမကြောက်ဘူးလား'

'လျံကုနန်ကိုတော့ ကြောက်တာပေါ့ ဒါပေမယ့်သူတို့က လျံကုနန်ကိုလူကိုယ်တိုင်မြင်ဘူးတာမဟုတ်ဘူး၊ သတင်း ကြားရရုံနဲ့ကြောက်နေကြတာ၊ အဲဒီတော့ သူတို့စိတ်ထဲမှာတော့ခံချင်မှာမဟုတ်ဘူး'

'ဟုတ်လား'

'ဟုတ်တယ်ကွဲ့ သူတို့ဟာ တခါတလေ မထင်မှတ်အောင်ကို ထူးထူးဆန်းဆန်းလုပ်တတ်ကြတယ်သူတို့ကလျှံကူနန်အပေါ် မကျေမနပ်ဖြစ်လာတယ်ဆိုယင်တော့ အသေခံပြီး တိုက်ဖြမှာ သေချာတယ်ကွဲ့'

ဝှာစင်းထိုင်က ကြားဖြတ်လိုက်သည်။

'ဒါဖြင့်စောစောကကျွန်မက ချိမ်းခြောက်နေတော့ သူတို့ကဘာဖြစ်လို့ မတိုက်ခိုက်ကြတာလဲ'

'အဲဒီတုန်းက ရုတ်တရက်ဆိုတော့ ကြောင်အံ့အံ့ ဖြစ်သွားပြီးထိတ်လန့်မှုကကြီးစိုးသွားပြီ ဖြစ်မှာပေါ့'

ဝှာစင်းထိုင်ကစဉ်းစားလိုက်ပြီး

'ဒီလိုဆိုယင်သူတို့ပြန်လာမှာ သေချာတယ်နော်'

'သေချာပေါက် ပြန်လာမှာပေါ့ဒါပေမယ့် အခုချက်ချင်းတော့ ပြန်လာရှဲမှာမဟုတ်ဘူး တို့တတွေအတွက်အချိန် ရအုံးမှာပေါ့'

'ကျွန်မတို့က ဘာလုပ်မှာမို့လဲ'

'တို့ကသူတို့ကို ထောင်ချောက်ဆင်ဖို့ပေါ့'

'ရှင်ထောင်ချောက်ဟုတ်လား'

'ဟုတ်တယ်လေ ဝက်ပေါ ထောင်ချောက်ပေါ့ကွဲ့'

အဘွားအိုသည် သဘောကျစွာ ရယ်မော လိုက်သည်။

ဝှာစင်းထိုင်ကလည်း ရောယောင်၍ရယ်မောလိုက် တော့သည်။

*　　*　　*





ပျော်ရွှင်သဘောကျစွာ ရယ်မောသော

ရယ်မောသံများသည် တိတ်ဆိတ်ပြီဖြစ်ပါသည်။

အဘွားအိုစွေမှုသည်

မြေပြင်ပေါ်တွင် တုတ်တချောင်းဖြင့် တစုံတခုကို ရေးခြစ်နေ၏။

ထို့နောက်ပြန်ဖျက်ပစ်လိုက်သည်။

တဖန်ရေးခြစ်လိုက်ပြန်သည်။

ဤသို့ဖြင့်

ရေးလိုက်ဖျက်လိုက်ဖြင့် သူမသည် အတန်ကြာအောင် စိတ်ရှုပ်နေ၏။

ဝှာစင်းထိုင်က နားမလည်နိုင်ပါ။

သို့သော်သူမသည် အဘွားအို ရေးခြစ်နေသည့်ပုံစံ တခု၏ အမည်ကိုအမှတ်မထင် ရေရွတ်မိလေသည်။

'ဟင် ရှောင်မီကျန့်'

အဘွားအိုသည် ရေးခြစ်နေခြင်းမှ ရပ်တန့်လိုက်ယည်။

သူမ၏မျက်နှာသည် အလွန်အမင်း အံ့ဩနေသည့် ပုံဟန် ပေါ်လွင်နေ၏။

'ဟုတ်ပြီညည်းက တော်တော် အားကိုး ရသားပဲ ငါက ဒီဝက်ပေါ်ရဲ့ နာမည်ကို မေ့နေတာ'

သူမသည် ပြောပြောဆိုဆိုနှင့်

ဝှာစင်းထိုင်၏လက်ကိုဆွဲလိုက်ပြီး

'ဒီမှာလာကြည့်'

သူမသည်မြေပြင်ပေါ်၌ ရေးခြစ်ထားသော မျဉ်းဖြောင့်မျဉ်းကောက်များကို ညွှန်ပြလိုက်ပြီး

'ဒါကသစ်ပင်ဆယ်ပင်'

သူမသည်နောက်ထပ် အစက်ကလေး သုံးစက်အား ညွှန်ပြလိုက်ပြီး

'ဒါက တံခါးပေါက်တွေ အမှန်တော့တံခါးအတုတွေပဲ'

သူမသည်ယင်းသို့ပြောလိုက်ပြီး

နောက်ထပ် မျဉ်းဖြောင့်တကြောင်းအား အစက်ကလေးသုံးစက်နောက်မှ ဆွဲလိုက်ပြန်သည်။

ဝှင်စင်းထိုင်က နားမည်နိုင်ပါ။

အဘွားအိုစွေမူ၏ ပြောပြချက်များကို အကျမ်းတဝင် မရှိသော်လည်း—

အလွန်အစွမ်းထက်သည့် ဝက်ပါတခု ဖြစ်နေမှန်းသိလိုက်ရလေသည်။

ဝှာစင်းထိုင်၏မိခင်သည် သိုင်းပညာ ထူးချွန်သူတဦး ဖြစ်သည်။

သူမသည်ထူးဆန်းသော ဝက်ပါပညာများကို ဝှာစင်းထိုင်အား သင်ကြားပေးခဲ့သော်လည်း

ဝှာစင်းထိုင်က တိတိပပတတ်မြောက်ခဲ့ခြင်း မရှိပေ။

အဘွားအိုစွေမူသည် ဝက်ပါပုံစံကို အပြီးသတ်လိုက်ပြီး





'ကဲ…ငါတို့က ဒီပုံစံအတိုင်း ဝက်ပါတခုတည်ဆောက် ကြမယ်'

သူမသည် ဝှာစင်းထိုင်အားတချက်စိုက်ကြည့်လိုက်ပြီး

'ဒီဝက်ပါပြီးသွားယင်တော့ ဘယ်ရန်သူကမှ တို့ဆီ ရောက်မလာနိုင်တော့ပါဘူး'

ဝှာစင်းထိုင်က ပြုံးလိုက်သည်။

'ဘွားဘွား ရှင်က သိပ်တော်ပါလား'

အဘွားအိုစွေမူက သဘောကျသွားသည်။

'တနေ့ကျယင် ညည်းက ငါ့ရဲ့ပညာတွေအားလုံးကိုပိုင်ဆိုင်ရမှာပေါ့လေ'

သူမသည် ဝှာစင်းထိုင်အား အဓိပ္ပါယ်ပါစွာတချက်ကြည့်လိုက်ပြီး

ကျောက်လိုဏ်ဂူထဲမှ ရဲဒင်းတလက်အား ထုတ်ယူလိုက်ပြီး ဝှာစင်းထိုင်အား လှမ်းပေးလိုက်သည်။

သူမသည် တူရွင်းတခုကို ယူ၍ အနေတော် ထင်းရှူးပင်များကို တူးဆွလေတော့သည်။

ဝှာစင်းထိုင်ကလည်း သူမခိုင်းသည့်အတိုင်း ထင်း ရှူး ပင်အကိုင်းအလက်အချို့ကို ခုတ်ယူပေးလိုက်လေသည်။

အဘွားအိုစွေမူသည် ထင်းရှူးပင်များ လုံ လောက်ပြီ ဟု မှတ်ယူလိုက်သောအခါ တူးဆွနေရာမှ ရပ်တန့်လိုက်ပြီး

ဝှာစင်းထိုင်အား သူမတူးယူထားသည့်ထင်းရှူးပင်ငယ်များနှင့် ခုတ်ချထားသော ထင်းရှူးကိုင်းငယ်များကို သေ သပ်အောင် ပြုပြင်ပြီး

'ကဲ ဝှာစင်းထိုင်'

'ရှင်ဘွားဘွား'

'ညည်းက ဒီထင်းရှူးပင်တွေကို ဘွားဘွားညွှန်ပြတဲ့ နေရာတွေမှာ စိုက်ပါ'

'ဟုတ်ကဲ့ ဘွားဘွား'

အဘွားအိုသည် ထင်းရှူးပင်များအား နေရာအမှတ်အသားနှင့် တပင်ပြီးတပင် စိုက်ခိုင်းလိုက်သည်။

ထင်းရှူးပင်များ၏ အကွာအဝေးကိုလည်း ခြေ လှမ်း ဖြင့် တိုင်းကာ

တကယ့်ထင်းရှူးပင် အစစ်များဟုမှတ်ထင်စေရန် အပင်ခြေရင်းသို့မြေနှင့်ဖုံးအုပ်ကာ မြေသားသေအောင် ရေ လောင်းခိုင်းလေသည်။

အချိန်သည်

တရွေ့ရွေ့ကုန်ဆုံးသွားသည်။

သို့သော်၊

စွေမှုက ရပ်တန့်ခြင်းမရှိသေးပါ။

သူမသည် ဝှာစင်းထိုင်အား ကျောက်တုံးများအား သယ်ခိုင်းပြန်လေသည်။

လူ့တဘက်ခန့်ရှိပြီး အမြင့်သုံးပေမျှရှိသော ကျောက်တုံးများကို ဝှာစင်းထိုင်က တရွေ့ရွေ့နှင့် အဘွားအိုစွေမှုအလိုရှိရာနေရာသို့ ပို့ဆောင်ပေးလိုက်သည်။





ဝှာစင်းထိုင်က ပင်ပန်းလွန်း၍ ချွေးများထွက်လာသည်။

သူမသည်တမနက်လုံး အဘွားအို၏ ခိုင်းစေချက်ကြောင့် လုပ်ကိုင်ပေးခဲ့သည်မှ

မွန်းလွဲအချိန်သို့ပင် ရောက်ရှိလာပြီဖြစ်ပါသည်။

ထို့ကြောင့်

သူမသည်စိတ်အနည်းငယ် တိုသွားလေသည်။

'ဒီမှာရှင့် အလုပ်ကမပြီးနိုင်သေးဘူးလား'

အဘွားအို စွေမှုက ပြုံးလိုက်ပြီး

'ဝက်ပါတည်ဆောက်မှုကတော့ ပြီးပါပြီကွယ်'

'ရှင်....ဒါဖြင့်၊ ဘာက မပြီးသေးတာလဲ'

အဘွားအိုစွေမှုက သူမအား နှစ်သိမ့်သည့် အကြည့်ဖြင့် တချက်ကြည့်လိုက်ပြီး

'ဒေါသမကြီးပါနဲ့ ကလေးမရယ် အစွမ်းထက်တဲ့ဝက်ပါတည်ဆောက်တဲ့ နေရာမှာ နည်းနည်းတော့ ပင်ပန်း မှာပေါ့ကွယ်'

သူမသည်ဝှာစင်းထိုင်အား မချိုမချဉ်ဖြင့် ကြည့်လိုက်ပြီး

'ညည်းက ဒီဝက်ပါကို စမ်းကြည့်ပါလား'

ဝှာစင်းထိုင်က နှုတ်ခမ်းကိုက်လိုက်ပြီး

'အို....ဒါလောက်တော့လဲ ဖြစ်ပါတယ်ရှင်'

သူမသည်ပြောပြောဆိုဆိုနှင့် ဝက်ပါအတွင်းသို့ လှမ်းဝင်လိုက်လေသည်။

သူမသည် ဝက်ပါအတွင်း ခြေလေးလှမ်းမျှ ဝင်လိုက်သောအခါ၊ အဘွားအိုစွေမူအားအဝေး၌တွေ့မြင်နေရသော်လည်း သူမထံသို့ ပြန်လျှောက်သွားသောအခါ

ဟိုကွေ့ သည်ပတ်ဖြင့် အဘွားအိုထံမရောက်နိုင်ပဲ ချာလည်လည်နေသည်။

သူမသည်ထိတ်လန့်သွားသည်။

'အင်းငါကိုယ်တိုင်ဒီဝက်ပါ တည်ဆောက်မှုထဲမှာ ပါခဲ့ပေမယ့် ပြန်မထွက်တတ်အောင် ဖြစ်နေယင် အပြင်ကလာတဲ့ ရန်သူတော့ မလွယ်ဘူး'

သူမသည်ယင်းသို့ တွေးလိုက်ပြီး

'ဘွားဘွားရဲ့ ဝက်ပါကတော့ ချီးကျူးစရာပါပဲ၊ ဒါပေမယ့်ကျွန်မ ဘယ်ဘက်က ထွက်ရမယ်ဆိုတာပြောစမ်းပါအုံး'

အဘွားအိုက သဘောကျစွာ ရယ်မောလိုက်သည်။

'လွယ်လွယ်ကလေးပါကွယ်'

သူမကထွက်လမ်းကို ပြောပြလိုက်သောအခါ

ဝှာစင်းထိုင်က ဝက်ပါအတွင်းမှ လွတ်မြောက် လာလေတော့သည်။

* * *

ဝက်ပါ

ဝက်ပါဟူသည် ရှုပ်ထွေးလှသည်မဟုတ်ပါလော

သို့သော်....





ဤထင်းရှူးပင်များ ကျောက်တုံးများနှင့် တည်ဆောက်ထားသည့် ဝက်ပါသည် မည်ကဲ့သို့ ရှုပ်ထွေးသနည်း။

ရှင်းပါသည်၊

ဤထင်းရှူးပင် ဝက်ပါထဲသို့ ဝင်လိုက်မိသောအခါဝင်လာသူသည် ထင်းရှူးပင်နှင့် ကျောက်တုံးများကို ကွေ့ပတ်ကာ လျှောက်သွားပေမည်။

ထိုအခါရှေ့၌ ထပ်မံ၍ ထင်းရှူးပင်တွေ့ရမည်။

ထိုအခါ၌လည်း ကွေ့ရှောင်သွားမည်။

သို့သော်....

ထင်းရှူးပင်နှင့် ကျောက်တုံးများကို ထပ်မံတွေ့ရမည် ဖြစ်ပါသည်။

ဤသို့ဖြင့် ကွေ့ယင်းရှောင်ယင်းဖြင့်အပြင်ဘက်သို့ ရောက်ရှိမသွားပဲ

ဤထင်းရှူးပင်နှင့် ကျောက်တုံးများ အကြားတွင် ထဝဲလည်လည်ဖြစ်နေမည်ဖြစ်ပါသည်။

ဤသို့ဆိုလျှင်

ထင်းရှူးပင်ငယ်များကို ခုတ်ထွင်ဖြိုလှဲလိုက်လျှင် ဤဝက်ပါမှလွတ်မြောက်နိုင်မည်မဟုတ်ပါလော။

ထိုအချက်

အဘွားအိုစွေမူက တွေးလိုက်မိသည်။

ထို့ကြောင့်

သူမသည် ဝှာစင်းထိုင်ဘက်သို့ လှည့်လိုက်ပြီး

'တို့တတွေ ဒီဝက်ပါမှာ အရေးကြီးတာတခု ထပ်ဆင့်ရအုံးမယ်ကွဲ့'

ဝှာစင်းထိုင်သည် ဝက်ပါ၏အစွမ်းထက်ပုံကို သိရှိထားပြီးဖြစ်သဖြင့်

'ကောင်းပြီလေ ကျွန်မက ဘာထပ်လုပ်ပေးရအုံးမလဲ'

'လာ ငါ့နောက် လိုက်ခဲ့'

သူမသည် ဤသို့ပြောပြီးသည်နှင့်လိုဏ်ဂူ၏ အနောက်ဘက်သို့ ကွေ့ပတ်၍ ပျောက်သွားလေတော့သည်။

* * *

လိုဏ်ဂူ၏အနောက်ဘက်

ကိုက်အနည်းငယ်ခန့်အကွာတွင်

သစ်ပင်ငယ်ကလေးများ ချုံပုတ်ငယ်ကလေးများရှိသည်။

အဘွားအိုသည် ချုံပုတ်ငယ်ကလေးများရှိရာသို့ ရောက်ရှိသွားသောအခါ ခြေလှမ်းရပ်တန့်သွားလေသည်။

သူမသည် တစုံတခုကို နားစွင့်လိုက်ပြီး

အုပ်အုပ်ဆိုင်းဆိုင်းရှိသော ချုံပုတ်ငယ်ကလေး တခုသို့ ဦးတည်လျှောက်သွားသည်။

ချုံပုတ်ငယ်နှင့် မနီးမဝေးတွင် ရပ်တန့်လိုက်ပြန်သည်။

ထို့နောက် ကျောက်တုံးကလေးတတုံးအား ကောက်ယူလိုက်ပြီး





ချုံပုတ်ကလေးအတွင်းသို့ ပစ်သွင်းလိုက်သည်။

'ဖွ'

တဝီဝီ မြည်သံနှင့်အတူ

လက်သည်းတဆစ်ခန့်ရှိ ပျားကောင်များသည် ဝုန်းကနဲ ထွက်ပေါ်လာပြီး စွေမူအား တိုက်ခိုက်လိုက်ကြသည်။

'ဟေ့....ဘာကြောင်နေတာလဲ ငါက ဒီပျားတွေကို မျှားခေါ်သွားမယ် ညည်းက ပျားအုံကို တုတ်နဲ့ကော်ယူလိုက်'

သူမသည် ဝှာစင်းထိုင်အား အော်ဟစ်ပြောလိုက်သည်။

ဝှာစင်းထိုင်သည် ယခုမှပင် သတိဝင်လာပြီး၊ အနီးရှိ သစ်ပင်မှ သစ်ကိုင်းငယ်တခုကို ချိုးယူလိုက်ပြီး၊ ပျား အုံ အား ကော်၍ယူလိုက်သည်။

အဘွားအိုစွေမူမှာမူ ကိုယ်ဖော့ပညာအသုံးပြုကာ ပျားများရန်မှ ကွေ့ပတ်ပြေးလွှားနေ၏။

ဝှာစင်းထိုင်သည် ပျားအုံကိုကော်၍ ယူလိုက်သည်နှင့် အပြိုင်နက်

စွေမူအား သဲကြီးမဲကြီးလိုက်နေသော ပျား များ သည် ဝှာစင်းထိုင်ထံသို့ ရောက်ရှိလာလေသည်။

ဝှာစင်းထိုင်က ထိတ်လန့်သွားသည်။

'မလွှင့်ပစ်လိုက်နဲ့ တုတ်ကိုအပေါ်ထောင်ထားလိုက်'

အဘွားအိုစွေမူက ကပျာကယာ ဟန့်တားလိုက်သည်။

ဝှာစင်းထိုင်က တုတ်ကို အပေါ်သို့ထောင်ထားလိုက်၏။

ပြေးဝင်လာသောပျားများသည် ဝှာစင်းထိုင်အားမတိုက်ခိုက်တော့ပဲ ပျားအုံကိုသာ ဝန်းရံ၍ ပျံသန်းနေကြသည်။

သူတို့နှစ်ယောက်သည် ပျားအုံအားသယ်ဆောင်၍ ထိုနေရာမှ ထွက်ခွာလာလေသည်။

ယခုမှပင်

ဝှာစင်းထိုင်သည် အဘွားအို ဧစွမူ၏ အကြံကို သဘောပေါက်လာလေသည်။

ရန်သူသည် ဝက်ပါအတွင်း ထိုးဖောက်ဝင်ရောက်လာပြီးနောက်

အထွက်လမ်းမတွေ့သည့်အဆုံး ထင်းရှူးပင်များအား ခုတ်ချပြီလှဲပါက

ပျားအုံကို ထိခိုက်မိပြီး ထွက်ပေါ်လာမည့် ပျားများ၏အန္တရာယ်ကို ခံစားရမည်ဖြစ်ပါသည်။

ရန်သူသည် ဝက်ပါအတွင်း ဝဲလည်ယင်း ပျားတုတ်သည့်ဝေဒနာကို ကျိန်းသေ ခံစားရမည်သာဖြစ်ပါသည်။

* * *

ပျားအုံသည်

ဝက်ပါအတွင်း၌ ချိတ်ဆွဲပြီး ဖြစ်ပါသည်။

ဖက်ပါတည်ဆောက်မှုသည် ဆုံးခန်း တိုင် သွားပြီ ဖြစ်ပါသည်။





အဘွားအိုဧစွမူသည် သက်ပြင်းရှည် တချက်ချလိုက်ပြီး

'ကဲ တို့တတွေလဲ မနက်ကထဲက လုပ်နေကြရတာအခုမှပဲပြီးတော့တယ်… ရေချိုး အစာအဝစားပြီး တရေး တမောလောက်အိပ်ကြရအောင် ရန်သူကို စိတ်ချရပါပြီ ဝင်လာနိုင်ယင်တော့ ဝင်လာခဲ့ပေတော့'

ဝှာစင်းထိုင်က ပြုံးလိုက်သည်။

'ကျွန်မက တရေးတမော အိပ်နေတုန်း ရန်သူရောက်လာယင်တော့ နာတာပဲ'

'ဘာဖြစ်လို့လဲ'

'သူတို့ တဝဲလည်လည်ဖြစ်နေတာကို ကျွန်မက မြင်ရ မှာမဟုတ်လို့ပေါ့'

သူမသည် စကားသံဆုံးသွားသည်နှင့် တဟားဟား ရယ်မောလိုက်လေသည်။

သူမ၏ရယ်မောသံသည် ကျောက်လှိုဏ်ဂူတခုလုံးအား ပဲ့တင်ထပ်သွားလေတော့သည်။

* * *

## ထွက်ခွာခြင်း

ထုံထင်ရေကန်

ထုံထင်ရေကန်သည် ပကတိငြိမ်းချမ်းသောအသွင်ကိုဆောင်နေသည်။

သာယာစွာ တိုက်ခတ်လာသော လေပြေလေညှင်းကလေးသည် လှိုင်းကြက်ခွပ်ကလေးများ တဖျပ်ဖျပ်လူးလွန့်စေသည်။

ဝမ်စီးထုံသည် သာယာလှပသော ပတ်ဝန်းကျင်၏အလှတွင် ငေးမောနေ၏။

'အစ်ကို'

ရုတ်တရက်

သူ၏နောက်မှ ချိုလွင်သော အသံတခုက ပေါ်လာလေသည်။





ဝမ်စီးထုံက နောက်သို့လှည့်လိုက်သည်။

'အော် ... ညီမပါလား'

ချင်ရှောင်ဖူက ပြုံး၍၊

'အစ်ကိုက ဘာတွေ ဒါလောက် စဉ်းစား နေတာလဲရှင့်၊ ကျွန်မခေါ်နေတာ သုံးလေးခွန်း ရှိနေပြီ'

ဝမ်စီးထုံက အားတုန့်အားနာ ဖြစ်သွားသည်။

'အစ်ကို တကယ့်ကို မကြားမိလို့ပါကွယ်'

ချင်ရှောင်ဖူက နှုတ်ခမ်းစူလိုက်ပြီး၊

'အစ်ကိုက ဘယ်က ချစ်သူကိုလွမ်းနေသလဲမှမသိဘာ'

ဝမ်စီးထုံ၏ မျက်နှာသည် ကွက်ကနဲ ပျက်သွားသည်။

သူသည် ဝှာစင်းထိုင်အား သတိရလာလေသည်။

သူမသည် မိမိရေထဲသို့ကျသွားစဉ်က အသက်စွန့်၍ လိုက်လံဆယ်ယူခဲ့သည်။

သူမ လျှပ်တပြက် လေ့ပေါ်မှ ခုန်ဆင်းလာသည်ကို တွေ့လိုက်ရပြီးနောက် ဝန်းကျင်တခုယုံးတွင် မှောင်မဲသွားပြီး သူလည်း ရေထဲသို့မျောပါကာ သတိလစ်သွားသည်။

ဤကဲ့သို့ဆိုလျှင်

**သူမ**သည် ရေနစ်သေဆုံးပြီလော—

ထိုအချက်ကို ဝမ်စီးထုံက လက်မခံနိုင်ပါ။

ဝါ့စင်းထိုင်က သူ့အပေါ် မေတ္တာတရားကြီးမားပုံကိုတွေး မိယင်း—

သူ၏ မျက်နှာပြင်တွင် အဆွေးရိပ်များ သန်းသွားသည်။ သူသည် ချက်ချင်းပင်ဟန်ဆောင်လိုက်ပြီး၊

'မဟုတ်ပါဘူးကွယ် ရှမျော်ခင်းတွေက သာယာလှပလွန်းလို့ပါ'

ချင်ရှောင်ဖူက ပြုံးလိုက်သည်။

'ဒါတွေ ထားလိုက်ပါတော့လေ.... ဘိုးဘိုးက အစ်ကို့ကို တွေ့ချင်တယ်ဆိုလို့ အစ်ကို့ကိုလာခေါ်တာ'

ဝမ်စီးထုံက ခေါင်းညိတ်လိုက်သည်။

'ကဲ....ဒါဆို....သွားကြပါစို့'

* * *

အိမ်ကလေး၏ အရှေ့၌၊

အဘိုးအိုက ရပ်လျက် စောင့်မျှော်နေသည်။

ဝမ်စီးထုံက ခြေကို ခပ်သွက်သွက် လှမ်းလိုက်သည်။

သူသည် အဘိုးအိုအား ဦးညွှတ်လိုက်ပြီး....

'ဘိုးဘိုးက ကျွန်တော့်ကို ခေါ်တယ်ဆို'

အဘိုးအိုက ခေါင်းညိတ်လိုက်သည်။





သို့သော်

သူ၏မျက်နှာသည် သုန်သုန်မှုန်မှုန် ဖြစ်နေ၏။

ဝမ်စီးထုံ၏ စိတ်ထဲ၌ လေးလံသွား၏။

'အမိန့်ရှိပါ ဘိုးဘိုး'

အဘိုးအိုသည် အတန်ကြာအောင် စဉ်းစား လိုက်ပြီးမှ ဝမ်စီးထုံအား စူးရှစွာ တချက်ကြည့်လိုက်သည်။

'မင်းရဲ့ရောဂါဟာ အခုချိန်မှာ လုံးဝပျောက်ကင်းသွားပြီနော်'

'ဟုတ်ပါတယ် ဘိုးဘိုး'

'မင်းရဲ့သိုင်းပညာကလဲ တော်တော် တိုးတက်လာပြီနော်'

'ဟုတ်ပါတယ် ဘိုးဘိုး'

'ဒါဆိုယင် မင်းအပေါ်မှာ ကျုပ်က ကျေးဇူးရှိတာပေါ့'

'ဟုတ်ကဲ့ ဘိုးဘိုးရဲ့ ကျေးဇူးဟာ ကျွန်တော့် အပေါ်မှာ ဆပ်လို့မကုန်နိုင်အောင် ကြီးမား လှပါတယ်'

'မင်းက ကျေးဇူးတရားကို နားလည်တတ်တဲ့ လူငယ်တယောက်လို့ ငါယုံကြည်တယ်....ဒီတော့....'

သူ၏စကားသည် တပိုင်းတစနှင့် ရပ်တန့်သွားသည်။

ဝမ်စီးထုံက နားမလည်နိုင်ပဲ ဖြစ်သွားသည်။

သူသည် အဘိုးအို၏နှုတ်မှ ထွက်ပေါ်လာမည့်စကားသံကို သာ နားစွင့်နေ၏။

အဘိုးအိုသည် သက်ပြင်းတချက်ချလိုက်ပြီး၊

'မင်းက ကျုပ်ရန်သူနဲ့ရင်ဆိုင်တိုက်ခိုက်တုန်းမှာ ဝင်ကူညီခဲ့ဘူးတယ်နော်'

'ဟုတ်ပါတယ် ဘိုးဘိုး'

'ဒီအတွက် မင်းကို ငါက ကျေးဇူးတင်ပါတယ်. ဒါပေမယ့် ကျုပ်က ရန်သူနဲ့ရင်ဆိုင်ရာမှာ ဘယ်သူကမှ ကျုပ်ဘက်က ဝင်ပြီး ကူညီတာကို လက်မခံနိုင်ဘူး၊ သူသေသေ ကိုယ်သေသေ ရင်ဆိုင်ရမှ ကျုပ်ကကျေနပ်မှာ'

ဝမ်စီးထုံက ပါးစပ်ပိတ်ထားလိုက်သည်။

'ကျုပ်ရထားတဲ့ဒဏ်ရာက အနည်းအကျဉ်းဆိုတော့ အခု သက်သာလာတဲ့အချိန်မှာ ကျုပ်က ရန်သူကို ပြတ်ပြတ် သား သား ချေမှုန်းရမှာပဲ၊ ကျုပ်ဆယ်နှစ်လုံးလုံး လေ့ကျင့် ခဲ့တဲ့ သိုင်းပညာကို အလကား အဖြစ်မခံနိုင်ဘူး'

ဝမ်စီးထုံက ခေါင်းညိတ်လိုက်လည်။

'ဟုတ်ပါတယ် ဘိုးဘိုး'

အဘိုးအိုသည် တချက်ပြုံးလိုက်ပြီး၊

'အေး....ဒီတော့ ကျုပ်က အခုအချိန်ကစပြီး ကျုပ်ရဲ့ရန်သူ ကို သွားပြီးရင်ဆိုင်တော့မယ် စောစောကပြောခဲ့သလို မင်းက ကျေးဇူးတရားကို နားလည်တတ်ယင် ကျုပ်ရန်သူကို ရင်ဆိုင် တဲ့အခါမှာ ဘာမှ အနှောက်အယှက်မပေးပါနဲ့၊ ဝင်မကူညီ ပါနဲ့၊ အကောင်းဆုံးကတော့ မင်းဒီကနေ ထွက်သွားဖို့ပါပဲ





အဘိုးအိုသည် စကားဆုံးသွားသည်နှင့် မျက်နှာကိုတဘက်သို့ လှည့်လိုက်လေသည်။

သူသည် ဤသို့မပြော၍ မဖြစ်ပါ။

စွန့်မှု၏ရန်မှာ မသေးပါ တချိန်ချိန် ဒုက္ခပေးဦးမည်သာ ဖြစ်ပါသည်။

ထို့ကြောင့်

သူသည် စွန့်မှုရှိရာ တောင်ပေါ်သို့လိုက်သွားပြီး စာရင်းရှင်းရန် ဆုံးဖြတ်ထားခြင်းဖြစ်သည်။

သို့သော်

ဝမ်စီးထုံက လိုက်ပါလာဦးမည်ကို စိုးရိမ်သဖြင့် သူကယခု ကဲ့သို့ ဟန့်တားနှင်ထုတ်လိုက်ခြင်းဖြစ်ပါသည်။

အမှန်စင်စစ်

သူသည် ဝမ်စီးထုံအား နှင်မထုတ်ရက်ပါ။

သူသည် ဝမ်စီးထုံ၏ 'မိုးကြိုးလက်ညှိုး'ဒဏ်ရာကို ပျောက် ကင်းအောင် ကုသပေးခဲ့သည်။

သိုင်းပညာ အချို့အဝက် သင်ကြား ပေးခဲ့သည်။

ဝမ်စီးထုံကသာ သူ့ထံတွင် တသက်သုံး နေထိုင်သွားမည် ဆိုပါက–

သူသည် မြေးဖြစ်သူ ချင်ရှောင်ဖူနှင့်ပင် လက်ဆက်ပေးရန် ရည်ရွယ်ထားလေသည်။

ဝမ်စီးထုံက ခေါင်းငုံ့ထားလိုက်သည်။

'ကျွန်တော် ထွက်သွားပါ့မယ်လို့ ကတိပေးပါတယ်'

အဘိုးအိုသည် ပျော့ပျောင်းသော လေသံဖြင့်

'မင်းက ကျုပ်ကို နားလည်နိုင်မှာပါ'

'ကျွန်တော် နားလည်ပါတယ် ဘိုးဘိုး'

'အေး.... ဒီလိုဆိုယင် ညစာ ထမင်းစားပြီးတဲ့ အခါမှာ ကျုပ်က တောင်ပေါ်ကိုသွားမယ်၊ ရှောင်ဖူက ကျုပ်ကိုတောင်ခြေအထိ လှေနဲ့လိုက်ပို့လိမ့်မယ်၊ အိမ်မှာ မင်းတယောက်တည်း ကျန်ရစ်ခဲ့မယ်'

ဝမ်စီးထုံက

အဘိုးအို၏ ဆိုလိုရင်းကို နားလည် လိုက်သည်။

အိမ်ငယ်ကလေးအတွင်း၌

ညစာစားပြီးသည်နှင့် သူတို့ မြေးအဘိုးနှစ်ယောက် ထွက်ခွာသွားသောအခါ—

သူတို့ ပြန်မလာမီ၊

ဝမ်စီးထုံက ထွက်ခွာ သွားနိုင်သည်ဟု သဘောပေါက်ထား၏။

သို့မှသာ—

တယောက်က ခွဲထွက်သွားသည်ကို ကျန်လူများက ထိုင်၍ စိတ်မကောင်း ဖြစ်နေရမည့် ကိစ္စမှ ရှောင်ဖယ်၍ ရမည်မဟုတ်ပါလော။

* * *

ဝန်းကျင်တခုလုံးအား အမှောင်ထုက လွှမ်းမိုးထားသည်။ ကောင်းကင်တွင်



တိမ်တိုက် တိမ်လိပ်များက ဖုံးအုပ်ထားသည်ဖြစ်၍ လမင်းအား တွေ့မြင်ရခြင်းမရှိပါချေ။

သို့သော်—

အလင်းရောင်တခုသည် အဝေးမှတလက်လက် ပေါ်ထွက်နေ၏။

ဖေ့ယွဲ့ချင်းက သစ်ကိုင်းခြောက်များကို ချိုးယူပြီး မီးပုံထဲသို့ အဆက်မပြတ် ထည့်ပေးနေ၏။

လျူကျန်းက ယုန်တကောင်ကို မီးကင်နေ၏။

အတန်ကြာမှ၊

လျူကျန်းက စကားစလိုက်သည်။

'ကျုပ်တို့ မိုင်ပေါင်းများစွာ အဝေးကြီးက လာခဲ့ရတာ အလကား ဖြစ်နေပြီဗျ'

ဖေ့ယွဲ့ချင်းက အေးစက်စွာရယ်မောလိုက်သည်။

'သူက လျံကုနန်ကို ဘာဖြစ်လို့ ခေါ်ထားတယ် ဆိုတာ ကျုပ်က ဘယ်လိုမှ တွေးမရဘူး'

သူတို့သည်၊

စွေမူနေထိုင်သော ကျောက်လှိုဏ်ဂူနှင့် တမိုင်ခန့်အကွာတွင် ရပ်နားနေကြခြင်းဖြစ်သည်။

လျူကျန်းက အံကြိတ်လိုက်ပြီး။

'ဒါဆိုယင် ကျုပ်တို့က လျံကုနန်ထွက်မသွားမခြင်း ဘာမှလုပ်လို့မရဘူးဆိုပါတော့....'

သူ၏အသံမှာ ဒေါသထွက်လွန်း၍ တုန်ယင်နေ၏။

ဖေ့ယွဲ့ချင်းက လက်ထဲမှသစ်ကိုင်းငယ်တခုအား အဝေးသို့ လွှင့်ပစ်လိုက်သည်။

သူသည် လျှုကျန်းထံမှ ယုန်ကင်တပိုင်းအား လှမ်းယူလိုက်ပြီး၊

‘ဒီမှာ လျှုကျန်း ကျုပ်တို့က ဒီအချိန်မှာ ဒေါသ ထွက်နေရုံနဲ့ မပြီးဘူးဗျ’

လျှုကျန်းက ကျွဲမြီးတိုသွားသည်။

‘ခင်ဗျားက ဘာလုပ်ချင်လို့လဲ’

ဖေ့ယွဲ့ချင်းက လေသံအေးအေးဖြင့်

‘ဒီကနေ့ကိစ္စမှာ ကျုပ်တို့က လျှံကုနန်နဲ့သာ မတွေ့ခဲ့ယင် ဘာမှအကြောင်းမဟုတ်ပါဘူး....ဒါပေမယ့်...’

‘ခင်ဗျားက ကြောက်နေလို့လား’

ဖေ့ယွဲ့ချင်းက ဒေါသထွက်သွားသည်။

‘ကျုပ်က သူ့ကိုမကြောက်ပါဘူး၊ ဒါပေမယ့် သူ့ရဲ့ သိုင်းပညာက သိပ်ပြီးအဆင့်မြင့်နေလို့ ကျုပ်က သွားမစရဲတာပါ’

‘ဘာပဲဖြစ်ဖြစ်လေ သူက သိပ်စော်ကားလွန်းတယ်မဟုတ်လား’

‘ဟုတ်ပါတယ်၊ ဒါပေမယ့်....’

‘မလိုပါဘူးဗျာ ကျုပ်တို့ကသာ အကြောက်လွန်ပြီး ထွက်ပြေးခဲ့ကြတာ၊ တကယ်တော့ သူ့သေကိုယ်သေ ပြန်တိုက်သင့်တယ်ဗျ၊ ကျုပ်ကတော့ လုံးဝမကျေနပ်ဘူး’

ဖေ့ယွဲ့ချင်းက ပါးစပ်ပိတ်ထားလိုက်သည်။

လျှုကျန်းက လက်သီးကိုကျစ်ကျစ်ပါအောင် ဆုပ်လိုက်ပြီး





‘ကျုပ်တို့ အခုလို ကြောက်ပြီး ရှောင်ပြေးခဲ့တဲ့ သတင်း သာပြန့်နှံ့သွားယင် ကျုပ်တို့ရဲ့ နာမည်တွေကို ရေထဲ မျှောပစ်လိုက်ရမှာပဲ’

ဖေ့ယွဲ့ချင်းကပါ စိတ်ပါလာသည်။

‘ဟုတ်တယ် ဒီတော့ မင်းကဘာလုပ်ချင်သလဲ’

‘ကျုပ်တို့က နောက်ထပ်တခေါက်ပြန်သွားမယ်’

‘လျှံကုနန်နဲ့ တွေ့ယင်ကော....’

လျှုကျန်းသည် အထင်သေးသည့်အကြည့်ဖြင့် တချက် ကြည့်လိုက်ပြီး

‘လျှံကုနန်နဲ့ တွေ့တော့လဲ သူ့သေကိုယ်သေ တိုက်ခိုက်ကြတာပေါ့၊ အရေးကြီးတာက စွေမူကို အပြတ်ရှင်းဖို့ပဲ ကျုပ်တို့ရဲ့ အသက်တွေဆုံးရှုံးပြီးမှ သူသေမယ်ဆိုယင်တော့ ကျုပ်က အသက်အသေခံဖို့ အဆင်သင့်ပဲ’

ဖေ့ယွဲ့ချင်းက လုံးဝငြင်းပယ်၍ မရနိုင်တော့ပါ။

သူသည် တစုံတရာကို ဆုံးဖြတ်လိုက်သည့်အလား–

‘ကောင်းပြီလေ ကျုပ်တို့အတတ်နိုင်ဆုံး ရန်သူကို အငိုက်ဖမ်းပြီး တိုက်မယ် သူနဲ့အတူ လျှံကုနန်ကိုပါ ဆုံးမပေးရမယ် ဒါပဲမဟုတ်လား’

လျှုကျန်းက ခေါင်းခါယမ်းလိုက်သည်။

‘တခုကျန်သေးတယ်ဗျ’

‘ဘာများလဲ’

‘ကျုပ်တို့က လုံးဝမနိုင်တော့ဘူးလို့ထင်ယင် ခင်ဗျားကို ထွက်ပြေးချင်ယင် ထွက်ပြေးဖို့ ကျုပ်က ခွင့်လွှတ်ပါတယ်’

ဖေ့ယွဲ့ချင်းက မသဲမကွဲတချက်ရေရွတ်လိုက်သည်။
ထို့နောက်
သူသည် ရှေ့မှ တောင်ပေါ်သို့ ပြေးတက်သွားခလေတော့သည်။
လျူကျန်းက တဟားဟားရယ်မောလိုက်ပြီး
နောက်မှ ထပ်ကြပ်မကွာလိုက်ပါသွားလေတော့သည်။

*　　*　　*

ညအမှောင်ထုတွင်
ဝမ်စီးထုံက မတ်တတ်ရပ်နေသည်။
သူ၏ရှေ့မှောက်တွင် ထုံထင်ရေကန်က ဝပ်စင်းနေ၏။
တရွေ့ရွေ့ဝေးကွာသွားသော လှေကလေးမှ
မီးရောင်များကို တချက်တချက်သာမြင်တွေ့ရတော့သည်။
ဝမ်စီးထုံ၏ရင်ထဲ၌ လေးလံလာလေသည်။
အဘိုးအိုသည် ပြန်လာနိုင်ပါမည်လော။
ချင်ရှောင်ဖူ
သူမသည် အဘိုးအိုသာပြန်မလာနိုင်ပါက....
သူသည်ဆက်၍မတွေးလိုတော့ပါ။
ချင်ရှောင်ဖူအား ညီမငယ်တယောက်ပမာ သံ ယော ဇဉ် တွယ်တာမိ၏။
သူသည် ချင်ရှောင်ဖူတို့ မြေးအဘိုးအား ဒုက္ခများမှ ကယ်တင်ချင်သည်။



သို့သော်
သူကိုယ်တိုင်က ဒုက္ခသည်တယောက်မဟုတ်ပါလော။
မည်သို့ဆိုစေ
သူက ထွက်သွားပြီးနောက်ပိုင်း
အဘိုးအိုချင်းပင်ကသာ ပြန်မလာနိုင်ခဲ့ပါမူ လောကကြီးအလယ်တွင် ချင်ရှောင်ဖူက တယောက်တည်း ယောင်လည်လည်ဖြစ်နေမည်မဟုတ်ပါလော။
သူသည် ဆုံးဖြတ်ချက်တခုချလိုက်လည်။
ထို့နောက်
အိမ်ငယ်ကလေးဆီသို့ လေးလံသော ခြေလှမ်းများဖြင့်
တလှမ်းချင်းလျှောက်သွားနေ၏။
သူသည် ဤနေရာမှ ထွက်ခွာမသွားချင်ပါ။
သို့သော်
အဘိုးအို၏ စကားကြောင့် သူသည် မဖြစ်မနေ ထွက်ခွာသွားရမည်မဟုတ်ပါလော။

*　　*　　*

လရောင်သည်
မသဲမကွဲပေါ်ထွက်လာပြီဖြစ်ပါသည်။
တောအုပ်ကလေးအတွင်း ငြိမ်သက်နေ၏။
သို့သော်
အဖြူရောင်ဝတ်ဆင်ထားသူနှစ်ဦးက လှုပ်ရှားလျက်ရှိသည်။

လျှုကျန်းနှင့် ဖေ့ယွဲ့ချင်းတို့ပင် ဖြစ်ပါသည်။

သူတို့သည် လျင်မြန်စွာ ရွေ့လျားသွားနေကြသည်။

မကြာပါချေ။

သူတို့သည် တောအုပ်ငယ်ကလေးအတွင်းမှ ထွက်မိပြီဖြစ်ပါသည်။

သူတို့၏ ရှေ့တည့်တည့်တွင်၊

မနက်က စွေမှုနှင့်ဆုံတွေ့ခဲ့သော ဝါးရုံပင်များ ပေါက်ရောက်လျက်ရှိသည့် ဝါးရုံတောတခုကို တွေ့မြင်လိုက်ရလေသည်။

သူတို့နှစ်ယောက်သည် ခေတ္တမျှ ရပ်တန့်လိုက်ပြီး—

ဝန်းကျင်သို့ တချက်အကဲခတ်လိုက်သည်။

စိတ်ချရပြီဟု ယူဆပြီး ရှေ့သို့ ခြေလှမ်းလှမ်းရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်မှာပင်

အေးစက်သော အသံတခုက ထွက်ပေါ် လာလေသည်။

'ခဏလောက် နေကြပါအုံး'

ထိုအသံသည် တိုးညှင်းပြီး ဩဇာအာဏာ ပြည့်ဝသော အသံမျိုးဖြစ်သည်။

တိတ်ဆိတ်နေသောည ဖြစ်သဖြင့်

လျှုကျန်း၏နားထဲတွင် မိုးခြိမ်းသံအလား ထင်မှတ် သွားသည်။

သူသည် လျှပ်တပြက်အတွင်း ဘေးသို့ ခုန်ထွက်သွားသည်။





တဆက်တည်းမှာပင် သူ၏ခန္ဓာကိုယ်သည် အနီးရှိ သစ်ပင်တပင်ပေါ်သို့ ခုန်တက်သွားလေသည်။

ဖေ့ယွဲ့ချင်းကလည်း တုန့်ဆိုင်းမနေပါ။

သူ့ကျောဌ် ပိုးထားသော လှံတံကို ဖြုတ်ယူလိုက်ပြီး နောက်ကို ချာကနဲလှည့်ကာ တိုက်ခိုက်လိုက်သည်။

သို့သော်

သူတို့၏နောက်တွင် မည်သူ့ကိုမှမတွေ့ရပါ။

ဖေ့ယွဲ့ချင်းသည် ထိတ်လန့်သွားသည်။

သူသည် ဝဲယာသို့ တချက် အကဲခတ်ကြည့်လိုက်တော့မှ...

ဆယ်ကိုက်ခန့်အကွာရှိ ကျောက်တုံးတတုံးပေါ်တွင်

လက်တဘက်ပြတ်နေသော အဘိုးအိုတယောက်က ဆေးတံသောက်နေသည်ကိုတွေ့လိုက်ရလေသည်။

'ခင်ဗျားက ဘယ်သူလဲ'

ဖေ့ယွဲ့ချင်းက အေးစက်စွာမေးလိုက်သည်။

'ကျုပ်က အညတြတယောက်ပါ'

လျှုကျန်းက သစ်ပင်ပေါ်မှခုန်ဆင်းလာသည်။

သူသည် လက်နှစ်ဘက်ဆုပ်၍ ဦးညွတ်လိုက်ပြီး

'ဒီက မိတ်ဆွေကြီးက ဘယ်လို အကြောင်းများကြောင့် ကျွန်တော်တို့နဲ့လာပြီး တွေ့ဆုံရတာပါလဲခင်ဗျာ'

အဘိုးအိုက ကျောက်တုံးပေါ်မှဆင်းလိုက်ပြီး—

'မင်းက လျှုကျန်းမဟုတ်လား'

လျှုကျန်းက အံ့အားသင့်သွားသည်။

သူသည် ထိုလက်တဘက်ပြတ်အဘိုးအိုကို မတွေ့ဖူး မသိဖူးခဲ့ပါ။

သို့သော်

အဘိုးအိုက သူ၏နာမည်ကို မည်ကဲ့သို့ သိနေပါသနည်း။

သူသည် ယင်းသို့ တွေးတောနေစဉ်မှာပင်

အဘိုးအိုသည် ဖေ့ယွဲ့ချင်းအားကြည့်လိုက်ပြီး

'ဖေ့ယွဲ့ချင်း ခင်ဗျားကော နေကောင်းတယ်နော်'

ဖေ့ယွဲ့ချင်းက အံ့ဩစွာ တချက်ကြည့်လိုက်ပြီး

'ဟုတ်ကဲ့ ...နေကောင်းပါတယ်၊ ဒါပေမယ့် မိတ်ဆွေကြီးက ဘယ်သူများပါလိမ့်'

အဘိုးအိုက ရယ်မောလိုက်သည်။

'ကျုပ်က ပြောပြီးပါပကော၊ ကျုပ်က အညတြတယောက်ပါ မိတ်ဆွေတို့ မရဏညီနောင်က ကလေးကစပြီး သိကြပါတယ်၊ ကျုပ်ကိုတော့ ဘယ်သူမှ မသိကြပါဘူး၊ ဒါကြောင့် ကျုပ်က အညတြတယောက်လို့ပြောတာပါ'

လျူကျန်း၏စိတ်ထဲ၌ တွေဝေနေ၏။

ထိုအဘိုးအိုသည် စွေမူ၏ မိတ်ဆွေပင်လော။

အဘယ်ကြောင့်

သူသည် မိမိတို့အကြောင်းများကို သိထားရသနည်း။

'ကဲ... ဒါဆိုလဲ မိတ်ဆွေကြီးက ကျုပ်တို့နဲ့ ဘယ်လိုအကြောင်းကိစ္စများရှိတယ်ဆိုတာ အမိန့်ရှိပါ'

သူသည် ဤအဘိုးအိုသည် လျှို့ဝှက်ထူးဆန်းပြီး သိုင်းပညာအလွန်ထူးချွန်သူအဖြစ် နားလည်လိုက်သည်။

ဝဏ္ဏယွန်း စာပေ



ထို့ကြောင့်

ယင်းသို့ ချောင်စွာ ပြောဆိုဆက်ဆံလိုက်ခြင်းဖြစ်သည်။

အဘိုးအိုသည် ခေါင်းတချက်ညိတ်လိုက်ပြီး

'ဟုတ်တယ် ကျုပ်က မင်းတို့ကို ပြောစရာရှိတယ်'

'ဘာများလဲ'

'မင်းတို့က ဘယ်သွားကြမလို့လဲ'

လျူကျန်းနှင့် ဖေ့ယွဲ့ချင်းကိုသည် ကြောင်အံ့အံ့ ဖြစ်သွားသည်။

'ကျုပ်တို့က မိတ်ဆွေတယောက်ဆီ သွားမလို့ပါ'

အဘိုးအိုက တဟားဟားရယ်မောလိုက်သည်။

'မင်းတို့က ကျုပ်ကို လိမ်ပြောချင်တာကိုး၊ မင်းတို့က စွေမူနဲ့ ရန်စရှိတယ်ဆိုတာ ကျုပ်က သိထားဘယ်ကွ'

လျူကျန်း၏မျက်နှာသည် ကွက်ကနဲ ပျက်သွားသည်။

'ဒီတော့ ခင်ဗျားက ဘာလုပ်ချင်သလဲ'

အဘိုးအိုက လက်ကာပြလိုက်ကည်။

'မင်းတို့ကို ဘာမှမလုပ်ချင်ပါဘူး၊ ဒါပေမယ့် စကားတခွန်းတော့ပြောချင်တယ်'

'ပြောပါ'

'မင်းတို့က စွေမူကို ရန်မပြုပဲပြန်သွားကြပါ'

ဖေ့ယွဲ့ချင်းက အဘိုးအား လှံတံဖြင့်

ရုတ်တရက်

ထိုးသွင်းလိုက်လေသည်။

ဝဏ္ဏထွန်းစာပေ

အဘိုးအိုသည် နောက်သို့ သုံးလေးလှမ်းမျှ ဆုတ် သွားသည်။

လျှူကျန်းက ကပျာကယာဟန့်တားလိုက်သည်။

'ဒီမှာ အစ်ကိုကြီး မလုပ်နဲ့....'

ဖေ့ယွဲ့ချင်းက နားမလည်နိုင်စွာဖြင့်

'ဘာဖြစ်လို့လဲ'

လျှူကျန်းသည် အဘိုးအိုအားတချက်ကြည့်လိုက်ပြီး

'သူ့စကား မဆုံးသေးဘူးဗျ'

အဘိုးအိုက သဘောကျစွာ ရယ်မောလိုက်သည်။

'ခင်ဗျားက တော်တော်ဉာဏ်ကောင်းတဲ့သူပဲဗျ'

ဖေ့ယွဲ့ချင်းက မကျေနပ်ပါ၊

'သူက စွေမူကို ရန်မမူပဲပြန်သွားရမယ်လို့ တို့ကိုခြိမ်းခြောက်တယ် မဟုတ်လား'

အဘိုးအိုက ခေါင်းခါယမ်းလိုက်သည်။

'ကျုပ်က ခြိမ်းခြောက်တာမဟုတ်ပါဘူး ကျုပ်နဲ့စွေမူဟာ သူသေကိုယ်သေ စာရင်းရှင်းစရာရှိပါတယ်၊ ဒါကြောင့် မိတ်ဆွေတို့က ပြန်သွားကြပါလို့ မေတ္တာရပ်ခံတာပါ'

ဖေ့ယွဲ့ချင်းက လက်မခံနိုင်ပါ။

ထို့ကြောင့်

သူသည် လျှူကျန်းအား တချက်ကြည့်လိုက်ပြီး

'ညီလေး ဘယ်လိုလဲကွ တို့က အရင်ရောက်တာပဲ တို့က အရင်စာရင်းရှင်းရမှာပေါ့'

လျှူကျန်းက ခေါင်းညိတ်လိုက်သည်။





'ဟုတ်ပါတယ် မိတ်ဆွေကြီး ကျုပ်တို့က ခင်ဗျားအရင်ရောက်နေတာပါ၊ ဒီတော့ ကျုပ်တို့က အရင်စာရင်းရှင်းပါရစေ'

သူသည် ပြောဆိုပြီးသည်နှင့်

ဖေ့ယွဲ့ချင်းအားမျက်ရိပ်ပြကာ ဝါးရုံတောအတွင်းသို့ တဟုန်ထိုးပြေးဝင်သွားလေတော့သည်။

အဘိုးအိုသည် မည်သို့မျှ မတားနိုင်တော့ပဲ

'မင်းတို့က စွေမူကို ယှဉ်နိုင်မှာမဟုတ်ပါဘူးကွာ'

ဟု ညည်းညူယင်း ကျန်ရစ်ခဲ့လေသည်။

* * *

သူတို့နှစ်ယောက်သည်

ဝါးရုံတောတန်းကို ကျော်ဖြတ်ပြီးသောအခါ

စမ်းချောင်းကလေးတခုအား တွေ့မြင်လိုက်ရလေသည်။

စမ်းချောင်းကလေး၏ နောက်တွင်

ထင်းရှူးပင်များက အစီအရီပေါက်နေ၏။

အေးမြသောလေသည် သူတို့၏ အရှေ့ဘက်တည့်တည့်မှ တိုက်ခတ်နေလေသည်။

ဖေ့ယွဲ့ချင်း၏မျက်နှာသည် မျှော်လင့်ချက် ကင်းမဲ့သော အရိပ်အရောင်များပေါ်လွင်လာသည်။

သူသည် သက်ပြင်းတချက်ချလိုက်ပြီး

'ဒီမှာ ငါ့ညီ စောစောက အဘိုးအိုက ဘယ်သူလဲ ကွ သူကကော စွေမူရဲ့မိတ်ဆွေပဲလား'

လျှူကျန်းက ပြုံးလိုက်သည်။

'မဟုတ်ပါဘူး အစ်ကိုရာ သူကလဲ စွေမူရဲ့ ရန်သူပါပဲ'

'ဒါဖြင့် ဘာဖြစ်လို့ တို့ကိုတားရသလဲ'

'သူက စွေမူနဲ့ နှစ်ယောက်ချင်း စာရင်းရှင်းချင်လို့နေမှာပေါ့'

'ဒါဆို တို့တတွေ ပြန်သွားကြယင် မကောင်းဘူးလား'

လျှူကျန်းက ခေါင်းခါယမ်းလိုက်ပြီး

'အို....ဘယ်ဖြစ်မလဲ စွေမူကို သူကပါ တိုက်ခိုက်မယ်ဆိုတော့ ကျွန်တော်တို့မှာ စစ်ကူရတာနဲ့ မတူဘူးသားနောက်ပြီး သူကလဲ သိုင်းပညာထက်မြက်ပုံရတော့ လုံ့ကုန်ကိုယ်တိုင် ရှိနေယင်လဲ ကြောက်စရာမလိုတော့ဘူးပေါ့ဗျာ'

ဖေ့ယွဲ့ချင်းသည် ယခုမှ စိတ်သက်သာရာရသွားပြီး အားတက်လာလေသည်။

'ဒီလိုဆို တို့က တရကြမ်းထိုးဖောက်ပြီး တိုက်ခိုက်လိုက်ယင် ဒီအသံတွေကို အတိုးကြီးကကြားပြီး ဝင်မပါပဲနေနိုင်မှာမဟုတ်ဘူးကွ'

'ဟုတ်တာပေါ့ဗျ ဒါကြောင့် ကျုပ်တို့ ကံကောင်းတယ်လို့ဆိုရမှာပေါ့'

ဖေ့ယွဲ့ချင်းသည် ဝမ်းသာသွားပြီး

သူသည် ထင်းရှူးတောအုပ်ထဲသို့ ပြေးဝင်သွားရန်ပြင်လိုက်သည်။

လျှူကျန်းက ဟန့်တားလိုက်သည်။





'နေအုံးဗျ ဒီထင်းရှူးတောက ဝက်ပါ ပုံစံဆောက်ထားတာထင်တယ်'

သူသည် ထင်းရှူးတောအဝင်လမ်းကလေး၌ရပ်တန့်လိုက်ပြီး ထင်းရှူးတောအား သေချာစွာအကဲခတ်ကြည့်လိုက်သည်။ သူ၏မျက်နှာသည် တဖြည်းဖြည်းပြုံးရောင်သန်းလာပြီး

'စွေမူရယ် ကျုပ်က ဒါလောက်တော့ တတ်နိုင်ပါသေးတယ်ဗျ'

ဖေ့ယွဲ့ချင်းက မျက်မှောင်ကုပ်သွားသည်။

'ဘာတွေလဲဗျ ကျုပ်တော့ နားမလည်နိုင်အောင်ဖြစ်နေပြီ'

'ဘာမှမဟုတ်ပါဘူးဗျာ၊ ခင်ဗျားကသာ ကျုပ်ခြေလှမ်းတဲ့အတိုင်း ခြေလှမ်းလှမ်းပြီးလိုက်ခဲ့ပါ၊ ဒီထင်းရှူးတော ဝက်ပါက ကျုပ်ထွက်နိုင်ပါတယ်ဗျ'

သူသည် စကားဆုံးသွားသည်နှင့်

ထင်းရှူးတော ဝက်ပါထဲသို့လှမ်းဝင် သွားလေတော့သည်။

* * *

မကြာပါချေ

ဝက်ပါအပြင်ဘက်သို့ ရောက်ရှိလာလေသည်။

စွေမူ၏ ရှိရင်းစွဲ ဝက်ပါသည် သူတို့အား မည်သို့မှမတတ်နိုင်ပါချေ။

ထို့ကြောင့် သူတို့သည် ကိုယ့်ကိုယ်ကို ကျေနပ် သွားကြလေသည်။

တဆက်ထဲမှာပင်

ရှေ့တွင် ထင်းရှူးပင်ကလေးများ မြေလိမ်မြေကောက်စိုက်ပျိုးထားသည်ကို တွေ့လိုက်ရပြီး—

ထိုထင်းရှူးပင်ငယ် တောအုပ်ကလေးအလွန်တွင် ကြီးမားသော ကျောက်တုံးကြီးများအား တွေ့လိုက်ရလေသည်။

လျှုကျန်းက ပြုံးလိုက်သည်။

သူသည် ကျောက်တုံးကြီးများစုပုံနေရာသို့ လက်ညှိုးညွှန်ပြလိုက်ပြီး

'အဲဒီကျောက်တုံးပုံကြီးအောက်မှာ စွေမူရဲ့ ကျောက်လိုဏ်ဂူရှိတယ်ဗျ'

ဖေ့ယွဲ့ချင်းက ခေါင်းညိတ်လိုက်သည်။

'ဒီတခါတော့ ကျုပ်တို့တာဝန်တခုပြီးပြန်ပြီလို့မှတ်ယူထားလို့ရပြီပေါ့ဗျာ'

သူ၏လေသံသည် ကျေနပ်ခြင်း၊ ဝမ်းသာ ပျော်ရွှင်ခြင်းများနှင့် ပြည့်နှက်နေသည်။

လျှုကျန်းသည် ရှေ့မှဦးဆောင်ယင်း

ထင်းရှူးပင်ငယ် တောအုပ်အတွင်းသို့ လှမ်းဝင် သွားလေသည်။

ဖေ့ယွဲ့ချင်းကလည်း လှမ်းဝင်လိုက်သည်။

သူတို့သည်

အတန်ကြာ လျှောက်သွားသောအခါ

လျှုကျန်းက တစုံတခုမှားယွင်းနေပြီဟု သိသွားလိုက်ရလေသည်။

သူသည် သတိထား၍ လမ်းဆက် လျှောက်လိုက် ပြန်သည်။





သို့သော်

ကျောက်တုံးကြီးများ စုပုံနေရာသို့မရောက်ရှိပဲ ထင်းရှူးပင်ငယ်များအတွင်း၌ တဝဲလည်လည်ဖြစ်နေသည်ကို တွေ့လိုက်ရလေသည်။

သူသည် ထိတ်လန့်သွားသည်။

ဖေ့ယွဲ့ချင်းအား နားမလည်နိုင်ပါ၊

'ဘာဖြစ်လို့လဲ ညီလေး'

လျှုကျန်းသည် အေးစက်သောလေသံဖြင့်

'ကျုပ်တို့ စွေမူနောက်ထပ်ဆင်ထားတဲ့ ဝက်ပါ အသစ်ထဲရောက်နေပြီဗျ'

ဟု တလုံးချင်းပြောချလိုက်လေသည်။

*　　*　　*

ထင်းရှူးပင်ငယ်များသည်

သူတို့နှစ်ယောက်အား ဝိုင်းရံထားသည်။

အရပ် လေးမျက်နှာတွင် ထင်းရှူးပင်များနှင့် ကျောက်တုံးများသာတွေ့ရလေသည်။

ဖေ့ယွဲ့ချင်းက တုန်တုန်ယင်ယင်ဖြစ်လာသည်။

'ကျုပ်တို့ ဒီလိုပဲ နေကြတော့မလား'

သူသည် စကားဆုံးသွားသည်နှင့်

အနီးရှိ ထင်းရှူးပင်များအား ဖြိုလှဲပစ်ရန် ဟန်ပြင် လိုက်သည်။

'မလုပ်နဲ့'

လျှုကျန်းက အထိတ်တလန့်ဖြင့် ဟန့်တား လိုက်သည်။

'ဘာဖြစ်လို့လဲ'

'အဘွားကြီးက ဉာဏ်များတယ်ဗျ၊ တော်ကြာ ထင်းရှူးပင်တပင်ကို ဖြိုလှဲလိုက်ယင် ကျန်တဲ့အပင်တွေ လဲကျလာယင် ဘယ်လိုလုပ်မလဲ'

ဖေ့ယွဲ့ချင်းက မကြံတတ်အောင်ဖြစ်သွားသည်။

လျှုကျန်းသည် တစုံတခု စဉ်းစားမိလိုက်ဟန်ဖြင့်

'ဟုတ်ပြီ၊ ကျုပ်တို့က ထင်းရှူးပင် အကိုင်းအခက်တွေခုတ်ထွင်ရှင်းလင်းပြီး အပေါ်ကနေ ခုန်ထွက်မယ်'

'ဟာ သိတ်ကောင်းတဲ့အကြံပဲ'

ဖေ့ယွဲ့ချင်းကလည်း သဘောတူလိုက်သည်။

သူသည် လှံတံအား အပေါ်သို့ထောင်လိုက်ပြီး၊ လှံတံထိပ်မှာ ဓားကွေးနှစ်လက်ဖြင့် ထင်းရှူးကိုင်းငယ် များအား ဖြတ်တောက်လိုက်လေသည်။

သို့သော်

ထင်းရှူးရွက်များအကြားမှ

လက်တဆစ်ခန့် အဝါရောင်ပျားများ ပေါ်ထွက်လာကာ သူတို့အား လိုက်လံတုပ်လေတော့၏။

'ဟာ...ပျားတွေပါလား'

ဖေ့ယွဲ့ချင်းက နောက်သို့ခုန်ဆုတ်လိုက်သည်။

လျှုကျန်းကလည်း

'ပြေးပြေး.... ဒီပျားတွေတုပ်မိယင် မလွယ်တူးဗျို့'





သူတို့နှစ်ယောက် ဝက်ပါအတွင်း၌ လှည့် လည် ၍ ပြေးနေကြရလေသည်။

ထို့ကြောင့်

သူတို့နှစ်ယောက်စလုံးသည်အနည်းနှင့်အများ ပျားတုပ်ခံရလေတော့သည်။

အတန်ကြာသောအခါ

သူတို့သည်ပြေးလွှားခြင်းမပြုနိုင်တော့ပါ။

ထို့ကြောင့်

ပျံသန်းလာသောပျားများအား လက်ဖြင့်ရိုက်၍ နေရလေတော့သည်။

ထိုစဉ်မှာပင်

'မိတ်ဆွေကြီး လျှုကျန်းပေါက်ကွဲတတ်တဲ့ ကန့်လက်နက်ပုန်းကို ဘယ်ပျားကမှ မခံနိုင်ပါဘူးဗျာ'

အသံတခုကထွက်ပေါ်လာသည်။

လျှုကျန်းကဝမ်းသာသွားသည်။

အသံရှင်ကိုလည်းသူမှတ်မိလိုက်လေသည်။

သူသည်အိတ်ထဲမှ လက်နက်ပုန်းကလေးများကို ထုတ်ယူလိုက်ပြီး

ပျားအုံသို့ပစ်ပေါက်လိုက်သည်။

'ဝုန်း....ဝုန်း....'

ပျားအုံသည်ပေါက်ကွဲသံနှင့်အတူ အစိပ်စိပ်အမွှာမွှာ ပျက်စီးသွားလေသည်။

ခြောက်သွေ့နေသောထင်းရှူးရွက်အချို့မှာ မီးသင့်လောင်သွားသည်။

ပျားများသည်

မီခိုးငွေ့များကြောင့်လည်းကောင်းမီးသင့်လောင်မှုကြောင့်လည်းကောင်း၊ အဝေးသို့ပျံ့သန်းသွားကြလေတော့သည်။

လျှူကျုန်းသည်အသံလာရာသို့ မျက်နှာမူလိုက်ပြီး လက်နှစ်ဘက်ဆုစ်ကာ ဦးညွတ်လိုက်သည်။

'မိတ်ဆွေကြီးခင်ဗျာ ကျုပ်တို့ကို ကူညီသက်စနဲ့ တဆက်တည်း ထွက်လမ်းကိုလဲ ပြပေးပါအုံးဗျာ'

'သူ၏စကားမဆုံးမီမှာပင်

အေးစက်သော ရယ်မောသံတခုက ထွက်ပေါ်လာလေသည်။

'ဟားဟားဟား....ဒါက လွယ်လွယ်လေးပါဗျာ ခင်ဗျားတို့ပထမတွေ့ခဲ့တဲ့ ဝင်္ကပါထွက်နည်းကို သိတယ် မဟုတ်လား'

'ဟုတ်ကဲ့သိပါတယ်'

'အဲဒီဝင်္ကပါထွက်နည်းရဲ့ ပြောင်းပြန်ဟာ ခင်ဗျားတို့အခုဒုက္ခဖြစ်နေရတဲ့ ဝင်္ကပါထွက်နည်းပေါ့ဗျ'

'ကျေးဇူးတင်ပါတယ်ခင်ဗျာ၊ ကျုပ်တို့က စွေမူကိုလက်ရဖမ်းပြီး မိတ်ဆွေကြီးလက်ထဲအပ်ပါ့မယ်'

သို့သော်စကားသံက ထွက်ပေါ်လာတော့ပါ။

လျှူကျုန်းက

'ဒီအဘိုးကြီး ဘယ်အချိန်ကထွက်သွားသလဲဆိုတာတောင် မသိလိုက်ရဘူးဗျာ'





တောင်ငူ

သူသည်ယင်းသို့တချက်ညည်းညူလိုက်ပြီး

ဝင်္ကပါအတွင်းမှ ထိုးဖောက်ထွက်လာခဲ့လေတော့သည်။

*　　*　　*

ကျောက်လိုဏ်ဂူအတွင်း၌

စွေမူသည် တက်တချက်ခေါက်လိုက်သည်။

သူမသည်

ဝှာစင်းထိုင်အား တချက်ကြည့်လိုက်ပြန်သည်။

ဝှာစင်းထိုင်က ခေါင်းခါယမ်းလိုက်၏။

'မဖြစ်ဘူး ကျွန်မက ဒီတခါဟန်ဆောင်ရမယ်ဆိုယင် သူတို့ကယုံမှာမဟုတ်တော့ဘူး'

'ဒီလိုလဲ မဟုတ်သေးဘူးလေ သူတို့ကို ခဏလောက်သာ အချိန်ဆွဲထားလိုက်ပါ၊ အဘွားကလိုဏ်ဂူအနောက်ပေါက်က နေပြီး ထွက်သွားမယ်၊ တို့နှစ်ယောက်က ထွက်ပြေးဖို့ အစီအစဉ်လုပ်ပြီးယင် အဘွားက အချက်ပေးလိုက်မယ် မင်းက ပြေးလာခဲ့ပေါ့'

ဝှာစင်းထိုင်က ပါးစပ်ပိတ်ထားလိုက်သည်။

'မဖြစ်ပါဘူးရှင်'

'ဒီလိုဆိုယင် အဘွားလဲ သေမှာပဲ ညည်းကိုလဲသူတို့ကချမ်းသာပေးမှာမဟုတ်ဘူး'

ဝှာစင်းထိုင်က မတတ်နိုင်တော့ပါ၊ ခေါင်းညိတ် လိုက်ရလေသည်။

'ကောင်းပါပြီရှင်'

သူမသည်စက်ရုပ်တခုပမာ လိုဏ်ဂူအပြင်ဘက်သို့ တလှမ်းချင်းထွက်ခွာသွားလေတော့သည်။

*　　*　　*

လျူကျန်းနှင့်
ဖေ့ယွဲ့ချင်းတို့သည်
ဝက်ပါအပြင်ဘက်သို့ ရောက်ရှိလာပြီဖြစ်ပါသည်။
သူတို့သည် ဝက်ပါအပြင်ဘက်သို့ ရောက်ရှိသွားသည်နှင့် အစိမ်းရောင်သဏ္ဍာန်တခုအား တွေ့မြင်လိုက်ရလေသည်။
'လျံကုန်'
ဖေ့ယွဲ့ချင်းသည်နှုတ်မှ လွတ်ကနဲထွက်သွားသည်။
'ဟုတ်ပါတယ်ရှင် ကျွန်မက လျံကုန်ပါ'
ဝှာစင်းထိုင်က အေးစက်စွာ ပြောလိုက်သည်။
လျူကျန်းကဒေါသထွက်သွားသည်။
'ဒီမှာလျံကုန်နန် ကျုပ်တို့က ဒီတခါတော့ခင်ဗျားကိုရှောင်မသွားတော့ပါဘူး ကျုပ်နဲ့ခင်ဗျားဟာ ရန်သူတွေမဟုတ်ပါဘူး ဒီတော့ ဒီကိစ္စမှာ ခင်ဗျားဝင်မပါယင် ပိုကောင်းပါမယ်'
ဝှာစင်းထိုင်က ခေါင်းခါယမ်းလိုက်သည်။
'ရှင်တို့က ဘယ်လောက်များ အစွမ်းထက်လို့ ကျွန်မကို ဒီလိုပြောဝံ့တာလဲ'
ဖေ့ယွဲ့ချင်းက မချိပြုံးပြုံးလိုက်သည်။





သူသည် ဒေါသထွက်လွန်း၍ အသားများပင် တဆတ်ဆတ်တုန်ယင်နေလေသည်။
'ဒီမှာ လျံကုန်နန် ကျုပ်တို့က ခင်ဗျားနဲ့ ရန်ငြိုးမဖွဲ့ချင်ပါဘူး၊ ခင်ဗျားကသာ ကျုပ်တို့ကို....'
သူ၏စကားမဆုံးမီမှာပင်
လျူကျန်းက
'ဒီမှာသျံကုနန် ခင်ဗျားကို ကျုပ်တို့ လေးစားပါတယ်၊ ကျုပ်တို့ရဲ့ လေးစားမှုကိုထောက်ပြီး စေ့မှုကိုသာထုတ်ပေးပါ ကျုပ်တို့ သူနဲ့စာရင်းရှင်းပါရစေ'
'မဖြစ်ဘူး ကျွန်မရှိနေသမျှ ရှင်တို့သူ့ကို ဘာမှလုပ်လို့ ရမှာမဟုတ်ဘူး'
သူမသည် စေ့မှုအတွက် စိုးရိမ်ပူပန်လာသည်။
ထို့ကြောင့်
အနောက်ဘက်သို့ တချက် တချက် စောင်း ငဲ့ ကြည့် မိသည်။
လျူကျန်းက မျက်မှောင်ကုပ်သွားသည်။
လျံကုနန်သည် အဘယ်ကြောင့် စကားများနေပြီး မိမိတို့အား မတိုက်ခိုက်သေးသနည်း။
သူသည် ဝှာစင်းထိုင်အပေါ် တဖြည်းဖြည်း သက်ာမကင်းဖြစ်လာလေသည်။
ထို့ကြောင့်
သူသည် ရှေ့သို့ ခြေတလှမ်းတိုးလိုက်သည်။

'ခင်ဗျားကို ကျုပ်တို့က လေးစားမှန်းသိလျက်နဲ့ ဘာဖြစ်လို့ ကျုပ်တို့ကို ဒုက္ခပေးချင်ရတာလဲ ခင်ဗျားဟာ ကျုပ်တို့ကို အချောင်သက်သက်စော်ကားနေသလိုပဲ'

အခြေအနေမှာ တင်းမာလာပြီဖြစ်သည်ဟု

ဝှာစင်းထိုင်က ယုံကြည်လေသည်။

သူမသည် စေ့စပ်မှု ထွက်ပြေးနိုင်ရန် အချိန်လုံလောက်စွာရပြီဟု ယုံကြည်လိုက်သည်။

ထို့ကြောင့်

'ရှင်က စကားတော်တော်များပါလား'

သူမသည် လျူကျန်းအား ခက်ထန်စွာ ဟိန်းဟောက်လိုက်လေသည်။

လျူကျန်းက ပထမတွင်ထိတ်လန့်ပြီး နောက်သို့ ဆုတ်ရန် ပြင်လိုက်သည်။

သို့သော်

သူ၏စိတ်ထဲတွင် လျံကုနန်က သူ့အပေါ် စော်ကား လွန်းသည်ဟုသတ်မှတ်လိုက်ပြီး

အသက်စွန့်၍ တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်လေသည်။

ထို့ကြောင့်

သူသည် အံကို တင်းတင်းကြိတ်လိုက်ပြီး

လက်နှစ်ဘက်ကို အိတ်ထဲသို့ နှိုက်လိုက်လေသည်။

ဖေ့ယွဲ့ချင်းသည် တုံ့ဆိုင်းမနေတော့ပါ။

သူသည် လျူကျန်းနှင့်နှစ်ပေါင်းအတော်ကြာ လက်တွဲပြီး ရန်သူနှင့် ရင်ဆိုင်လာခဲ့သည် မဟုတ်ပါလော။





လျူကျန်းက အိတ်ထဲသို့ လက်နှိုက်လိုက်သည်နှင့်

ရန်သူအား အသက်အသေခံ၍ တိုက်ခိုက် တော့မည်ကို သိလိုက်သည်။

ထို့ကြောင့်

သူသည် ကျောမှာပိုးထားသော လှံတံအား ဖြုတ် ယူလိုက်လေသည်။

သူတို့နှစ်ယောက်သည် ဝှာစင်းထိုင်အား ဝဲယာညှပ်၍ နေရာယူလိုက်သည်။

'ရှင်တို့က သေချင်ပြီနဲ့တူတယ်'

သူမသည် ပြောယင်း ခါးမှဓားကို ဆွဲထုတ် လိုက် သည်။

လျူကျန်းက ပို၍ အံ့သြသွားပြန်သည်။

လျံကုနန်သည် ရန်သူကို ကြာစေ့သဏ္ဌာန် လက်နက်ပုန်း ဖြင့်သာတိုက်ခိုက်တတ်သည်ဟု ကြားသိခဲ့ရသည်။

ယခုမူ

ဓားဖြင့် တိုက်ခိုက်မည်ဟု တွေ့လိုက်ရသည်။

ထို့ကြောင့်

သူသည် ဝှာစင်းထိုင်အား လက်ညှိုးထိုးလိုက်ပြီး

'မင်းဘယ်သူလဲ'

ဝှာစင်းထိုင်က ထိတ်လန့်သွားသည်။

'ဘာလဲ ရှင်က ဦးနှောက်မကောင်းဘူးလား၊ ကျွန်မနာမည်က လျံကုနန်ရှင့်'

လျူကျန်းက တဟားဟား ရယ်မောလိုက်သည်။

'လက်စသတ်တော့ ကျုပ်တို့ညီနောင်က အလိမ်မိတာကိုး'

'ဘာဖြစ်လို့လဲဗျ'

ဖေ့ယှဲချင်းက နားမလည်နိုင်ပါ၊

'ဘာဖြစ်ရမှာလဲဗျ သူက လျှံကုနန်ဟန်ဆောင်ပြီး ကျုပ်တို့ကို လှည့်စားခဲ့တာဗျ'

ဖေ့ယှဲချင်း၏မျက်နှာသည် နီရဲသွားသည်။

'သေပေတော့'

သူသည် လက်ထဲမှ လှံတံရှည်ဖြင့်

ဝှာစင်းထိုင်အား တဟုန်ထိုး တိုက်ခိုက်လေတော့သည်။

* * *

ဝှာစင်းထိုင်သည်

သာမန်မိန်းကလေးတယောက်မဟုတ်ပါ။

သူမသည် သိုင်းပညာထက်မြက်သော မိန်း က လေး တယောက်ပင်ဖြစ်ပါသည်။

သို့သော်...

သူမနှင့်တိုက်ခိုက်နေကြသူများမှာ

အတွေ့အကြုံရင့်ကျက်ပြီး သိုင်းပညာ ထူးချွန် ကြသောကြောင့်

သူမသည်ဒဏ်ရာအနည်းငယ် ရရှိသွားလေသည်။

လျှုကျန်း၏ ကန့်လက်နက်ပုန်းများကသူမ၏ အနီးတဝိုက်တွင်တဝုန်းဝုန်းဖြင့် ပေါက်ကွဲနေကြသည်။

ထိုသို့ပေါက်ကွဲနေသည့်အကြားမှာပင်

လှံတံရှည်က ဝဲဘက်မှ ထွက်ပေါ်တိုက်ခိုက်နေလေသည်။

သူမသည်အခြေအနေ မဟန်မှန်း သိလိုက်လေသည်၊





မရဏညီနောင်သည် နာမည်နှင့် လိုက်အောင်ပင်

သူတို့အားလှည့်စားခဲ့သော ဝှာစင်းထိုင်အား ရက်ရက်စက်စက်ဝိုင်းရန်တိုက်ခိုက်ကြလေသည်။

ဝှာစင်းထိုင်သည်နောက်သို့ တလှမ်းချင်း ဆုတ်နေရသည်။

'ဟဲဟဲဟဲ မင်းဘယ်တော့မှ လိမ်ညာနိုင်မှာ မဟုတ်တော့ပါဘူးကွ'

လျှုကျန်းသည် လက်နက်ပုန်းများမသုံးတော့ပါ။

သူ၏အင်္ကျီပွပွထဲမှ

တပေခွဲခန့်ရှည်သော ဓားတချောင်း ဆွဲထုတ်လိုက် လေသည်။

သူသည်ဓားကို ဆွဲထုတ်လိုက်ပြီးသည်နှင့်

ဝှာစင်းထိုင်၏လည်ပင်းသို့ လျှပ်တပြက် ထိုးသွင်းလိုက်လေသည်။

ထိုတဒင်္ဂအချိန်မှာပင်

သာယာနာပျော်ဖွယ်ကောင်းသော ပလွေသံတချက် ထွက်ပေါ်လာလေသည်။

* * *

ရှုတ်တရက်

ထိုးသွင်းလိုက်သော လျှုကျန်း၏ဓားသည်

ဝှာစင်းထိုင်၏ လည်ပင်းသို့မရောက်မီ ခြောက်လက်မခန့်အကွာတွင်ရပ်တန့်သွားသည်။

ထိုစဉ်မှာပင်

ဝှာစင်းထိုင်က လှိုဏ်ဂူတံခါးအားဖွင့်၍ လှိုဏ်ဂူထဲသို့ ဝင်ပြေးသွားလေသည်။

သူမသည်စွေမူက အချက်ပေးလိုက်သည်ကို နားလည်လိုက်သည်။

ပလွေသံထွက်ပေါ်လာ၍ လျှူကျန်းတို့နှစ်ယောက်ကြောင်အံ့အံ့ဖြစ်နေစဉ်

အခွင့်ကောင်းယူ၍ ထွက်ပြေးလွတ်မြောက်လာနိုင်ခဲ့ လေသည်။

ယခုမူပင်

လျှူကျန်းသည်သတိရလာပြီး

ဝှာစင်းထိုင်နောက်သို့လိုက်ရန် ဟန်ပြင်လိုက်၏။

သို့သော်....

ဝှာစင်းထိုင်သည် လှိုဏ်ဂူအတွင်းသို့ ရောက်ရှိသွားသည်နှင့် လှိုဏ်ဂူတံခါးသည်ပြန်လည်၍ ပိတ်သွား လေတော့သည်။

*　　　*　　　*

တောင်ကြားထဲ၌

ကွေ့ကောက်ပြီး အနည်းငယ်ရှည်လျားသော လမ်းကလေးတနေ့ရှိသည်။

ဤလမ်းကလေးသည်

အဘွားအို စွေမူ၏ ကျောက်လှိုဏ်ဂူ

အနောက်ဘက်သို့ ပေါက်ရောက်သော လမ်းကလေး ဖြစ်ပါသည်။





လမ်းကလေးနံဘေးရှိ

ကျောက်တုံးကြီးတတုံးပေါ်တွင်

စွေမူသည်မတ်ဘတ်ရပ်နေ၏။

သူမ၏မျက်နှာသည် စိုးရိမ်ပူပန်သောဟန်မူရာနှင့် လမ်းကလေးဘက်သို့

မကြာခဏလှမ်းကြည့်နေလေသည်။

သူမ၏လက်ထဲတွင် ပလွေတံတချောင်း ကိုင်ထားသည်။

သူမသည်ပလွေကိုထပ်မံမှုတ်လိုက်သည်။

သာယာသောပလွေသံသည် ထွက်ပေါ်လာပြန်လေသည်။

ပလွေသံက ရုတ်ခြည်း တိတ်ဆိတ်သွားပြန်သည်။

သို့သော်

လမ်းကလေးတဘက် မည်သည့် လှုပ်ရှားမှုမှမတွေ့ရပါ။

စွေမူဒေါသထွက်လာသည်။

သူမသည်လက်ထဲမှပလွေအား လွှင့်ပစ်လိုက်သည်။

'အင်း ညည်းကအချိန်မီရောက်မလာတော့ ငါက စောင့်မနေနိုင်တော့ဘူး'

သူမသည်ယင်းသို့ရေရွတ်လိုက်ပြီး

ကျောက်တုံးပေါ်တွင် ချထားသောအိတ်ကို ကောက်ယူလိုက်သည်။

သူမသည်ကျောက်တုံးကြီးပေါ်မှ အောက်သို့ဆင်းလိုက်ပြီးနောက်

လှိုဏ်ဂူနှင့်ဝေးရာသို့ ထွက်ခွာသွားရန်ပြင်လိုက်သည်။

သူမသည်ချောက်ကမ်းပါးထိပ်တွင် ပေါက်ရောက်လျက်ရှိသောထင်းရှူးပင်တပင်ဆီသို့ လျှောက်သွားပြီး

ထင်းရှူးပင်တွင် အသင့်ယူဆောင်လာသော ကြိုးဖြင့် ချည်လိုက်သည်။

ခိုင်ခံ့ပြီဟုစိတ်ချရမှ

သူမသည်ကြိုးခွေအား ချောက်အတွင်းသို့ပစ်ချလိုက်သည်။

သူမသည်အရေးအကြောင်းကြုံရလျှင် ထွက်ပြေး နိုင်ရန် အစကတည်းက ပတ်ဝန်းကျင်အားစူးစမ်းလေ့လာထားခဲ့သည်။

သူမသည်ကြိုးဖြင့် ချောက်အတွင်းသို့ လျှောဆင်းသွားပြီး ထွက်ပြေးလွတ်မြောက်နိုင်လေသည်။

စွေမှုသည်တောင်အောက် ချောက်ကမ်းပါး အတွင်းသို့ ဆင်းရန်ပြင်လိုက်သည်။

ရုတ်တရက်

စွေမှု၏ ဦးခေါင်းထဲသို့ အတွေးတခုဝင်ရောက်လာသည်။

'ငါ...သူ့ကိုထားခဲ့လို့ ကောင်းပါ့မလား'

သူမသည် ယင်းသို့ဖြင့် ဝှာစင်းထိုင်အကြောင်း စဉ်းစားမိလိုက်သည်။

ဝှာစင်းထိုင်သည် သူမအား ဂရုတစိုက်ဖြင့် သေတွင်းထဲမှ ဆွဲထုတ်ခဲ့သည်။

မိမိအား ဂရုတစိုက်ကုသပေးခဲ့သည်။

ယခုလည်း၊

မိမိအတွက် အသက်အသေခံ၍ ရန်သူနှင့် တိုက်ခိုက်ကျန်ရစ်ခဲ့သည်။





သူမတွင် အန္တရာယ်များဝိုင်းနေသောအခါတွင်၊
သူမအားထား၍ ထွက်ပြေးရမည်လော။
ဤသို့ဆိုလျှင် မည်ကဲ့သို့ ပြုလုပ်ရမည်နည်း။
စွေမှုက စိတ်ရှုပ်သွားသည်။
သူမသည် ငယ်စဉ်ကပင် ကောက်ကျစ်စဉ်းလဲခဲ့သည်။
မည်သူ့အပေါ်မှ မေတ္တာစေတနာတရား မထားခဲ့ပါ။
သူမက မည်သူ့အပေါ်မှ သနားကြင်နာခြင်းမရှိခဲ့သလို—
သူမအပေါ်တွင်လည်း လူအများ၏ မုန်းတီးခြင်းကိုသာ ခံခဲ့ရသည်။

ယခု၊

သူမသည် ဝှာစင်းထိုင်အပေါ်တွင်၊

မြေးငယ်တယောက်ပမာ သံယောဇဉ်တွယ်တာမိနေပြီ ဖြစ်ပါသည်။

ထို့ကြောင့်၊

သူမသည် စိတ်ကိုတင်းလိုက်ပြီး၊

ဝှာစင်းထိုင်အား စောင့်၍ ခေါ်သွားရန် ဆုံးဖြတ်လိုက်သည်။

သူမသည် လမ်းဘေးရှိ ကျောက်တုံးကြီးရှိရာသို့
ဒုတိယအကြိမ် ပြန်လည် ရောက်ရှိသွားလေသည်။

* * *

အချိန်အတန်ကြာသွားသည့်တိုင်အောင်၊
ဝှာစင်းထိုင်က ပေါ်မလာပါ။

စွေမူသည် စိတ်လေးလာလေသည်။

သူမသည် ဝှာစင်းထိုင် အန္တရာယ်နှင့်ကြုံတွေ့နေရပြီဟု ထင်မှတ်လိုက်သည်။

ထို့ကြောင့်

လိုက်ဂူဘက်သို့ပြန်သွားရန် ဆုံးဖြတ်လိုက်လေသည်။

ထိုစဉ်မှာပင်

ပြေးလွှားလာသော ခြေသံသဲ့သဲ့ကို ကြားလိုက်ရလေသည်။

သူမသည် ခြေသံလာရာဘက်သို့လေးငါးလှမ်းမျှတိုးသွားပြီး

'မြန်မြန်လာဟေ့ ငါဒီမှာ စောင့်နေရတာကြာပြီ'

သူမ၏စကားသံဆုံးသွားသည်နှင့်

ဝဲဘက်တောင်နံရံမှ လူရိပ်တခုက ခုန်ထွက်လာလေသည်။

စွေမူက ထိတ်လန့်သွားသည်။

သူမသည် ဝင်ရောက်လာသောသူကိုတွေ့လိုက်ရသောအခါ မျက်နှာကွက်ကနဲပျက်သွားသည်။

သူမသည် လှည့်ထွက်သွားရန် ပြင်လိုက်သည်။

သို့သော်

ထိုလူက သူမ၏ထွက်လမ်းကို ပိတ်ဆို့ထားလိုက်သည်။

စွေမူက နှုတ်ခမ်းကိုက်လိုက်ပြီး

'လက်စသတ်တော့ မိတ်ဆွေကြီးကိုး'

ထိုလူက ခြောက်သွေ့စွာ တချက်ရယ်မောလိုက်သည်။

'ဟုတ်ပါတယ်ဗျာ ကျုပ်က ခင်ဗျားအတွက် မမေ့နိုင်တဲ့ မိတ်ဆွေကြီးပါပဲ'





ထိုလူ၏ ဝဲဘက်လက်တဘက်သည်၊

ပခုံးမှနေ၍ တိတိကျကျပြတ်နေ၏။

အဘိုးအို ချင်းပင် ပင်ဖြစ်ပါသည်။

'ဘယ်လိုလဲ ခင်ဗျားက ထွက်ပြေးဖော့ မလို့လားဗျ'

စွေမူက အံကို တင်းတင်းကြိတ်ထားလိုက်သည်။

'ရှင်နဲ့မဆိုင်ပါဘူး'

'ဘာပြောတယ်ဗျ ကျုပ်နဲ့မဆိုင်ဘူး ဟုတ်လား၊ ဒီမှာစွေမူ ခင်ဗျားက မရဏညီနောင်ကိုပဲ လိမ်ညာလို့ရမယ်.... ကျုပ်ကို လိမ်လို့ မရဘူးဗျ'

'ကျွန်မက ရှင့်ကို ဘာတွေလိမ်နေလို့လဲ'

စွေမူက စကားပြောယင်း ရန်တွေ့လိုက်သည်။

သူမ၏ခေါင်းထဲတွင် လွတ်မြောက်ရန်လမ်းစရှာကြံနေ၏။

ချင်းပင်က ရိပ်စားမိလိုက်သည်။

'ဘာမှ စဉ်းစားမနေနဲ့စွေမူ ဒီည ခင်ဗျား ကျုပ်လက်ထဲက မလွတ်နိုင်ပါဘူး'

စွေမူက တခစ်ခစ် ရယ်မောလိုက်သည်။

သူမ၏ရယ်မောသံသည် ငှက်ဆိုးထိုးသံနှင့်တူလှပေသည်။

သူမသည် ချင်းပင်အား စိုက်ကြည့်လိုက်ပြီး၊

'ရှင်က ယောကျ်ားတယောက် မဟုတ်လား'

'ဟုတ်တယ်လေ အဲဒါဘာဖြစ်သလဲ'

'ဘာဖြစ်ရမလဲရှင့် ကျွန်မမှာ ရှင့်ရဲ့ပက်စက်တဲ့အကြံကြောင့် လမ်းတောင် ချိုင်းထောက်နဲ့လျှောက်နေရတယ် မဟုတ်လား၊

နောက်ပြီး အခုအချိန်မှာဆိုယင် ကျွန်မမှာအန္တရာယ်တွေကလဲ ဝိုင်းဝိုင်းလည်နေတယ်လေ'

'အဲဒီတော့ ကျုပ်က ခင်ဗျားကိုလွှတ်ပေးရမယ်ဟုတ်လား'

စွေမူက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ် ရှင်က ကျွန်မကို လွှတ်ပေးလိုက်ပါ ဒါပေမယ့် ကျွန်မဒုက္ခရာပျောက်ကင်းသွား တဲ့ နဲ့ ...'

ချင်းပင်က ပြုံးလိုက်သည်။

'ဘယ်ရမလဲကွ အခုချိန်မှာဆိုယင် ခင်ဗျားကို ကျုပ် က နိုင်နေပြီ၊ နောင်ခင်ဗျားဒုက္ခရာပျောက်သွားယင် ခင်ဗျားကို နိုင်ဖို့ဆိုတာမလွယ်တော့ဘူးဗျ၊ ဒါကိုသိလို့ ကျုပ်က ဒီတောင်ပေါ်ကို အချိန်မီ တက်လာတာပေါ့ဗျ'

စွေမူက ဒေါသချောင်းချောင်းထွက်သွားသည်။

'ရှင့်ကို ကျွန်မက ကြောက်နေတယ်လို့များထင်နေသလား'

သူမသည် ချိုင်းထောက်ကို အားပြုလိုက်ပြီး ချင်းပင်ထံသို့ ခုန်ဝင်သွားသည်။

ချင်းပင်က ဆီး၍ လက်ဝါးတချက် တွန်းတုတ်လိုက်သည်။

စွေမူသည် ဒုက္ခရာများ ပျောက်ကင်းစဖြစ်သည်။

• ထို့ကြောင့်

အားအင်များကုန်ခန်းနေသောကြောင့်

သူမသည် ချင်းပင်၏ ရိုက်ချက်ကို မခံနိုင်ပါ။

အချိန်မီလက်ဝါးဖြင့် ခုခံလိုက်သော်လည်းမည်သို့မျှမတတ်နိုင်ပဲ မြက်ခင်းပြင်ထဲသို့ လဲကျသွားလေသည်။

သူမသည် မြက်ခင်းပြင်ထဲ၌ လူးလိမ့်သွားပြီး





'နင်....နင်....နင့်ကို ငါတသက်မကျေဘူး'

သူမသည် ဒေါသထွက်လွန်း၍ အထစ်ထစ်အငေါ့ငေါ့ဖြင့် အော်ငေါက်လိုက်သည်။

ချင်းပင်သည် အနည်းငယ်ထိတ်လန့်သွားပြီး နောက်သို့ ခြေလှမ်းဆုတ်သွားလေသည်။

စွေမူက မြက်ခင်းပြင်ပေါ်မှ ထလာပြီး ချင်းပင်အား ထပ်မံတိုက်ခိုက်ရန် ပြင်လိုက်သည်။

သူမသည် အသေခံ၍ တိုက်ခိုက်တော့မည်လော။

* * *

ကျောက်လှိုဏ်ဂူတံခါးသည် ပွင့်သွားပြီဖြစ်ပါသည်။

လျှူကျန်းနှင့် ဖေ့ယွဲ့ချင်းတို့က လှိုဏ်ဂူအတွင်းသို့ ခုန်ဝင်လိုက်ကြသည်။

သူတို့သည် တိုက်ခိုက်ရန်အသင့်အနေအထားဖြင့် ကျောက်လှိုဏ်ဂူအတွင်းသို့ ဝင်ရောက်သွားကြခြင်းဖြစ်သည်။

လှိုဏ်ဂူထဲသို့ ဝင်ရောက်မိသည်နှင့်

လျှူကျန်းက လက်ဝါးနှစ်ချက် ရိုက်ထုတ်လိုက်သည်။

သို့သော် မည်သည့် တုံ့ပြန်မှုမှ ဖြစ်ပေါ်မလာပါချေ။

ဖေ့ယွဲ့ချင်းက အိတ်ထဲမှ မီးခတ်ကျောက်အား ထုတ်ယူလိုက်ပြီး မီးထွန်းညှိလိုက်သည်။

သူ၏ အင်္ကျီအိတ်ထဲ၌ မီးခတ်ကျောက်နှင့် မီးစာက အမြဲတမ်းရှိနေတတ်ပေသည်။

မီးရောင်ကြောင့် လှိုဏ်ဂူတခုလုံးအား သေချာစွာ မြင်တွေ့လိုက်ရသည်။

'ဟင်....ဘယ်ရောက်သွားပါလိမ့်'

သူတို့သည် လှိုဏ်ဂူအတွင်း နေရာအနှံ့အပြားသို့ လိုက် လံရှာဖွေသော်လည်း

ဝံ့ဘစင်းထိုင်အား မတွေ့ရတော့ပါချေ။

'ဒီမှာ လာကြည့်စမ်း ထွက်ပေါက် တခုပါလား'

လျှုကျန်း၏ အသံကြောင့်

ဖေ့ ယွဲ့ချင်းက ကပျာကယာ ပြေးသွားသည်။

လှိုဏ်ဂူ၏ နောက်ဘက်ထွက်ပေါက်တခုဖြစ်ပါသည်။

'ဒီအပေါက်ကနေ ထွက်ပြေးသွားပြီနဲ့တူတယ်၊ ကဲ....လိုက်ကြရအောင်'

သူတို့သည် လှိုဏ်ဂူနောက်ပေါက်မှထွက်လာကြပြီး

လမ်းကလေးအတိုင်း ပြေးလွှားသွားကြလေတော့သည်။

* * *

ချင်းပင်က စိုးရိမ်စိတ်များနှင့် ပြည့်နေ၏။

သို့သော်

သူသည် စွေမူအား ကျိန်းသေနိုင်ရမည်ဟု ယုံကြည်ထားသည်။

စွေမူက သူ့အားစိုက်ကြည့်နေ၏။

ချင်းပင်က သက်ပြင်းတချက်ချလိုက်ပြီး

'ဒီမှာစွေမူ ခင်ဗျားက အသေခံပြီး တိုက်ခိုက်မယ်ဆိုယင်လဲ ဘာအကျိုးမှ ထူးလာမှာ မဟုတ်ပါဘူး'

စွေမူက အံကြိတ်လိုက်ပြီး





'ရှင်က ကျွန်မကို သတ်မယ်ဆိုယင်တော့ လွယ်လွယ် နဲ့ ကျွန်မက အသေခံမှာ မဟုတ်ဘူး'

ချင်းပင်က ခေါင်းခါယမ်းလိုက်သည်။

'ကျုပ်က ခင်ဗျားကို ဘယ်လောက်ပဲမုန်းခဲ့ပေမယ့် ဒဏ်ရာ ရထားတဲ့ လူတယောက်ကို ကျုပ်က မသတ်ချင် ပါ ဘူး၊ ခင်ဗျားကံကောင်းသွားတယ်မှတ်ပါ၊ ဒါပေမယ့်....'

'ဒါပေမယ့် ဘာဖြစ်သလဲ'

'ဒါပေမယ့် ခင်ဗျားက ကျုပ်ရဲ့ ဆရာဆီက ယူ သွား တဲ့ ပစ္စည်း ပြန်ပေးရမယ်'

'ကျွန်မက ပြန်မပေးဘူးဆိုယင်ကော....'

အဘိုးအိုက မဲ့ပြုံးပြုံးလိုက်သည်။

'ခေါင်းမမာချင်စမ်းပါနဲ့စွေမူရယ် ခင်ဗျားက ဒီပစ္စည်းကိုသာ ပြန်ပေးယင် ခင်ဗျားကို ကျုပ်က လွှတ်ပေးလိုက်မှာပါ၊ ဒါဆို ခင်ဗျားက ဒဏ်ရာတွေ သက်သာပျောက်ကင်းသွားတော့ ကျုပ်ကိုလာပြီး ပညာချင်းယှဉ်ပြိုင်နိုင်မှာပေါ့'

စွေမူက တဟားဟား ရယ်မောလိုက်သည်။

သူမသည်မှတ်ဥာဏ်နည်းပါးသဖြင့်

လက်ရှစ်ချောင်းသိုင်းသမား၏ သိုင်းစာအုပ်အတွင်းမှ သိုင်းပညာရပ်များကို ကုန်စင်အောင် မတတ်မြောက်ခဲ့ချေ။

ချင်းပင်လိုလူမျိုးလက်သို့ ဤစာအုပ်သာ ရောက်ရှိသွားပါက....

သူမသည်ချင်းပင်၏အနားသို့ပင် ကပ်နိုင်တော့မည်မဟုတ်သည်ကို သူမကသိထားသည်။

'ရှင်ကအိပ်မက်မက်နေတာကိုး ကျွန်မဆီကစာကိုယူထားပြီး အခုသိုင်းကျမ်းစာအုပ် ထပ်တောင်းတာ ရှင်မရှက်ဘူးလား'

ချင်းပင်ကဒေါသထွက်လာသည်။

'ဒီပစ္စည်းတွေဟာ ကျုပ်ဆရာရဲ့ပစ္စည်းတွေဗျ ကျုပ်က ပြန်တောင်းရမှာပေါ့'

စွေမူသည်သိုင်းကျမ်းစာအုပ်အားမပေးပဲထားရန် ဆုံးဖြတ်လိုက်၏။

သူမ၏မျက်လုံးအစုံသည် နီရဲ၍ လာလေသည်။

'ဒီမှာချင်းပင် ဘာပဲဖြစ်ဖြစ် ရှင့်ရဲ့ဆရာမရှိတော့တဲ့နောက်ပိုင်းမှာ ဒီပစ္စည်းတွေက ကျွန်မပစ္စည်းတွေ ဖြစ်သွားပြီရှင့်၊ ဒါကြောင့်ကျွန်မ မပေးနိုင်ဘူး'

'ခင်ဗျားစဉ်းစားပါအုံးလေ ကျုပ်က ခင်ဗျား ထွက်ပြေးနိုင်အောင် လမ်းဖွင့်ပေးထားတယ် မဟုတ်လား'

စွေမူကခေါင်းခါယမ်းလိုက်သည်။

'မရဘူးချင်းပင် ကျွန်မက မပေးဘူးဆိုယင် မပေးဘူးပဲ–ဒီတော့....'

သူမ၏စကားမဆုံးမီမှာပင် သူမ၏ ခန္ဓာကိုယ်သည် ချင်းပင်အား ခုန်အုပ်လိုက်လေတော့သည်။

* * *

အဝေးဆီမှ ကြက်တွန်သံများ ကြားနေရ၏။
အမှောင်ထုသည်တဖြည်းဖြည်း ပါးလာပြီဖြစ်သည်။





ကောင်းကင်ပြင်သည်အပြာရောင်ဖျော့ဖျော့ဖြစ်ပေါ် လာသည်။

မကြာမီမိုးလင်းတော့မည်ဖြစ်ပါသည်။

ချင်းပင်သည်စွေမူက စတင်တိုက်ခိုက်လာသည့်အတွက် မနေနိုင်တော့ပါ။

သူသည်စွေမူအားပြန်လည်တိုက်ခိုက်ရန်ဟန်ပြင်လိုက်သည်။

ကျောက်နံရံအထက်မှ အသံတခု ထွက်ပေါ်လာလေသည်။

'ရပ်လိုက်'

အသံနှင့် မရှေးမနှောင်းလူရိပ်တခုသည်

စွေမူနှင့် ချင်းပင်တို့အကြားသို့ တိုးဝင်လာသည်။

အစိမ်းရောင်ဂါဝန်ရှည် ဝတ်ဆင်ထားသော မိန်းကလေးတယောက်ဖြစ်ပါသည်။

သူမသည်ကျောက်နံရံပေါ်မှ ခုန်ချလိုက်ပြီး မြေပြင်သို့ခြေချမိသည်နှင့်တပြိုင်နက် လက်ထဲမှ ဓားဖြင့် ချင်းပင်အားတိုက်ခိုက်လိုက်လေသည်။

ချင်းပင်က ရုတ်တရက်ထိတ်လန့်သွားပြီးနောက် ဝါးတရိုက်ခန့် ခုန်ရှောင်သွားသည်။

'ဝှာစင်းထိုင်'

စွေမူက ဝမ်းသာအားရ အော်ခေါ်လိုက်သည်။

ဝှာစင်းထိုင်က စွေမူ၏ရှေ့၌ အကာအကွယ်ပေးလိုက်ပြီး

'ရှင်က ကျွန်မမိတ်ဆွေမှာ ဒဏ်ရာတွေရထားတာ မမြင်ဘူးလား ဒဏ်ရာရနေတဲ့ လူတယောက်ကိုအနိုင်ယူချင်လို့လားရှင်'

သူမကိုတွေ့လိုက်ရမှပင်

ချင်းပင်သည်သက်ပြင်းချနိုင်လေသည်။

သူမသည် မရဏာညီနောင်နှင့် ယှဉ်ပြိုင်တိုက်ခိုက် နေသည်ကိုသူက တွေ့မြင်ခဲ့သည်။

သူမသည်စွေမူ၏တပည့်လော။

သို့သော်

သူမအသုံးပြုသည့် ဓားသိုင်းသည် စွေမူ၏ ဓားသိုင်းနှင့် မည်သို့မှ မသက်ဆိုင်ဟု ချင်းပင်ကနားလည်လိုက်သည်။

ဤသို့ဆိုလျှင်

သူမသည်မည်သည့်အတွက်ကြောင့်စွေမူအား အသက်ပေး၍ခုခံနေရပါသနည်း။

ချင်းပင်သည်စဉ်းစား၍ မရတော့ပါ။

သူမသည်စွေမူ၏ နံဘေး၌ ဓားကို ဟန်ပါပါ ကိုင်ထားယင်းရပ်နေသည်။

ချင်းပင်ကခေါင်းခါယမ်းလိုက်သည်။

သူ၏အကြံအစည်များသည် ဤငယ်ရွယ်သူ မိန်းကလေးကြောင့် ပျက်စီးရတော့မည့်လော။

သူသည်အပျက်စီးမခံနိုင်ပါ။

သို့သော်....

သူသည်အပြစ်မဲ့သည့် မိန်းကလေးနှင့် ဒဏ်ရာရနေသောစွေမူအား မသတ်လိုပါ။

ဤသို့ဆိုလျှင်

သူသည်ပြန်သွားရန်သာရှိတော့သည်။

ချင်းပင်က စိတ်ရှုပ်သွားသည်။





နောက်ဆုံးတွင် ကာယကံရှင် စွေမူနှင့်ပင် စာရင်းရှင်းရန်ဆုံးဖြတ်လိုက်လေသည်၊

သူသည်မိန်းကလေးအား တချက်ကြည့်လိုက်ပြီး

'မိန်းကလေး ဒီကိစ္စဟာ မင်းနဲ့မဆိုင်ပါဘူးကွယ်၊ ဘေးဖယ်နေစမ်းပါ'

သူ၏အသံသည် အေးစက်နေသော်လည်း ခက်ထန်ခြင်းမရှိဟု ဝှာစင်းထိုင်က နားလည်လိုက်သည်။

သူမသည် တကြိမ်မှ မမျှော်လင့်ခဲ့ဖူးသည့် ပုံသဏ္ဌာန်မျိုးရှိသည့် အဘိုးအိုအား တွေ့ဆုံနေရခြင်းဖြစ်သည်။

ဆံပင်များ ဖြူဖွေးလျက်ရှိပြီး ရပ်ရည်သန့်ပြန့်ကာ မျက်ခုံးမွေးများ အတန်ငယ်ရှည်လျားနေ၏။

ဝူးရှသောမျက်လုံး၊ ချိုင့်ဝင်နေသော နားထင်တို့သည်—

စာပေသမားတယောက်အသွင် ပေါ်ပေါက်နေ၏။

မရဏာညီနောင်ကဲ့သို့

ရက်စက်ကြမ်းကြုတ်သည့် ဟန်အမူအရာမျိုး မရှိချေ။

သူမသည် အဘိုးအိုအား မည်သို့ပြန်ပြောရမှန်းမသိပေ။

ထို့ကြောင့်

သူမသည် ဓားရှည်ကို ကန့်လန့်ဖြတ်ကိုင်ကာ

စွေမူ၏ နံဘေးတွင် မလှုပ်မယှက်ရပ်နေလေသည်။

သူမ၏မျက်လုံးအစုံကမူ တောက်ပစွာဖြင့် အဘိုးအို အားစိုက်ကြည့်နေ၏။

စွေမူကလည်း ဒေါသထွက်နေဟန်ရှိသည်။

'ကဲ ညည်းက ဘေးဖယ်နေလိုက်စမ်းပါအေ၊ ငါက သူ့ကို ဆုံးမလိုက်အုံးမယ်'

ဝှာစင်းထိုင်က သူမအတွက်ပူပန်သွားသည်။

'ရှင့်မှာ ဒဏ်ရာကြီးနဲ့ မဟုတ်လား'

စွေမူက ရယ်မောလိုက်သည်။

'အို….ဒီနေရာမျိုးမှာ ဒဏ်ရာကို ဂရုမစိုက်နိုင်တော့ပါဘူး ကွယ်'

သူမသည် ပြောယင်း

ချင်းပင်ဘက်သို့လှည့်လိုက်ပြီး

'ကဲ ရှင်က လာနိုင်ပါပြီရှင် ကျွန်မက ရှင့်ကို ကောင်းကောင်းဆုံးမပေးပါမယ်'

ချင်းပင်က အားရပါးရရယ်မောလိုက်သည်။

'ခင်ဗျားက သေရမှာကြောက်ပြီး ကယောင်ကတမ်းတွေဖြစ်နေပြီထင်တယ်၊ ခင်ဗျားမှာ ဘယ်လိုပညာမျိုးပဲရှိရှိ ကျုပ်လက်ထဲက ပြေးလို့လွတ်မှာ မဟုတ်ပါဘူး'

သူသည် စကားကို ဆုံးသွားသည်နှင့်

စွေမူအား တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

ဝှာစင်းထိုင်က ကာကွယ်ရန် ရှေ့တိုးလာ၏။

ချင်းပင်က မျက်မှောင် ကုပ်သွားသည်။

'ဒီမှာ စွေမူ အပြစ်မဲ့တဲ့ မိန်းကလေးတယောက်ကို အသက်မသေစေချင်ပါနဲ့'

စွေမူ၏မျက်နှာသည် ထူးဆန်းသည့်အရိပ်အရောင်များ စ် ပေါ်လာသည်။





သူမသည် အေးစက်စွာ တချက်ရယ်မောလိုက်ပြီး

'ဒီမှာ ဝှာစင်းထိုင်'

'ပြောပါ'

'ကျုပ်က ဒီမိတ်ဆွေကြီးနဲ့ လွန်ခဲ့တဲ့ နှစ်တော်တော်ကြာကတည်းက စာရင်းရှင်းစရာ ကိစ္စလေးတွေရှိနေတယ်၊ အဲဒါ ဒီကနေ့တော့ ပြတ်ပြတ်သားသား စာရင်းရှင်းကြမယ်၊ ဒီတော့ ဒီကိစ္စမှာ ညည်းက မပါဝင်ပါနဲ့'

ဝှာစင်းထိုင်က အံ့အားသင့်သွားသည်။

'ရှင်…. ဒီလိုဆိုယင် ရှင်သေသွားမှာပေါ့၊ ရှင့်မှာ ဒဏ်ရာတွေနဲ့မဟုတ်လား'

စွေမူက ခေါင်းခါယမ်းလိုက်သည်။

'ကျုပ်အပေါ် သူကစိတ်နာထားတော့ ဘယ်လိုမှ လွတ်လမ်းမရှိတော့ဘူး၊ မလွတ်တော့မယ့်အတူတူ အသေခံပြီး တိုက်ခိုက်ဘာက ပိုကောင်းမယ်မဟုတ်လား'

သူမသည် ဝှာစင်းထိုင်အား တချက်ကြည့်လိုက်ပြီး

'အမှန်ပြောရယင် ကျုပ်ရဲ့ပညာအမွေကို ညည်းကို ပေးခဲ့မယ်လို့ ဆုံးဖြတ်ထားခဲ့ပါတယ်၊ ဒါပေမယ့်…'

သူမ၏စကားသည် တပိုင်းအစနှင့် ရပ်တန့်သွားသည်။

သူမ၏မျက်နှာသည်ဝမ်းနည်းကြေကွဲမှုပေါ်လွင်လာသည်။

သူမသည် ချင်းပင်အား တချက်ကြည့်လိုက်ပြီး

'ဒီမှာ ချင်းပင် ရှင်နောက်ကို နည်းနည်း ဆုတ်ပေးပါ ကျွန်မက ဒီကလေးမကို မှာစရာတွေရှိနေလို့'

ချင်းပင်က ပြုံးလိုက်ပြီး

နောက် ခြေဆယ်လှမ်းခန့် ဆုတ်သွားလေသည်။

စွေမူက ဝှာစင်းထိုင်အား ကြားရရုံလေသံဖြင့် ပြောလိုက်တော့သည်။

* * *

သူမပြောပြနေသောစကားများက နားထောင် ယင်း ဝှာစင်းထိုင်၏ မျက်နှာသည် နီရဲလာလိုက်၊ မဲမှောင်လိုက်နှင့် အရောင်အမျိုးမျိုးပြောင်းလဲနေ၏။

သူမသည် ခေါင်းကို တသွင်သွင်ခါယမ်းနေ၏။

'မဖြစ်ဘူး ကျွန်မရှင့်ကို မထားခဲ့နိုင်ဘူး'

စွေမူက ဖျောင်းဖျပြောဆိုလိုက်ပြန်သည်။

'မဟုတ်သေးဘူးလေ ညည်းက အခုနေ လွတ်အောင်ပြေးသွားနိုင်ခဲ့ယင် အဘွားကလဲ ကိုယ်လွတ်ရုန်းပြီး လိုက်လာခဲ့နိုင်တယ်မဟုတ်လား'

နောက်ဆုံးတွင်

ဝှာစင်းထိုင်သည် စွေမူ၏အကြံကို လက်ခံလိုက်ရလေသည်။

ချင်းပင်က စိတ်မရှည်နိုင်တော့ပါ၊

'ဘယ်လိုလဲဗျ ခင်ဗျားက မသိနားမလည်တဲ့ မိန်းကလေးတယောက်ကို ဘာတွေအသုံးချအုံးမလို့လဲ'

စွေမူက မည်သို့မျှပြန်မပြောပါ။

သူမသည် ဝှာစင်းထိုင်ကိုသာ စိုက်ကြည့်နေပြီး၊

'ကျုပ်က မင်းကို ပစ္စည်းတခုပေးလိုက်မယ်'

'ဘာပစ္စည်းလဲ'





စွေမူက နှုတ်မှအဖြေမပေးပါ။

သူမသည် ဝှာစင်းထိုင်၏အင်္ကျီအတွင်းသို့ ဗူးကလေး တခု ထိုးသွင်းလိုက်လည်။

'ဒီပစ္စည်းက သိပ်အဖိုးတန်တယ်နော် ညည်းဖွင့်မကြည့်ရဘူး၊ ငါကလွတ်မြောက်လာခဲ့ယင် နင့်ရှဲသတင်းကို စုံစမ်းပြီး လိုက်လာခဲ့မယ်၊ ငါသာတခုခုဖြစ်ခဲ့ယင်....'

သူမသည် စကားကိုခေတ္တရပ်တန့်လိုက်ပြီး၊

ချင်းပင်အား အကဲခတ်ကြည့်လိုက်သည်။

ချင်းပင်သည် ကောင်းကင်ပေါ်သို့ ခေါင်းမော့ ထားလေသည်။

သူသည် လောကပေါ်၌ မေတ္တာတရားကို သိရှိနားလည်သလိုပင်ဖြစ်သည်။

သံယောဇဉ်တွယ်တာမိသူအချင်းချင်း ခွဲခွာကြရတော့မည့်အခါ။

ဤကဲ့သို့ မခွဲနိုင်မခွာရက် ဖြစ်နေသည်ဟု သူက သဘောပေါက်ထားပုံရလေသည်။

စွေမူက စိတ်ချသွားပြီး၊

'ငါသေဆုံးသွားပြီလို့ တိတိကျကျသတင်းကြားရယင်တော့ ဒီပစ္စည်းကို ညည်းကယူပေတော့ ဒါပေမယ့် သေသေချာချာစောင့်ရှောက်ပါနော်'

ဝှာစင်းထိုင်က အိတ်အတွင်းမှ ဗူးကလေးအား စမ်းသပ်ကြည့်မိသည်။

သူသည် ဘာပစ္စည်းမှန်း မသိသော်လည်း ခေါင်းညိတ်ပြ
လိုက်လေသည်။

'ကောင်းပါပြီ ကျွန်မလုံခြုံအောင် သိမ်းထားပါမယ်'

စွေမူက စိတ်ချလက်ချ ဖြစ်သွားသည်။

'အေး...ကောင်းပြီ ဒါဆိုယင် ညည်းသွားပေတော့'

'ရှင်...'

'ဟုတ်တယ်လေ ညည်းသွားတော့ ဒီမှာ ညည်းဆက်နေလို့ မဖြစ်တော့ဘူး'

'ဘာဖြစ်လို့လဲရှင့်'

'ညည်းကသာ ဒီမှာဆက်နေမယ်ဆိုယင် ကျုပ်တို့တိုက်ပွဲမှာ ညည်းပါဝင်လာမှာပေါ့'

'မပါပါဘူး၊ ဘေးကကြည့်နေမှာပါ'

'တကယ်လို့ ကျုပ်ကရှုံးနိမ့်ခဲ့ယင်ကော'

'အဲဒီအခါကျတော့ တမျိုးပေါ့ရှင်'

'အေး...အဲဒါကြောင့်ပြောတာပေါ့ ညည်းကသာ ပါဝင်တိုက်ခိုက်ခြင်းမပြုယင် ဒီအဘိုးအိုက ညည်းကို သတ်မှာမဟုတ်ဘူး၊ တကယ်လို့သာ ညည်းကတိုက်ပွဲထဲပါဝင်လာယင် သူက ချမ်းသာပေးလိမ့်မယ်မထင်နဲ့ ချောက်ကမ်းပါးထိပ်က ထင်းရှူးပင်ဆီအရောက်ပြေးပြီး အဲဒီကနေ ကြိုးနဲ့အောက်ကို တွယ်ဆင်းသွားယင် ဘယ်သူမှလိုက်မလာနိုင်တော့ဘူးကွဲ့'

သူမသည် စကားဆုံးသွားသည်နှင့်

ဝှာစင်းထိုင်အား ထွက်သွားရန် အရိပ်အကဲ ပြလိုက်သည်။

ထို့နောက်





သူမသည် ဝှာစင်းထိုင်အားလုံးဝမကြည့်တော့ပဲ ချင်းပင်ထံသို့လျှောက်သွားလေတော့သည်။

* * *

ဝှာစင်းထိုင်သည်

ထိုနေရာမှ ထွက်ခွာသွားပြီး ဖြစ်ပါသည်။

ချင်းပင်က အသာတကြည်ပင် သွားခွင့်ပြုလိုက်လေသည်။

စွေမူက အဘိုးအို ချင်းပင်အား တချက် ကြည့်လိုက်ပြီး၊

'ကဲ....ကျွန်မတို့ရဲ့ ယှဉ်ပြိုင်ခြင်းက စနိုင်ပါပြီရှင်'

'မဟုတ်သေးဘူး စွေမူ'

ချင်းပင်က ခေါင်းခါယမ်းလိုက်သည်။

'ဘာဖြစ်လို့လဲ'

'ဘာဖြစ်ရမလဲ မင်းကသာ ကျုပ်ကိုသိုင်းကျမ်းစာအုပ်ပေးလိုက်ယင် မင်းအသက်ချမ်းသာရာရမယ် မဟုတ်လား'

စွေမူသည် အလွန်ဉာဏ်များသော အဘွားအိုတယောက် ဖြစ်သည်။

သူမသည် စဉ်းစားနေဟန် ဆောင်လိုက်သည်။

ချင်းပင်က အားတက်လာပြီး

'စိတ်ကူးမလွဲပါနဲ့ စွေမူ ဒီစာအုပ်ထဲကပညာတွေကို နင်လဲ တတ်မြောက်ပြီးပြီမဟုတ်လား'

ချင်းပင်သည် ရှေ့သို့ ခြေလှမ်းလှမ်းလိုက်သည်။

သူသည် စွေမူအား ဖျောင်းဖျစကားပြောယင်း ရှေ့သို့တိုးကပ်လာရာ၊

စွေမှုနှင့် လေးကိုက်ခန့်အကွာသို့ရောက်သောအခါ၊
မထင်မှတ်သော လှုပ်ရှားမှုမျိုးကို စွေမှုက ပြုလုပ်လိုက်လေသည်။

သူမသည် ရုတ်တရက် အိတ်ထဲသို့လက်နှိုက်လိုက်ပြီး လက်နက်ပုန်းကလေးများအား နှိုက်ယူလိုက်သည်။

ထို့နောက်

ချင်းပင်ထံသို့ပစ်လွှင့်လိုက်လေသည်။

သူမသည်ချင်းပင်၏ သိုင်းပညာကိုသိရှိထားသည်။

ထို့ကြောင့်သူမသည် မိမိက

ချင်းပင်အား သေချာပေါက် ရှုံးနိမ့်လိမ့်မည်ဟု ယူဆပြီး သူမသည် ချင်းပင်အား လက်ဦးစွာ တိုက်ခိုက်နိုင်ရန် ဟန်ဆောင်နေရခြင်းဖြစ်လေသည်။

ချင်းပင်ကိုအလစ်၌ တိုက်ခိုက်နိုင်ခဲ့ပါမူချင်းပင်သည်ကျိန်းသေဒဏ်ရာရရှိသွားပြီး

မိမိက ချင်းပင်အား လက်ရည်ညီမျှစွာတိုက်ခိုက် နိုင်လိမ့်မည်ဟု မျှော်လင့်ထားသည်။

ငွေအပ်ကလေးတချောင်းသည် ချင်းပင်၏ ရင်ဝသို့တည့်မတ်စွာပြေးဝင်သွားသည်။

နီးကပ်လွန်းသည်ဖြစ်သောကြောင့်

ချင်းပင်သည်ရှောင်တိမ်းခြင်း မပြုနိုင်ပါ။

ထို့ကြောင့်

သူသည်တဘက်တည်း သောလက်ဖြင့် ဖမ်းယူလိုက်ရလေသည်။





ထိုတက်အချိန်အတွင်း

ငွေအပ်ကလေးဆယ်ချောင်းခန့်သည် သူ၏ခန္ဓာကိုယ် အနှံ့အပြားသို့ ပစ်လွှင့်ရောက်ရှိလာလေသည်။

'အား ...'

ချင်းပင်သည်စူးရှစွာ အော်ဟစ်လိုက်ပြီး

နောက်သို့ခုန်ဆုတ်လိုက်သည်။

သူ၏ပေါင်နှစ်ဘက်စလုံးနှင့်ညာဘက်ပခုံးပေါ်တွင် ငွေအပ်ကလေးများ လေးငါးချောင်းထက်မနည်း စိုက်ဝင် နေလေသည်။

စွေမှုကတဟားဟား ရယ်မောလိုက်သည်။

သူမသည်ယခုအချိန်တွင် ချင်းပင်အား လက်ရည်ညီမျှစွာယှဉ်ပြိုင်နိုင်တော့မည်မဟုတ်ပါလော။

* * *

ချင်းပင်၏ခန္ဓာကိုယ်တခုလုံးသည် တုန်ခါသွားသည်။

သူ၏ခြေထောက်နှစ်ဘက်သည် လှုပ်ရှားလိုက်တိုင်း ပြင်းထန်စွာ နာကျင်လာလေသည်။

သူသည်အံကိုတင်းတင်းကြိတ်လိုက်ပြီး

'ခင်ဗျားက တော်တော်ကောက်ကျစ်ပါလား'

သူသည်စွေမှုအား အသေသတ်ရန် ဆုံးဖြတ်လိုက်သည်။

လျှပ်တပြက်

သူ၏ခန္ဓာကိုယ်သည် လေထဲတွင် မြောက်တက် သွားပြီး စွေမှုအားခုန်အုပ်လိုက်လေတော့သည်။

သူ၏ခန္ဓာကိုယ်သည် တည်ငြိမ်ခြင်းမရှိပါ။ ထို့ကြောင့်သူ၏လှုပ်ရှားမှုသည် အနည်းငယ်သာ နှေးကွေးသွား၏။

စွေမူကနောက်သို့ ခြေတလှမ်းထုတ်လိုက်သည်။

သူမသည် တိုးဝင်လာသော ချင်းပင်၏ ခန္ဓာကိုယ်အား ချိုင်းထောက်ဖြင့် ရိုက်ချလိုက်လေသည်။

ချိုင်းထောက်သည်ပြင်းထန်သောအဟုန်ဖြင့် ချင်းပင်အား ရိုက်မိသွားသည်။

'ဖျောင်း....'

ဟူသောအသံနှင့်အတူ ချိုင်းထောက်သည် အပိုင်းပိုင်း ကျိုးသွားသေသည်။

ချင်းပင်သည်မြက်ခင်းပေါ်သို့လဲကျသွားသည်။

ထိုနည်းတူ

စွေမူသည် အားအင် ထုတ်သုံးလိုက်ရ သဖြင့် မဟန်နိုင်တော့ပဲ

သူမသည် ချင်းပင်အနီး မြက်ခင်းပေါ်သို့လဲကျသွား လေသည်။

သူမမြက်ခင်းပေါ်သို့ လဲကျသွားသည်နှင့်တပြိုင်နက် ချင်းပင်သည်လူးလိမ့်ထလိုက်ပြီး

စွေမူအားခုန်အုပ်လိုက်လေသည်။

သူတို့နှစ်ယောက်သည် လုံးထွေးသတ်ပုတ်နေကြလေသည်။

ဤကဲ့သို့တိုက်ခိုက်မှုမျိုးမှာ သိုင်းလောကတွင်အလွန့်အလွန်နည်းပါးလှပေသည်။

ဝှာစင်းထိုင်သည် ချောင်းကြည့်နေရာမှရင်ထိတ်သွားသည်။





စွေမူသည် မည်သည့်နည်းနှင့်မအဆိုချင်းပင်အားရှုံးနိမ့်နိုင်သည်ဟုသူမကသိထားသည်။

ယခုကဲ့သို့လုံးထွေးနေရာမှ

လွတ်သွားပြီး ချင်းပင်၏လက်ဝါးတချက်မျှ မိသွားလျှင်မူ စွေမူသည် သက်သာမည်မဟုတ်ပါ။

ဤအချက်ကိုစွေမူကလည်း သိထားသည်။

သူမသည်ချင်းပင်အား အလွတ်မပေးပဲ တင်းကြပ်စွာဖက်ထားလိုက်သည်။

ထို့ကြောင့်

ချင်းပင်သည် အသက်ရှူကြပ်လာလေသည်။

သူသည်အပြင်းအထန် ရုန်းလေတော့သည်

ဤသို့ဖြင့်

သူတို့နှစ်ယောက်သည် ရုန်းယင်း တဖြည်းဖြည်းနှင့် မြက်ခင်းပြင်တဘက်သို့ လိမ့်သွားကြလေသည်။

ဝှာစင်းထိုင်က ထိတ်လန့်သွားသည်။

ဤနေရာသည် တောင်စောင်းဖြစ်သည်၊

ဤ မြက်ခင်းပြင်၏ အဆုံးတဘက်နေရာတွင် အဆုံးအစမရှိသော ချောက်ကမ်းပါးက ရှိနေသည်။

သူတို့သည် ချောက်ကမ်းပါးနှင့် မဝေးလှတော့ပါ။

ဝှာစင်းထိုင်သည် မနေနိုင်တော့ပါ။

သူမသည် ချောင်းကြည့်နေရာမှ ထွက်လာပြီး၊

'စွေမူ သတိထား ချောက်ကမ်းပါးရှိတယ်'

စွေမူက ထိတ်လန့်သွားသည်။

သူမသည် ကပျာကယာ ချင်းပင်အား ဖက်ထားရာမှလွှတ်လိုက်ပြီး တွန်းထုတ်လိုက်သည်။

ချင်းပင်ကလည်း စွေမူ၏ ဖက်ထားသောလက်များ လွတ်သွားသည်နှင့် လျှင်မြန်စွာပင် ဘေးသို့ လှိမ့်ထွက်လိုက်သည်။

သူတို့နှစ်ယောက်သည် ကပျာကယာပင် လူးလိမ့် ထလိုက်ကြပြီး၊

ရင်ဆိုင်လိုက်ကြပြန်သည်။

ထိုစဉ်မှာပင်

ဝှာစင်းထိုင်က တိုက်ပွဲအတွင်းသို့ ပြေးဝင် လာလေသည်။

စွေမူက ထိတ်လန့်သွားသည်။

'ဟဲ့ ကောင်မလေး သွားစမ်း ဝေးဝေးသွားတော့ နင်ဘာဖြစ်လို့ပြန်လာတာလဲ'

ဆီး၍ ဆူပူလိုက်သည်။

ချင်းပင်ကလည်း မျက်နှာကွက်ကနဲ ပျက်သွားသည်။

တိုက်ပွဲအတွင်းသို့

ဝှာစင်းထိုင် ပါဝင်လာပါမူ သူသည် စွေမူအား သတ်ရန်ခက်ခဲသွားမည်ကို တွေးမိလိုက်သည်။

ထို့ကြောင့်

သူသည် ပြေးဝင်လာသော ဝှာစင်းထိုင်အား လက်ဝါးဖြင့် ဆီး၍ ရိုက်ချလိုက်လေသည်။

အဖြစ်အပျက်မှာ အလွန် လျှင်မြန် လွန်းလှသည်။





ချင်းပင်က တိုက်ခိုက်လိုက်သည့် တဒင်္ဂ အချိန်အတွင်းမှာပင် စွေမူက သူ့အား ခုန်အုပ်လိုက်လေသည်။

*　　*　　*

အခြေအနေက ရှုပ်ထွေးသွားသည်။

ချင်းပင်၏လက်ဝါးသည် နေရာပြောင်းသွားသည်။

သူသည် ဝှာစင်းထိုင်အား ရိုက်ချလိုက်ခြင်းကို ရုပ်သိမ်းလိုက်ပြီး၊

ချာကနဲလှည့်ကာ စွေမူအား ရိုက်ထုတ်လိုက်သည်။

သူ၏ လက်ဝါးသည် စွေမူ၏ရင်ဝသို့ တည့်တည့် မတ်မတ်ရိုက်မိသွားလေသည်။

'ဝုန်း'

ခုန်အုပ်လာသော စွေမူသည် နောက်သို့လွင့်စင်သွားသည်။

သူမသည် နာကျင်စွာ တချက်အော်ဟစ်လိုက်သည်။

တဆက်တည်းမှာပင် လွင့်စင်သွားသည့်အရှိန်ဖြင့် ချောက်ကမ်းပါးအတွင်းသို့ ထိုးကျသွားလေသည်။

'အား....'

စူးရှစွာ အော်ဟစ်လိုက်သော သူမ၏အသံသည် တောတောင်တခုယုံးအား ပဲ့တင်ထပ်သွားလေသည်။

*　　*　　*

ချင်းပင်သည် အံ့အားသင့်သွားသည်။

ထို တဒင်္ဂအချိန်တွင်းမှာပင်

ဝှာစင်းထိုင်က သတိဝင်လာသည်။

'ကဲ...သေပေတော့'

သူမသည် ချင်းပင်ထံသို့ ခါးဖြင့် ထိုးသွင်းလိုက်သည်။

ချင်းပင်က နောက်တလှမ်းဆုတ်ပြီး ရှောင်တိမ်းလိုက်သည်။

သို့သော်—

သူသည် နောက်ကျသွားပြီဟု သိလိုက်ရလေသည်။

ဝမ်းပိုက်ဆီမှ နာကျင်သောဝေဒနာတရပ် ခံစားလိုက်ရလေသည်။

သူသည် ဝှာစင်းထိုင်အား အံ့အားသင့်စွာ စိုက်ကြည့်လိုက်သည်။

ဝှာစင်းထိုင်က ဒေါသကြီးစွာဖြင့် သူ့အား ထပ်မံ၍ တိုက်ခိုက်လိုက်ပြန်သည်။

သူမသည် ခါးရှည်ဖြင့် ချင်းပင်၏လည်ပင်းသို့ခုတ်ချလိုက်လေသည်။

ချင်းပင်သည် မည်သို့မှ မတတ်နိုင်တော့ပါ။

သူသည် ဝမ်းပိုက်မှဒဏ်ရာကို လက်ဖြင့် ဖိယင်း နောက်သို့ ခုန်ထွက်သွားသည်။

သို့သော်

သူ မှားယွင်းသွားပြီကို သတိရလိုက်သည်။

သူသည် ထိတ်လန့်စွာ တချက် အော်လိုက်သည်။

'အား...'

သူသည် စူးရှသော အော်သံနှင့်အတူ တောင်အောက်သို့ ထိုးကျသွားလေတော့သည်။

အကြောင်းမှာ





သူသည် နောက်သို့ခုန်ထွက်သွားသည်နှင့်

ပြန်လည် ခြေချရန် နေရာမရှိတော့ပါ။

ချောက်ကမ်းပါးအတွင်းသို့ ခုန်ချမိရက်သား ဖြစ်သွားလေတော့သည်။

* * *

ဝှာစင်းထိုင်သည်

ချောက်ကမ်းပါးထိပ်၌ ရပ်လျက်ရှိသည်။

သူမသည် ကိုယ့်ကိုယ်ကိုမယုံကြည်နိုင်အောင်ဖြစ်နေမိသည်။

လူနှစ်ယောက်ကျသွားသော ချောက်ကမ်းပါးသည် တိတ်ဆိတ်မြဲတိတ်နေသည်။

ပကတိ အေးချမ်းသောအသွင်ကိုဆောင်နေသည်။

ဤချောက်ကမ်းပါးသည် အလွန် နက်ရှိုင်းသည်။

ထို့ကြောင့်

သူတို့နှစ်ယောက် အသက်ရှင်ရန် အခွင့်အရေးမှာ မျှော်လင့်ချက်မရှိသလောက်ဖြစ်သည်။

ဝှာစင်းထိုင်၏ရင်ထဲ၌ လေးလံလာလေသည်။

သူမ၏မျက်နှာပေါ်တွင် ဝမ်းနည်းကြေကွဲမှုအရိပ်အရောင်များပေါ်လွင် နေ၏။

သူမသံယောဇဉ်တွယ်တာမိသူများသည် ဒုက္ခ အမျိုးမျိုးကြုံတွေ့ခဲ့ကြရပြီး

နောက်ဆုံးတွင် အဖြစ်ဆိုးများနှင့် အဆုံးသတ် သွားကြရသည်ဟု တွေးတောမိလိုက်သည်။

သူမ၏မျက်ဝန်းတွင် မျက်ရည်များဖြင့် ပြည့်လျှံလာသည်။
သူမသည် အဆုံးအစမရှိသည့် ချောက်ကမ်းပါးအား ငုံ့ကြည့်လိုက်သည်။
စွေမူကို ပြန်လည်တွေ့ဆုံရန် လုံးဝမဖြစ်နိုင်တော့ချေ။
ထို့ကြောင့်
အိတ်ထဲမှ စွေမူပေးခဲ့သော ဗူးကလေးအားနှိုက်ထုတ်လိုက်သည်။

ဗူးကလေးအား ဖွင့်ကြည့်လိုက်သောအခါ

စာအုပ်ငယ်တအုပ်အား တွေ့လိုက်ရလေသည်။

ထိုစာအုပ်ငယ်မှာ
လက်တဘက်ပြတ်အတိုးအို အလွန်လိုချင်နေသည့် စာအုပ်ဖြစ်မှန်း ဝှာစင်းထိုင်က နားလည်လိုက်သည်။

ဤစာအုပ်ကလေးကြောင့်

သူတို့နှစ်ယောက် အသက်ဆုံးရှုံးခဲ့ကြရပြီ မဟုတ်ပါလော။
ထို့ကြောင့်
ဝှာစင်းထိုင်သည် စာအုပ်ငယ်အား ချောက် ကမ်း ပါးအတွင်းသို့ လွှင့်ပစ်လိုက်ရန် ဟန်ပြင်လိုက်သည်။
သို့သော်
ဤစာအုပ်ငယ်သည် စွေမူက သူမအား အမှတ်တရ ပေးခဲ့ခြင်းမဟုတ်ပါလော။
ထို့ကြောင့်
သူမသည် လွှင့်မပစ်ရက်တော့ပါ။





သူမ၏ အင်္ကျီအိတ်အတွင်းသို့ ပြန်လည်၍ သိမ်း ဆည်းထားလိုက်သည်။
ထို့နောက် ဤနေရာမှထွက်ခွာရန်ခြေလှမ်းပြင်လိုက်သည်။
ထိုစဉ်မှာပင်
လမ်းကလေး၏ တဘက်ဆီမှ ပြေးလွှားလာသော ခြေသံများကို ကြားလိုက်ရလေသည်။

* * *

တောင်ခြေရင်းတွင်
ချောင်းငယ်တခုက စီးဆင်းနေ၏။
ထိုချောင်းငယ်ကလေးသည်
ထုံထင်ရေကန်နှင့် မြစ်မကြီးတို့အား ဆက်စပ် ပေး ထားသည့် ချောင်းငယ်ကလေးဖြစ်သည်။
ချောင်းကလေးထဲတွင်
လှေငယ်ကလေးတစင်းက ကျောက်ချ ရပ်နား ထားသည်။
လှေငယ်ပေါ်တွင်
ချင်ရှောင်ဖူက ထိုင်နေသည်။
သူမ၏ မျက်နှာသည် စိုးရိမ်ပူပန်မှုဖြင့် ပြည့်နှက်နေ၏။
မကြာခဏဆိုသလိုပင်
တောင်ပေါ်သို့လှမ်းမျှော်ကြည့်နေ၏။
မသဲကွဲသော အလင်းရောင်ကြောင့်
တောင်ပေါ်သို့ ကောင်းစွာမမြင်ရပါ။
ထို့ကြောင့်

သူမသည် အဘိုးအိုချင်းပင်တယောက် ဘေးမသီ ရန်မခပဲ ပြန်လည်ရောက်ရှိလာစေရန် ဆုတောင်း၍နေရလေသည်။

သူမသည်အဘိုးအို၏ စကားကိုမပယ်ရှားဝန့်၍သာ အဘိုးအိုနှင့်အတူ လိုက်မသွားနိုင်ခဲ့ခြင်းဖြစ်သည်။

တောင်ပေါ်သို့လိုက်မသွားနိုင်ပါလျှင်

တောင်အောက်၌ အဘိုးအိုပြန်လာမည့်အချိန်ကိုသာ စိတ်ရှည်စွာ စောင့်နေရန်ပင် ရှိတော့သည်မဟုတ်ပါလော။

* * *

အပြုံရောင်ဝတ်ဆင်ထားသည့် လူနှစ်ယောက်သည် လမ်းကလေး၏တဘက်တချက်မှပေါ်ထွက်လာ လေသည်။

ဝှာစင်းထိုင်ကထိတ်လန့်သွားသည်။

'ဟင်....မရဏညီနောင်ပါလား'

သူမသည်ရှောင်ပြေးရန် ဟန်ပြင်လိုက်သည်။

သို့သော်....

မရဏညီနောင်က သူမအား ဝိုင်းရံထားလိုက်သည်။

'ဟဲဟဲ မင်းဘယ်ပြေးမလို့'

လျှူကျန်းကသဘောကျစွာ ပြောလိုက်သည်။

ဝှာစင်းထိုင်က ဟန်ဆောင်ရယ်မောလိုက်ပြီး

'ရှင် ကျွန်မက ထွက်ပြေးမယ်ဟုတ်လား၊ ဝေးပါသေးတယ်ရှင်'

သူမသည် ယင်းသို့ ပြောနေသော်လည်း ပြေးထွက်ရန်လမ်းစရှာနေ၏။





ဖေ့ယွဲ့ချင်းသည် လှံတံရှည်ဖြင့် ဝှာစင်းထိုင်အား ချိန်ရွယ်လိုက်ပြီး

'မင်းကကျုပ်တို့လက်က ပြေးလို့မလွတ်တော့ဘူး မဟုတ်လား–မင်းဘယ်သူလဲ ဘာဖြစ်လို့ သျှိကုနန်ဟန်ဆောင်နေရလဲဆိုတာ မှန်မှန်ပြောပါ'

ဝှာစင်းထိုင်က မဲ့ပြုံးပြုံးလိုက်သည်။

'ရှင်တို့ပြောခိုင်းတိုင်း ပြောရမှာလား'

လျှူကျန်းကကြားဖြတ်လိုက်သည်။

'ဒီမှာမိန်းကလေး မင်းကအသက်ငယ်သေးတော့ ကျုပ်တို့ညီနောင်က မင်းကိုသတ်မပစ်ချင်ပါဘူး၊ ဒါကြောင့်ကျုပ်တို့ကိုပြောပြပါ'

'ရှင်တို့ကကျွန်မကို နိုင်မယ်များထင်လို့လား'

ဖေ့ယွဲ့ချင်းက ဒေါသထွက်သွားသည်။

'ကဲ....ဒီသောက်တောင် ခေါင်းမာလှတာ သေပေတော့'

သူသည်ပြောပြီးသည်နှင့်

ဝှာစင်းထိုင်အား တဟုန်ထိုး တိုက်ခိုက်လိုက်လေသည်။

လျှူကျန်းကလည်း မနေနိုင်ပါ။

ထို့ကြောင့်

သူ၏ဓားဖြင့် ဝှာစင်းထိုင်အား ထိုးသွင်းလိုက်လေသည်။

ဝှာစင်းထိုင်ကအံကို တင်းတင်းကြိတ်လိုက်ပြီးပြန်လည် ခုခံလိုက်သည်။

သံသံချင်းထိခိုက်မိသံများ

ညာသံပေးသံများသည် တောင်ခါးပန်းတခုလုံးတွင် ဟိန်းထွက်လာသည်။

ဝှာစင်းထိုင်သည် သတိကြီးစွာထား၍ ခုခံနေရသည်။

သူမ၏နဖူးပေါ်မှချွေးများကလည်း စီးဆင်းကျလာ လေသည်။

တချက် မှားလိုက်သည်နှင့် အသက်ဆုံးရှုံး သွားနိုင်သည်မဟုတ်ပါလော။

သူမသည်မချိပြုံးပြုံးလိုက်ပြီး

'ရှင်တို့လို နာမည်ကြီးတဲ့ မရဏညီနောင်က ကျွန်မကိုဘာမှမဟုတ်တဲ့ကလေးတယောက်ကို ဝိုင်းပြီးတိုက်ခိုက်ဘာ မရှက်ဘူးလား'

လူကျွန်း၏ တိုက်ခိုက်မှုသည် ရပ်တန့်သွားသည်။

ဖေ့ယွဲ့ချင်းကလည်း ရပ်တန့်လိုက်သည်။

သူတို့၏မျက်နှာသည် နီရဲသွားသည်။

သိုင်းလောကတွင် သူတို့ညီနောင်သည် မရဏညီနောင်ဟူသော နာမည်ဘလုံးနှင့် နေကြသူများဖြစ်သည်။

ယခုကဲ့သို့

အမည်နာမ မသိပဲကလေးသာသာမိန်းကလေးတယောက်ကိုသူတို့ညီနောင်နှစ်ယောက်က ဝိုင်းတိုက်သည့် သတင်းသည် သိုင်းလောကသို့ပျံ့နှံ့သွားပါမူ

သူတို့နှစ်ယောက်၏ သိက္ခာသည် ကျဆင်း သွားမည်သာဖြစ်ပါသည်။





သို့သော်....

ဤမိန်းကလေးက သူတို့အား လျှံကုနန်ဟန်ဆောင်၍ လိမ်ညာခဲ့သည်မဟုတ်ပါလော။

ထို့ကြောင့်

သူတို့သည်နောက်တကြိမ် အညာမိမည်ကိုစိုးရိမ်နေကြလေသည်။

'မင်းကိုကျုပ်တို့က အချိန်မရွေးသတ်ပစ် နိုင်ပါတယ်ကွာ'

'ရှင်တို့က ကျွန်မကို ဘာအကြောင်းနဲ့ သတ်မှာလဲရှင်'

လူကျွန်းကအူကြောင်ကြောင်ဖြစ်သွားသည်။

'မင်းကကျုပ်တို့ကို လျှံကုနန် ဟန်ဆောင်ပြီး လိမ်ညာခဲ့တယ်မဟုတ်လား'

ဝှာစင်းထိုင်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်တော့ဟုတ်ပါတယ် ဒါပေမယ့်'

'ဒါပေမယ့်ဘာဖြစ်သလဲ'

'ဒါပေမယ့် ကျွန်မက စွေမှုအတွက်ဟန်ဆောင်ခဲ့ရတာပါ'

'အေး အဲဒါပေါ့ ကျုပ်တို့က စွေမှုကို ဖမ်းမိကာနီးမှာ မင်းကဝင်ရှုပ်တယ်မဟုတ်လား၊ နောက်ပြီးစွေမှုထွက်ပြေးနိုင်အောင် ကျုပ်တို့ကို အချိန်ဆွဲထားတာ မင်းအပြစ်တွေပေါ့'

ဝှာစင်းထိုင်က ပြုံးလိုက်သည်။

'ဒီလိုဆိုယင် ရှင်တို့ကစွေမှုကိုသာအဓိကရန်သူအဖြစ် သတ်မှတ်ထားတာပေါ့'

'ဟုတ်တယ်မင်းကသာ ဝင်မရှုပ်ယင် ကျုပ်တို့ကမင်းနဲ့ဘာမှ ပတ်သက်စရာအကြောင်းမရှိဘူး၊ မင်းကဝင်ရှုပ်ခဲ့လို့သာပေါ့'

ဝှာစင်းထိုင်က ပြုံးလိုက်သည်။

သူမသည် လျူကျန်းအားတချက်ကြည့်လိုက်ပြီး

'ကောင်းပြီ ဒီလိုဆိုယင် ရှင်တို့ စွေမူနဲ့သာဆက်ပြီး စာရင်းရှင်းကြပေတော့'

လျူကျန်းက ဝမ်းသာသွားသည်။

'ဟုတ်ပြီ၊ မင်းကသာ စွေမူရှိတဲ့နေရာ ပြောပြယင် မင်းကို ချမ်းသာပေးလိုက်မယ်'

ဖေ့ယွဲ့ချင်းက ကောက်ကျစ်စဉ်းလဲစွာ ပြုံးလိုက်ပြီး

'ဟုတ်တယ်စွေမူ ဘယ်မှာလဲ'

ဝှာစင်းထိုင်ကနောက်သို့ခြေလှမ်းဆုတ်လိုက်သည်။

'ကျွန်မက စွေမူရှိတဲ့နေရာ ပြောပြယင် ရှင်တို့ကကျွန်မကို တကယ်လွှတ်လိုက်မှာလား'

'ဟုတ်တယ် ကျုပ်ကတိပေးတယ်'

'ကောင်းပြီဒီလိုဆိုယင် ကျွန်မပြောပြမယ်အဲဒီအောက်မှာ စွေမူရှိတယ်'

လျူကျန်းသည် ဝှာစင်းထိုင် လက်ညှိုးညွှန်ပြရာသို့ ကြည့်လိုက်သည်။

နက်ရှိုင်းလှသော ချောက်ကမ်းပါးအား တွေ့မြင်လိုက်ရလေသည်။

ဖေ့ယွဲ့ချင်းက အံ့သြသွားပြီး

'ဘာလဲစွေမူက ချောက်ထဲကျသွားပြီလို့ မင်းကဆိုလိုချင်တာလား'

ဝှာစင်းထိုင်သည်ခေါင်းညိတ်လိုက်ပြီး





'ဟုတ်တယ်သူကလက်တဘက် ပြတ်နေတဲ့အဘိုးအိုရဲ့ လက်ချက်နဲ့ အဲဒီအောက်ကို ကျသွားတာပဲ'

လျူကျန်းက မယုံနိုင်အောင်ဖြစ်နေ၏။

'အဲဒီလက်တဘက်ပြတ်နေတဲ့ အဘိုးအိုကော'

'သူလဲအဲဒီအောက်ကိုကျသွားတယ်ရှင့်'

ဖေ့ယွဲ့ချင်းသည် မျက်နှာကွက်ကနဲ ပျက်သွားသည်။

'မိန်းကလေးကညာနေတာပဲ'

လျူကျန်းက ချောက်ကမ်းပါးထိပ်သို့ လျှောက်သွားပြီး အောက်သို့ ငုံ့ကြည့်လိုက်သည်။

မည်သည့်အရာဝတ္ထုမှမမြင်တွေ့ရပါ။

ချောက်ကမ်းပါးသည် အလွန်နက်ရှိုင်းပြီးပိန်းပိတ်အောင် မှောင်နေလေသည်။

ဖေ့ယွဲ့ချင်းသည် လျူကျန်းထံ အာရုံရောက်သွားသည်။

လျူကျန်းက ခေါင်းခါပြလိုက်သည်နှင့်တပြိုင်နက်ဝှာစင်းထိုင်အား ပစ်ရန်ဖြစ်သည်။

သို့သော် ..

လျူကျန်းက ဝေခွဲမရဟန်ဖြင့် တိတ်ဆိတ်နေ၏။

ထိုစဉ်မှာပင်

ဝှာစင်းထိုင်က ချောက်ကမ်းပါးဆီမှ ထင်းရှူး ပင်အား သတိရလာလေသည်။

ဤထင်းရှူးပင်သည် ထွက်လမ်းတခု ဖြစ်သည်ဟု စွေမူက ပြောခဲ့သည်ကိုသူသည်သတိရလာပြီး ရုတ်တရက်

ခြေတချက်ဆောင့်လိုက်ပြီး

ပျံလွှားတကောင်ပမာ ထင်းရှူးပင် ရှိရာသို့ ခုန်ထွက်သွား လေတော့သည်။

*　　*　　*

လျူကျန်းကထိတ်လန့်သွားသည်။

'ရပ်လိုက်'

သူသည်ယင်းသို့ အော်ဟစ်လိုက်ပြီး

ဝှာစင်းထိုင်နောက်သို့ ပြေးလိုက်သွားသည်။

ဖေ့ယွဲ့ချင်းကလဲ သတိဝင်လာပြီး

သူမနောက်သို့တဟုန်ထိုး ပြေးလိုက်သွားလေသည်။

ဝှာစင်းထိုင်သည် ထင်းရှူးပင်အနီးသို့ ရောက်ရှိ လာသော အခါ

ကြိုးခွေတခုအား တွေ့ရှိလိုက်ရလေသည်။

သူမသည် ကြိုးခွေအား နက်ရှိုင်းလှသောချောက်ကမ်းပါး အတွင်းသို့ ဖစ်ချလိုက်သည်။

သူမသည်ချောက်ကမ်းပါးအောက်သို့ ငုံ့ကြည့်လိုက်သည်။

နက်ရှိုင်းလှသော ချောက်ကမ်းပါးကသူမအားဖိတ်ခေါ် နေ၏။

သူမသည်ထိတ်လန့်သွားသည်။

ထိုစဉ်မှာပင်

လျူကျန်းသည် အနီးသို့ ရောက်ရှိလာပြီဖြစ်ရာ

သူမသည်မျက်စေ့ကိုမှိတ်လိုက်ပြီးကြိုးစကိုကိုင်ကာ တောင် အောက်သို့ လျှောချလိုက်လေတော့သည်။

*　　*　　*





လေသည်တဟူးဟူး တိုက်ခတ်နေ၏။

ကြိုးသည် နာရီချိန်သီးပမာ လုပ်ယမ်းနေ၏။

ရုတ်တရက် လျှော့ချလိုက်သည့်အတွက်

သူမ၏လက်ဝါးပြင်များသည် ပွန်းပဲ့၍အသွန်ပင်ကျောင် နေလေသည်။

သို့သော် ...

လက်လွှတ်လိုက်ပါက သူမသည် အသက် ဆုံးရှုံးသွား မည်ကိုသိထား၏။

သူမသည်အံကိုတင်းတင်းကြိတ်လိုက်ပြီး အောက်သို့ ဖြေး ဖြေးခြင်း လျှောဆင်းနေ၏။

ထိုစဉ်မှာပင်

ချောက်ကမ်းပါးထိပ်မှ လျူကျန်း၏အသံက ထွက်ပေါ် လာသည်။

'မိန်းကလေး မင်းရဲ့ကြိုးကို ခုတ်ဖြတ်လိုက်ရမလား'

ဝှာစင်းထိုင်က ထိတ်လန့်သွားသည်။

သို့သော် သူမသည် ပြန်ပြောရန်အသံထွက်မလာတော့ပါ။

သူမသည်အလွန်ထိတ်လန့်နေပြီဖြစ်ပါသည်။

သေခြင်းတရားနှင့် နီးကပ်လာသော လူတို့သည် အမှား အယွင်းများစွာ ပြုလုပ်တတ်ကြသည် မဟုတ်ပါလော။

'မင်းကခေါင်းမာ မနေပါနဲ့ စွေမူဘယ်မှာလဲဆိုတာပြောပြ ယင်မင်းကို ကျုပ်တို့က အသက်ချမ်းသာပေးပါ့မယ်'

သို့သော်

မည်သည့်တုန့်ပြန်သံမှ ထွက်ပေါ်မလာပါ။

ထို့ကြောင့်

လျှိုကျွန်းက ခေါင်းခါပြလိုက်သည်။

ဖေ့ယွဲ့ချင်းသည် ထင်းရှူးပင်တွင် ချည်နှောင်ထားသော ကြိုးအား ဖြတ်တောက်ပစ်လိုက်လေသည်။

'တောက်'

ကြိုးပြတ်သွားသည်နှင့် တပြိုင်နက်

ဝှာစင်းထိုင်သည်အောက်သို့ ပြုတ်ကျသွားလေသည်။

သူမ၏စူးရှစွာအော်ဟစ် ပိုက်သံကို

လျှိုကျွန်းနှင့် ဖေယွဲ့ချင်းတို့က ကောင်းစွာ ကြားလိုက်ရလေသည်။

သူတို့နှစ်ယောက်သည်ပြိုင်တူပြုံးလိုက်ပြီးနောက် ထိုနေရာ ထွက်သွားကြလေတော့သည်။

* * *

ကံတရားသည်

အလွန်ပင်လျှို့ဝှက်ဆန်းကြယ်လှပေသည်။

ဝှာစင်းထိုင်သည် မျက်လုံးစုံပိတ်ထားလိုက်သည်။

သူမ၏နားမှလေများသည် တဟူးဟူးနှင့် တိုက်ခတ် နေသည်ကို ကြားနေရ၏။

သူမသည် အထိန်းအကွပ်မရှိအောက်သို့ ကျဆင်းနေ၏။

သူမသေဆုံးရတော့မည် မဟုတ်ပါလော။

သူမသည် ကြောက်လန့်လွန်း၍ သတိလစ်မေ့မျော သွားလေတော့သည်။

ထိုစဉ်မှာပင်





သူမ၏ ခန္ဓာကိုယ်သည် ချောင်းငယ်ကလေး အတွင်း သို့ ကျရောက်သွားသည်။

'ဝုန်း'

ရေများသည် ဘေးသို့ဖွားထွက်သွားသည်။

အေးမြသည့်ချောင်းရေ၏ အထိအတွေ့ကြောင့် ဝှာစင်းထိုင် သည် သတိပြန်ဝင်လာလေသည်။

သူမသည် အသက်နှင့် ခန္ဓာကိုယ် ယှဉ်တွဲလျက်ရှိပြီး ချောင်းငယ်ကလေးအတွင်းသို့ ရောက်ရှိနေသည်ကို သိလိုက်သောအခါ

သူမသည် အလွန်ဝမ်းသာ သွားလေသည်။

သို့သော်

သူမသည် အားအင်များ ကုန်ခမ်းနေပြီး အလွန် ပင် ပန်းနွမ်းနယ်နေသည့်အတွက်

ခြေကုန်လက်ပန်းကျကာ ချောင်းရေနှင့်အတူ မျော ပါ သွားလေတော့သည်။

* * *

ချင်ရှောင်ဖူသည်

လှေငယ်ပေါ်တွင် ထိုင်ယင်း ဂဏာမငြိမ်ဖြစ်နေ၏။

သူမသည် နီရဲနေသော ကောင်းကင်ပြင်ကို ကြည့်လိုက်ပြီး

'အင်း မိုးတောင်လင်းတော့မယ်'

သူမသည် ယင်းသို့ ညည်းညူလိုက်ပြီး

အဝေးသို့ လှမ်းမျှော်ကြည့်လိုက်သည်။

ထိုစဉ်မှာပင်

ချောင်းကလေး၏ ရေစီးအစိုင်း တစုံတခု မျောပါလာသည်ကို တွေ့မြင်လိုက်ရလေသည်။

ချင်ရှောင်ဖူက ကျောက်ဆူးကို နှုတ်ယူလိုက်ပြီး

လှေကို အမြန်ဆုံး လှော်ခတ်သွားသည်။

အနီးသို့ရောက်လာသောအခါ

လူတယောက်ဖြစ်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

ချင်ရှောင်ဖူက ကမန်းကတန်းဆွဲယူလိုက်သည်။

ရေထဲမှလူသည် ဒဏ်ရာဒဏ်ချက်များရရှိထားပြီး သတိမရတချက် ရတချက်ဖြစ်နေ၏။

လှပချောမောသော မိန်းကလေးတယောက်ဖြစ်နေသည်ကို ချင်ရှောင်ဖူက အံ့သြစွာ တွေ့မြင်လိုက်ရလေသည်။

သူမ၏အခြေအနေသည် ဆေးဝါးနှင့် နွေးထွေးမှု လိုနေကြောင်း . ချင်ရှောင်ဖူက သိလိုက်သည်။

သို့သော်

သူမတွင် အဘိုးဖြစ်သူအား စောင့်ဆိုင်းရမည့် တာဝန်က ရှိနေသေးသည်။

ရုတ်တရက် ချင်ရှောင်ဖူက ဆုံးဖြတ်ချက်တခုချလိုက်သည်။

ထို့နောက်

လှေကလေးအား ချောင်းကလေးနှင့်ဆက်စပ်နေသော ထုံထင်ရေကန်ဆီသို့ ဦးတည် လှော်ခတ်သွားလေတော့သည်။

အရှဏ်ဦး၏ နေရောင်ခြည်သည် စတင်ထွက်ပေါ်လာပြီဖြစ်သည်။ တညတာ ကုန်ဆုံးခဲ့ပြီဖြစ်ပါသည်။

* * *





နေရောင်ခြည်သည်

ကမ္ဘာမြေတလွှားသို့ လိမ္မော်ရောင် အတန်း ကလေး များအဖြစ် ကျဆင်းနေ၏။

ဝမ်စီးထုံသည် အိမ်ငယ်ကလေးအား

နောက်ဆုံးအကြိမ်အဖြစ် တချက်ကြည့်လိုက်သည်။

ထို့နောက်

ထုံကင်ရေကန်ဘက်သို့ တချက်ကြည့်လိုက်ပြန်သည်။

သူသည် အတန်ကြာအောင် တွေဝေနေမိပြန်သည်။

ဤအိမ်ငယ်ကလေးမှ

သူသည် ခွဲခွာ၍ မသွားလိုပါ သံယောဇဉ်တွယ်တာ နေမိသည်ဖြစ်သော်လည်း

ဝှာစင်းထိုင်အား ပြန်လည်ရှာဖွေရဦးမည်မဟုတ်ပါလော။

သူသည် ဒဏ်ရာများ ပျောက်ကင်းသွားပြီဖြစ်၍

ဝှာစင်းထိုင်အား ပြန်လည်တွေ့ဆုံရန်သင့်ပြီဟု သူနားလည်လိုက်သည်၊

ထို့ကြောင့် သူသည် အိမ်ငယ်ကလေးမှအဝေးသို့ခြေလှမ်းကျဲကြီးများဖြင့် ထွက်ခွာသွားလေတော့သည်။

* * *

အိမ်ငယ်ကလေးမှ

ဝမ်စီးထုံ ထွက်သွားပြီး

မကြာမီ အချိန်အတွင်းမှာပင်

ထုံထင်ရေကန်ထဲသို့ လှေကလေးတစင်းက ဝင်ရောက်လာလေသည်။

ချင်ရှောင်ဖူသည် လှေကိုခပ်သွက်သွက် လှော်ခတ်နေ၏။

ဝှာစင်းထိုင်သည် လှေဝမ်းထဲ၌သတိလစ်လိုက်ပါလာသည်။

အချိန်အနည်းငယ်အတွင်း

လှေကလေးသည် ကမ်းသို့ဆိုက်ကပ်လိုက်သည်။

ချင်ရှောင်ဖူသည် သတိလစ်နေသော ဝှာစင်းထိုင်အားပွေ့ချီလိုက်ပြီး၊

အိမ်ကလေးရှိရာသို့ ခပ်သုတ်သုတ်လျှောက်သွားသည်။

'အစ်ကို....အစ်ကို....'

သူမသည် အသံကျယ်လောင်စွာ ခေါ်လိုက်သည်။

အိမ်ကလေးသည် တိတ်ဆိတ်နေ၏။

မည်သည့် တုန့်ပြန်မှုမှ ထွက်ပေါ်မလာပါ။

သူမသည် ယခုမှ သတိရလာသည်။

ဝမ်စီးထုံသည်ဤအိမ်ကလေးမှထွက်ခွာသွားပြီးဖြစ်လေသည်။

သူမသည် ဝမ်စီးထုံထွက်ခွာသွားခြင်းကို မယုံကြည်နိုင်ပါ။

သို့သော်

ဝမ်စီးထုံအား တအိမ်လုံးအနှံ့ လိုက်ရှာသော်လည်း မတွေ့ရပါချေ။

သူမသည် အလွန် စိတ်ပျက်သွားသည်။

ဝှာစင်းထိုင်အား အခန်းတွင်းသို့ သယ်ယူသွားပြီးဆေးများထည့်ပေးကာ . နွေးနွေးထွေးထွေး ဖြစ်စေရန် ပြုလုပ်ပေးလိုက်သည်။

ထိုမိန်းကလေးသည် သတိလစ်မေ့မျောလျက်ပင်ရှိနေသေးသည်။





ချင်ရှောင်ဖူက ပြုံးလိုက်သည်။

'သူကလဲ အစ်ကိုဝမ်စီးထုံလိုပဲ ရေထဲက ဆယ်လာရတာပဲ သူတို့နှစ်ယောက်လုံးကလဲ ကံကောင်းပြီး ငါနဲ့တွေ့လို့ ငါနဲ့သာ မတွေ့ယင်တော့ ကယ်မဲ့သူမရှိပဲ ရေနစ်သေကြမှာ'

သူမသည် ယင်းသို့တွေးလိုက်ယင်း၊

ဝမ်စီးထုံအား သတိရလာပြန်လေသည်။

'အစ်ကိုက တကယ်ပဲ ထွက်သွားပြီလား'

သူမသည် မကျေနပ်နိုင်ပါ။

ထို့ကြောင့်

ထပ်မံ၍ တအိမ်လုံး အနှံ့ရှာဖွေလိုက်သည်။

သို့သော်

ဝမ်စီးထုံ၏ အရိပ်အရောင်ပင် မတွေ့ရပါ။

သူမသည် စိတ်ပျက်ပြီး ကုလားထိုင်ပေါ်ထိုင်ချလိုက်သည်။

ထိုစဉ်မှာပင်

စားပွဲပေါ်မှ စာအိတ်တလုံးအားတွေ့မြင်လိုက်ရလေသည်။

သူမသည် ကပျာကယာပင် ကောက်ယူလိုက်ပြီး ဖောက်ဖတ်လိုက်သည်။

'ဘိုးဘိုးချင်းပင်နဲ့ ညီမလေးချင်ရှောင်ဖူခင်ဗျား....

ကျွန်တော်ဘိုးဘိုးစကားကို နားထောင်ပြီးထွက်သွားပါပြီ၊

ကျွန်တော်တနေ့မှာ ကျေးဇူးပြန်ဆပ်ပါမယ်လို့ ကတိပေးပါတယ်'

စာအိတ်ထဲတွင် စာရွက်နှစ်ရွက်ပါရှိသည်၊ ပထမ စာရွက်သည် အထက်ပါအတိုင်းရေးထားပြီး၊

ဒုတိယ စာရွက်တွင်

'ညီမလေး ချင်ရှောင်ဖူ'

ဒီစာကို လိုရမယ်ရ ရေးထားခဲ့ပါတယ်၊ အကယ်၍သာ ဘိုးဘိုးချင်းပင် ပြန်မလာနိုင်ခဲ့ယင် ဒီမှာ ညီမလေး တယောက်ထဲနေလို့ ဖြစ်မှာမဟုတ်ပါဘူး၊ ဒါကြောင့် အစ်ကို့ နောက်လိုက်ခဲ့ပါ၊ အစ်ကိုတတ်နိုင်သလောက် ကူညီ စောင့်ရှောက် ပါ ရစေ၊ မပြောကောင်း မဆို ကောင်း ဘိုးဘိုးချင်းပင်ပြန်မလာနိုင်ခဲ့ယင် ကျန်းနန်မြို့ ကိုလိုက်ခဲ့ပါ၊ အဲဒီမှာ အစ်ကိုက 'ခြောက်လ' ပိုင်းလောက် အထိ ရှိနေမယ်'

ဝမ်စီးထုံ။

ချင်ရှောင်ဖူသည်

စာဖတ်၍ပြီးဆုံးသွားသောအခါ

မျက်ရည်များသည် တသွင်သွင် စီးဆင်းကျလာလေတော့ သည်။

သူမသည် ဘိုးဘိုးချင်းပင်က ပြန်မလာနိုင်ခဲ့ပါမူ ဝမ်စီ'ထုံ နောက်သို့ လိုက်သွားမည်မဟုတ်ပါ။

ကိုယ့်ဘဝကိုယ် ရင်ဆိုင်ရှုန်းကန်ရန် သတ္တိရှိသော မိန်း ကလေးတယောက်ဖြစ်လေသည်။

သူမသည် အဘိုးအိုအား စောင့်ကြိုရန် တာဝန် ရှိသေး သည်ကို သတိရမိလိုက်ပြီး၊

ထိုင်ရာမှထလိုက်ပြီး အိမ်ကလေးအတွင်းမှ လှမ်းထွက်ရန် ပြင်လိုက်သည်။





ထိုစဉ်မှာပင်၊

ဝှာစင်းထိုင်က ညည်းညူယင်း သတိရလာလေသည်။

* * *

ချင်ရှောင်ဖူ၏

ခြေလှမ်းများသည် ရုတ်တရက် ရပ်တန့်သွားသည်။

သူမသည် ဝှာစင်းထိုင်ထံသို့ ပြန်လျှောက်လာသည်။

ဝှာစင်းထိုင်သည် သတိကောင်းစွာရနေပြီဖြစ်ပါသည်။

သူမသည် လူးလိမ့်၍ ကုတင်ပေါ်မှထလိုက်သည်။

ချင်ရှောင်ဖူက ဟန့်တားလိုက်သည်။

'အို နေပါအုံးလေ....ရှင်က ဒဏ်ရာရထားတယ်မဟုတ်လား'

ဝှာစင်းထိုင်က အံ့ဩသွားသည်။

သူမသည် ရေထဲတွင် ဦးတည်ချက်မရှိ ကူးခတ် နေ သည် ကိုသာ အမှတ်ရပြီး သတိလစ်သွားခဲ့သည်။

ယခု

သူမသည် သန့်ရှင်းသပ်ယပ်သော အခန်းတွင်းဝယ် မည် ကဲ့သို့ ရောက်နေသနည်း။

ဝှာစင်းထိုင်က တွေဝေနေစဉ်မှာပင် သူမရှေ့တွင် ပြုံး ၍ ရပ်နေသော မိန်းကလေးက

'ရှင်သက်သာရဲ့လား'

ဝှာစင်းထိုင်က ခေါင်းညိတ်လိုက်သည်။

'သက်သာသာပါပြီ၊ ဒါထက်....'

သူမ၏စကားမဆုံးမီမှာပင် မိန်းကလေးကကြားဖြတ်လိုက် သည်။

'ဟုတ်ပါတယ်ရှင်၊ ရှင်က ကျွန်မရဲ့အိမ်ရောက် နေတာပါ'
'ရှင်က ကျွန်မရဲ့အသက်ကို ကယ်ခဲ့တယ်ပေါ့'
'ကျွန်မက လှေလှော်ယင်းကြုံတွေ့ရလို့ ကူညီတာပါရှင်'
ဝှာစင်းထိုင်က အလွန် ကျေးဇူးတင်သွားသည်။
သူမသည် လက်နှစ်ဘက်ဆုတ်ပြီး ဦးညွှတ်လိုက်သည်။
'ကျေးဇူးကြီးလှပါတယ်ရှင်'
ချင်ရှောင်ဖူက ပြုံးလိုက်သည်။
'ကိစ္စမရှိပါဘူးရှင် ကျွန်မက ရှင့်ကို ကူညီရတာ အပန်းမကြီးပါဘူး၊ တခါကလည်း ရှင့်လိုပဲ ရေထဲ မျှောလာတဲ့ လူတယောက်လို ကယ်ဆယ်ခဲ့ဘူးပါတယ်'
ဝှာစင်းထိုင်က အံ့အားသင့်သွားသည်။
'ဟုတ်လား'
ချင်ရှောင်ဖူက ရယ်မောလိုက်ပြီး
'ဟုတ်တယ်၊ ဒါပေမယ့် သူကယောကျ်ားတယောက်ပါ'
'အော်.. သူက အခုဘယ်ရောက်သွားသလဲ'
ဝှာစင်းထိုင်က စိတ်ဝင်စားလာသည်။
'သူ ကနေ့မနက်စောစောကပဲ ဒီအိမ်ကနေ ထွက်ခွာသွားပါပြီရှင်'
ဝှာစင်းထိုင်က စိတ်ပျက်သွားသည်။
သူသည် အတန်ကြာမှ
ချင်ရှောင်ဖူအား တချက်စိုက်ကြည့်လိုက်ပြီး
'ကျွန်မနာမည်က ဝှာစင်းထိုင်လို့ခေါ်ပါတယ်'
ချင်ရှောင်ဖူ၏ မျက်နှာသည်ကွက်ကနဲပျက်သွားလေသည်။





သူမသည် ဤနာမည်အား ကောင်းစွာ သိထားသည်။
ဝမ်စီးထုံစကားပြောသည့်အခါ ဝှာစင်းထိုင်က အမြဲတမ်းပါလာတတ်သည်မဟုတ်ပါလော။
သူမသည် ဝမ်စီးထုံ၏ ပြောပြချက်အရ
ဝမ်စီးထုံနှင့် ဝှာစင်းထိုင်တို့အကြောင်းကို သိရှိ ထားလိုက်သည်။
'ရှင်က ဝှာစင်းထိုင်ဟုတ်လား'
ချင်ရှောင်ဖူ၏ အမူအယာကြောင့်
ဝှာစင်းထိုင်က အံ့အားသင့်သွားသည်။
'ဟုတ်ပါတယ် ဘာဖြစ်လို့လဲ'
'ရှင်က ဝမ်စီးထုံကို သိသလား'
သူမ၏စကားသည်
ဝှာစင်းထိုင်၏ နားအတွင်းသို့ သံပူရည်နှင့် လောင်းချလိုက်သည့်အလား တိုးဝင်သွားသည်။
'ရှင်.... ဝမ်စီးထုံဟုတ်လား'
သူမသည် အသံထစ်ငေါ့စွာဖြင့် မေးလိုက်သည်။
ချင်ရှောင်ဖူက ခေါင်းညိတ်လိုက်သည်။
'ဟုတ်ပါတယ် ဝမ်စီးထုံပါ'
'ရှင်....'
'ဝှာစင်းထိုင်သည် အံ့သြလွန်း၍ စကားပင် ဆက်ပြော၍မရတော့ပါ'
အတန်ကြာမှ
'သူအခု ဘယ်မှာလဲ'

ချင်ရှောင်ဖူက ပြုံးလိုက်သည်။

'ကျွန်မ ပြောခဲ့ပြီးပါပြီ'

ဝှာစင်းထိုင်က နားမလည်နိုင်ပဲဖြစ်သွားသည်။

'ရှင်က ဘာကို ဆိုလိုတာလဲ'

'သူက ဒီအိမ်ကနေ ထွက်သွားပြီလေ'

ဝှာစင်းထိုင်သည်

ယခုမှပင် ကောင်းစွာသဘောပေါက်လာလေသည်။

'ရှင်ရေထဲက ဆယ်ခဲ့တဲ့လူဟာ ဝမ်စီးထုံဟုတ်လား'

'ဟုတ်ပါတယ်'

ဝှာစင်းထိုင်သည် ထပ်မံ၍ ဦးညွှတ်လိုက်ပြန်သည်။

'ကျေးဇူးတင်ပါတယ်ရှင်၊ ကျွန်မက သူ့ကိုလိုက်ရှာနေတာ သူအခုလို အသက်ရှင်နေတာသိရလို့ ဝမ်းသာမဆုံးပါဘူး'

'မလိုပါဘူးရှင်၊ ရှင်တို့နှစ်ယောက်က ကျွန်မတို့နဲ့ ကံ ဆုံလို့သာ ကြုံရတာလို့ သဘောထားပါတယ်'

ဝှာစင်းထိုင်သည် ချင်ရှောင်ဖူပြောပြသော စကားထဲမှ 'ကျွန်မတို့'ဟူသော စကားကြောင့် ပတ်ဝန်းကျင်သို့ တချက် အကဲခတ်ကြည့်လိုက်သည်။

ချင်ရှောင်ဖူက နားလည်လိုက်သည်။

'ဘယ်သူမှ မရှိပါဘူးရှင်၊ အခုလောလောဆယ်မှာ ကျွန်မ တယောက်ထဲပဲရှိပါတယ်'

'ဒါဖြင့် ဝမ်စီးထုံကော'

ချင်ရှောင်ဖူက သူမ၏လက်ထဲမှ စာအိတ်အား ဝှာစင်းထိုင် ထံသို့ ကမ်းပေးလိုက်သည်။





ဝှာစင်းထိုင်က လှမ်းယူပြီးဖတ်လိုက်သည်။

သူမ၏မျက်နှာသည် တဖြည်းဖြည်း ပြုံးရောင် သန်းလာလေသည်။

'သူက ထွက်သွားပြီကိုး'

'ဟုတ်ပါတယ် သူက ထွက်သွားပါပြီ'

'ဒါထက် ရှင့်ရဲ့နာမည်က ...'

ချင်ရှောင်ဖူက သူမ၏စကားမဆုံးမီမှာပင် ကြားဖြတ်လိုက်သည်၊

'ကျွန်မကို ခဏတွေ့တဲ့လူတယောက်လို့သာမှတ်ထားပါရှင်'

သူမသည် ယင်းသို့ပြောပြီးသည်နှင့် တစုံတခုကို သတိရလာသည်။

သူမသည် ဝှာစင်းထိုင်အား တချက်ကြည့်လိုက်ပြီး၊

'ရှင် ခဏလှဲနေလိုက်အုံး ကျွန်မ အပြင်သွားလိုက်အုံးမယ်'

စကားဆုံးသွားသည်နှင့် ချင်ရှောင်ဖူသည် အခန်းတွင်းမှ လှမ်းထွက်သွားလေတော့သည်။

* * *

ချင်ရှောင်ဖူသည်

တံခါးဝသို့ ရောက်ရှိသွားသည်နှင့်

'ခဏနေပါအုံး'

ဝှာစင်းထိုင်က ဟန့်တားလိုက်သည်။

'ဘာဖြစ်လို့လဲ'

'ကျွန်မက ဒီမှာ ကြာကြာမနေနိုင်ပါဘူး၊ ဒီကနေ ထွက်

သွားမှာပါ၊ ဒီတော့ ကျွန်မကိုလမ်းကလေး တဆိတ်လောက် ကျေးဇူးပြုပြီး ညွှန်ပြပေးပါ'

ချင်ရွှောင်ဖူက မျက်မှောင်ကုပ်သွားသည်။

'ရှင်က အခုသွားတော့မလို့ဟုတ်လား'

'ဟုတ်ပါတယ်ရှင်'

သူမသည် ယင်းသို့ပြောလိုက်ယင်း ကုတင်ပေါ်မှ ဆင်းလိုက်သည်။

ချင်ရွှောင်ဖူက ခေါင်းခါယမ်းလိုက်သည်။

'ရှင်က ဒဏ်ရာတွေနဲ့သွားလို့မဖြစ်သေးပါဘူး'

ဝှာစင်းထိုင်က ပြုံးလိုက်သည်။

'ကိစ္စမရှိပါဘူးရှင် ကျွန်မက ဒီဒဏ်ရာလောက်တော့မမှုပါဘူး'

ချင်ရွှောင်ဖူက ခေါင်းခါယမ်းလိုက်ပြန်သည်။

'ရှင်က ထွက်သွားမယ်ဆိုယင် ဒီကနေပြီး အနီးဆုံး မြို့ကလေးတခုရောက်ဖို့ အနည်းဆုံးလေးမိုင်လောက် တောလမ်းအတိုင်းသွားရမှာရှင့်'

'ဟုတ်ကဲ့'

'ရှင်က ခဏလောက်စောင့်ပါအုံး၊ ကျွန်မရဲ့ ဘိုး ဘိုး ကို သွားကြိုလာပြီးယင် ကျွန်မ လိုက်ပို့ပါ့မယ်'

ဝှာစင်းထိုင်က စိတ်မသက်မသာဖြစ်သွားသည်။

သူသည် ဝမ်စီးထုံနေခက်သို့ အမြန်ဆုံးလိုက်သွားရန် ဆန္ဒပြင်းပြနေ၏။

'ရှင့်ရဲ့ဘိုးဘိုးက ဘယ်တော့ပြန်လာမှာလဲ'





ချင်ရွှောင်ဖူက တွေဝေသွားသည်။

'တော်ကြာ ပြန်လာမှာပေါ့၊ ကျွန်မကသွားကြိုရမယ်လေ'

သူမ၏အသံသည် အားပျော့နေကြောင်း ဝှာစင်းထိုင်က သိလိုက်သည်။

ချင်ရွှောင်ဖူက ဝှာစင်းထိုင်စိတ်ပျက်သွားမှန်း သတိထားမိလိုက်သည်။

သူမသည် နှုတ်ခမ်းဘချက်ကိုက်လိုက်ပြီး

'ကျွန်မဘိုးဘိုးက တောင်ပေါ်တက်သွားပြီး ရန် သူ တယောက်ကို သွားပြီး ဆုံးမနေတယ်လေ၊ ဒါကြောင့် ကျွန်မက သူ့ကိုစောင့်နေရတာပေါ့'

ဝှာစင်းထိုင်က အံ့ဩသွားသည်။

'သူက ရန်သူတွေဝိုင်းတိုက်မှာ မကြောက်ဘူးလား'

ချင်းရွှောင်ဖူက ရယ်မောလိုက်သည်။

'ဘယ်သူကမှ သူ့ကို ဝိုင်းတိုက်မှာ မဟုတ်ပါဘူး၊ သူ့ရန်သူက လူတကာ မုန်းတီးတဲ့မိန်းမကြီးတယောက်ပါ'

ဝှာစင်းထိုင်က စိတ်ဝင်စားသွားသည်။

'ဘယ်သူများပါလိမ့်'

'စွေမူပါ'

ဝှာစင်းထိုင်သည် ပါးစပ်အဟောင်းသား ဖြစ် သွား လေတော့သည်။

ချင်ရွှောင်ဖူက အံ့ဩသွားသည်။

'ရှင်က ဘာဖြစ်သွားတာလဲ'

သူမသည် ချင်ရှောင်ဖူ၏ အမေးကို မဖြေနိုင်ပါ။ အထစ်ထစ် အငေါ့ငေါ့ဖြင့်

'ဒါဖြင့်၊ ရှင့်အဘိုးက....လက်....တဘက်....ပြတ်....နေတယ် ဟုတ်လား'

ဤတကြိမ်တွင်

အံ့သြလွန်း၍ ပါးစပ်အဟောင်းသား ဖြစ်သွား ရ သူမှာ ချင်ရှောင်ဖူပင်ဖြစ်ပါလေတော့သည်။

*　　　*　　　*

အိမ်ကလေးသည် တိတ်ဆိတ်ငြိမ်သက်နေ၏။

လှုပ်ရှားမှု အရိပ်အရောင်ဟူ၍ မတွေ့ရပါချေ။

သို့သော်

စိတ်လှုပ်ရှားနေသူ နှစ်ဦးက

အခန်းတွင်း၌ ငြိမ်သက်စွာ ထိုင်နေကြသည်။

ချင်ရှောင်ဖူက စကားစလိုက်သည်၊

'ဟုတ်တယ် ကျွန်မအဘိုးက လက်တဘက် ပြတ်နေတယ်၊ ရှင်ဘယ်မှာ တွေ့ခဲ့သလဲ'

'တောင်ပေါ်မှာပါ'

'သူအခုဘယ်မှာလဲ'

ဝှာစင်းထိုင်သည် ပါးစပ်ပိတ်ထားလိုက်သည်။

ဤမေးခွန်းကို သူမမည်ကဲ့သို့ အဖြေပေးရမည်နည်း။

ချင်ရှောင်ဖူက စိတ်လှုပ်ရှားနေ၏။

'ကျွန်မဘိုးဘိုး ဘယ်မှာလဲ'

ဝှာစင်းထိုင်သည် တိတ်ဆိတ်မြဲတိတ်ဆိတ်နေ၏။





ချင်ရှောင်ဖူက စိတ်မရှည်တော့ပါ'

'သူသေပြီလား ပြောပါ'

သူမ၏အသံသည် တုန်ယင်နေ၏။

ဝှာစင်းထိုင်က ခေါင်းခါးယမ်းလိုက်သည်။

'သေတယ် ရှင်တယ်တော့ မသိပါဘူး'

'ဒါဖြင့် သူဘယ်မှာလဲ'

'သူတောင်ပေါ်ကနေ ချောက်ကမ်းပါးထဲ လွင့်ကျ သွားတယ်'

'ဘာပြောတယ် ကျွန်မ မယုံဘူး'

သူမသည် ကျယ်လောင်စွာ အော်ဟစ်လိုက်သည်။

သူမသည် ရုတ်တရက် ခါးမှဓားကို ဆွဲထုတ်လိုက်သည်။

'ရှင် မှန်မှန်ပြောစမ်း သူအခုဘယ်မှာလဲ'

သူမ၏ ဓားသည် ဝှာစင်းထိုင်အားချိန်ရွယ်ထားလိုက်သည်။

ဝှာစင်းထိုင်သည် သက်ပြင်းတချက်ချလိုက်ပြီး

'သူတကယ်ပဲ တောင်ပေါ်က ကျသွားပါတယ်'

ဟု တလုံးချင်းပြောချလိုက်လေသည်။

ချင်ရှောင်ဖူက မကျေနပ်ပါ။

'ဒါဟာမဖြစ်နိုင်ဘူး'

ဝှာစင်းထိုင်က ပါးစပ်ပိတ်ထားလိုက်သည်။

'ကျွန်မ တကယ်ပြောတာပါ ကျွန် မမျက် စိနဲ့ သေ သေချာချာတွေ့ခဲ့တာပါ'

ချင်ရှောင်ဖူက ဝှာစင်းထိုင်ဘက်သို့ ဒေါသမျှားဦး လှည့်လိုက်သည်။

'ဒါဖြင့် ရှင်ဘယ်သူလဲ ဘာကြောင့် ကျွန်မဘိုးဘိုးဘောင် အောက်ကျသွားတာကို တွေ့ခဲ့ရတာလဲ'

'ကျွန်မကဝှာစင်းထိုင်ပါ စေ့မူရဲ့မိတ်ဆွေ'

'ဘာစေ့မူရဲ့ မိတ်ဆွေဟုတ်လား'

ချင်ရှောင်ဖူ၏စကားကြောင့်

ဝှာစင်းထိုင်သည် သူမစကားများ မှားသွားကြောင်း သိလိုက်သည်။

ချင်ရှောင်ဖူက အံကို ဘင်းတင်းကြိတ်လိုက်ပြီး

'ရှင်ကစေ့မူမိတ်ဆွေဆိုတော့ သေပေတော့'

သူမသည်ယင်းသို့ ကြိမ်းဝါးလိုက်ပြီး ဝှာစင်းထိုင်အား တဟုန်ထိုး တိုက်ခိုက်လိုက်လေသည်။

* * *

တိတ်ဆိတ်ငြိမ်သက်နေသော အိမ်ကလေးသည်

တိုက်ခိုက်သံများဖြင့် လှုပ်ရှားအသက်ဝင်လာလေသည်။

ဝှာစင်းထိုင်သည်

နောက်သို့တဆုတ်ထဲဆုတ်နေသည်။

သူမသည်ချင်ရှောင်ဖူအားပြန်လည်တိုက်ခိုက်ခြင်း မပြုပါ။

ချင်ရှောင်ဖူသည် သူမ၏ အသက်ကို ကယ်ဘင်ခဲ့သည်မဟုတ်ပါလော။

ထို့ကြောင့်

သူမ၏တိုက်ခိုက်မှုကို နောက်ဆုတ်၍ ရှောင်တိမ်းနေရလေသည်။





ချင်ရှောင်ဖူသည် ခါးကွက်ငါးကွက်မျှ တိုက်ခိုက်ပြီး ဖြစ်ပါသည်။

သို့သော်....

သူမ၏ တိုက်ခိုက်မှုသည် ဝှာစင်းထိုင်အား မည်သို့မှုထိရောက်ခြင်းမရှိသောအခါ

သူမသည်ဒေါသ ချောင်းချောင်း ထွက်လာလေသည်။

သူမသည်အံကို တင်းတင်းကြိတ်လိုက်ပြီး ထပ်မံ တိုက်ခိုက်ရန်ပြင်လိုက်သည်။

'ရပ်လိုက်'

ဝှာစင်းထိုင်က ဟန့်တားလိုက်သည်။

ချင်ရှောင်ဖူက တိုက်ခိုက်ရာမှ ရပ်တန့်လိုက်ပြီး

'ရှင်ကဘာပြောချင်သေးလို့လဲ'

ဝှာစင်းထိုင်က ပြုံးလိုက်ပြီး

'ရှင်ကကျွန်မကို တိုက်ခိုက်နေမယ့်အစား ရှင့်ရဲ့အဘိုးကိုသွားရှာယင် ပိုမကောင်းဘူးလား သူမသေပဲ ဒဏ်ရာရယုံတင်ဆိုယင် အချိန်မီ ကယ်တင်နိုင်တာပေါ့'

သူမသည်တွေဝေသွားသည်။

အတန်ကြာစဉ်းစားနေပြီးမှ

'ဒါလောက်အမြင့်ကနေ အောက်ကိုကျသွားမှတော့ဘယ်လိုလုပ် အသယ်ရှင်နိုင်တော့မှာလဲ'

ဝှာစင်းထိုင်က ပါးစပ်ပိတ်ထားလိုက်သည်။

ချင်ရှောင်ဖူက မဲ့ပြုံးပြုံးလိုက်သည်

'ရှင်ကကျွန်မလက်က ထွက်ပြေးသွားချင်လို့ ဒီလိုပြောတာ မဟုတ်လား'

ဝှာစင်းထိုင်က ခေါင်းခါယမ်းလိုက်သည်၊

'မဟုတ်ပါဘူးရှင် ကျွန်မက တကယ့်စေတနာနဲ့ ပြောတာပါ အမှန်အတိုင်း ပြောရမယ်ဆိုယင် ရှင့်ရဲ့ဘိုးဘိုးဟာကျွန်မရဲ့လက်ချက်ကြောင့် တောင်အောက်ကို ကျသွားတာပါ'

ချင်ရှောင်ဖူ၏ မျက်ဝန်းအစုံမှမျက်ရည်များသည် စီးဆင်း၍ကျလာလေသည်။

ဝှာစင်းထိုင်က လေသံအေးအေးဖြင့် အဖြစ်အပျက်များကို ရှင်းပြလိုက်သည်။

သူမသည်အဖြင်အပျက်များကို အမှန်အတိုင်း ရှင်းပြပြီးသောအခါ ချင်ရှောင်ဖူအား တချက်စိုက်ကြည့်လိုက်သည်။

'ကျွန်မရှဲနေရာမှာ ရှင်က နေခဲ့ရမယ်ဆိုယင်ကျွန်မကို မှားတယ်လို့ပြောမှာ မဟုတ်ပါဘူး'

ချင်ရှောင်ဖူက ခေါင်းခါယမ်းလိုက်သည်။

'ဘာပဲဖြစ်ဖြစ် ရှင်က ကျွန်မအဘိုးကို သတ်ခဲ့တာပဲ'

ဝှာစင်းထိုင်က သက်ပြင်းတချက်ချလိုက်ပြီး

'ရှင်ကမကျေနပ်ယင် ကျွန်မက အသေခံဖို့ အဆင်သင့်ပါပဲ'

ချင်ရှောင်ဖူက မဲ့ပြုံးပြုံးလိုက်သည်။

'ဒီလိုဆိုသေပေတော့'

သူမသည်လက်ထဲမှဓားဖြင့် ဝှာစင်းထိုင်အား ခုတ်ချလိုက်လေသည်။





ဝှာစင်းထိုင်က တုတ်တုတ်မျှမလှုပ်ပါ။

ထို့ကြောင့်

ချင်ရှောင်ဖူ၏ဓားသည် ဝှာစင်းထိုင်အား ခုတ်ချမိလိုက်လေသည်။

'အား'

စူးရှသောအော်သံနှင့်အတူ သွေးများဖြာထွက်လာသည်။

ဝှာစင်းထိုင်က အံကြိတ်ထား၏။

သူမ၏ဝဲဘက်ပခုံးမှ သွေးများ တစိမ့်စိမ့်ကျဆင်းနေသည်။

ချင်ရှောင်ဖူက ထိတ်လန့်သွားသည်။

သူမသည်နောက်သို့ ခြေလှမ်းဆုတ်လိုက်ပြီး

'ရှင်က တကယ်အသေခံမှာလား'

ဝှာစင်းထိုင်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ် ကျွန်မကို ရှင်က သတ်မယ်ဆိုယင် အသေခံဖို့ အဆင်သင့်ပါပဲ'

ချင်ရှောင်ဖူက စိတ်ရှုပ်သွားသည်။

သူမသည်မည်သို့ လုပ်ရမည်နည်း။

အကြောင်းမဲ့

လူတယောက်အားမသတ်လိုပါ။

သူမ၏ မျက်ဝန်းတွင် မျက်ရည်များဖြင့် ပြည့်နှက်လာပြန်သည်။

သူမ၏ရှေ့တွင် ထိုင်နေသော ဝှာစင်းထိုင်၏ ရုပ်သွင်မှာတဖြည်းဖြည်း မှုန်ဝါးသွားသည်။

သူမသည်ဝှာစင်းထိုင်အား ကြည့်လိုက်ပြီး
'လိုက်ခဲ့'
ဝှာစင်းထိုင်က နားမလည်နိုင်ပါ

ချင်ရှောင်ဖူက အခန်းထဲမှ ခြေလှမ်း ခပ်ကျဲကျဲဖြင့် ထွက်သွားသည်။

ဝှာစင်းထိုင်ကလည်းနောက် မှဘုမသိဘမသိ လိုက်ပါသွားရလေသည်။

* * *

ချင်ရှောင်ဖူသည်

ရှေ့မှတလှမ်းချင်း လျှောက်သွားနေ၏။

ဝှာစင်းထိုင်ကလည်းနောက်မှ လေးလံသောခြေလှမ်းများဖြင့် လိုက်ပါနေ၏။

အိမ်ကလေး၏အပြင်ဘက်သို့ ရောက်ရှိလာပြီးဖြစ်ပါသည်။

ချင်ရှောင်ဖူက

တနေရာသို့လက်ညှိုး ညွှန်လိုက်သည်။

ကွေ့ကွေ့ကောက်ကောက်ရှိနေသောလမ်းကလေး ဖြစ်ပါသည်။

'အဲဒီလမ်းအတိုင်း ရှင်သွားပေတော့'

ဝှာစင်းထိုင်က နားမလည်နိုင်အောင် ဖြစ်သွားသည်။
'ရှင်....'





ချင်ရှောင်ဖူက သူမအား လုံးဝလှည့်မကြည့်ပါ
'ကျွန်မပြောနေတယ် ရှင်သွားတော့'
ဝှာစင်းထိုင်သည် အလွန်ဝမ်းသာသွားသည်။
သို့သော်....
သူမသည် ချင်ရှောင်ဖူအတွက် စိတ်မကောင်း ဖြစ်မိသည်။
သူမသည် လက်နှစ်ဘက်ကို ဆုပ်လိုက်ပြီး

'ရှင့်ရဲ့ကျေးဇူးကို ကျွန်မရဲ့ တသက်တာမှာ မေ့သို့ရမှာမဟုတ်တော့ပါဘူး'

'မလိုပါဘူး ရှင်ကသာ ဒီနေရာက မြန်မြန်ထွက်သွားပါ ကျွန်မကရှင် ဒီကို ရောက်လာတယ်လို့ မှတ်ယူမှာမဟုတ်ပါဘူး၊ ကျွန်မအဘိုး သေသွားပြီဆိုတာလဲ ကျွန်မက လက်မခံဘူး'

ဝှာစင်းထိုင်က ခေါင်းခါယမ်းလိုက်သည်။

'သူသေသွားပါပြီရှင် ကျွန်မတကယ် ပြောတာပါ'

'သူမသေဘူးရှင် သူကျွန်မဆီကို ကျိန်းသေ ပြန်လာမှာပဲ ကျွန်မက သူ့ကို စောင့်မျှော်နေရမှာပဲ ရှင်က ကျွန်မရဲ့မျက်စိရှေ့က မြန်မြန်ပျောက်ကွယ်သွားလေ ကျွန်မအတွက်ကောင်းလေပဲ'

သူမသည် အဝေးတနေရာသို့ ငေးကြည့်ယင်း စကားဆက်လိုက်ပြန်သည်။

'ဒါမှ ရှင့်ကို ရေထဲက ကယ်ခဲ့တဲ့အဖြစ်ကစပြီး အခုချိန်ထိ ဖြစ်ပျက်ခဲ့တာတွေကို ကျွန်မမေ့ပြစ်လိုက်ပြီး ကျွန်မအဘိုး ပြန်အလာကိုကျွန်မကဆက်ပြီးစောင့်နေတယ်လို့ မှတ်ယူလိုက်မယ်'

ဝှာစင်းထိုင်ကတုန်လှုပ်သွားသည်။
သူမသည် ရူးသွပ်သွားပြီလောဟု ထင်မှတ်လိုက်မိသည်။

သူမသည် မဖြစ်နိုင်တော့သော ကိစ္စတခုကို ဖြစ်ပေါ်လာစေရန် အတင်းကြိုးစားနေသည်ဟု ထင်မိသည်။

ထို့ကြောင့်

ဝှာစင်းထိုင်က ခေါင်းညိတ်လိုက်သည်။

'ကောင်းပါပြီ ကျွန်မသွားပါတော့မယ် ရှင့်ကို နှုတ်ဆက်ခဲ့ပါတယ်'

ချင်ရှောင်ဖူကပါးစပ် ပိတ်ထားလိုက်သည်။

ဝှာစင်းထိုင်သည် သူမအား တချက်ကြည့်လိုက်ပြီးလမ်းကလေးအတိုင်း ပြေးလွှားထွက်ခွာသွားလေတော့သည်။

* * *

ဝှာစင်းထိုင်သည်

မြင်ကွင်းမှ ပျောက်ကွယ်သွားပြီဖြစ်ပါသည်။

ချပ်ရှောင်ဖူသည် သူ့ကိုယ်သူအံ့သြနေ၏။

မိမိ၏အဘိုး ဖြစ်သူအား သေတွင်းသို့ တွန်းပို့ခဲ့သူအား

သူမသည် အဘယ်ကြောင့် ခွင့်လွှတ်လိုက်ရပါသနည်း။

သူမသည် စိတ်ထိခိုက်လွန်း၍ရူးသွပ်သွားပြီလော။

'မဟုတ်ဘူး ငါမရူးဘူး ငါမမှားဘူး'

သူမသည် ယင်းသို့ တတွတ်တွတ် ရေရွတ်နေ၏။

'ဝှာစင်းထိုင်ဆိုတာ လောကပေါ်မှာ မရှိဘူး၊ သူငါ့ရဲ့ ဘိုးဘိုးကို မသတ်ဘူး ငါ့ရဲ့ဘိုးဘိုး မသေဘူး၊ သူပြန်လာလိမ့်မယ် ငါသွားစောင့်ရမယ်'





သူမ၏မျက်နှာသည် မျှော်လင့်ချက် အရိပ် အရောင်များ သန်းလာပြီး

ချာကန်လှည့်ကာ ထုံထင်ရေကန်အစပ်သို့ ပြေးသွားလေတော့သည်။

* * *

ဝန်းကျင်တခုလုံးသည်

သာသာယာယာရှိလှပေသည်။

ကျေးငှက်တိရစ္ဆာန်များကလည်း တီတီတာတာရွတ်ဆိုနေကြသည်။

တောလမ်းကလေးအတိုင်း လူတယောက် လျှောက်လာသည်။

ဝှာစင်းထိုင်ပင် ဖြစ်ပါသည်။

သူမသည် အသက်အန္တရာယ်မှ အကြိမ်ကြိမ် လွတ်မြောက်လာခဲ့သဖြင့် မိမိကိုယ်ကို မယုံကြည်နိုင်အောင် ဖြစ်နေ၏။

သူမသည် ချင်ရှောင်ဖူအတွက် စိတ်မကောင်း ဖြစ်မိသည်။

သူမ၏ စိတ်ထားမြင့်မြတ်ပုံကို လေးစားမိလိုက်သည်။

ချင်ရှောင်ဖူသည် အသက်ပင် ငယ်ရွယ်သော်လည်း အသိဉာဏ်သဘောထား ပြည့်ဝလှပေသည်။

သူမသည် ဝှာစင်းထိုင်အား သတ်ပစ်လိုက်နိုင်သည်။

သို့သော်....

ဤကဲ့သို့ သတ်မိခြင်းအတွက် နောက်ပိုင်းတွင်ဖြစ်ပေါ်လာမည့်—

မုန်းတီးမှုများ

မကျေနပ်မှုများ

ရန်ငြိုးဖွဲ့မှုများ

ကလဲ့စားချေမှုများသည် ထပ်မံ၍ ဖြစ်ပေါ် လာဦးမည် မဟုတ်ပါလော။

အဘိုးအို ချင်းပင်နှင့် အဘွားအိုစွေမူတို့၏ ရန်ငြိုးသည် ဤမျှနှင့်ပင် အဆုံးသတ်လိုက်စေလိုသည်။

ဤကဲ့သို့

ရန်ငြိုးဖွဲ့ခြင်း၊ ကလဲ့စားချေခြင်းများသည် ဘဦးနှင့်တဦး၊ တယောက်နှင့်တယောက် မေတ္တာစေတနာမထားနိုင်သမျှ၊

သဘောထားကြီးစွာ ခွင့်လွှတ်ခြင်း မပြုနိုင်သမျှ အဆုံးသတ်မည် မဟုတ်တော့ပေ။

လောကကြီးပေါ်တွင် ချင်ရှောင်ဖူကဲ့သို့ချစ်ခင်စရာ၊ လေးစားစရာကောင်းသည့် လူပေါင်း မြောက်များစွာ ရှိနေသေးသည်ဟု

ဝုံစင်းထိုင်က နားလည် သဘောပေါက်လိုက်သည်။

သူမသည် ယင်းသို့တွေးမိလိုက်ယင်း ခြေလှမ်းကို ခပ်သွက်သွက် လှမ်းလိုက်သည်။

မကြာမီ၊

သူမသည် ဝမ်စီးထုံအား တွေ့မြင်ဆုံဆည်း ရတော့မည် မဟုတ်ပါလော။

သူမအတွက် ဒုက္ခဟူသမျှသည်၊





ဝမ်စီးထုံနှင့် တွေ့ဆုံမိသောအခါ အေးငြိမ်းပျောက်ကွယ်သွားတော့မည်သာ ဖြစ်ပါသည်။

* * *

ချောင်းရေသည်

အေးမြစွာ တသွင်သွင်စီးဆင်းနေ၏။

မကြာမီ

နေဝင်တော့မည်ဖြစ်ပါသည်။

တိမ်တောက်နေသဖြင့် ကောင်းကင်တခုလုံးသည် ရွှေဝါရောင်ဖြင့် ငြာရနေ၏။

ချောင်းထဲတွင်ရပ်နားထားသော လှေငယ်ကလေးကလည်း နေဝင်ဆည်းဆာနှင့် လိုက်ဖက်လှသည်။

လှေငယ်ကလေးပေါ်တွင် မိန်းကလေးတယောက် ထိုင်နေသည်။

သူမသည် တောင်ခြေရင်းဘက်သို့ မကြာခဏ လှမ်းမျှော်ကြည့်နေ၏။

အိမ်ပြန်လာကြသော ဗျိုင်းတအုပ်က သူမ၏ခေါင်းပေါ်မှ ဖြတ်ကျော်ပြန်သန်းသွားကြသည်။

သူမသည် လှပစွာ ပျံသန်းသွားကြသော ဗျိုင်း ကလေးများအား လှမ်းကြည့်လိုက်ပြီး

'ဗျိုင်းကလေးတွေရယ် တောင်ပေါ်ရောက်ယင် ဘိုးဘိုးကို ပြောလိုက်ကြစမ်းပါ သူပြန်အလာကို ဒီမှာ ကောင်မလေး တယောက်စောင့်နေတယ်လို့....'

သူမ၏ စကားသံကို
ဗျိုင်းများက နားမလည်နိုင်ကြပါ။
ထို့ကြောင့်
ရှေ့သို့ဆက်၍ ပျံသန်းသွားကြလေတော့သည်။
ချောင်းရေသည် တသွင်သွင်စီးဆင်းနေ၏။
ရာသီဥတုသည် သာသာယာယာရှိလှသည်။
မကြာမီ
မိုးချုပ်တော့မည်ဖြစ်ပါသည်။

ပြီးပါပြီ

မိုးကျော်သူ။

# နိုးကျော်သူ၏ ထုတ်ဝေပြီးသောစာအုပ်များ

၁။ ရွှေနဂါးသိုင်း။
၂။ ကမ္ဘာ့ဆရာသိုင်းသမား။
၃။ နှင်းဖြူတောင်မှသိုင်းဒေဝီ။
၄။ မြွေသံရှင်။
၅။ ဓားဝဇ္ဇူနှင့် ငါးပန်းချီ။
၆။ ဓါးရယ်၊ မြင်းရယ်၊ မိန်းကလေးရယ်။
၇။ ဓါးရောင်ငွေဝင့် - သဇင်သင်းသင်း။
၈။ နွေမိုးဆောင်း - သိုင်းကွက်တသောင်း။
၉။ သိန်းငှက်သခင်နှင့်မာယာရှင်။
၁၀။ တောင် ပိုင်း ကျား နှင့် မြောက်ပိုင်းနဂါး (ပ)
၁၁။ သိုင်းသမား ရှောင်အင်း။
၁၂။ တောင် ပိုင်း ကျား နှင့် မြောက်ပိုင်းနဂါး (ဒု)
၁၃။ ခရမ်းရောင် မိန်းကလေး။
၁၄။ ဓါးနှစ်လက်- မိန်းကလေးနှစ်ယောက်။
၁၅။ မိုး ကုတ် စက် ပိုင်း နှင့် ထစ္ဆာဓါး။
၁၆။ မေဒါလမ်းနှင့်ရွှေကြာပန်း။
၁၇။ ရွှေပြည်စိုးနှင့်ပန်းလိပ်ပြာ။
၁၈။ ဝံပုလွေတောင်၏ လျှို့ဝှက်ချက်များ။
၁၉။ တကိုယ်တော်သိုင်းသမား။
၂၀။ ရန်သူညီနောင်။
၂၁။ ကျောက်ဖြူကျားရုပ်။
၂၂။ ညဥ့်လယ်ယံ မြွေသံရှင်။
၂၃။ ဝါးစိမ်းဓါး။
၂၄။ အန္တရာယ်ခရီးသည်။
၂၅။ သဲကန္တာရသိန်းငှက်။
၂၆။ တိမ်လွှာနှင့် မိုးမြွာ။
၂၇။ တိမ်ဖျိုင်းပမာသိုင်းကမ္ဘာ။
၂၈။ ရွှေသော့ဖူးစာ။
၂၉။ သိုင်းရာဇာ၏ ဘဝ စက်ဘာ။
၃၀။ သန်းကြွယ်မလေး၏ ဖူးစာရှင်။
၃၁။ သိုင်းပဒေသာကျွန်း၏အရှင်တော်ပုံ။
၃၂။ ဇာပုဝါနက်နှင့်မိန်းကလေး။
၃၃။ ဆောင်ခြောက်။
၃၄။ နဂါးနှင့်ကျား။
၃၅။ မေတ္တာ့ နှောင်ကြိုး နွေ သောမိုး (ပ)
၃၆။ မေတ္တာ့ နှောင်ကြိုး နွေ သောမိုး (ဒု)
၃၇။ သံမဏိပျံလွှား။
၃၈။ အချစ်မြားကလေး (ပ)
၃၉။ အချစ်မြားကလေး (ဒု)
၄၀။ ရွှေဘီလူး[illegible]
၄၁။ လိုက်တမ်းပြေးတမ်း။
၄၂။ ချယ်ရီပန်းနှင့်သိုင်းလုလင်
၄၃။ နဂါးငါးကောင်ဓား။
၄၄။ မြိုင်ဘက်တင်းသောသိုင်း။
၄၅။ ငါးကျွက်။ (ပ)
။ (ဒု)
၄၆။ သေမင်းတမန်။
၄၇။ ဂူဘရာဇတောင်မှ ခေါင်းလောင်းသံ
၄၈။ ပလွေသံနှင့်သိုင်းဟန်
၄၉။ အနောက်တောင်မှ သိုင်းသမားများ (ပ) (ဒု)
၅၀။ ကျော[illegible]တောင်မှ ဘဝသံသရာ
၅၁။ တရားဥပဒေ၏ ဘက်တော်သား
၅၂။ ဓါးသမားနှင့် မာယာရှင်။ (ပ) (ဒု)
၅၃။ သံမဏိသွေးနှင့် သစ္စာခံ။
၅၄။ တို့နှစ်ဖော်
ယခုလ
၅၅။ မေတ္တာနှင့်ရန်ငြိုး
ရှေ့လ
၅၆။ သွေးချင်းရန်သူ